

သုဒ္ဓမ္မဇောတိကဓဇဘွဲ့နှင့် သီဟသုဓမ္မမဏိဇောတဓရဘွဲ့ရ

# [illegible]

စာပေပညာရှင်များ စုပေါင်းရေးသားဂုဏ်ပြုသည်

THE GIFT OF DHAMMA
Saddhamma Jotikadhaja
Sihasudhamma Manijotadhara
U KYAW KHIN MYINT
B.Sc., H.G.P,R.L, Advocate
Maung Yint Kyaw (M'Mya)
Poet, Writer, Publisher
Editor & Jeweller
No.134, Shwebontha Street
Yangon, Myanmar
Cable: Tisarana
Ph: 72467, 65574

ကတဗျံ မတံဟိမေ သဗ္ဗလောက ဟိတံ

လူသားအားလုံး၏ အကျိုးကို ဆောင်ရွက်ခြင်းသည် ငါ၏ အကြီးအကျယ် အမြင့်မြတ်ဆုံး တာဝန်ဖြစ်သည်။

(အသောကရာဇာ၏ ဆဋ္ဌကျောက်စာမှ)

**THE GIFT OF DHAMMA**
Saddhamma Jotikadhaja
Sihasudhamma Manijotadhara
U KYAW KHIN MYINT
B.Sc., H.G.P,R.L, Advocate
Maung Yine Kyaw (M'Mya)
Poet, Writer, Publisher
Editor & Jeweller
No.134, Shwebontha Street
Yangon, Myanmar
Cable: Tisarana
Ph; 72467, 65574



**အသောက စာပေ**

အမှတ် (၁၃၄)၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၇၂၄၆၇

စာမူခွင့်ပြုချက်အမှတ် - ၆၀/၉၆ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၅/၉၆ (၂)

ပထမအကြိမ်

၁၉၉၆-ခု၊ မတ်လ

အုပ်ရေ - ၅၀၀

**ဓမ္မဒါန**

မျက်နှာဖုံးပန်းချီ - စံတိုး

ထုတ်ဝေသူ - ဦးမြသန်း (မြဲ-၀၁၅၀)
အသိုင်းအဝိုင်းစာပေ
၃၅၊ သမာဓိလမ်း၊ ခွဲစုံရပ်
ကမ္ဘာအေး၊ ရန်ကုန်

မျက်နှာဖုံးပုံနှိပ် ဆန်းသိခ်အော့ဖ်ဆက်
အမှတ်-၁၅၀၊ ၄၈-လမ်း၊ ရန်ကုန်မြို့

သဒ္ဓမ္မဇောတိကဓဇဘွဲ့နှင့်

သီဟသုဓမ္မမဏိဇောတဓရဘွဲ့ရ

# ဓမ္မခရီးသည်

စာပေပညာရှင်များ စုပေါင်းရေးသားဂုဏ်ပြုသည်။

# မာတိကာ


| | | | |
|---|---|---|---|
| ဦးနိမ့်ချ၍ကန်တော့ပါ၏ | | ... | |
| ဆုတောင်းခန်း | မောင်ရင့်ကျူး | ... | ၁ |
| လူးတားညှပ်ရှစ်ဆယ်ပေါ်မင်္ဂလာတေးထပ် | ရဝေထွန်း | ... | ၂ |
| ဝမ်းမြောက်ဖွယ်ရာထောမနာဂါထာ | အရှင်စန္ဒဝရ(မြောင်းမြ) | ... | ၄ |
| ဧကပိုဒ်ရတု | ဓမ္မာစရိယဦးတင်ရွှေ | ... | ၅ |
| မိသားစုဂုဏ်တင့်သိရှိသည် | သူရဇော် | ... | ၆ |
| ထုတိမင်္ဂလာပိုဒ်စုံရတု | ဇေယျအရှင်စန္ဒဝရ | ... | ၇ |
| ဓမ္မခရီးသည်အတွေ့ပွတ္တိကဗျာရှည် | တက်လူ | ... | ၈ |
| ဆရာဦးသုခထံမှပေးစာ | သုခ | ... | ၁၃ |
| သာသနာရေးလျှောက်ထားချက် | ဓမ္မဃောသကဦးမောင်မောင် | ... | ၁၄ |
| ယခုနှစ်ထေရဝါဒဗုဒ္ဓသာသနာကောင်းကင်းဝယ် | | | |
| ထွန်းပလာသောကြယ်တစ်ပွင့် | ဦးလေးကြီးဦးတင်မောင် | ... | ၁၇ |
| လွှတ်ပါ သို့မဟုတ် လှူဒါန်းပါ | ဦးစံတင် | ... | ၂၂ |
| သာသနာ့ဇောတိကနှင့်သာသနာ့နဂ္ဂဟပုဂ္ဂိုလ် | ဓမ္မာစရိယဦးအေးနိုင် | ... | ၃၁ |
| ထိုက်တန်၍ချီးမြှင့်ခြင်း | ငွေးလွင်(ဆားလင်းကြီး) | ... | ၃၅ |
| ဒါန+ဓမ္မ နှစ်ပါးလုံးဖြင့်လျော်မွေ့သောပုဂ္ဂိုလ် | ဓမ္မာစရိယဦးမောင်မောင်လေး | ... | ၃၈ |
| ဦးကျော်ခင်မြင့်နှင့်ဓမ္မဇောတိဝိပဿနာရိပ်သာ | ပါရဂူ | ... | ၄၂ |
| တိပိဋကဥက္ကဋ္ဌကုသိုလ်ရှင်အဖြစ်သို့ | ချစ်ဦးညို | ... | ၄၈ |
| ရှင်အနုရုဒ္ဓါ၏ဆွေမျိုးများ | ကျော်လှိုင် | ... | ၅၂ |
| ဦးကျော်ခင်မြင့် (သို့မဟုတ်)ပုဂ္ဂလပညတ်ပါဠိတော်က | | | |
| အလိုရှိနေသောလူမျိုး | နှစ်ဖက်လှ | ... | ၅၅ |
| ရဲရင့်သူ(သို့မဟုတ်) | | | |
| ကိုယ့်နောက်ပါအောင်ယူဆောင်နိုင်သူ | ဦးမင်းကြည်(ဓမ္မာစရိယ၊ဘီအေ) | ... | ၆၁ |

| | | |
|---|---|---|
| ကုသိုလ်အမွေစုနေသူ | မြကေခိုင် | ... ၆၇ |
| ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်အကြောင်း | အရှင်ထေရဝံသ(ပုသိမ်) | ... ၇၁ |
| သုံးဖက်လှသူ | အရှင်ကုမာရ(ပန်းတနော်) | .. ၇၅ |
| ဦးကျော်ခင်မြင့်နှင့်ကျွန်တော် | ထွန်းလွင်(ဓမ္မစရိယ) | ... ၇၉ |
| မောင်ရင့်ကျူးမြောင်းမြ၏ကဗျာ | မောင်စွမ်းရည် | ... ၈၄ |
| ကျွန်တော်သိသောဦးကျော်ခင်မြင့် | ကျော်သက်ခိုင်(ဆေးတက္ကသိုလ်) | ... [illegible] |
| ကျွန်တော်သိသောကိုဇေယျ | မောင်ဟံသ | |
| လူ့ချင်တန်းချင်စိတ် | မုံရွာဝင်းဖေ | |
| သူ့ကဗျာများကပြောသည့်သူ့အကြောင်း | ဟိန်းလတ် | |
| ဝမ်းသာပီတိဖြစ်မိပါသည် | သုတေသီမြင့်ထွန်း | |
| မနောဖြူဖြူသူလိုလူ | ဇန္ဒရဝင်း | |
| ပညာရေးအလျှဉ်မှစာပေမှ[illegible]ကျော | ပျဉ်းမနား[illegible]မောင်နီ[illegible] | .. |
| စွယ်စုံမုံသောက်[illegible]အာဇာနည် | | |
| ဂုဏ်မြောက် | ဒေါက်တာအောင်ကျော် | ... ၁၁၇ |
| လူသူသ[illegible]သန့်ဒါယကာတစ်ဦး | တင်အောင်သွင် | ... ၁[illegible] |
| ဓမ္မစေတီ သည်နှင့်အတူ | ခင်ဆွေဦး | ... [illegible] |
| သာသနာပြုမှုဝီပ[illegible]သနာသို့ | ကျော်နန္ဒအောင် | [illegible] |
| သာသနာပြုပုဂ္ဂိုလ်နှင့်သူ့ဓာတာ | ပန်းတနော်ဗိုလ်မြင့် | .. [illegible] |
| ဂုဏထောမနာစာပန်းလှာ | မင်းဘူးမျိုးသက်အောင် | ... [illegible] |
| အတ္ထုပ္ပတ္တိအကျဉ်း | | [illegible] |
| A Letter From Zeya Maung | Zeya Maung | ... [illegible] |
| Young, Yet Honourable | Tin Lwin | ... [illegible] |
| My Neighbour, a Good Man | Mg Kya Nyo | ... [illegible] |
| My Dhamma-Friend, Ko Jeyya | Aung Thein Nyunt | ... [illegible] |


✡ ✡ ✡

*နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ*

# ဦးနှိမ်ချ၍ကန်တော့ပါ၏

အနန္တငါးပါးကို ဦးထိပ်ထား၍–
မြင့်မိုရ်တောင်ဦး၊ မကာကျူးသည့်
ကျေးဇူးရှင်ဖြစ်ကြသော
မြောင်းမြမြို့ အထက(၁)စာသင်ကျောင်းအလှူရှင်
ဇေယျမေဒနီ ပရိယတ္တိစာသင်တိုက်
မြရတနာ ကျောင်းအလှူရှင်
ဘုရား၊ ရဟန်း၊ သိမ်၊ ကုဋီ၊ စက်ရေတွင်း
အလှူရှင်ဒါယကာဖခင်ကြီး ရတနာကုန်သည်
**ဦးကျော်မြ**၊ ဒါယိကာမ မိခင်ကြီး **ဒေါ်ကြင်မြိုင်** အား
အကျွန်ုပ်၏အကြောင်းကို ဂုဏ်ပြုရေးသားထားသော
**"ဓမ္မခရီးသည်"**အမည်ရှိ ဤစာစုတို့ဖြင့်
ဦးနှိမ်ချ၍ ကန်တော့ပါ၏။

**မောင်ရင့်ကျူး(မြောင်းမြ)**
၁၃၅၇–ခု၊ သီတင်းကျွတ်လပြည့်နေ့ (၈–၁၀–၉၅)
(မိဘနှစ်ပါးတို့၏ ရွှေရတုမင်္ဂလာနေ့ အထိမ်းအမှတ်)

# ဆုတောင်းခန်း

* ဤသို့ပြု၍၊ မြတ် ပုညကြောင့်
နောက်ဘုံ ဘဝ၊ လူဖြစ်ရ၍
မြူမှု ညစ်ကြေး၊ ကင်းစင် ဝေးလျက်
အချစ် ကျေးကျွန်၊ ကာမ နွံမှ
အကျွန် စွန့်ခွါ၊ လွတ်မြောက်ပါရ
တဏှာ တောအုပ်၊ ဖယ်ရှင်းခုတ်၍
အငုတ် မကျန်၊ တွန်းလှန်နိုင်သား
ယောကျ်ား ပုဂ္ဂိုလ်၊ ဖြစ်ရလို၏။
* ဤသို့ပြု၍၊ ကုသလကြောင့်
လောဘ ဒေါသ၊ မောဟကင်းကွာ
တဏှာ ကုန်ခမ်း၊ မြတ်ရဟန်းနှယ်
ကျမ်းမြတ် သုံးပုံ၊ ပိဋကတ်စုံကို
နှုတ်ငုံသင်ယူ၊ တတ်တော်မူ၍
ရှေးသူတော်ထုံး၊ နှလုံးမူလျက်
သစ်ခက်တဲနန်း၊ ကျောင်းသခ်မ်းဝယ်
စီးဖြန်းကမ္မဋ္ဌာန်း၊ ငြိမ်းအေးချမ်းစွာ
မဂ်လမ်း ကြေန်၊ မြတ်နိဗ္ဗာန်သို့
လျင်မြန်ထုတ်ချောက် ရောက်စေသော်။ ။

မောင်ရင့်ကျူး(မြောင်းမြ)

၂၃-၅-၈၆

သဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့နှစ်ထပ်ရ

ဦးကျော်ခင်မြင့် [မောင်ရင့်ကျူး မြောင်းမြ] အား

ချီးကျူးဖွဲ့ဆိုအပ်သော

# လူးတားညှပ် ရှစ်ဆယ်ပေါ်

# မင်္ဂလာတေးထပ်

❀ ❀ ❀ ❀ ❀

သဒ္ဓမ္မဇောတိကတွင် ဓဇထပ်၍
အလုမြတ် ဘွဲ့ဂုဏ်ရောင်
တကွမပြတ် ဖွဲ့စုံနှောင်သည်
တကဲ့ပုံဆောင် သာသနာရေး၊
ယဉ်ကျေးမင်္ဂလာ အဘိဓမ္မာမကျန်ပါ
အသိမကွာရန် သင်ကြားပို့ချပေ။

(လူးတား)

**ကုလစာရ ကုသလဒ္ဓ လုံ့လကြီးရင့် ချီးမွမ်းလေ။** ။ မောင်ရင့်ကျူးမည်၊ ကလောင်ရည်ဖြင့်၊ မြန်မာပြည်သားကောင်း၊ သူတော်ကောင်းလျှင်၊ နှစ်ထောင်ဝမ်းသာ၊ သာသနာတွက်၊ မကွာနေ့ည၊ ဆောင်ရွက်ရက၊ ကာယဝစီ၊ မနောညီသည်၊ သုံးလီအမျှ၊ တက်ကြွလှ၏၊ ဗုဒ္ဓသာသနာ၊ ရေးအရာဝယ်၊ ဥစ္စာအသက်၊ မငဲ့ကွက်ဘဲ၊ ထက်မြက်ဝေဆာ၊ စေတနာဖြင့်၊ ဝမ်းသာဝမ်းမြောက်၊ လက်ပမ်းပေါက်သည်...၊ ထွန်းတောက် ကုသိုလ်ရှင် တည့်လေ...၊ မြဲပင်ရှေ့သွား- လွန်ကြိုးစား။ ။ စိတ်ထားတည့် ဖြူဖွေ - အလှူပေး။

## ဓမ္မစရိုးသည်

**(တေးဆက်)**

အလှူဒါနပေးလှူရာဝယ်
ဖွေးဖြူသဒ္ဒါ ဘာညာမနေး
ရေးယူမကွာ သာသနာအရေး၌
အခါမရွေး ရှေ့တွင်နေ။
ဘုရားကျောင်းကန် စံပြပမာဏ
ဓမ္မဒါန လှူပေါင်းစုံလှပေ။
ဥပသမ္ပဒ ပဗ္ဗဇ္ဇ မသွေသည်
မြတ်လှထွေထွေ အညီအမျှပြု၍
သီဟာသုဓမ္မ မဏိဇောတဓရော
ပကတိ ဇောကြွစရာ။
**ဦးကျော်ခင်မြင့်** အဆင့်စုံစွာငယ်
နှစ်ဆင့်ဂုဏ်ဝါ ဖော်ညွှန်းဆင်စို့လေး။
သာသနာပြုနှင့် လုပ်သမျှ မကျန်အောင်
အနုဂ္ဂဟတဖန် မော်ကွန်းတင်ဖို့လေး။
မြတ်သာသနာ့ အောင်ခွင့်အထူးရည်သည်
**မောင်ရင့်ကျူး** အမည် ပေါ်ထွန်းထင်လို့လေး။ ။

ရဝေထွန်း

## သဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ
## ဒါယကာ ဦးကျော်ခင်မြင့်အတွက်

# ဝမ်းမြောက်ဖွယ်ရာ ထောမနာဂါထာ

**အလတ္ထဒါယကာ ဒါနိ၊ သဒ္ဓမ္မသီဟလဉ္ဆနံ။**
**အဟော သာဓု အဟော သာဓု၊ ဧဝံ အမှာက ထောမနံ။**

**ဒါယကော** = မြတ်စွာဗုဒ္ဓ၊ ဆုံးအမဟု၊ သုံးဝမ္မန်စွာ၊ သသနာကို၊ လေးဖြာပစ္စည်း၊ ထောက်ပံ့မှီး သည်၊ အံ့ချီးထုံလတ်၊ ဂုဏ်သကတ်ကြောင့်၊ လေးရပ်ထင်ပေါ်၊ သတင်းမော်သည့်၊ ဦးကျော်ခင်မြင့်ခေါ်၊ ဒကာတော်သည်။

**ဒါနိ** = တစ်ထောင့်သုံးရာ၊ ငါးဆယ့်ခြောက်ခု၊ ရတုကောင်းကြိမ်၊ မြန်မာနိုင်ငံတော်၏ ၄၇–နှစ်မြောက်၊ လွတ်လပ်ရေးနေ့ ဤအချိန်၌။

**သဒ္ဓမ္မသီဟလဉ္ဆနံ**= သဒ္ဓမ္မဇောတိကဓဇခေါ်၊ သာသနာပြုဘွဲ့တံဆိပ်တော်အား၊ အလျော်ထပ်ဆင့်၊ မြင့်ထက် မြင့်သည်၊ ရဲရင့်သဒ္ဓါ။ လှူဒကာတို့၊ ထူးစွာပိုင်သ၊ လက်ခံရသည့်၊ သီဟသုဓမ္မ မဏိဇောတိကဓရခေါ်၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ကို။

**အလတ္ထ** = နိုင်ငံတစ်ဝှန်း၊ သတင်းဖြန့်၍၊ သင်းပြန့်ကြေငြာ၊ ရရှိပါပေပြီ။

**အဟော သာဓု** = သာသနာတွင်၊ သမိုင်းဝင်မည့်၊ ပုံသွင်မဟောင်း၊ ဂုဏ်တင်ကြောင်းမို့၊ အော်–ကောင်းလှပါပေစွတကား။

**အဟော သာဓု** = ရွှေနှင့်မြကား၊ နေနှင့်လသို့၊ ထင်စွပဏ္ဏာ၊ ယဉ်လှစွာမို့၊ ဂုဏ်ပါ ဂုဏော၊ ထိုက်တန် သေးဟု၊ ရှေးရှုဥာဏ်မြော်၊ အော်–ဝမ်းမြောက်ဖွယ် ကောင်းလှပါပေစွတကား–။

**ဂဟပတိ** = သာသနာရေး၊ အစဉ်တွေးလျက်၊ အားပေးရှုမြော်၊ အို–ဒကာတော်။

**ဧဝံ** = ဤသို့နှစ်နော၊ မုသဘောဖြင့်၊ အဟောသာဓု၊ ခွန်းဆင့်ပြု၍၊ မြင့်မှုသြဘာ၊ ထောမနာ ခြင်းသည်။

**အမှာကံ** = မြို့တော်ရန်ကုန်၊ သာမျိုးစုံသည့်၊ ရွှေဘုံဝိဟာ၊ တက္ကသိလာ၌၊ သာသနာကျိုး၊ ဝေဖြာ တိုးအောင်၊ မြတ်နိုးစဉ်သာ၊ ဆောင်ရွက်ကာနေသော ငါတို့၏။

**ထောမနံ** = မြတ်ဗုဒ္ဓသာသနာ၊ ဒါယကာ အစစ်မို့၊ စိတ်ဖြစ်သမျှ၊ ခွန်းလှစ်ဟ၍၊ အားရရွှင်လန်း၊ ပီတိလွှမ်းလျက်၊ ချီးမွမ်းထောမနာ၊ သြဘာပြုခြင်းပါတည်း။

**အရှင်စန္ဒဝရ (မြောင်းမြ)**

ဝိနယပိဋကမဟာဌာန၊ ဂဏဝါစက

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရန်ကုန်

## သဒ္ဓမ္မဇောတိကဓဇ သိရီသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ဦးကျော်ခင်မြင့်အတွက် နှုတ်မြွက်မင်္ဂလာ အာသီသပတ္ထနာ

# ကောပိုဒ်ရတု

သာသနသောဘိဏီ၊ ဂုဏ်ရည်တင့်တယ်၊ ကျေးဇူးကြွယ်၍၊
မြန့်နယ်တိုင်းပျော်၊ သာသနာတော်ကို၊ ရည်မျှော်စိစွေး၊ ဘာသာသွေးဖြင့်၊
စွေးစွေးနီနီ၊မြတ်ဂုဏ်ရည်တို့၊ထိန်ကြည်မြူးမြူး၊သဒ္ဓါထူးဖြင့်၊ ဆည်းပူးဆင့်ဆင့်၊
မြင့်မြင့်ကြိုးစား၊မေတ္တာအားကြောင့်၊ပေါ့ပါးလျင်မြန်၊မလေးကန်ပဲ၊
ကိုယ်ဟန်သွက်လက်၊ရွယ်အသက်နှင့်၊လိုက်ဘက်ညီမျှ၊လဟုကဂုဏ်၊
လောက်လုံပေါ်ထင်၊ဦးကျော်ခင်မြင့်၊စွယ်စုံတင့်၍၊ထောက်ချင့်ရည်မျှော်၊
သူသူတော်ကို၊ ကော်ရော်နှလုံး၊ ပီတိဖုံး၍၊ အုံးအုံးကျွက်ညံ၊ ထက်သန်စေတနာ၊
ကောင်းတင်းညာလျက်၊ ဗြဟ္မာမဟဂ္ဂုတ်၊ ဘဝဂ်လှုပ်အောင်၊ လက်ခုပ်ကြောဟီး၊
လက်ဖျစ်တီး၍၊ အံ့ချီးဖွယ်ရာ၊ အဖြာဖြာကို၊ ဝစနာနှုတ်ဖော်၊ ဟစ်ကြွေးကျော်၍၊
ပူဇော်ထိုက်သူ၊ ရှင်ရှင်လူကို၊မြန်ဘူပိုင်သ၊အစိုးရက၊ သဒ္ဓမ္မ ဇောတိက ဓဇ+သိရီ
သုဓမ္မမဏိဇောတဓရ၊ ရွှေစာခပ်နှိပ်၊ ဘွဲ့တံဆိပ်ဖြင့်၊ ဝိသိဋ္ဌရေးယူ၊ ချီးမြှင့်မှု၍၊
ကြည်ဖြူမျိုးနွယ်၊ဘုန်းရှိန်ကြွယ်သား၊အံ့ဘွယ်ရှစ်ဖြာ၊သာသနာကို၊
တည်ပါစေကြောင်း၊ ဆန္ဒကောင်းဖြင့်၊အကြောင်းမချို့၊ ပြုနိုင်ဘို့နှင့်၊ လူတို့သီလ၊
တည်ပသမာဓိန်၊ ဉာဏ်ရှိန်ကြီးကျယ်၊ သူကြွယ် စိတ္တ၊ ပါကဋသို့၊ ဗုဒ္ဓဘာသာ၊
သာသနာသွေး၊နေ့တိုင်းနွေး၍၊အားပေးချီးမြှောက်၊ပင့်ထောက်ပူဇော်၊
စိတ်ရွှင်ပျော်သည်။ ။ ရာကျော်သက်တမ်းလွှမ်းစေသော်။

ဓမ္မာစရိယ–ဦးတင်ရွှေ
မအူပင်

# မိသားစုဂုဏ်တင့်သိရှိသည်

သာသနာ ရောင် လက်လင်းဖို့
မှောင်ဖျက်ခွင်း ပြုလေကာ၊
ဆောင်ရွက်ခြင်း သူ့စေတနာ
ဆုဝေဖြာ ပွင့်လန်း။
ဆွမ်းဆေးနဲ့ သင်္ကန်းပါ
ရွှင်လန်းစွာ ကျောင်းဆောက် လှူဒါန်း။
ဒါနနဲ့ သီလနှစ်ဖြာ
ညီမျှစွာ စုံပြွမ်း
ကြည်မြသဒ္ဓါ ဂုဏ်အစွမ်းနဲ့
ထုံမွမ်းတဲ့ အမည်။
စာပေမှာ ပြောင်ဝင့်မြူး
'မောင်ရင့်ကျူး' ထူးတဲ့သညီ။
'ဦးကျော်ခင်မြင့်' ဘဝပါရမီ
မျှစာဂီ မူဓလေ့ရယ်နဲ့
အတူမွေ့ ဒေါ်ခင်ခင်စိန်
နေ့, လ ရောင်ရှိန်။
ဘွဲ့နှစ်မျိုး ဆွတ်ခူးကြိမ်သည်
ထွတ်ထူးချိန် ရောက်ခဲ့ပေါ့လေး။
မိသားစု ဂုဏ်တင့်သိရှိသည်
ဘုံမြင့်ဝတီ ထက်နန်းသို့လေး။ ။

သူရဇော်

သဒ္ဒမ္မ ဇောတိက ဓဇ
သီဟ သုဓမ္မ မဏိဇောတ ဓရ

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၃၄ နေ
စိန်ရတနာ ရွှေဆိုင်ပိုင်ရှင် ဦးကျော်ခင်မြင့်၏
သဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ
ဘွဲ့တံဆိပ် နှစ်တန် ခံယူရရှိ၍ ဂုဏ်ပြုမှတ်တမ်းတင်အပ်သော

# ထုတိမင်္ဂလာ ပိုဒ်စုံရတု

ဇေယျ-အရှင်စန္ဒဝရ ဂုဏ်ပြုသည်။

၁။ **ထူးတင့်ပါမီ၊** တသာကီမို့၊ ဖြာစီကြွားဝင့်၊ ဂုဏ်ပေါင်းတင့်၍၊ မြင့်မြင့်သရေ၊ ဆင့်ဆင့်ဝေအောင်၊ ပရမေဥက္ကင့်၊ ရှင်တော်မြတ်၏၊ သုံးရပ်သာသနာ၊ ရှည်မြင့်ကြာဘို့၊ နိုင်ရာထမ်းရွက်၊ ကြိုးပမ်းချက်ကို၊ မပျက်နှစ်စဉ်၊ မှတ်တမ်းတင်သည့်၊ ပြည်ခွင်ပိုင်သ၊ မင်းစိုးရ၏၊ ချီးပပင့်မြှောက်၊ စံတင်လောက်သား၊ မြားမြောက်ဆုဆူ၊ ပုဂ္ဂိုလ်လူတွင်၊ အတူယှဉ်သော်၊ အမြင်ပေါ်သည့်၊ **ဦးကျော်ခင်မြင့်၊** အမည်တင့်လျက် ကြည်လင့်ရွှန်းစို၊ ဤပုဂ္ဂိုလ်ကား၊ ထုတ်ဆိုလင့်ငြား၊ ရှာမှရှားခဲ့၊ ဝင့်ကြွားလွှမ်းမိုး၊ စွမ်းတန်ခိုးဖြင့်၊ အမျိုးဘာသာ၊ အကျိုးရှာလျက်၊ သာသနာရေး၊ ကိုယ့်အရေးဟု၊ အားပေးထောက်ပင့်၊ ဘက်စုံမြင့်၏၊ မဝင့်မဝါ၊ ဆင့်သဒ္ဓါပြင့်၊ သင့်ရာဆောင်ရွက်၊ အခေါင်တက်အောင်၊ အောင်ချက်စုံဖော်၊ တုမဲ့ ကျော်သည။ ။ **ထူးပေါ်သွင်တင့် လျှမ်းပသော်။**

၂။ **မြူးလင့်စာဂီ၊** ပါရမီနှင့်၊ ညာညီလျော်ဆင်၊ မြော်အမြင်နှင့်၊ ဒေါ်ခင်ခင်စိန်၊ မည်ရှိန်ပေါ်လွင်၊ ဇနီး ခင်၏၊ ချစ်ကြင်ကြည်သာ၊ ဖြည့်ဆည်းပါ၍၊ သာသနာရေး၊ ဘာသာရေးကို၊ ကြံတွေးသလောက်၊ စွမ်းရည် တောက်အောင်၊ ချီးမြှောက်ပိုင်ပိုင်၊ ပြီးမြောက်နိုင်ခဲ့။ စုံမြိုင်တခွင်၊ ဂုဏ်လှိုင်ရွှင်သည့်၊ သဇင်ပန်းပွင့်၊ ဆင်းနံ့တင့်၍၊ အသင့်ဆွတ်ချူ၊ ပန်ဆင်ယူဖို့၊ တမူကြိုးပမ်း၊ လုံ့လစွမ်းနှင့်၊ ရွှင်လန်းသဒ္ဓါ၊ တင့်ဆန်းဖြာ၍၊ ခန်းသာ ပွဲမ၊ အကဲလှခဲ့။ နွဲ့ရနေရာ၊ အခြေသာ၍၊ ခါခါမြူးပျော်၊ အထူးပေါ်သည်။ ။**ဦးကျော်ခင်မြင့် စွမ်းလှသော်။**

၃။ **ဖူးပွင့်ဖြာစီ၊** ဂုဏ်အဆီနှင့်၊ ထုံစီလွှမ်းပေါ်၊ နိုင်ငံတော်၌၊ **ဦးကျော်ခင်မြင့်၊** ရလင့်တံဆိပ်၊ ဂုဏ်ဟိတ်ထူးစွ၊ **သဒ္ဓမ္မဇောတိကဓဇ၊ သီဟသုဓမ္မမဏိဇောတဓရ၊** နှစ်ဝနှစ်တန်၊ အလှလျှံအောင်၊ ထိုက်တန်ပန်ဆင်၊ ဤစွမ်းအင်ကြောင့်၊ လူရှင်များလှ၊ ဝမ်းသာကြ၏။ မိဘဆွေညာ၊ မိတ်သဟာလည်း၊ ဝမ်းသာပီတိ၊ ဝွမ်းဆီထိသို့၊ ကြည်အိနှစ်ခြိုက်၊ လှန်ပျော်ပိုက်ခဲ့။ ပန်းကြိုက်သူလျှင်၊ ပန်းကိုမြင်သော်၊ ပန်းလျှင်အလှ၊ ဘယ်၍မျှဟု၊ နှိုင်းဆထုတ်ပိုင်၊ မပြနိုင်သို့၊ ဂုဏ်လှိုင်ဂုဏ်ဖူး၊ ဂုဏ်အထူးနှင့်၊ စုံမြူးနေသူ၊ ပုဂ္ဂိုလ်လူကို၊ ဘယ်သူနှိုင်းဆ၊ တိုင်းမရသည့်၊ ခန်းမအလယ်၊ လျှမ်းပထယ်သည့်၊ တင့်ထယ်ရပ်ကြွ၊ သရုပ်လှဘို့၊ ထုတ်ပြပြုပြင်၊ အလှဆင်သို့၊ ဂုဏ်လျှင်တင့်စွ၊ အစဉ်လှဘို့၊ ဆင်သစီပျိုး၊ ရှေ့ကိုတိုး၍၊ အားကြိုးမာန်ဖော်၊ အစွမ်းပေါ်သည်။ ။ **မြူးပျော်ရွှင်လင့် ချမ်းမြသော်။**

* * *

# ဗမာ့ခရီးသည်
## အတ္တုပ္ပတ္တိ-ကဗျာရှည်

တက်လှ

(၁)

စာဆိုတင့်ထူး၊ မောင်ရင့်ကျူးလျှင်
ပွင့်ဦးကဗျာ၊ နံ့သာကြိုင်သင်း
ချစ်ခြင်းဂုဏ်ပြ၊ သိင်္ဂါရနှင့်
နမ ရင်ခုန်၊ မောင်ရင်ခုန်သို့
**'ဝါးရုံမြသား၊ ကဗျာများတွင်'**
တင်စားမငြီး၊ **'ရွှေမင်းသမီး'** တဲ့...
ခရီးဉာဏ်ကျယ်၊ စာပေနယ်သို့
တွယ်တာမြတ်နိုး၊ **'ခြောက်ဆယ့်ကိုး'** ဟု
ထိုးခဲ့မော်ကွန်း၊ ညွှန်းခဲ့စာဂုဏ်
ထုံခဲ့ စာပန်း၊ စာစိတ်ထမ်းသည်
ချစ်ကျွမ်းရပ်ပျော် မြောင်းမြဆွေ...
စစ်တမ်းထုတ်ဖော် ကောင်းစွလေ။ ။

(၂)

ငါ ဆရာတက်၊ ကဗျာလက်ဖြင့်
ထက်မြက်ဉာဏ်ရည်၊ ပါရမီနှင့်
ရာသီတင့်ထူး၊ မောင်ရင့်ကျူးအား
စိတ်ကူးပုံရိပ်၊ ကဗျာဖိတ်အံ့။အတိတ်ကာလ၊
ငယ်ဘဝလည်း
စ,န သေချာ၊ မသိပါခဲ့
ပညာပြည့်ဝ၊ နလုံးလှမှဆုံးစပြန်ကောက်၊
ရေးမလောက်တော့
တောက်ပြောင်ဝင့်ကြွား၊ ပတ္တမြားသို့
လက်ဖျားကြွင်၊ ဦးထိပ်ပုံလျက်
ဂုဏ်တော်ကိုးပါး၊ မြတ်ဘုရားနှင့်
တရားသံဃာ၊ မြတ်ဆရာမှ
မာတာပိတု၊ ကိုင်းရှိုင်းမှုလျှင်
နှိုင်းတုမရ၊ မျိုးချစ်လှ၏
နေ့ညမချွတ်၊ သဒ္ဒါညွှတ်၏
'ထိန်းကွပ်မဲ့ငြား၊ သူ့လက်ဖျားလျှင်'
တရားချင့်ချိန်၊ အနာထပိဏ်သို့
အချိန်ပြည့်လှူ၊ ပေးကမ်းသူပေါ့
ဓမ္မူတလှူ-ရှာမှရှား-
ဉာဏ်ကူစာမှု ဂါရဝပွား။ ။

(၃)

"တစ်ယာ ကွမ်းဆေး၊ ရေအေးတစ်ခွက်
ဆီ တစ်စက်နှင့်၊ လက်ဘက် တစ်ရိုး
ကြဲတစ်ချိုးမှျ၊ မြတ်နိုးကြည်ဖြူ
ရရာလှူလော့၊ ဉာဏ်ကူမန်လည်
ကြဲစည်ပုံဖော်၊ ဆရာတော်အား
မှန်းရော်ဖူးမြင်၊ ရှိဦးတင်၏"
ဖခင် ပီသ၊ ဦးကျော်မြနှင့်
ချစ်စ ကြိုးခိုင်၊ ဒေါ်ကြင်မြိုင်တို့
ကိုယ်ပိုင်ယဉ်ကျေး၊ ကောင်းမွေပေးထင့်
သွေးကပြောလာ၊ သိမ်မွေ့ထာနှင့်
ရတနာကုန်သည်၊ ကောင်းကျိုးပီခဲ့

ချစ်ကြည်ပေါ်ထင်တင့်၊ ကျော်ခင်မြင့်ဟု
ဂုဏ်ဝင့်ထူးခြား၊ ဒုတိယသားကို
နတ်များပို့အပ်၊ ဖွားမြင်လတ်တည့်
သားမြတ်ဥဏ်ထူး၊ မောင်ရင့်ကျူးပေါ့
စိတ်ကူးကြည်မွေ့၊ စာပေလေ့ဖို့
မျက်တွေ့ဆန်းဆန်း၊ အခန်းခန်းလည်း
မှတ်တမ်းဖွင့်အန်၊ ကလောင်ပျံနှင့်
စာရျာန်ဝင်စား၊ ဉာဏ်ကစားသည်
တရားကိုယ်၌ တည်စေမင်း-
အများလိုကြိုက် ကြည်စေလင်း။ ။

(၄)

"ပျော်ရာတဖုံ၊ ကြုံရာတလီ
ကြည်ရာတချက်၊ ညပုခက်တွင်
လ,ပက်လက်လေး၊ အလင်းပေးသည့်
တက်မွေးသည့်ရွာ၊ ကျေးကံသာသို့"
"မေတ္တာကြူမွေး၊ ရွာသစ်ကျေး၌
မြသွေး မြောင်းမြ၊ အိမ်မဲလှမှ
ခရိုင်မြို့များ၊ နယ်ပိုင်စား၏"
ရိုးသားမှုဂုဏ်၊ မိဘစုံနှင့်
ရွှေဘုံစံရာ၊ ကောင်းဇာတာတည့်
ပညာသင်ပြန်၊ အေဘီအမ်ကျောင်း
ဉာဏ်ကောင်းသက်ဝင်၊ အောင်ပွဲဆင်ခဲ့
မြော်မြင်ရှေ့ဖတ်၊ ရှေ့နေတတ်လည်း
ခဲကတ် မရှိ၊ နှုတ်ချိုဘိသို့
ရွှေ၏အကြောင်း၊ ကောင်းမကောင်းကို
ဖယောင်းသက်သေ၊ ဆုံးဖြတ်ပေသား
စိတ်နေမွန်မြတ်၊ စိတ်ဓာတ်ခိုင်ကျည်
စိတ်ရှည်ကြိုးကုတ်၊ ဉာဏ်ရွှေထုတ်တော့
သရုပ်ပီသ၊ စာရေး လှသည်
မြန်မာ့သားကောင်း ပီတကား။

ကြဲဆပွားကြောင်း ညီတကား။ ။

(၅)

အတ္တုပ္ပတ္တိ၊ တုမရှိအား
မုနိမြတ်စွာ၊ သက်ရှင်ပါမူ
ကာမာဝစရ၊ ဘုံဌာနမှ
ဘဝပေးထူး၊ မောင်ရင့်ကျူးသို့
ကူးလာလောက၊ မျက်တွေ့ပြရင်း
ဓမ္မ ပန်းခိုင်၊ မွေးကြူလှိုင်ကို
သည်းဆိုင်ရှင်လန်း၊ ဟောပြစွမ်းလိမ့်
မင်္ဂငြိမ်း ဖိုလ်မှီ၊ ဗြဟ္မာ့ပြည်နှင့်
ကျင်လည်စည်းစိမ်၊ ရပ်မောငြိမ်အံ့
အချိန်ပြည့်လျှ၊ အဖြူကြည့်ကြဲ
အမှန်သိပွား၊ ဉာဏ်ရှေ့သွားခဲ့
ထူးခြားပါရမီ၊ သူ့စွမ်းရည်လျှင်
'လောကီဘွဲ့ပန်း၊ သူဆင်မြန်းလျက်'
'ထက်နန်းလောကုတ်၊ ဝိသုဒ္ဓိမဂ်
စိတ်စက်ခွဲဖြာ၊ ဘိဓမ္မာလည်း
ဉာဏာထွတ်ခေါင်၊ ဖြေတိုင်းအောင်၏'
စိတ်လျှောင်အိမ်ကြိုက်၊ ကာမသိုက်တွင်
လောင်မြိုက်မကင်း၊ ခံစားခြင်းဖြင့်
အလင်းတစ်ခြမ်း၊ မှောင်တစ်ခြမ်းသည်
ဆောင်စွမ်းညွတ်သည့် ကာယသွေး-
အောင်ပန်းဆွတ်၏ ဉာဏာမွေး။ ။

(၆)

မယားချစ်မြား၊ သားချစ်မြားတို့
ရင်ကြားစူးနစ်၊ ရာဂမြစ်တွင်
"လက်ပစ်ကူးပြ၊ ဇနက္ကသို့"
သောကရေငန်၊ ဒုက္ခဒဏ်ကို
ဖယ်ရန်ခဲဆစ်၊ ချမ်းသာချစ်၏
စစ်တမ်းထုတ်လာ၊ ငါ့ဥစ္စာတို့

သေခါတွဲလဲ၊ ပါနိုင်ခဲဟု
အစွဲဖြုတ်ချ၊ လူ့ဒါနလည်း
ဘယ်ကယူငင်၊ ညာလက်တင်၍
အိမ်စဉ် တောင်းစား၊ သူတောင်းစားမှ
ခွေးများ စသည်၊ ပေးကျွေးကြည်ခဲ့
ပီတိပန်းပန်၊ သဒ္ဒါသန်တိုင်း
သက်နံ့ မယား၊ သာစုပွားလိမ့်
လက်ဖျားငွေသီး၊ လူမငြီးအောင်
ဖန်တီးကံရိပ်၊ ဟောင်းအတိတ်ထင့်
စိတ်က ကြံတွေး၊ လက်ကပေးသည်
လှူရေးရှိမှ လှူတတ်ပါ-
ယူရေးသိမှ ယူတတ်စွ-
ချစ်ဖော်ပီသ ရင်ချမ်းမြ။ ။

(၇)

လောကချီးမွမ်း၊ ဂုဏ်ပွင့်ပန်းနှင့်
စွမ်းရည်ထက်မြက်၊ ထမ်းဆောင်ရှက်သို့
'ပြည့်သက်အရေး၊ တိုင်းရင်းဆေးလည်း
ဆွေးနွေးခြေခံ၊ သင်တန်းပြန်ပေါ့'
ပြိုင်စံဈေးတင်၊ လုပ်ငန်းရှင်တို့
ငွေခင်ကြေးရ၊ မညီမျှ၍'
'စိုးရသခင်၊ ပညာရှင်များ
တိုင်ပင်ဆွေးနွေး၊ ညှိနှိုင်းပေးရာ
ဈေးကွက်တရား၊ ပြဆိုထား၏'
မီးများပင့်လေ၊ မနိုင် ရေသို့
စေတနာ ပျား၊ ခြံ့လိုက်စားခဲ့
တရားသာ သေ၊ သား မသေဘူး
အမေကျော်မှန်း၊ ဒွေးတော်လွမ်းတို့
စခန်းသိမ်းပွဲ၊ မျက်နှာလွှဲကြ
ခန့်ခွဲစီမံ၊ လုပ်ထုံးစံနှင့်
နိုင်ငံသစ်တော၊ သစ်မာချောကို
လောဘဓားကြွ၊ မြတ်ထုတ်ကြထင့်
ဆွဲလှ သံစုံ၊ အလုပ်ရုံအား
ဂုဏ်ပြနိမိတ်၊ ညီညွတ်စိတ်တွက်
ဖိတ်ခေါ်တိုင်ပင်၊ ထိုပွဲဝင်သည်
ပေါ်ထင်ရေးညှိ-ကြင်နာသိ-
မြော်မြင်ရေးသိ-ပညာရှိ-
နိုင်ငံချစ်စိတ် အေးရိပ်ဖြည့်။ ။

(၈)

ကဗျာ ပန်းကုံး၊ စာပန်းကုံးတို့
ချီပြုံးကြည်ရွှင်၊ နေ့တိုင်းဆင်လျက်
မင်္ဂလာတရား၊ ရင်မှာ ပွားရင်း
ထွန်းကားသာသနာ၊လင်းရောင်ဖြာအောင်
နှစ်ဖြာကြာလက်၊ ဦးထိပ်ရွက်ကာ
နှစ်သက်ပီတိ၊ ကောင်းမှုဖြည့်ပေါ့
"ဇောခိစာစောင်၊ တာဝန်ခံဆောင်ဟု
ဉာဏ်ရောင်နိုးကြွ၊ ဖန်ဆင်းပြတည့်"
ပရိယတ္တိ၊ မည်ရှိသာသနာ့
တက္ကသိလာကျောင်း၊ထိုခေါင်းလောင်းလည်း
ကောင်းမှုနှိုးဆော်၊ ကောင်ကျိုးမျှော်ခဲ့
ကြွေးကြော်သံအောင်၊ အမှုဆောင်သစ်
သျှင်ချစ် အကျိုး၊ တန်ဖိုးပံ့ထောက်
အံ့လောက်စဖွယ်၊ အမြင်ကျယ်၍
ရှစ်သွယ်ပရိက္ခရာ၊ ကျောင်း,ဆွမ်းပါလျက်
ရောဂါကင်းမှု၊ ဆေးလှူ ကု၏
"ကျမ်းပြုကထိက၊ ပက်ထရစ်ပရန်ကီ
မီချီကန်တက္ကသိုလ်၊ ဗုဒ္ဓလိုကျ
မြောင်းမြကထိန်၊ ဒုလ္လဘ သိမ်ဝင်
တစ်ချိန်တည်းလှူ၊ မှတ်ဖွယ်မှုသည်
ပြည်သူ့ထဲက တစ်ယောက်ထွန်း-
ကြည်ဖြူသဲ(သည်း)လှ တစ်ခေါက်ညွန်း
ကဗျာရေးလက် တေးကွက်မွှန်း။ ။

## (၉)

လိုတပြည့်ဝ၊ ဇောတိကသို့
ရတနာစိန်ရွှေ၊ ထိန်ထိန်ဝေခဲ့
စိတ်နေမြင့်မြတ်၊ စိတ်ဓာတ်မြင့်မား
စိတ်ထားကြည်လင်၊ ပုထုဇဉ်မင့်
ယဉ်ကျေး ထာကျ၊ လူ့ရေးလှ၏
ဗုဒ္ဓလက်ထက်၊ သဒ္ဓါထက်သည့်
ငွေစက် မြေဝယ်ကာ၊ ကျောင်းဒကာတွင်
အနာထပိဏ်၊ သောကငြိမ်အောင်
အချိန်ပြည့်လှူ၊ ပမာမှုသို့
ပူဇော်စိတ်ကြဲ၊ အောင်သိပ္ပံကျောင်း
ပြန်ပြောင်း လှူဒါန်း၊ ဒကာဆန်းဟု
မှတ်တမ်းရေးကူး၊ မောင်ရင့်ကျူးပေါ့
ဉာဏ်မူးသာသနာ့၊ ပါမောက္ခတွင်
ဘဒ္ဒန္တ အဘယာလင်္ကာရမှူး၊ (ပါဠိပါရဂူ)၏
ပေးလှူလေးအင်၊ ကံထိပ်တင်ရင်း
သံစဉ် ကြေးစည်၊ သာဓုမြည်ခဲ့
ရွှေပြည်သာကြောင်း၊ ရွှေကျောင်းသာအေး
ဆွေရေး မျိုးလှ၊ စိတ်စပြမို့
လောကဟိုဘက်၊ သံသာစက်၌
မင်္ဂပေါက်ဖိုလ်ဝင်၊ ရှိဦးတင်သည်
ပေါ်ထင်တင့်ရေးပေးတကား-
ကျောင်းခင်မြင့်သွေး အေးတကား-
ကံပေးလှူ့ဇာတ် မြတ်တကား။ ။

## (၁၀)

ပန်းဆိုသည့်ပန်း၊ ဂုဏ်ထူးပန်းသည်
မနွမ်း မညှိုး၊ ဘုန်းတန်ခိုးနှင့်
ထမ်းပိုးတတ်မှ၊ ရင်ချမ်းမြ၏
ဘဝတတ်သိ၊ အမြတ်ရှိထင့်
အိန္ဒိယမြေ၊ ဘုံဘေနီးရပ်
အိဂတ်ပူရီ၊ မြို့ပြဆီမှ
အပြည်ပြည်ဆိုင်ရာ၊ ဝိပဿနာအား
ဖိတ်စာအရ၊ နီးနော့ကြဖို့
'ပါရဂူဆရာ၊ ခေါင်းဆောင်ကာလျှင်
ကဗျာတင့်ထူး၊ မောင်ရင့်ကျူးလည်း'
"ဦးဂိုအင်ကာ၊ မြတ်ဆရာသို့
ဆယ်ဖြာလက်စုံ၊ ရင်ညွှန့်လှုံလျက်
အာရုံချမ်းမြ၊ ဖူးမဝခဲ့"
ဗုဒ္ဓ ပွင့်ထွန်း၊ တရားညွှန်းသည့်
လင်းလွှန်းပင်ခြေ၊ လွှမ်းမပြေတိုင်း
နေခြင်းလည်း ခြား၊ သေခြင်း ခြားဟု
တရားအသိ၊ အားအပြည့်နှင့်
အမိပြည်ရောက်၊ မင်္ဂလမ်းဖောက်သည်
ရှစ်ခြောက်,ရှစ်ခွန် သစ်မွန်ခရီး-
ကိုးဆယ်ပြည့်မြောက် နှစ်ခေါက်တည်း-
ခရစ်တစ်ထောင့်ကိုး တွက်ရိုးနည်း။ ။

## (၁၁)

တော်ဘိ ကျော်ဘိ၊ မော်နိုင်ဘိဟု
မသိ လျှော့ရာ၊ မစာနာဘဲ
ငါနှင့်သူနိုင်း၊ ငါမရိုင်းသင့်
သမိုင်းတင်ကျန်၊ လူဖြစ်သန်အောင်
ကံ-ဉာဏ်-ဖွဲ့ကူ၊ အာဂလူပေါ့
ဖြူသည့် မနော၊ ဟောသည့် ဆရာ
နာသည့် စိတ်မွန်၊ ချွန်သည့် တပည့်
အသိတစ်လုံး၊ ဂုဏ်ပန်းကုံးဖြင့်
ပြုံးပန်း ပန်သ၊ ကြည့်တိုင်းလှ၏
'သဒ္ဓမ္မဇောတိက-ဓဇဘွဲ့ထူး'
ဆွတ်ခူး ညွှတ်နူး၊ အထွတ်ဦးနှင့်
ရင့်ကျူးမောင်အား၊ မြောင်းမြသားဟု
တရားနတ်စည်၊ ကြားလတ်လည်ခဲ့
လူ့ပြည်ရောက်ကျိုး၊ လူ့တန်ဖိုးလည်း
လူမျိုးဂုဏ်သိန်၊ ညှိုးမမှိန်ဘူး
ထိန်ထိန်လင်းဖြာ၊ သာသနာသို့
ဒါန ပန်းညွှတ်၊ အလှူဝတ်နှင့်

မြှပ်ထွတ်သီလ၊ ခါးဝတ်လှလျက်
ဖြစ်က ပျက်လာ၊ ဘာဝနာတည့်
ဆရာကောင်းထံ၊ ပန်းကောင်းပန်သည်
ရောင်ပြန်အေးခွင့် ထူးတကား–
အောင်သံတေးရင့် ကျူးတကား။ ။

(၁၂)

ဒုလ္လဘရဟန်း၊ ကမ္မဋ္ဌာန်းနှင့်
စီးဖြန်းအားထုတ်၊ နာမ်နှင့်ရုပ်ကို
ထိန်းချုပ် ဉာဏ်ရှု၊ ငါးကြိမ်ပြု၏
ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကျိုး၍
ကောင်းကျိုးကိုယ်၌၊ အထုပ်ပိုက်သို့
ကျွတ်ထိုက်ဆုပန်၊ အထက်ပြန်လိမ့်
"နောင်သံသရာ၊ ရိက္ခာအကူ
ကံကြွေးဟူသည်၊ အလှူဆိုက
မဆုတ်ကြနှင့်၊ ရဲလှပါစေ–
မိန့်ခြွေမဟာ– ရဋ္ဌသာတည့်
ကဗျာမော်ကွန်း၊ ရေးဖွဲ့ညွှန်းခဲ့"
'ချီးမွမ်းထိုက်သူ၊ သူ့လိုလူအား'
ဂုဏ်ယူ ဂုဏ်ပုဒ်၊ စာဉာဏ်ထုတ်ရင်း
လှုပ်လှုပ်ဆွဲခေါ်၊ ရထားပေါ်မှာ
ဆူဖော်လောင်ဖက်၊ ကလောင်လက်ဖြင့်
စာသက်သွင်းရာ၊ ငါ့ဝန်တာဟု
ကဗျာချစ်သွေး၊ စာသစ်မွေးအောင်
အလေးတမူ၊ အတွေးလှူလျက်
အကူအပံ့၊ အယူသန့်တော့
စာခန့်မောရပ်၊ ခေါက်ပြန်ဖတ်လော့
သုံးသပ်ဆင်ခြင်၊ ဆုံးဖြတ်မြင်မည်
ယဉ်ကျေးလမ်းပြ မင်္ဂလာမှူး
ရင်အေးချမ်းမြ ကြင်နာထူး
ထူးမြတ်ဂုဏ်ရည် ယုံကြည်ဦး။ ။

(၁၃)

ဗြောသံငြိမ့်ညောင်း၊ မောင်ရှင်လောင်းတို့
ပျောင်းကြောင်းစုံစီ၊ ပွဲကြီးပီ၍
"ဘယ်ပြည်ဘယ်နယ်၊ ဘယ်ကျိုးရှယ်လို့
ဘယ်ဝယ်တုပ၊ တုမရနိုင်"
မြန်မာ့ဂုဏ်ဖွင့်၊ ကျောင်းခင်မြင့်လျှင်
ကံပွင့် ငွေထုတ်၊ အလှူလုပ်တော့
သရုပ်ပီပြင်၊ စာညွှန်းတင်ခဲ့
ရှင် တစ်ရာ့တစ်၊ သင်္ကန်းသစ်ဖြင့်
မွေ့နှစ်ပေးသူ၊ ကုသိုလ်ယူရင်း
ဖြူသော သူ့စိတ်၊ ဖိတ်သောသူ့လက်
ဆက်သော ကံဟောင်း၊ အံ့ဖွယ်ကောင်းပေ့
ပြန်ပြောင်းဝေဖန်၊ ရဟန်းခံနှင့်
မွမ်းမံ ကျောင်းမတ်၊ သိမ် ဇရပ်မှ
မြင့်မြတ် ဘုရား၊ တည်ဆောက်သွားသို့
နိုးကြား သူ့ဂုဏ်၊ ရေး မကုန်ဘူး
ကြေးမုံရိပ်ကြည်၊ အတိတ်ပီထင့်
"သီဟသုဓမ္မ မဏိဇောတတွင်
ရေ ဆောင်စွမ်း၊ ဘွဲ့ထူးပန်းလည်း
ဆင်မြန်းနှစ်ခြိုက်၊ နှစ်ဘွဲ့ပိုက်၏
အမြိုက်တရား၊ အကြိုက်ပွားလျက်
ဆိုက်ထား ယာဉ်ပျံ၊ ကောင်းမွေ့စံတည့်"
စရျာန် လက်ပြောင်၊ တက်ကလောင်အား
တစ်ထောင်ကြေးပြ၊ ဈေးမရနိုင်
တွေးဆ ဉာဏ်ကူ၊ စာအလှူပေါ့
လှုပုံ ချောထူး၊ မောင်ရင့်ကျူးငဲ့
ကြည်နူး စိတ်ငြိမ်း၊ လေးဆယ့်သုံးသိန်းကျေ
ကျိန်းပေါ်တိုင်းလှူ၊ မနော‌ဖြူသည်
ဉာဏ်ကူ ဈာန်ယူ မွေ့သည်သို့–
ကံထူ စံလှူ လေ့ပြီမို့–
စံနမူ မြန်ဇမ္ဗူ တွေ့ကြည်စို့–
အာယု ရှည်ဖို့ သာဓုပို့။ ။

တက်ရ

# ဆရာဦးသုခထံမှ ပေးစာ

ဦးကျော်ခင်မြင့်သို့-

ဤစာကို ကျွန်တော်ဝမ်းနည်းစွာ ပြန်ကြားရေးသားလိုက်ရပါသည်။ (တကယ်ကတော့ ကျွန်တော် မရေးနိုင်၍ အိမ်ကတူကို ရေးခိုင်းရခြင်း ဖြစ်ပါသည်။) ဦးကျော်ခင်မြင့်ကိုယ်တိုင် သိပါလိမ့်မည်။

ကျွန်တော်၏ မျက်စိဝေဒနာကြောင့် ၁၉၈၃-ခုနှစ်ကတည်းက စာမရေးနိုင်၊ စာမဖတ်နိုင်သော ကြောင့် ပေါ့ပေါ့ပါးပါး ဖြစ်သော လူငယ်များကို နားလည်နိုင်အောင် ပါဠိပါဠိသား မပါသော စကားပြေအရေးအသားမျိုးနှင့်ပင် မဂ္ဂဇင်းစာစောင်များတွင် မရေးနိုင်သောကြောင့် ယနေ့အထိ စိတ်ဓာတ်အများကြီး ကျနေရပါသည်။

လောက၌ စာဖတ်ပြနိုင်သူနှင့် စာလိုက်ရေး ပေးနိုင်သူ (လူကြီးများအပါအဝင်) အလွန့်အလွန် ရှားပါးနေကြောင်း ယခုမှ ကိုယ်တွေ့ကြုံရပါသည်။

ပါဠိ အဋ္ဌကထာ နိကာယ် စာကြီး ပေကြီးများကို ဖတ်ပြရာ၌ အချွတ်အချော် အမှား အယွင်းများဖြင့် အဓိပ္ပာယ် မပေါက်နိုင်အောင် ဖတ်နေကြခြင်းကြောင့် ဒေါသဖြစ်ရသည်က အတန်တန်။

ကျွန်တော့်စကားကို စာလိုက်ရေးသားပေးရာမှာလည်း စာလုံး အထားအသို၊ သတ်ပုံ သတ်ညွှန်း၊ စာပိုဒ်အနေအထားကစ၍ ပြောနေရသောကြောင့်၊ ပြင်နေရသောကြောင့် ဒေါသဖြင့် ငေါက်ငမ်းအော်ဟစ်ပြီး စာတစ်ပုဒ်မှ မရေးဖြစ်တော့ဘဲ လက်လျှော့လိုက်ရသည်က အကြိမ်များစွာ ဖြစ်နေပါသည်။

ကိုးကားလိုသော ကျမ်းကြီးကျမ်းငယ်များကိုလည်း အလွယ်တကူ ရှာပေးနိုင်ခြင်း၊ အကူအညီ ပေးနိုင်ခြင်း မရှိကြပါ။

ဦးကျော်ခင်မြင့်၏ ဆောင်းပါး တောင်းခံ ပန်ကြားလွှာကို ရသည့်နေ့မှစ၍ ရေးသားပေးရန် ကြံစည်ကြိုးစားနေခဲ့သည်မှာ အမှန်ဖြစ်ပါသည်။

စေတနာပဲဆိုရမလား၊ အတ္တပဲဆိုရမလား၊ ကျွန်တော့်စာကို အလွန်ကောင်းစေလိုစိတ်၊ ထူးခြား လိုစိတ်တည်းဟူသော ဆန္ဒက နှိပ်စက်နေပြန်ပါသည်။ နောက်ဆုံးဆိုရသော် ဦးကျော်ခင်မြင့် အား လေးစားရင်းစွဲ၊ ခင်မင်ကြည်ညိုရင်းစွဲ ရှိနေသည်မှာ ကျွန်တော်၏ မှန်သောသစ္စာစကား ဖြစ်ပါသည်။ ထိုကြည်ညိုရင်းစွဲရှိသည့်အားလျော်စွာ သာသနဘွဲ့တံဆိပ် နှစ်ထပ်ကွမ်းရထားသော ဦးကျော်ခင်မြင့် ၏ ဂုဏ်ကို ထိုက်ထိုက်တန်တန် ဖြစ်အောင် ဂုဏ်နှင့်ဒြပ် ဟပ်မိအောင်ရေးဖို့ရန် ကျွန်တော့်မှာ ကြောက်ရွံ့ဝန်လေးနေသဖြင့် လက်လျှော့လိုက်ရသည်မှာ ကျွန်တော်၏ မှန်သောသစ္စာ စကား ဖြစ်ပါသည်။ ဤမှန်ကန်သော သစ္စာစကားနှစ်ရပ်တို့ကြောင့် ကျွန်တော် စာမှုမရေးပေးနိုင် သည်ကို ဦးကျော်ခင်မြင့်သည် ကျွန်တော့်အပေါ်ဝယ် ထောက်ထားငဲ့ညှာ ကြင်နာစွာ ခွင့်လွှတ် နိုင်ပါစေသတည်းဟု သစ္စာဆိုလိုက်ရပါသည်။

သုခ

သုခိ အတ္တာနံ ပရိဟရန္တု၊

၁၉၈၉–ခု၊ အောက်တိုဘာ ၁ရက်နေ့က ရန်ကုန်မြို့၊
ကမ္ဘာအေးကုန်းမြေ
နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်
မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပသော
ဦးကျော်ခင်မြင့် ဒေါ်ခင်ခင်စိန်မိသားစု၏
အိမ်မဲမြို့ အောင်သိပ္ပံစာသင်တိုက် ပစ္စည်းလေးပါးဒါယကာခံယူပွဲ၌
ဓမ္မဃောသကဦးမောင်မောင်၏

# သာသနာရေးဆိုင်ရာလျှောက်ထားချက်

သဘာပတိ ဆရာတော်ကြီးနှင့် တကွ ကြွရောက်ချီးမြှင့်တော်မူကြသော ဆရာတော် အရှင် သူမြတ်တို့ဘုရား။ တပည့်တော်၏ ကျန်းမာရေး မကောင်းသည့်အတွက် အဂါရဝ ဖြစ်နေမှုကို သည်းခံခွင့်လွှတ်တော်မူကြပါဘုရား။ ဒကာ ကိုကျော်ခင်မြင့်+ မစိန်စိန်တို့ဆိုတာ သားသမီးလို ဖြစ်နေပါတယ်။ ဒီတော့ သူတို့ အလှူလုပ်တိုင်း တပည့်တော် ပါဝင်မိပါတယ် ဘုရား။ ဆရာတော်ဘုရားကြီးကို တပည့် တော် လျှောက်ထားတဲ့အခါ အဂါရဝါ ဖြစ်ဖွယ် အသုံးအနှုန်း အမူအယာများ ပါဝင်ခဲ့လျှင်လည်း သည်းခံခွင့်လွှတ်တော်မူပါဘုရား။ ဆရာတော် ဘုရား သီလပေးတော်မူစဉ်က ဤသာသနာ တော်ဟာ အင်မတန် ချီးမြှောက်ဖွယ်ကောင်းတဲ့ သာသနာ ဖြစ်ကြောင်း၊ စောင့်ထိန်းအပ်တဲ့ သာသနာဖြစ်ကြောင်း မိန့်ကြားသွားခဲ့ပါသည် ဘုရား။ အရှင်ဘုရား၏ မှာကြားချက်အတိုင်းပဲ ဒီကိုကျော်ခင်မြင့်တို့ ညီအစ်ကို မောင်နှမတစ်စု တွေဟာ သာသနာတော်ကို ချီးမြှောက် စောင့် ရှောက်တဲ့နေရာမှာ တပည့်တော် သိသလောက် တော့ အင်မတန်တော်တဲ့ လူငယ်တစ်စုပါပဲ ဘုရား။ သူ့ရဲ့မိဖများကလဲပဲ သာသနာတော် စောင့်ရှောက်လာခဲ့တာပါ။ သို့သော်တပည့်တော် အမြင်အားဖြင့်သားသမီးဆိုတာထဲမှာ အတိဇာတ သားဆိုတာ ရှိပါတယ်ဘုရား၊ အဲဒီတော့ သူတို့ တတွေဟာ မိဖကလဲ ကျောင်းဆောက်ခဲ့တယ်။ အဲဒီအဆောက်အအုံတွေ ကို အလှူအတန်းတွေကို မိမိတို့ ဆက်လက်စောင့်ရှောက် ထိန်းသိမ်းသွား မယ်။ ပိုပြီးတော့ တိုးတက်အောင် တို့လုပ်မယ် ဆိုတဲ့ အတိဇာတ သားသမီးမျိုး ဖြစ်ပေလိမ့်မယ် လို့ တပည့်တော် ယုံကြည်ပါတယ်ဘုရား။

နောက်တစ်ခုက ဒီမှာ ကြွရောက်တဲ့ ပရိသတ်ထဲမှာ တက္ကသိုလ်က ဓမ္မမိတ်ဆွေ ဦးတင်လွင်တို့၊ ဦးဆန်းလွင်တို့ ပါကြတယ် ဘုရား၊ နောက်ပြီးတော့လဲ သာသနာရေးဦးစီး ဌာနက ဦးဝင်းအောင်တို့လဲ ပါကြပါတယ် ဘုရား၊ ဒီပုဂ္ဂိုလ်တွေဟာ သိနားလည် ပြီးသားပါ။ တပည့်တော် အထူးမလျှောက်ထားလိုပါဘုရား။

သို့သော် လူငယ်များဖြစ်တဲ့ ပုဂ္ဂိုလ်တွေ သတိပြု ဆင်ခြင်နိုင်အောင် တပည့်တော် လျှောက်ပါမယ် ဘုရား—

လူတဲ့တန်းတဲ့နေရာမှာ နည်းနည်း သတိပြုရ ပါမယ်ဘုရား၊ အဲဒါ ပုဂ္ဂိုလ်ရွေးချယ်ဖို့ လိုပါတယ်ဘုရား။ သူက တစ်နေ့က တပည့်တော်အိမ်လာပြီး ရွှေကျင်ကျောင်းဆရာတော်ဘုရားကြီးကို ပင့်ချင်ပါတယ်။ ဆရာတော်ကြီးနဲ့ ရေစက်ချလှူဖို့ လိုပါတယ်လို့ ပြောပါတယ်။ ဘာပြုလို့ ရွှေကျင်ကျောင်း ဆရာတော်ကြီးကိုမှ ပင့်ချင်ရသလဲ၊ ဒါတပည့်တော် စဉ်းစားတယ်၊ သူလဲသိတယ်။ ဒီကြွလာတဲ့ ဆရာတော်များဟာလဲ သူပင့်နေကျ ဆရာတော်များပါ။ တပည့်တော် ဆည်းကပ်ကိုးကွယ်နေတဲ့ ဆရာတော် ချည်းပါ။ ပုဂ္ဂိုလ်ရွေးရတယ်ဘုရား၊ ပုဂ္ဂိုလ်ရွေးရ ပါတယ်။ ဒီလိုပဲ တပည့်တော်ယူဆပါတယ်။ အဲဒီတော့ တပည့်တော်တို့ လှူတဲ့တန်းတဲ့နေရာမှာ သာသနာတော်အတွက်တော့ လှူတာပဲ၊ လှူသော်လဲ သာသနာတော်အတွက် မဖြစ်ဘဲနဲ့ သာသနာတော် ဆုတ်ယုတ်ရာ ဆုတ်ယုတ်ကြောင်း အလှူမျိုးကိုတော့ မလှူကြ ပါနဲ့။ သာသနာတော်တိုးတက်မယ့်၊ တကယ် ကြီးပွားမယ့်၊ အကျိုးရှိမယ့် အလှူမျိုးကိုသာ လှူကြပါ။ အလှူဖြစ်ပြီးရော ဒီလိုမှတ်ဖူးဘုရား။ ဗုဒ္ဓဘာသာ ဆိုသော်လည်း နာမည်ခံ ဗုဒ္ဓဘာသာလောက် ဖြစ်ဖို့ မတော်ပါဘုရား၊ တကဲ့ကို သဒ္ဓါတရားနဲ့ကိုယုံကြည်ပြီးတော့ ရတနာသုံးပါးကို လေးစားတတ်တဲ့ ပုဂ္ဂိုလ်၊ မြတ်စွာဘုရားရဲ့ ညွှန်ကြားချက်၊ ဆုံးမချက်တွေကို လိုက်နာနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့က အဓိကအရေးကြီးပါတယ်။ ဒီအတိုင်းလဲ ဦးဆန်းလွင်တို့ သဘောပေါက်ပါလိမ့်မယ်။

ဒီတော့ ဘာသာကိုးကွယ်မှုမှာ တပည့်တော်တို့ အင်မတန် သတိပြုရပါတယ်။ သတိပြုဖို့ဆိုတာ ကလဲ ကိုယ်က နားလည်အောင် လုပ်ထားမှ သတိ ပြုနိုင်တယ်။

လှူတဲ့ တန်းတဲ့နေရာမှာ ကိုကျော်ခင်မြင့်၊ မစိန်စိန် ညီအစ်ကို မောင်နှမတွေမှာ သူတို့ မလှူဘူးတဲ့ အလှူမရှိသလောက်ပါပဲ။ ရဟန်းခံလဲ ပါတယ်၊ ရှင်ပြုတာလဲ ပါတယ်၊ ပစ္စည်းလေးပါး အလှူဆိုလဲ ခဏခဏပါပဲ။ အဲလောက် အလှူအတန်းနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ သဒ္ဓါတရားလဲ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေပါပဲ။ အမှားအယွင်း အတိမ်းအစောင်း ရှိမသွားစေချင်ဖူးဘုရား၊ အဲဒီတော့ ယခုလှူရတဲ့ အလှူက လဲပဲ မိဘတွေ ဆောက်ထားတဲ့ ကျောင်းကို ထိန်းသိမ်းစောင့်ရှောက်ဖို့တဲ့။ အဲဒီတော့ အလှူခံမဲ့ ပုဂ္ဂိုလ်ရွေးဖို့က လိုလာပြန်တယ်။ တို့ဆောက်လုပ်တဲ့ ကျောင်းကို တို့လှူမဲ့ ပုဂ္ဂိုလ်က ထိန်းသိမ်းနိုင်ပါ့မလား၊ စောင့်ရှောက်နိုင်ပါ့မလား၊ အဲလို မေးခွန်းလေးတွေ မေးတတ်တယ်။ ခေတ်ပညာတတ် လူငယ်တွေဟာ ဒီလိုပါပဲ၊ တစ်ခုခု လုပ်ယင် စဉ်းစားရမယ်၊ အရမ်းကာရော မလုပ်ရဘူး၊ အဲဒီတော့ကာ ယခု ဆရာတော် ဦးအဘယာလင်္ကာရ (တပည့်တော်တို့ကတော့ ဦးအဘယာလို့ ရင်းရင်းနှီးနှီး ခေါ်နေတဲ့ဆရာတော် ဘုရား)နဲ့ဟာ မိဘနဲ့ သားသမီးလို ရင်းနှီးခင်မင်ပါတယ်။ နောက် ဆရာ ကောင်း တပည့်တွေလဲ ဖြစ်ပါတယ်ဘုရား။ ဇေရပ္ပတ္တိလဲ အလှူမျိုးစုံတရားဆိုတဲ့ လှူတဲ့စာအုပ် ထဲမှာ ပါပါတယ်။ အဲဒီတော့ ဦးအဘယာလင်္ကာရ အနေနဲ့ ယခု ပစ္စည်းလေးပါးလဲ လှူတယ်၊ ကျောင်းအတွက်လဲ သုံးသိန်းခြောက်သောင်း

လှူတယ်။ ဆရာတော် ဦးအဘယာမှာ တာဝန်ရှိလာပါတယ်။ တာဝန်သိသူမှာ တာဝန်ရှိသည်လို့ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး အမိန့်ရှိတော်မူခဲ့ဖူးပါတယ်။ ဆရာတော် ဦးအဘယာ အနေနဲ့ တာဝန်က ကြီးလာပါတယ်။ ဆရာတော် ဦးအဘယာ အပေါ် တပည့်တော် ယုံကြည် စိတ်ချပြီးသားပါ။ ပုထုဇဉ်ဆိုတော့ သတိတော့ ရှိရပါမယ်။ တပည့်တော် မှားလျှင် ခွင့်လွှတ်ပါဘုရား။ တပည့်တော်မှာ အတွေ့အကြုံ တစ်ခု ရှိပါတယ်။ ရန်ကုန်မြို့အနီးက မြို့တစ်မြို့က ဆရာတော်ကြီး တစ်ပါးဟာ အဂ္ဂမဟာအကျော်အောင်တယ်။ မြန်မာတပြည်လုံးမှာ အဂ္ဂမဟာအကျော်အောင်တော့ သူ့ဆရာက ချီးကျူးပွဲကြီး လုပ်လိုက်တာမှာ တကယ့်ဆင်နဲ့ လှည့်တယ်ဘုရား၊ မင်းခမ်းမင်းနား ရွှေဝင်း နောက်ဝင်း အင်မတန်စည်ကားပါတယ်။ ဆရာတော်မှာလဲ ပင်ပန်းလိုက်တာ ချွေးတလုံးလုံးနဲ့၊ တပည့်တော်က "အရှင်ဘုရားကြည့်ရတာ ပင်ပန်းလှချည့်လား၊ ဆရာတော့်တပည့်ကို မြှောက်စားတာတော့ ဟုတ်ပြီ၊ တော်ကြာ အမြှောက်မှားနေမယ် ပစ္စည်းလေးပါ: စုံအောင်လုပ်တာတော့ ဟုတ်ပြီ၊ အပိုတွေများ ဖြစ်နေမလား"လို့ လျှောက်တယ်၊ အဲဒီဆရာတော်က ဘာမိန့်သလဲဆိုတော့— "ဒကာကြီး၊ ဒါအပို မဟုတ် ဘူးတဲ့၊ လိုတယ်၊ ဘယ်လိုလိုသလဲဆိုတော့ သူ့ကို ဒီလို ကြီးကြီးကျယ်ကျယ် တခမ်းတနား လုပ်လိုက်တဲ့အတွက် ဒီကိုယ်တော်လေးက လူထွက်ဖို့ စိတ်မကူးတော့ဘူးတဲ့၊ သူ့အားနာသွားမယ်၊ ဒကာ ဒကာမတွေက အကယ်၍ ဒီလိုမှမလုပ်ယင် လူထွက်ချင်ထွက်သွားမယ်။ သူ အဂ္ဂမဟာအကျော်အောင်တယ်၊ ပညာလဲတတ်ပြီ၊ တစ်နေ့ကျတော့ လူမထွက်ဘူးလို့ မပြောနိုင်ဘူး။ ဒကာ ဒကာမတွေ မျက်နှာထောက်ထားသောအားဖြင့် ငါ့ကို ဒီလိုလှူပါ တန်းပါကလား ဆိုပြီးတော့ သူလူထွက်မှာ မဟုတ်ဘူးတဲ့၊ အဲဒီ ရည်ရွယ်ချက်နဲ့ ဘုန်းကြီးလုပ်တာ ပါဆိုတော့ တပည့်တော် ဝန်ခံလိုက်ရတယ်။ သာဓု ခေါ်လိုက်ရပါတယ်။

ကျောင်းအဆောက်အဦးဆိုတာက ရုပ်ပစ္စည်းပဲ၊ ရုပ်ပစ္စည်းပစ္စည်းကို ထိန်းသိမ်း စောင့်ရှောက်ဖို့ရာ ငွေသုံးသိန်း၊ ဝေယျာဝစ္စ အတွက်က ခြောက်သောင်းလှူတယ်၊ ကျောင်းကြီး ပြုပြင်စောင့်ရှောက် ထိန်းသိမ်းဖို့တော့ လှူပြီ၊ နာမ်တရားကို ထိန်းသိမ်း စောင့်ရှောက်ဖို့ကတော့ လိုပါသေးတယ်။ တပည့်တော် ဒီလိုယူဆပါတယ်။ ကျောင်းရှိသံဃာက အိမ်မဲကကျောင်း: မှာ သီတင်းသုံးတော်မူတဲ့ သံဃာတော် များကလဲပဲ မိမိကိုယ်ကိုမိမိ စောင့်ရှောက်ရပါမယ်။ မိမိကိုယ်ကို မိမိစောင့်ရှောက်ဖို့ လိုပါတယ်ဘုရား။လူငယ်တွေဆိုတော့ မှားတတ်ပါတယ်ဘုရား။ အဲဒီတော့ အကျိုးစီးပွား လိုလားတဲ့စိတ်နဲ့ အားလုံးကို ဒကာဒကာမ ဖက်ကလဲ ချွတ်ယွင်းချက်မရှိအောင် ရဟန်းသံဃာတော်များ ဖက်ကလဲ ချွတ်ယွင်းချက်မရှိအောင် နှစ်ဖက်လုံး စောင့်ထိန်းကြဖို့ လိုတယ်လို့ ဒီလောက်ပဲ တပည့်တော် လျှောက်ထားရင်း နိဂုံးချုပ်ပါတယ်ဘုရား။

**သာဓု၊ သာဓု၊ သာဓု။**

# ယခုနှစ် ထေရဝါဒဗုဒ္ဓသာသနာကောင်းကင်ဝယ် ထွန်းပလာသော ကြယ်တစ်ပွင့်

ဦးလေးကြီးဦးတင်မောင်

**ဘွဲ့နှစ်ခုနှင့် စွယ်စုံစွမ်းအားရှင် သို့မဟုတ် "ကဗျာ"**

ယခုတစ်ပတ်တွင် စာရေးသူတို့ လူ့ဝတ်ကြောင်များ လောကဝယ် ထူးချွန်ထင်ရှားလာသော အလှူရှင်နှစ်မျိုးတို့၏ စွမ်းပကား အသီးသီးကို မြည်းစမ်းရုံမျှ ထိ တို့ ဆွေးနွေးသွားပါမည်။

တစ်မျိုးမှာ ပစ္စယဒါနအလှူရှင်ဖြစ်၍-

နောက်တစ်မျိုးမှာ ဓမ္မဒါန အလှူရှင်ဖြစ်ပါ၏။

စာရေးသူတို့ မည်သည့်အခါမျှ ကျေးဇူးဆပ်၍ ကုန်နိုင်မည် မဟုတ်သော ထေရဝါဒ သင်္ဂါယနာပွဲကြီး ခြောက်တန်၌ ဦးဆောင်ကော်မှုခဲ့ကြသည့် ရဟန္တာကြီးများနှင့် လဇ္ဇီသံဃာတော် အရှင်မြတ်ကြီးများ-

ဤကျေးဇူးတော်ရှင်ကြီးများ၏ ကြီးမားသော ကရုဏာတော်ကြောင့် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ ဒေသနာတော်များသည် မူရင်းအတိုင်း မပျက်မ စီးဘဲ သန့်ရှင်းစွာ တည်နေနိုင်ခဲ့သည်ဖြစ်ရာ-

ဤစင်ကြယ်သန့်ရှင်းသော ထေရဝါဒ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ကြာရှည်တည်တံ့၍နေအောင် လက်ဆင့်ကမ်း သယ်ဆောင်တော်မူလာကြကုန်သော ကျေးဇူးတော်ရှင် လဇ္ဇီသံဃာမြတ်ဆရာတို့အား "ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ ကာ သာသနာ့ဒါယကာခံယူ"ခဲ့ကြသူ ဒကာ၊ ဒကာမ အစဉ်အဆက်တို့သည် ပစ္စယဒါန အလှူရှင်များ ဖြစ်ကြ၍-

ထေရဝါဒ မြတ်ဗုဒ္ဓ အဆုံးအမ သာသနာတော်တည်းဟူသော သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးရပ်တို့ကို လူအပေါင်းတို့ ခံယူပွားများ၊ သိမြင် ခံစားနိုင်ကြအောင် ထေရဝါဒ ဗုဒ္ဓစာပေများကို ပုံနှိပ်၍ ဓမ္မဒါနပြု ပေးလှူခြင်းအလုပ်၊ ကိုယ်တိုင် လေ့လာတတ်ကျွမ်းသူတို့ကလည်း သူတို့အား တစ်ဆင့်ဟောပြော ပို့ချခြင်း၊ စာအုပ်ရေးသားပြုစုခြင်းအလုပ်၊ ဘုန်းတော်ကြီးကျောင်းများတွင် ရှင်သာမဏေများ အဆက်မပြတ် ပေါ်ပေါက် ရရှိစေနိုင်မည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း စနစ်ဖြင့် မူလတန်းပညာများကို ဖွင့်လှစ်သင်ကြားပေးခြင်း စသောအလုပ်၊ ထို့ပြင် မိရိုးဖလာ ဗုဒ္ဓဘာသာဝင် လူငယ်များအား ဗုဒ္ဓယဉ်ကျေးမှုတည်းဟူသော လူငယ်များကြီးပွားကြောင်း ၃၈ ဖြာမင်္ဂလာတရားတော်တို့ကို လက်တွေ့ကျင့်သုံးတတ်အောင် ဗုဒ္ဓယဉ်ကျေးမှု သင်တန်းများသို့ပို့၍ သင်ကြားစေပြီးလျှင် စာမေးပွဲများလည်း ဖြေဆိုအောင်မြင်စေခြင်းစသော အလုပ်တို့ကို မိမိတို့ စွမ်းနိုင်သည့်ဘက်မှ မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသူ "သာသနာပြု" လူဒကာ၊ ဒကာမ အစဉ်အဆက်တို့သည် ဓမ္မဒါန အလှူရှင်များ ဖြစ်ကြပေ၏။

ဤလူပုဂ္ဂိုလ် နှစ်မျိုးတို့သည်ကား ဗုဒ္ဓသာသနာတော်ကို အရှည်တည်အောင် ကူညီခဲ့ကြသူများ ဖြစ်သတည်း။ ယင်းကဲ့သို့ ကူညီခဲ့ကြသူများတွင်လည်း ထူးချွန်ထင်ရှားသည့်

ပစ္စယဒါန စွမ်းပကားရှင်များလည်း ပါရှိရာ ထိုပုဂ္ဂိုလ်တို့အား နှင်းအပ်သည့် ဘွဲ့ထူးမှာ အမျိုးသားဖြစ်လျှင်–

"သီဟသုဓမ္မမဏိဇောတဓရ"တဲ့။

"ရဲရင့်မြင့်မြတ်၍ ကောင်းသော တရား ရှိသည့် ပြည်တန်သော မြပမာအဖိုးတန်သော ဘွဲ့ဂုဏ်ထူးကိုဆောင်သူ"

ဤကား ထို ပစ္စယဒါန စွမ်းပကား ရှင်ဘွဲ့ကို ယခု ၁၉၉၅–ခုနှစ်တွင် ရရှိပြီး ယခင် ၁၉၉၂–ခုနှစ်ကလည်း ဓမ္မဒါန စွမ်းပကား ရှင်ဘွဲ့ (သာသနာပြုဘွဲ့)ဖြစ်သော "သဒ္ဓမ္မ ဇောတိကဓဇ"ဘွဲ့ကို ရရှိထားခဲ့သူ ဦးကျော် ခင်မြင့်ထံမှ သိရသော ဖွင့်ဆိုချက်ပေတည်း။

အကယ်၍ ပစ္စယဒါန စွမ်းအားရှင် သည် အမျိုးသမီးဖြစ်ပါက–

"သီရိ သုဓမ္မ သိင်္ဂီ"

"ကျက်သရေမင်္ဂလာနှင့် ပြည့်စုံ၍ ကောင်းသောတရားရှိပြီး ရွှေအဆင်းကဲ့သို့ တင့်တယ်သူ"

လွန်ခဲ့သည့် ၁၉၉၂–ခုနှစ်က ဦးကျော် ခင်မြင့် ရရှိခဲ့သည့်ဘွဲ့မှာ–

"သဒ္ဓမ္မဇောတိကဓဇ"

"သူတော်ကောင်း တရားကို ထွန်းလင်း တောက်ပအောင် ဆောင်ရွက်သူ"ဟု အဓိပ္ပာယ် ရ၏။ "သာသနာပြု"ပုဂ္ဂိုလ်ဟု ဆိုလိုပါသည်။ "ဓဇ"၏ အဓိပ္ပာယ်မှာ သူ၏ ပရဟိတအလုပ် ကြောင့် ပေါ်လွင်လာသဖြင့် သူ့အား ဓဇ(တံခွန် အောင်လံ)ကို အပ်နှင်းသော သဘောပင်ဟု "မှော်ဝန်းသား" အမည်ခံဆောင်းပါးရှင် တစ်ဦးက သတင်းစာတွင် ရှင်းပြခဲ့ဖူးပါ၏။

နှစ်ဘွဲ့ရ (စွယ်စုံ စွမ်းအားရှင်)ဦးကျော် ခင်မြင့်အား စာရေးသူက စ,ကြည့်သည်။

"ကိုကျော်ခင်မြင့်၊ ၉၂–ခုနှစ်က ဦးလေး သင့်ဘဝမဂ္ဂဇင်းမှာ ရေးသားဖော်ပြခဲ့တဲ့ ဆောင်း ပါး ၁၈–ပုဒ်ကို စုစည်းပြီး စာအုပ်ထုတ်ခဲ့ပြီးပြီ။ ဓမ္မဒါနသက်သက်။ ယခု နောက်တစ်အုပ် အသစ်ထပ်ပြီး ထုတ်ဦးမလို့လား"

"ဟုတ်ပါတယ်၊ စာရေးဆရာတွေ ရသ၊ သုတ၊ စာရေးဆရာ အစုံပေါ့။ ကျွန်တော့် အပေါ်သူတို့ ဘယ်လိုမြင်ကြတယ်ဆိုတာ ဝေဖန် သုံးသပ် ချီးကျူးဂုဏ်ပြုတဲ့ ဆောင်းပါးတွေ"

"ဩ–ဝေဖန်၊ သုံးသပ်၊ ချီးကျူးဆိုတော့ ဝေဖန်လည်း ဝေဖန်နိုင်တယ်။ ဟဲဟဲ ဟုတ်လား"

"ဝေဖန်တာလဲ လက်ခံပါတယ် ဟဲဟဲဟဲ။ လူပညာရှိ၊ ရဟန်းပညာရှိ၊ လူပြန် တော် ပညာရှိတွေရဲ့ ဆောင်းပါး၊ ကဗျာစသည် အပုဒ် ၃၀–လောက် ရှိပါတယ်။ ဦးလေးကြီး ရေးတဲ့ 'လွတ်လွတ်စွန့်လှူရဲသော စိတ်ဓာတ် ဘယ်ကလာသနည်း' စာအုပ်ရဲ့ တစ်ဆခွဲ လောက် ထူပါလိမ့်မယ်။ ယနေ့ ရသ၊ သုတ ရေးနေကြတဲ့ ပျဉ်းမနားမောင်နီသင်းတို့၊ ဟိန်းလတ်တို့ဟာ တက္ကသိုလ်ကျောင်းတုန်းက ကျွန်တော်နဲ့အတူ နေခဲ့သူတွေပဲ။ သူတို့ကလဲ သူတို့အမြင်နဲ့ပေါ့လေ။ ကျွန်တော်ဟာ တက္ကသိုလ်တုန်းက ကဗျာဆရာပါ။ ယခုတော့ ဘာသာရေးသမား လုံးလုံးဖြစ်နေပြီ။ ကျွန်တော် ကဗျာတစ်ပုဒ်မှာ ဆုတောင်းထားတယ်"

"ဘယ်လို တောင်းထားပါလိမ့်"

"ကျွန်တော်ဖတ်ပြမယ်"

ဟု ဆိုကာ ကိုကျော်ခင်မြင့်က ကိုယ် တိုင် ဖတ်ပြ၏။ ထိုကဗျာကို သူက ဓမ္မဂီရိ မဂ္ဂဇင်းမှာ ရေးသားထည့်သွင်းဖူးခဲ့သည်။

"–––မဂ်ဖိုလ်ရည်သန်၊ မြတ်နိဗ္ဗာန်သို့၊ ဧကန်ထုတ်ချောက်၊ ရောက်စေသောဝ်။

"---လူပြိန်ဖြစ်လည်း၊ အချစ်ကျေး ကျွန်၊ ကာမနွံမှ၊ အကျွန်စွန့်ခွာ၊ လွတ်မြောက်ပါရ၊ တဏှာတောအုပ်၊ ပယ်ရှင်းခုတ်၍၊

"---ကျမ်းမြတ်သုံးပုံ၊ ပိဋကတ်စုံကို၊ နှုတ်ငုံသင်ယူ၊ တတ်တော်မူ၍၊ ရေးသူတော်ထုံး၊ နှလုံးမူလျက်၊ သစ်ခက်တဲနန်း၊ ကျောင်းသခ်မ်း၌၊ စိမ်းလန်းသစ်သီး၊ အားဖြည့်မှီး၍၊ ကိုယ်ထီးတိတ်ဆိတ်၊ ဓမ္မရိပ်ဝယ်---"တဲ့။

ထိုအချိန်တွင် သူ၏ ပါရမီဖြည့်ဘက် ဇနီး ဒေါ်ခင်ခင်စိန် အနီး၌ ရှိမရှိ၊ စာရေးသူက မျက်စိတစ်ချက် ဝေ့၍ ကြည့်လိုက်မိ၏။ သူမ အနီးအနားမှာ မရှိပါ။ကိုကျော်ခင်မြင့်က ဆက်၍ "လေပြည်ထိုးစကားလေးတစ်ခွန်း"ဆိုရှာပါသည်။

"ကျွန်တော့်မှာ ပါရမီဖြည့်ဘက် ဇနီးနဲ့ သားသမီးတွေရဲ့ တာဝန်လဲ ရှိပါသေးတယ်။ စီးပွားရေးကိစ္စတွေ ပစ်ပြီး သာသနာရေး ဆောင်ရွက်နေတာတွေကို သားမယားအပေါ်မှာ တစ်ဘက်က ကြည့်ယင် တာဝန်မကျေဘူး။ ကိုယ်လွတ် ရုန်းနေတယ်လို့ မြင်တဲ့လူကမြင်ပါတယ်။ ဝေဖန်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အမျိုးသမီးက သဘောပေါက်ပါတယ်။ ဒီဘဝတော့ ကျွန်တော် လူဝတ်ကြောင် အဖြစ်နဲ့ပဲ သာသနာတော်အတွက်ကို ဆက်လက် ဆောင်ရွက်သွား မှာပါ"တဲ့။

"အင်း--"

**ကလေးတို့နှလုံးသားမှာ**
**'ဘုရားတည်'ချင်သူ**

> "လူသားအားလုံး၏ အကျိုးကို ဆောင်ရွက်ခြင်းသည် ငါ၏ အကြီးအကျယ် အမြင့်မြတ်ဆုံး တာဝန်ဖြစ်သည်"
>
> **အသောက**
>
> (သိရိဓမ္မာသောကမင်းကြီး)

ဦးကျော်ခင်မြင့်ကား 'သိရိဓမ္မာ သောကမင်းကြီး ပူးဝင်နေသော စိတ်ဓာတ်ပိုင်ရှင်'ဆိုလျှင် ဤစာရေးသူ၏ အမြင်အားဖြင့် မှားလိမ့်မည်မထင်။ ကြည့်လေ--

လွန်ခဲ့သည့် ၁၀-နှစ်၊ ၁၉၈၅-ခုနှစ်က သူနှင့် စတွေ့ရသည်။ ထိုစဉ်က ဓမ္မဃောသက ဦးမောင်မောင် ဦးဆောင်သော ဆွမ်းဒါယကာနှင့် ဒါယိကာမတို့အဖွဲ့၊ တောင်မြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်ရှိ သံဃာတော်အားလုံးအား နံနက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ညနေ အဖျော်ရည် ကပ်ကြမည်။ သက်နှင်းဒွိစုံများနှင့် ကျောင်းတိုက်ရန်ပုံငွေ ပဒေသာပင်အတွက်လည်း ကျပ်တစ်ကောင် ထည့်ဝင်လှူဒါန်းမည်။ အလှူရှင်များမှာ ဦးကျော်ခင်မြင့်နှင့် ဒေါ်ခင်ခင်စိန်တို့ မိသားစုဖြစ်၍ သူနှင့်အတူ လိုက်ပါရန် ဆရာဓမ္မဃောသက ဦးမောင်မောင် က ခေါ်သဖြင့် စာရေးသူလည်း လိုက်ပါသွားခဲ့၏။

စာရေးသူကလည်း တရားထူးကို သည်ဘဝမှာ ရချင်သူဖြစ်၍ လိုက်ပါသွားပြီး တောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးကို ကြည့်ညိုရင်း ရှိသည့်အတိုင်း လေ့လာသည်။ ပြီး နာယကချုပ် ဆရာတော်ကြီး ဦးဇနကာဘိဝံသအား ဒွိစုံသင်္ကန်း ကပ်လှူသည်။

ထိုစဉ်က ကားတစ်စီးငှားပြီး ဘုရားတွေ လျှောက်ဖူးရန် ကား၏နောက်ပိုင်း၌ ထိုင်ရင်း ကိုကျော်ခင်မြင့်က ပြောသည်။

"ကျွန်တော်တော့လေ ဆရာတော်ကြီးတွေ လျှောက်ဖူးနေရယင် ပျော်နေတာပဲ ဦးလေးကြီးရဲ့"--တဲ့။

သည်လို ဆရာတော်ကြီးတွေကို လျှောက်ဖူးချင်သည့် သဒ္ဓါတရားလည်း ရှိသည်။ သဒ္ဓါက ရှေ့ဆောင်သည့်အတိုင်း ငွေကြေးကလည်း

ပြည့်စုံတော့ လှူချင်တာ လှူနိုင်သည်--ဆိုသော ဘဝမျိုးမှာ ဘယ်သူသည် မပျော်ဘဲ ရှိပါမည်နည်း။ ကိုကျော်ခင်မြင့်သာ ပျော်သည် မဟုတ်၊ သူ့သား သုံးယောက်အနက် အကြီးဆုံး၊ ထိုစဉ်က ၁၂-နှစ်အရွယ် သားကြီး ဇော်ဇော်သိမ်းလည်း ပျော်သည်ပင်။

သားကြီးပျော်လိုက်ပုံက သားကြီးက မွေးကတည်းက သတ်သက်လွတ်စားခဲ့သူ ဖြစ်သည်။ အိမ်မဲမြို့မှာ ကိုရင်ဝတ်ကတည်းက ကိုရင်ဆက်ဝတ်ပါရစေဟု ဖခင်အား ပန်ကြားခဲ့သည်။ အဲ --စာရေးသူတို့အဖွဲ့ မဟာဂန္ဓာရုံ ကျောင်းတိုက်မှာ ရှိစဉ် သားကြီးက ပူဆာပြန်သည်။

"သား မဟာဂန္ဓာရုံမှာ သင်္ကန်းဝတ်ပြီး နေခဲ့ပါရစေတော့"တဲ့--ကဲ။

တကယ့်ပါရမီရှင် သားအဖနှစ်ယောက် ပါပေ။

အထက်တွင် ဖော်ပြခဲ့သော သီရိဓမ္မာသောကမင်းကြီး၏ မိန့်ခွန်းစကားကိုလည်း ကိုကျော်ခင်မြင့်သည် သူတို့တည်ထောင်ထားသော အမှတ်-၁၃၄၊ ရွှေဘုံသာလမ်း၊ ရန်ကုန် အသောကစာပေတိုက်၏ ဆောင်ပုဒ်အဖြစ် ဖော်ပြထားလေသည်။

စာရေးသူ၏ "လွတ်လွတ် စွန့် လှူရဲသော စိတ်ဓာတ် ဘယ်ကလာသနည်း" အမည်ရှိ စာအုပ်ကို သူ၏ အသောကစာပေတိုက်မှ ဖြန့်ချိ၍ ဓမ္မဒါန ပြုခဲ့ပါလေသည်။

တစ်နည်းအားဖြင့် ဆိုရပါလျှင် ကိုကျော်ခင်မြင့်၏ သန္တာန်တွင် "ဘုရားအလောင်း ယုန်မင်း စိတ်ဓာတ်မျိုး ဝင်နေပြီ" ဖြစ်သည်။

"ဗုဒ္ဓမြတ်စွာ သာသနာတော်အတွက် ယခုအထိ သာသနာတော်အတွက် ငွေကျပ် ၄၃-သိန်းကျော် သူလှူခဲ့ပြီ။ အရေးကြုံပါက အသက်ကိုပင် ပေးလှူမည်ဟု အဓိဋ္ဌာန်ပြုထားသော "ဒါနရှူးသယ" ဥပါသကာ လူရွယ်တစ်ဦးဟူ၍ သူ့ကိုယ်သူ သတ်မှတ်ထားကြောင်း ဆိုခဲ့သည့် 'လွတ်လွတ် စွန့်လှူရဲသောစိတ် ဓာတ် ဘယ်ကလာသနည်း' စာအုပ်၏ ပထမ စာမျက်နှာတွင် ရှုတော်မူကြပါကုန်။

သူ "သဒ္ဓမ္မဇောတိကဓဇ"ဘွဲ့ ဘာကြောင့် ရရှိကြောင်း၊ သူ့အား ရှင်းပြရာတွင် ကိုကျော်ခင်မြင့်က-

"ကျွန်တော် ကလေးတွေရဲ့ နှလုံးသားမှာ ဘုရားတည်ခဲ့လို့ပါ"

ဟု အတိုချုပ် ဖြေကြားလိုက်၏။ ဟုတ်ပေလိမ့်မည်။ သူကား တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်၏ "ကိုယ်ကျင့်အဘိဓမ္မာ"၊ "ရတနာ့ဂုဏ်ရည်"၊ "ဘာသာသွေး"၊ "ဗုဒ္ဓဘာသာ သင်ခန်းစာ"စသည့် စာအုပ်များကို ဖတ်ရှုခဲ့ရာမှ-

> "အိုးမဖုတ်ခင်၊ အိုးလုပ်စဉ်တွင်၊ အိုးတွင်နိုပ်ခတ်၊ တံဆိပ်မှတ်ကား၊ မပြတ်မစဲ၊ အိုးပင်ကွဲလည်း၊ အမြဲတစေ၊ တည်ရှိနေသို့၊ ထွေထွေသွေးသား၊ ကလေးများ၌၊ ဘုရားတံဆိပ်၊ ဘာသာစိတ်ကို၊ ခတ်နှိပ်နိုင်မှ၊ သက်ဆုံးကျအောင်၊ ဗုဒ္ဓဝါဒီ၊ စွဲ၍တည်မည်၊ ကိုယ်စီခတ်နှိပ်စေသတည်း---"

ဟူသော မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၏ ဩဝါဒတော်အတိုင်း လက်တွေ့ ဘာသာယဉ်ကျေးမှု သင်တန်းကို နှစ်စဉ် ၄၅-ရက်မျှ တစ်နေ့ တစ်နာရီ ရန်ကုန်၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ဓမ္မာရုံတွင် မူလတန်းမှစ၍ တက္ကသိုလ်ဘွဲ့ရများအထိ သင်ပေးနေကြောင်း သိရသောအခါ အံ့အား

သင့်မိသည်။ သင်တန်းသား ၁၀၀ခန့် ရှိသည်ဟု ကိုကျော်ခင်မြင့်က ဆိုသည်။ သူ၏ သင်တန်းသူ တစ်ယောက်အကြောင်း သူက စားမြုံ့ပြန်လေသည်။

"ကျွန်တော် ယဉ်ကျေးမှုသင်တန်း ပို့ချတဲ့အချိန်မှာ အလယ်တန်းကျောင်းသူကလေး တစ်ဦး သင်တန်းတက်ခဲ့ပါတယ်။ သူ ယခု ဘွဲ့ရပြီ၊ အိမ်ထောင်တွေကျ၊ ကလေးတွေတောင် ရနေပြီ။ တစ်နေ့က တွေ့ကြတော့–

"ဆရာ၊ သမီးကို မှတ်မိလားတဲ့။ ယဉ်ကျေးမှုသင်တန်းလေ၊ ဆရာတို့ သိမ်တော်ကြီးမှာ ၁၉၈၄ခုနှစ် ပို့ချတုန်းက သမီး သင်တန်းတက်ခဲ့ပါတယ်"တဲ့။

ကိုကျော်ခင်မြင့် တစ်ယောက် သင်တန်းဆရာဘဝမှာ မွေ့ပျော်နေဦးမှာ သေချာပါသည်။

"သင်တန်းမှာ ဗုဒ္ဓဝင်သင်ပေးတယ်လေ၊ သုမေဓာရှင်ရသေ့ဘဝကစပြီး ပရိနိဗ္ဗာန်ပြုတဲ့အထိ အကျဉ်းပေါ့။ နောက်ပြီး ပန်းတော်၊ ရေတော်၊ ဆီမီးတော်ကပ်၊ ဩကာသကန်တော့ခန်း၊ စေတီဘယ်နှစ်မျိုးရှိတယ်။ ဒုစရိုက်ဆယ်ပါး၊ သုစရိုက် ဆယ်ပါး၊ ၃၈–ဖြာ မင်္ဂလာတရားတော်၊ ဘယ်လိုဆုတောင်းအမျှဝေရမယ် အသေးစိတ်။ သူတို့လေးတွေ အဘိုးကြီး အဘွားကြီး ဖြစ်တဲ့အထိ ဘုရားခန်းမှာထိုင်ပြီး အလုပ်လုပ်သွားနိုင်မှာပါ ဦးလေးကြီးရဲ့။

"လယ်တီဆရာတော်ဘုရားကြီးရဲ့ ခုနစ်နေ့ ဘုရားရှိခိုး နှုတ်တိုက်ရသွားအောင်။ ပြီတော့ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ရဲ့ ဆောင်ပုဒ်ကလေးတွေ၊ ကြွေကြော်သံကလေးတွေ နှုတ်တိုက်ချပေးတော့ သူတို့မှာ ဘာသာ၊ သာသနာ စိတ်ဓာတ်တွေ ကိန်းအောင်သွားတာ။"

"ဪ–ဦးလေးကြီး ဝမ်းသာဖို့ သတင်းထူးတစ်ရပ် ပေးရဦးမယ်။ ဝိဇယမင်္ဂလာ ဓမ္မသဘင်မှာ ဘာသာရေးအသင်းအဖွဲ့ပေါင်းစုံကို အစည်းအဝေးခေါ်လိုက်ပြီး မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုအဖွဲ့ တစ်ခု ဖွဲ့လိုက်ကြတယ်။ တက်ရောက်လာသူများထဲမှ ဗိုလ်မှူးကြည်ညွှန့်ကို ဥက္ကဋ္ဌအဖြစ် အငြိမ်းစားဗိုလ်မှူးကြီး ဆွင်ခိုဝင်း၊ နောက်ထပ် ဒု–ဥက္ကဋ္ဌကို အဏ္ဏဝါဦးသန်းအောင်၊ အတွင်းရေးမှူးအဖြစ် ကျွန်တော့်ကို ရွေးတင်လိုက်ကြတယ်။ ဘွဲ့ဘက် အတွင်းရေးမှူးအဖြစ် ဒေါ်တင်တင်အုံးဆိုတဲ့ အဘွားကြီးတစ်ယောက်ကို တင်လိုက်ကြပါတယ်။အမျိုးသားထဲက တိပိဋကနိကာယက အဖွဲ့က ဦးစန်းထွန်း။

"ကျယ်ကျယ် ပြန့်ပြန့် ပြည်တွင်းပြည်ပ ထေရဝါဒသာသနာပြုမယ့် NON GOVERNMENT ORGANIZATION (NGO) အစိုးရဝန်ထမ်း လုံးဝမပါတဲ့ သာသနာပြုအဖွဲ့ပါ"တဲ့။

"စင်ကြယ်လှတဲ့ ထေရဝါဒ ဗုဒ္ဓ သာသနာ ကမ္ဘာလွှမ်းစေမည် ဆိုပါတော့"ဟု စာရေးသူက ကောင်းချီးပေးလိုက်ပါသတည်း။

**ဦးလေးကြီးဦးတင်မောင်**

# လှူတ်ပါ သို့မဟုတ် လှူဒါန်းပါ

ဦးစံတင်

ကျွန်တော်တို့သည် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာ ဝင် လူကြီးများပြောကြသော လက်သုံးစကားကို ကြားမိ၏။ မှတ်သားမိ၏။

ဒါနတော ဘောဂဝါ။

သီလတော သုခိတာ။

ဘာဝနာတော နိဗ္ဗုတာ။

ယင်းပါဠိလက်သုံးဆောင်ပုဒ်ကား ကျယ်ပြန့်သော အဓိပ္ပာယ်ကိုဆောင်၏။ နက်ရှိုင်းသော သဘောပါ၏။ အနှစ်သာသော တရားရှိ၏။ ကျယ် ပြန့်နက်ရှိုင်းသော အနှစ်သာရ ရှိဘိခြင်း။

ယခု ကျွန်တော့် ဆောင်းပါးသည် ကျွန်တော်သိသော ဒါနဆိုင်ရာ သမုဒ္ဒရာမှ ရေတစ်စက်ကိုသာ တင်ပြထားသော ဆောင်းပါး တစ်စောင် ဖြစ်ကြောင်း ရှေးဦးစွာ ဝန်ခံလိုပါ၏။ ပန်ကြားလိုပါ၏။ အစီရင်ခံလိုပါ၏။ ဒါနမျိုးစေ့ မချဘဲ ကုသိုလ်ပင်ကြီးမပေါက်။ ဒါနအပင် မစိုက်ဘဲ နတ်ပြည်သုဂတိဘုံသို့မရောက်။ ဒါန အထုပ်မသယ်ဘဲ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ အရောက်ကူးရန်မလွယ်။ ယုတ်စွအဆုံး ဒါနမယှဉ်ဘဲ လူမှုရေးတွင် မအောင်မြင်၊ မတွင်ကျယ်။

လူမှုရေး၊ တိုင်းရေး ပြည်ရေး၊ အုပ်ချုပ်ရေး၊ ကုသိုလ်ကောင်းမှုမှ နိဗ္ဗာန်ရောက်ရေးအထိ ဒါနကား ခြေခံအကြောင်းပင်ဖြစ်၏။ "ပေးကမ်းခြင်းဖြင့် အောင်ရာ၏"ဟု လူမှုရေးတွင်ဆိုသည်။ ဗုဒ္ဓ ဟောတော်မူသော နိပါတ်တော်လာ ဇာတ်တော်တို့တွင် မင်းကျင့်တရား ဆယ်ပါးကို လေ့လာရ၏။ မင်းကျင့် တရားဆယ်ပါးတွင် ဒါနသည် လက်ဦးနေရာယူထား၏။ ကုသိုလ်ပြုခြင်း ဆယ်မျိုး၊ ပုညကြိယဝတ္ထု ဆယ်မျိုးကို ကြည့်ပါ။ ဒါနသည် ထိပ်ဆုံးနေရာတွင် ရှိ၏။ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးသည် သတ္တဝါတို့ လွတ်မြောက် ရေးအတွက် ဦးခိုက်ရာ ဝတ္ထုဒါနကို ကြားခံထား၍ စေတနာဒါန စိုက်ပျိုးရာနေရာ အထွတ်အမြတ် ကြီးများဖြစ်၏။ သံဃာတော်တို့ကို ပုညခေတ္တဟု ဆိုထားသည် မဟုတ်ပါလော။

ရှင်တော် ဂေါတမအလောင်းတော် သုမေဓာဘဝ သေဋ္ဌေးပညာရှိ ပုဏ္ဏားမြတ်ဖြစ်စဉ်က လွတ်မြောက်ရာကို စဉ်းစား၏။ စူးစမ်း၏။ တွေးတော၏။ ရှာဖွေ၏။ သူရှာဖွေသည့်အရာကား ချမ်းသာခြင်းတည်း။ အေးငြိမ်းခြင်းတည်း။ ဘဝလွတ်မြောက်မှုတည်း။ ပညာဖြင့်ယှဉ်၍ အသိအမြင် သတိဝင်လျှင်ပင် သူပိုင်သူဆိုင်သရွေ့ သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာ အဖိုးတန် စည်းစိမ်မှန်သမျှ အကုန်လှူခဲ့၏။ စွန့်ကြဲခဲ့၏။ နောက်ဆုံးတောထွက်ကာ တရားဘာဝနာပွား၏။ ဈာန်သမာပတ်ရ၏။ ခုနစ်ရက်အတွင်း လောကီဈာန် အဘိညာဉ် ရ၏။ ဒီပင်္ကရာ ဗုဒ္ဓရှင်တော် ပွင့်နေမှန်းပင် သူမသိ။ ဒီပင်္ကရာ ဗုဒ္ဓ ရှင်တော်မြတ်ကို ဖူးတွေ့ရသောအခါ သူ့မှာလှူရန် ပစ္စည်းမရှိတော့။ အလောင်းတော် သုမေဓာ ဘုရားကို ဘာလှူခဲ့သနည်း။ လှူရန်ဝတ္ထုပစ္စည်းမရှိတော့။ သို့သော် စေတနာဒါနကို အခြေပြု၍ လုပ်အား လှူခဲ့၏။ လမ်းပြင်ရာတွင် လုပ်အား လှူ၏။ ယင်း စေတနာလုပ်အား

**အခြေပြု၍** ရအပ်သော ဆုလာဘ်ကား လူသာမန် လှမ်းမမီသော ဗုဒ္ဓဘုရားဆုကို ပန်ခဲ့ရခဲ့သည့် **ဆုကြီးပန်** လာဘ်ကြီး ပင် မဟုတ်ပါလော။

ဒါနကား ဤမျှလောက် အရေးကြီး၏။ အရေးပါ၏။ အခြေခံကျ၏။ ထိရောက်လှ၏။ အထွတ်အထိပ်ဘဝသို့ အရောက်ပို့ဆောင်၏။

ပြောစမှတ် စကားတစ်ခွန်း ရှိ၏။ ကိလေသာ တဏှာကို နှိုးဆွပေးတတ်သော ရုပ်ရှင်၊ ပြဇာတ်၊ အငြိမ့်ဇာတ် စသည်တို့ကို ကြည့်လျှင် "မကြည့်တတ်လျှင် တဏှာ၊ ကြည့် တတ်လျှင် ဘာဝနာ"ဟူ၏။ ယင်းတွင် အမြင် ဒဿနပါ၏။ ကြည်လင်သန့်စင်သော အမြင် လို၏။ စေတနာကောင်း လို၏။ စိတ်ကောင်း ထားတတ်ဖို့ လို၏။ တဏှာမဖက် အကာ မစွက်ဘဲ အနှစ်သက်သက် အမြင်တတ်ဖို့ လို၏။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီး က မိန့်တော်မူဖူး၏။

**ဒါနကြောင့် သံသရာရှည်တာလား၊** မဟုတ်ပါ။ **ဒါနတရားက သံသရာရှည် အောင် လုပ် တာ မဟုတ်ပါ။ ဒါနနောက်က အသိဉာဏ် မလိုက်လို့ သံသရာရှည်ရတာ။ သစ္စာသိပြီး လှူရင် ခန္ဓာကိုယ် ရောင်းလှူပါ။ သစ္စာ မသိ သေးရင် မလှူပါနှင့်ဦး။**

ဘဝတဏှာ လောဘမဖက်ဘဲ လှူရန်လိုအပ် ကြောင်း တိကျပြတ်သားသော သတိပေးချက် တည်း။

ကွယ်လွန်သူ ဒဿနိက ပညာရှင် စာရေး ဆရာ ဦးရွှေအောင်က သူ၏ ဓမ္မပဒ၊ ယမကဝဂ် တွင် ဒါနနှင့်ပတ်သက်၍ ဤသို့ ဖွင့်ဆိုထား၏။

"ဒါနဟူသည် ပြုလုပ်ရလွယ်ကူသော်လည်း အသိဉာဏ်ယှဉ်သူများ အတွက် ကြီးမားသော အကျိုးအာနိသင်ရှိ၏။ ဒါနသည် နှမြောခြင်း **"မစ္ဆရိယ"** ကို ကျော်လွှန် ပြီး လိုချင်ခြင်း **"လောဘ"** ကို ပယ်သတ် နိုင်မှသာ ပေးလှူနိုင်ခြင်းမျိုး ဖြစ်သဖြင့် ပါရမီဆယ်ပါးတွင် ပထမဦးဆုံးလာသော ပါရမီဖြစ်၏။ အမှန်အားဖြင့် လောဘကို အောင် နိုင်လျှင် **လောဘ** ကို အောင်နိုင်သူ ဖြစ်၏ဟူ၍ လည်းကောင်း။

သဗ္ဗိသုခနှင့် ဒါနအကြောင်းတွင်—

**"သမ္မာသက်ပွအမြင်ဖြင့်"** ဘဝအနှစ်ကို ရှာလေသောအခါ မိမိပိုင်ပစ္စည်း၌ မာယာ သုခ ကို မမြင်တော့ဘဲ သဗ္ဗိသုခမုခ်ဦးဆီသို့ သွားသောအခါ **"ဒါန"**ကို မြင်လာ၏။ ဒါန ဟူသည် အလောဘ ဖြစ်၏။ အလောဘ အင်အားပြည့် စုံလေသောအခါ သမုဒယ သစ္စာခေါ်သော **"တဏှာလောဘ"**ကို သတ်နိုင်ပေလိမ့်မည်။ ဤအနှစ်ကား ပစ္စည်းဥစ္စာထဲမှ ထုတ်ယူရရှိ သော ပထမအနှစ်ဖြစ်၏"

ဟု ဆိုထားသည်။ မှတ်သားဖွယ်ပင်။ စူးစိုက်ကာ သတိကပ်ဖွယ်ပင်။ ဆင်ခြင်ဖွယ်ပင်။

ဆရာဦးရွှေအောင်၏ ဆက်လက် သတိ ပေး လမ်းကြောင်းချက်ကား ချမ်းသာအောင် ကြိုးစားနည်း ဖြစ်၏။ မည်သို့သော ချမ်းသာ အောင် ကြိုးစား နည်းပေနည်း။ သူ့ဖွင့်ဆိုချက်ကို ဆက်၍ အာရုံပြုကြ ပါကုန်။ ချမ်းသာအောင် ကြိုးစားရမည်။

"အထက်သို့တက်လိုလျှင် မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ကျွန်ုပ်တို့သည် ပထမ ချမ်းသာအောင် ကြိုးစားရမည်။ ချမ်းသာအောင် ကြိုးစားနည်းကား **"ဒါန"**ပြုခြင်းပင် ဖြစ်၏။ ဒါနဟူသည် တရားကိုယ်အားဖြင့် **"အလောဘ"** ဖြစ်၏။

အလောဘသည် လောဘကို တနည်းနည်းဖြင့် သတ်မည်မှာ သေချာ၏။ သို့ရာတွင် **နောက်ထပ် လောဘအသစ် တစ်ခု ထပ်မပေါ်ရလေအောင် တစုံတခုသော အကျိုးတရားကို မတောင့်တမိဖို့တော့ လို၏။ အကယ်၍ တောင့်တနေလျှင် လောဘကို သတ်ရာမရောက်ဘဲ နောက်ထပ် လောဘတစ်ခုကို ထပ်ပြီး တိုးပွားအောင် လုပ်ရာ ရောက်ပေလိမ့်မည်။** လောဘသေခြင်းကား နိဗ္ဗာန်မည်၏။ နည်းနည်းသေလျှင် နည်းနည်းနိဗ္ဗာန် မည်၏။ လူ့စရာ မရှိဘူးဟူ၍လည်း ဆင်ခြေမတက်ပါလေနှင့်၊ နဖူးမှချွေး ခြေမ ကျသည်အထိ ကြိုးစား၍ **"လူ့စရာ"** ရအောင် **တရားသောနည်းဖြင့်** ရှာဖွေရမည်။ အလောဘမရှိဘဲ လောဘကို သတ်၍မရ"

ကျွန်ုပ်တို့ မြန်မာနိုင်ငံရှိ ပြည်သူလူထုအများ စုသည် ထေရဝါဒ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် သူများ ဖြစ်ကြ၏။ ဆရာကြီး ဦးရွှေအောင်က သူ၏ ထေရဝါဒအုတ်မြစ် ဆောင်းပါးတွင် ထေရဝါဒ၏ သဘောအရ စွန့်လွှတ်ခြင်းနှင့် ပတ်သက်၍—

"အခြားဝါဒများ၏ အမြင်အရ လူတို့သည် ရရှိခြင်း၌သာ ချမ်းသာကို တွေ့ရ၏။ စွန့်လွှတ် ခြင်း၌ ချမ်းသာကို မတွေ့ကြ။ အမှန်အားဖြင့် ရယူခြင်း လောဘ၌လည်း ပီတိနှင့် သုခသည် ရှိ၏။ စွန့်လွှတ်ခြင်း အလောဘ၌လည်း ပီတိနှင့် သုခသည် ရှိ၏။ ဒေသနာတော်အရ အလောဘက လောဘကို သတ်နိုင်၏။ သို့ရာတွင် ထေရဝါဒ အုတ်မြစ်ဖြင့် မိမိ၏ ဘဝကို တည်ဆောက်ရန် ကြိုးပမ်းနေကြသူများသာ စွန့် လွှတ်ခြင်း၌ ချမ်းသာကို တွေ့ကြရ၏။ ယခုလောလောဆယ် မတွေ့ရ သေးလျှင်လည်း တွေ့ အောင်ရှာကြ၏။ အကယ်၍ ထေရဝါဒ အုတ်မြစ်ရိုး မှန်ပါက စွန့်လွှတ်ခြင်း၌လည်း ချမ်းသာကို တွေ့ အောင်ရှာမည်မှာ မြေကြီးလက်ခတ်မလွဲ" ဟု ဆိုခဲ့ပါသည်။

ထေရဝါဒ အရ စွန့်လွှတ်ခြင်းသည် "အလောဘ"ပင်ဖြစ်၏။ အလောဘဖြင့် လောဘကို ပယ်သတ်နိုင်ရန် ကြိုးစား၏။ စည်းစိမ်ဥစ္စာများကိုရှာဖွေစဉ်ကပင် မိမိအတွက် ရှေ့တန်းမတင်ဘဲ လောကအတွက် ရှေ့တန်းတင်ကာ ရှာဖွေခဲ့ခြင်း ဖြစ်သဖြင့် များများစွန့်နိုင်လေ များများချမ်းသာကို တွေ့ရလေပင် ဖြစ်၏။

ဤနေရာတွင် ရှားရှားပါးပါး ခြွင်းချက် အနေဖြင့် စကားချပ်တစ်ခု ရေးလို၏။ ကမ္ဘာကျော် 'စစ်နှင့် ငြိမ်းချမ်းရေး' ဝတ္ထုရှည် ရေးခဲ့သူ ရုရှားစာရေး ဆရာကြီး လီယိုတော(လ်)စတွိုင်းက လူ့ဘဝသည် ဒုက္ခနှင့်သာ ပြည့်နေကြောင်း မိမိတို့အောက်သို့ ဆင်းနေသည့် **မြေတွင်း** အလယ်ခေါင်ရောက်လျှင် အောက်ခြေ မြေကြီးပေါ်တွင်လည်းကောင်း၊ မိမိတို့ ခေါင်းပေါ်တွင်လည်းကောင်း မိမိတို့ကို အန္တရာယ် ပေးမည့် အဆိပ်ပြင်းထန်သော မြွေတွေပြည့်နေသည်နှင့်တူကြောင်း၊ ဥစ္စာပစ္စည်းဆိုလျှင်လည်း ပိုင်ဆိုင်မှု နှင့် ပတ်သက်လျှင် မိမိတို့လက်ဝယ် သိမ်းဆည်း ထားသော ပစ္စည်းမှန်သမျှသည် အမှန်တကယ် မိမိတို့ ပစ္စည်းများ မဟုတ်။ ယင်းပစ္စည်းတို့သည်ကား သူတစ်ပါးကို ပေးကမ်းပြီးမှသာလျှင် မိမိတို့၏ ပစ္စည်းအမှန် ဖြစ်ကြောင်း ရေးသားခဲ့သည်။ **ဒုက္ခ သစ္စာနှင့် ဒါနတို့၏ အခြေခံသဘော** ကို ဆိုလိုဟန်

သဘောထားဟန်ရှိသည်။

၁၉၇၀–ပြည့်နှစ်က ကျွန်ုပ်သည် အမိနိုင်ငံတော်က ပေးအပ်သော ဟာဝန်အရ ဆိုဗီယက် ပြည်ထောင်စု လီနင်ဂရက်တက္ကသိုလ် အရှေ့တိုင်းဘာသာရပ်များ မဟာဌာန လက်အောက်ရှိ မြန်မာစာပေဌာနတွင် မြန်မာစာပေ ပို့ချစဉ်က ရုရှားစာပေပညာရှင် တစ်ဦးက ပြောဖူးသည်။ ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ စိန့်ပီတာစဘတ်မြို့တွင် ရိုက်နှိပ်သည့် စိန့်ပီတာစဘတ်မှု စာအုပ်တစ်အုပ်ရှိကြောင်း။ ယင်းစာအုပ်ကို စာရေးဆရာကြီး ဖတ်ဖူးကောင်း ဖတ်ဖူးမည်ထင်ကြောင်း၊ ယင်းစာအုပ်ကိုတော့ ကျွန်ုပ်မဖတ်ခဲ့ရ၊ မကြည့်ခဲ့ရ။ သူ၏အတွေးအမြင်နှင့် ပတ်သက်၍ ဆန်းစစ်ကြည့်ရာ လီယိုတော(လ်) စတွိုင်းအပေါ် ဗုဒ္ဓစာပေ လွှမ်းမိုးဟန်ရှိကောင်း ရှိမည်ဟု တွေးထင်မိသည်။ ယင်းအယူအဆ ဒဿနနှင့်ပတ်သက်၍ ဆိုဗီယက် ပြည်ထောင်စုကြီး မပြိုကွဲမီက လီယိုတော(လ်)စတွိုင်းအား ကွန်မြူနစ်များက အဆိုးမြင်ဝါဒရှိသူဟု စွပ်စွဲကြသည်။

အထက်ပါတို့ကား ဒါန၏ တန်ဘိုး ဒါနပြုရာတွင် သံသရာမရှည်အောင် အကျိုးထိရောက်အောင် စွဲမှတ်ထားရမည့် စိတ်ထားတို့ပင် ဖြစ်သည်။

မြန်မာစာပေတွင် ဒါနနှင့်ဆိုင်ရာ ဝေါဟာရတို့ ရွေ့လျားပြောင်းလဲလာပုံကို ဗဟုသုတအနေဖြင့် အနည်းငယ် ဖွင့်ဆိုပါမည်။ မြန်မာစာပေ စကားပြေ နယ်ပယ်တွင် ပုဂံခေတ် ကျောက်စာများနှင့် နှောင်းခေတ် ကျောက်စာတို့ကား အများစုမှာ အလှူမှတ် တမ်းများဖြစ်ကြသည်။ ရည်ရွယ်ချက် အမျိုးမျိုး ဦးတည်ချက် အမျိုးမျိုး၊ စေတနာ အမျိုးမျိုး၊ ဆန္ဒ အမျိုးမျိုးဖြင့် လှူဒါန်းကာ မှတ်ဘမ်းတင် မော်ကွန်း ထိုးခဲ့ကြသည်။ နိုင်ငံအုပ်ချုပ်သူ မင်း၊ မိဖုရား၊ အမတ်၊ စစ်သူကြီးများ၊ အအုပ်ချုပ်ခံ ပြည်သူများ၊ လူတို့ အပူဇော် အကန်တော့ခံ ရဟန်းသံဃာတော် မြတ်များအထိ လူတန်းစား အသီးသီး လွတ်လပ်စွာ မှတ်တမ်းတင်ခဲ့ကြ၏။ မော်ကွန်း ထိုးခဲ့ကြ၏။

ပုဂံခေတ် ကျောက်စာများကို လေ့လာလျှင် ယခင် ကျွန်တော် ရှေးဦးဆိုခဲ့သည့်အတိုင်း အမျိုးမျိုးသောရည်ရွယ်ချက်ဖြင့် ရေးထိုးကြ မှတ်တမ်း တင်ခဲ့ကြသည်ကို တွေ့ရမည်။ အလှူမှတ်တမ်း ကြီးများတွင် မွေးကျေးဇူးကိုသိ၍ လှူကြောင်း မေတ္တာ သံယောဇဉ် အခြေခံ သဘောကို တွေ့ရမည်။ ရတနာ သုံးပါးကို လှူရာ၌ ဘုရားဆုပန်ကာ မိမိကိုယ်ကို လည်းကောင်း၊ မိမိဇနီး သမီးနှစ်ယောက်ကို လည်းကောင်း ဘုရားကျွန်အဖြစ် ရက်ရောစွာလှူသည်ကိုလည်း တွေ့ရမည်။ တချို့အလှူရှင်ကား လောကစည်းစိမ်၊ နတ်စည်းစိမ် တောင့်တ၍ လည်း လှူကြသည်။ ငါ ငါဟူသော သက္ကာယဒိဋ္ဌိ အစွဲပါကာ အလှူမှတ်တမ်းတင်သည်လည်း ရှိသည်။ မိမိခင်ပွန်းသည် ကွယ်လွန်သဖြင့် သံဝေဂကြီးစွာရ၍ ပစ္စည်း ဥစ္စာစွန့်ကာ အလှူပြုသည်လည်းရှိသည်။ အဖမ်းအဆီး အချုပ်အနှောင် ခံရ၍ နန်းချခံရသော ဘုရင်ကလည်း သံသရာအဆက်ဆက် မုလ မပြတ်သေး သရွေ့ မင်းနှင်နှင်ဖြစ်၍ ရန်သူ မနိမ်နင်းနိုင်သည် ဖြစ်ရလိုကြောင်း အလှူရေစက်ချကာ မော်ကွန်း ထိုးခဲ့သည်။ တိုင်းပြည်အုပ်ချုပ်ရာ၌ သူခိုးသူဝှက် ကင်းဝေးအောင် အမိန့်ပြန်တမ်းထုတ်ကာ လမ်းညွှန်ထားသည့် မင်းကိုယ်တိုင် ရေးထိုးသော ကျောက်စာလည်းရှိသည်။ သမိုင်းမှတ်တမ်း

အဖြစ် ရေးထိုးခဲ့သည့် ငြိမ်းချမ်းရေး အဖွဲ့ခေါင်းဆောင် ရဟန်းတော် သံတမန်တစ်ပါး၏ ကျောက်စာမျိုးလည်း ရှိသည်။ စုံပါဘိ။

ကျွန်ုပ်ဆောင်းပါးပါ အဓိကဝေါဟာရ တစ်ခု ဖြစ်သော "လှူ"နှင့် ပတ်သက်၍ ဖွင့်ဆိုပါမည်။ **လှော်တ်**ဟူသော ဝေါဟာရနှင့်ဆိုင်သော ပုဂံခေတ် ကျောက်စာတစ်ချို့မှ အထောက်အထား အနည်းငယ် တင်ပြပါရစေ။

ပုဂံ၊ မြင်းကပါဂူပြောက်ကြီးဘုရား အနီး မြစေတီမြောက်၊ ရာဇကုမာရ်ကျောက်စာ (က) စာကြောင်းရေ ၂၉-တွင် **ဣယ်ကုပုရှာလှော်တ်** ဟူ၍လည်းကောင်း၊ ယင်းကျောက်စာ (ခ) မြစေတီ အရှေ့ကျောက်စာ၊ ကြောင်းရေ ၂၅-တွင် **(ဣ)ယ် ကုပုရှာလှော်(တ်)**ဟူ၍လည်းကောင်း၊ သင်ကြီး ငထိ လတ်သင်ကျောက်စာ (ခ) (ကြောင်းရေ ၂၇) တွင် **လှွတ်သောကျွာန်**၊ ယင်းကျောက်စာကြောင်းရေ ၁၇ တွင် **ဤအယ်တလှွတ်သော ကျွာန်**-ဟု ရေးထိုးထားသည်ကို တွေ့ရသည်။ ယင်းကျောက်စာများမှ တစ်ဆင့် မြန်မာစာပေ၏ တိုးတက်လာပုံ၊ ယုံကြည်ကိုးကွယ်မှု ယဉ်ကျေးမှုအဝကို သိခွင့်ရ၏။ ဝေါဟာရနယ်တွင် ပါဠိဘာသာမှ မြန်မာပြန်ဆိုမှုများ အသံဖလှယ်မှုများ မြန်မာစကား မြန်မာစာပေနယ်အတွင်းသို့ ရောက်အောင် စကားလုံးဝေါဟာရမွေးစားမှုများ စသည်ကို တွေ့ရ၏။ အစောဆုံး ပုဂံခေတ်၏ ဦးပိုင်းက "လှူ" ဟူသော ဝေါဟာရကို မတွေ့ရ။ "လှူ" ဟူသော ဝေါဟာရသည် မည်သို့ရွေ့လျား ပြောင်းလဲဖြစ်ပေါ်လာသနည်း။ လေ့လာရန် လို၏။

ပုဂံခေတ်သည် ဗုဒ္ဓဘာသာသနာ ထွန်းကားသော ခေတ်ဖြစ်၍ ဗုဒ္ဓတရားတော်များသည် မူလ ပါဠိဘာသာရင်းဖြင့် ထွန်းကားခဲ့ရာ တဖြည်းဖြည်း ရေးမြန်မာတို့၏နား၊ မြန်မာတို့၏ လျှာ ခံယူချက် တို့နှင့် ဆီလျော်သည့် ဝေါဟာရတို့သည် ပေါ်ပေါက်ခဲ့ပေမည်။

ကျွန်ုပ်တို့ တက္ကသိုလ်ရောက်ပြီး နှစ်နှစ် အကြာ ဝိဇ္ဇာအပိုင်း(က)တန်းရောက်လျှင် ပုဂံခေတ် ကျောက်စာများကို သင်ကြားခံယူခဲ့ရ၏။ ယင်း ကျောက်စာတို့တွင် စကားလုံးပြောင်းလဲပုံ စသည် တို့ကို သင်ယူခဲ့ရပါ၏။ ယင်းကာလက လှူဟူသော စကားလုံးသည် **လှော်တ်**ဟူသော ဝေါဟာရမှ ပြောင်းလဲလာကြောင်း **ော** သည် ူ နှင့် တူကြောင်း ပုံသေမှတ်ကာ သင်ယူခဲ့ရ၏။ ကျက်မှတ်ခဲ့ရ၏။ ယခု ကာလ ရေးထုံးအဘိဓာန်တို့တွင် လွှတ်ဟူသော ဝေါဟာရသည် ချုပ်ချယ်မှု၊ ငြိတွယ်မှုမှကင်းသည်ဟု ဖွင့်ဆိုထား၏။ ဒါနဟူသော ဝေါဟာရကို ပေးလှူခြင်း၊ အလှူဟု အဓိပ္ပာယ်ဖွင့်သည်။ စာသင်သား ဘဝက ယင်းစကားလုံး "**လှော်တ်**" သည် "**လှူ**" ဟု အဓိပ္ပာယ်သက်ရောက်ကြောင်း ပုံသေမှတ်သားခဲ့ရ၏။ တိကျသော ရင်းမြစ်ဝေါဟာရ လမ်းကြောင်းကို မသိခဲ့ရ။ ထို့ကြောင့် ဘဝင်မကျလှ။ မူလရင်းမြစ် အခြေခံသဘောကို နောက်မှ သိခွင့်ရတော့ သည်။

မြန်မာစာပေတွင် ပါဠိမှ တိုက်ရိုက်မွေးစားသော စကားလုံး၊ ပုံစံအားဖြင့်ဒုက္ခ၊ နိဗ္ဗာန်၊ ရတနာ၊ ဝဋ်ဒုက္ခ၊ ဆီလျော်သော မြန်မာပြန်စကား လုံး၊ ပုံစံအားဖြင့် အနိစ္စကို အတည်မဲ့သော တရား၊ သဗ္ဗညုတဉာဏ်ကို သိစပ်မြင်နံ့သော ဉာဏ်၊ မွန်ပါဠိဝေါဟာရမှ မြန်မာ့ပုံစံ သက်ဝင် ပြောင်းလဲလာပုံ၊ ပုံစံအားဖြင့် သုခမိန်၊ ကျက်သရေ၊ သက္ကဋပါဠိ တို့မှ ပန်တျာ ဟူသော ဝေါဟာရ ယင်းတို့အနက် လှူဟူသော ဝေါဟာရ

သည် ပါဠိဝေါဟာရမှ သက်ရောက်သော အနက်မှတစ်ဆင့်ယူကာ မြန်မာစကား ဖြစ်ပေါ် ရွေ့လျားချက်ပင်။ အနက်ဖော် စကားလုံးမှ အသံပြောင်းကာ ယခုကာလတွင် အသုံး စကားလုံး ဖြစ်ပေါ်လာပုံ သိရသည်။ အပြန်အလှန် ပါဠိနှင့် မြန်မာတွဲ၍ အသုံးပြုရေးသားသည်အထိ ကြွယ်ဝလာ ၏။

လှော်တ်မှ လှူ၊ အလှူ၊ ဒါနနှင့်တွဲလျက် အလှူဒါန ယင်းမှ လှူဒါန်း၊ ယင်းမှတစ်ဖန် အလှူ အတန်း။ လွှတ် ဟူသော ဝေါဟာရသည် ပါဠိမှ အနက်အဓိပ္ပာယ်ကို အခြေပြု၍ ဖြစ်ပေါ်လာသော ဒါနဟူသော ပါဠိကို မြန်မာမှု ပြုပြောင်းလဲကာ ဒါန-ဒါန်း ယင်းမှ တန်း နောက်ဆုံးပေါင်းစပ်ကာ အလှူအတန်း ဖြစ်လာပုံကား စိတ်ဝင်စားဖွယ်ပင်။ ရှေး ပညာရှင်တို့၏ ဆီလျော်လိုက်ဖက်အောင် ပြန်ဆိုမှုကား အံ့သြလောက်ပါ၏။

လှော်တ်(ဝါ)လှူဟူသော ဝေါဟာရသည် ပါဠိမှ အနက်အဓိပ္ပာယ် သက်ရောက်မှုကို ယူကာ ဖြစ်ပေါ်လာပုံကို ဖွင့်ဆိုရပါလျှင်-

**အသင်္ဂ ဝဒ္ဓံသန လက္ခဏံ** (ငြိကပ်ခြင်းကို ဖျက်ဆီးခြင်း) ယင်းကား ပါဠိလာ ဒါနဟူသော ဝေါဟာရကို ပါဠိဘာသာဖြင့် ဖွင့်ဆိုချက်တည်း။ ငြိကပ်ခြင်း၊ ငြိတွယ်ခြင်း၊ စေးကပ်ခြင်း၊ ငြိတွယ်စေးကပ်ခြင်းသဘောသည် နာမ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ အသိအမြင်ပိုင်းဆိုင်ရာရှုထောင့်မှ ကြည့်လျှင် မစွန့်လွှတ်လိုခြင်း၊ မိမိပိုင်ဆိုင်မှုမှ လွှတ်ထွက်သွားမည်ကို စိုးရွံ့ခြင်း၊ လာဘတဏှာစိတ်၊ တဏှာလောဘစိတ်၊ မစ္ဆရိယစိတ်၊ ဝန်တိုစိတ်ပင်တည်း။ မလှူလို မတန်းလိုသော နိပါတ်တော်လာ မစ္ဆရိယသေဋ္ဌေး၊ ဘုရားရှင်လက်ထက်တော်က မိမိသားသေသည်အထိ ဆေးဖိုးဝါးခ ကုန်မည်စိုး၍ ပစ္စည်းဥစ္စာကို မသုံးစွဲရက်ဘဲ စေးကပ်ငြိတွယ် ဝန်တိုသော **"တစ်ခါမျှ မလှူဖူးသူ"** ဘွဲ့ပိုင်ရှင် အဒိန္နပုဗ္ဗက ကို သတိပြုအပ်၏။

အာရုံငါးပါး၌ ငြိတွယ်သည်ကို သရုပ်ဖော်ရာ၌ ဟဏှာလောဘ အစေးကြောင့် မျောက်နဲ့စေးကပ်ငြိသော မျောက်ပုံသဏ္ဍာန်ကို စာပေကျမ်းဂန်တို့၌ လာ၏။ ကဝိလက္ခဏာ သတ်ပုံဆရာက **"တဏှာမြူမြေး၊ မျောက်နဲ့စေး၊ ရှာရေးခက်တော့သည်"** ဟု ရေးစပ်ခဲ့သည်။ လောဘတဏှာ၏ ဆန့်ကျင်ဘက်ဒါနသည် (ဝါ) အလောဘသည် ငြိကပ်ခြင်းကို မရှိအောင် ငြိကပ်ခြင်းမှ လွှတ်ကင်းအောင် ကျွတ်လွှတ်အောင် ပြုခြင်းပင်တည်း။

သတ္တဝါတို့သဘာဝသည် မိမိ၏ ပစ္စည်းမှန်သမျှ မိမိ၏ သားမယား သက်ရှိသက်မဲ့ကို တွယ်တာတတ်၏။ ငြိတွယ်တတ်၏။ သံယောဇဉ် ထားတတ်၏။ သေခါမှသာ စွန့်သွားကြရသည်။ ပိုင်ဆိုင်မှု-လက်ဝယ်ထားမှုမှာ သာလော မဟုတ်ပါ။ အစိုးရမှု၊ ချုပ်ကိုင်မှု၊ မိမိသြဇာလွှမ်းမိုးမှုမှန်သမျှ ကို မလွှတ်လိုကြ၊ မစွန့်လိုကြ။ ယင်းသို့သော ငြိတွယ်စိတ်ကိုအခြေဖျက် အမြစ်ဖြုတ်ရန် သူတော်ကောင်းတို့ ပထမဆုံး ကိုင်တွယ်သော ကိစ္စရပ်ကား ဒါနတည်း။ အလောင်းတော် သုမေဓာသည် ရသေ့ဘဝက အလှူဖြင့် ဒါနပါရမီကို စခဲ့ရာ ဝေဿန္တရာ မင်းဘဝအထိ တဏှာလောဘ အမြစ်ပြုတ်ရန် အား ထုတ်ခဲ့၏။ စွန့်ခြင်းကြီး ငါးပါးမဟုတ်ပါလော။ နန်းစည်းစိမ်ကိုစွန့်၊ အသက်ကိုစွန့်၊ မိမိအင်္ဂါ ကြီးငယ်ကိုစွန့်၊ သားမယားကိုပါစွန့်ရ။ ဒါနပါရမီကို အဆင့်နိမ့်မှ အဆင့်လတ်၊ အဆင့်လတ်ပိုင်းမှ အဆင့်အမြင့်ဆုံးအပိုင်းအထိ အရှိန်အဟုန်မြှင့်

ကာ အား ထုတ်ခဲ့ရ၏တကား။

သတ္တဝါတို့အပေါ် သံသရာတစ်လျှောက်လုံး ဘဝအဖြစ် အမျိုးမျိုးကို ချုပ်ကိုင်ဖန်တီးရှင်နှစ်ဦး အနက် တစ်ဦးကား **တဏှာလောဘ** မဟုတ်ပါလော။ ယင်း လောဘတဏှာကို ဒါနလက်နက်ဖြင့် ဗုဒ္ဓအလောင်းအလျာသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း သတ်ခဲ့ရ၊ တိုက်ပွဲဝင်ခဲ့ရ၏။

ပုဂံခေတ် ဝေါဟာရ လွှတ်သည် ငြိကပ်သောသဘောကို ကျွတ်လွှတ်အောင် ပထမ ရှေးဦးဖော်ဆောင်သော ဝေါဟာရဖြစ်၏။ ယင်း ဝေါဟာရကို စေ့စေ့တွေးကာ အနှစ်ဖော်သဘောဝင် ထိုးထွင်းသိမြင်ပြီး ကျင့်ဆောင်ကာ သာမန်ပုထုဇဉ်အဆင့်ကို ကျော်နိုင်ရောက်နိုင်သည်ဟုယူဆမိပါ၏။ စစ်မှန်သောလမ်းကြောင်းကြီးပေါ် ရောက်နေပြီဟု ယူဆမိပါ၏။ **"လွှတ်"** ဟူသော ဝေါဟာရမှ **"လှူ"** ဖြစ်လာပုံ စကားစဉ်တည်း။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ဒါနပြုရာတွင် အမြတ်ဆုံးဧတဒဂ်ဘွဲ့ရသူနှစ်ဦးကား ဇေတဝန်ကျောင်း ဒါယကာကြီး အနာထပိဏ်သေဋ္ဌေးနှင့် ပုဗ္ဗာရုံကျောင်း ဒါယိကာမကြီး ဝိသာခါတို့ ဖြစ်ကြ၏။ ဒါနရှေ့ရှုကာ သီလ၊ ဘာဝနာလုပ်ငန်းများ၌ သစ္စာဉာဏ်မျက်စိဖြင့် ကြည့်တတ်ကြ၍ သောတာပန်တည်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များတည်း။ ဒါန အခြေပြု ကိစ္စရပ်မှန်သမျှတွင် သူတို့ နှစ်ဦးသည် ဦးဆောင် စံပြ လမ်းညွှန်သူများ ဖြစ်ကြ၏။

ဒါနနှင့် ပတ်သက်၍ အခြေခံသဘောကို သိသင့်သလောက် သိခွင့်ရပြီဟု ယူဆမိပါသည်။ ဒါနကို အခြေပြု၍ ဆုတောင်းမှားခဲ့ကြသော တောင့်တမှားခဲ့ကြသော သံသရာကြော ဒုက္ခပင်လယ်တွင် မျောအောင် ဆန္ဒပြင်းခဲ့ကြသော ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ ရှင်ဥသုဘဒ္ဒါမိဖုရား၊ ဥမ္မာဒန္တီဝတ္ထုမှ ဥပ္ပလဝဏ်ထေရီ အလောင်းတော် သေဋ္ဌေးသမီးတို့ကို သင်ခန်းစာယူသင့်သည်။ ယင်းတို့သည် ဆုပေးဘုရားငယ် များဖြစ်သည့် ပစ္စေကဗုဒ္ဓါတို့ကို ဖူးတွေ့ခဲ့ရသူချည်းပင်။ နောက်တစ်ပါးရှိသေး၏။ နိဗ္ဗာန်မရောက်မီ သံသရာ လည်စဉ် သင်္ကန်းလှူခဲ့ခြင်းမရှိ၍ ဘုရားနှင့် ကြုံကြိုက်ငြားလည်း ဗောဓိကျွ အခေါ်ခံ ဘဝမရရှိဘဲ သင်္ကန်းအတွက် ပုံသကူအဝတ်စများ ရှာစဉ် နွားဝေ့ခံရ၍ ပရိနိဗ္ဗာန်ပြုခဲ့ရသော ဗာဟိယဒါရုစိရိယ လူဝတ်ကြောင် ရဟန္တာမြတ်။ ရှင်တော်ဂေါတမ၏ သာသနာတော်တွင် ဗောဓိကျွရဟန်းတော် အရေအတွက် ၂၈၆၄၀ (နှစ်သောင်း ရှစ်ထောင်ခြောက်ရာ့လေးဆယ်) ထဲ ယင်းပုဂ္ဂိုလ် မပါချေ။ ဒါန အကျိုး ကွင်းဆက်ကို မမေ့အပ်ကြောင်း သတိချပ်စရာ တစ်ရပ်ပင်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တို့၏ အဓိက ရည်ရွယ်ချက်ပန်းတိုင်သည် နိဗ္ဗာန်ဖြစ်၏။ ဒါနသည် ဘယ့်ကလောက် အရေးကြီးသည်ထားပါ၊ သီလ သည် ဘယ့်ကလောက် အရာရောက်သည်ထားပါ။ **ဒါနနှင့်သီလသည် ကိလေသာရောဂါကို သက်သာ ရုံမျှသာရှိမည်** ဟု ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီးက ဟောခဲ့၏။ ဆရာတော် ဟောကြားချက်သည် ဘုရားရှင်၏ အလိုတော် အတိုင်းပင် ဖြစ်၏။ အဆင့်နိမ့် အန္ဓပုထုဇဉ် မှန်သမျှသည် **"အတ္တဒိဋ္ဌိ"** အမြင်ကံဖြင့် ကံကို သာ ရှေ့တန်းတင်ကာ သံသရာသုခကို ခံစား စံစားလိုကြ၏။ ကံသာလျှင် အမိ၊ ကံသာလျှင် အဖဟု ခံယူကြ၏။ ယင်းတွင် **"အတ္တဒိဋ္ဌိ"**ငါကို ထည့်သွင်း၍ ရှေ့တန်းတင် ပြုကြခြင်းကား:

အပါယ်မျိုးစေ့ကို စိုက်ပျိုးရာရောက်ကြောင်း သိဖို့လို၏။ အဆင့်မြင့် ကလျာဏပုထုဇဉ်တို့ကား သစ္စာဉာဏ်ကိုသာ ရှေ့တန်းတင်၍ သမ္မာဒိဋ္ဌိအမြင်ဖြင့် သံသရာသုခထက် မရေမတွက်နိုင်အောင် သာလွန်သောနိဗ္ဗာန်၏ သန္တိသုခကိုရရှိရန် ကောင်းမှုပြုခြင်း ဖြစ်၏။ ယင်းသို့ ပြုစဉ် ငါစွဲ အတ္တဒိဋ္ဌိ ကင်း၏။ ယင်းကိစ္စနှင့် ပတ်သက်၍ မိုးကုတ်ဆရာတော်ဘုရားကြီးက **"ဝိပဿနာဉာဏ်ဖြစ်သော သစ္စာနုလောမိက ဉာဏ်ကား သံသရာမှ လွတ်မြောက်ရန်အတွက် ကံကိုဖြတ်သော ဉာဏ်တည်း။ ကံကိုဖြတ်မှ ဘဝပြတ်မည်။ ကံကို မဖြတ်သေးသရွေ့ သံသရာမှ လွတ်ရန်လမ်းမရှိ"**ဟု ပြတ်သားစွာ ဟောကြားတော်မူသည်။

**အဆင့်အတန်းသတ်မှတ်မှု**

လောကုတ္တရာအမြင်အရ အဆင့်အတန်းကို မည်သို့သော ပေတံဖြင့် တိုင်းတာပါသနည်း၊ သတ် မှတ်ပါသနည်း။ အသက်အရွယ်နှင့်လော၊ ဂုဏ် ပကာသနနှင့်လော၊ လောကီအတတ်ပညာလော၊ ဘွဲ့ထူးဂုဏ်ထူးနှင့်လော၊ ရာထူးစည်းစိမ်နှင့်လော၊ တန်ခိုးအာဏာနှင့်လော၊ မဟုတ်ပါ။

အရှင်းဆုံး သက်သေထုတ်ကြပါစို့။

**လောကုတ္တရာအဆင့်အတန်း**

လူ့လောကတွင် လောကုတ္တရာအဆင့်အနေဖြင့် မိဂါရသေဋ္ဌေးသည် မိစ္ဆာဒိဋ္ဌိဘဝမှ သမ္မာဒိဋ္ဌိဘဝ ရောက်လာသောအခါ ကျေးဇူးရှင် ချွေးမ ဝိသာခါကို အမေအဖြစ် သိမှတ်ကာ မိဂါရမာတာ ဘွဲ့အပ်နှင်းသည်။ အလေးအမြတ်ထား၏၍ ဂုဏ်ပြုသည်။

ဒါနအရာတွင် ဧတဒဂ်ရသော အနာထပိဏ်သေဋ္ဌေးသည် သောတာပန်အဆင့်နှင့်သာ ရှိခဲ့၍ သမီးငယ် သုမနဒေဝီက အနာဂါမ်ဖြစ်သဖြင့် သုမ မသေမီ သေလုနီးပါးကာလတွင် သူ့မွေးဖခင် ကျေးဇူးရှင်ကို မောင်လေးဟုခေါ်သည်ကို ဖခင်က နားမလည်ခဲ့၊ သဘောမပေါက်ခဲ့၊ သေခါနီး ခြောက်ခြား၍ ကယောင်ကတမ်း ပြောသည်ဟုထင်၏။ ယခုခေတ်စကားအရဆိုလျှင် သမီးငယ်က ပညာပေးသွားသည်ကို မသိရှာခဲ့။ နောက်ဆုံး ဗုဒ္ဓရှင် ဟောတော်မူမှ အဖြေပေါ်တော့သည်။ မောင်လေးဟု ခေါ်ခြင်းဖြင့် ဖခင်ကို ရှေ့တစ်ဆင့်တက်အောင် ကြိုးစားဖို့ သတိပေးခဲ့သည်။ သမီးငယ် သုမနဒေဝီက ဖခင်ကို မောင်လေးဟု ခေါ်ခြင်းဖြင့် သတိတရားရအောင် ကျေးဇူးဆပ်ခဲ့ခြင်းပင်။

အနာထပိဏ်သေဋ္ဌေးကြီးသည် နှစ်ဆယ့်လေးနှစ် တိုင်တိုင် ဗုဒ္ဓကိုလည်းကောင်း၊ သာဝကကြီးများကို လည်းကောင်း ရင်းနှီးစွာ ဆည်းကပ်ခွင့်ရခဲ့ပါပြား လည်း အရဟတ္တဖိုလ်သို့ မရောက်ခဲ့။ သူကိုယ်တိုင် ကွယ်လွန်ခါနီး အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်သော တရားကို ရှင်သာရိပုတ္တရာထံမှ နာကြားရတော့မှ **"ငါအရဟတ္တဖိုလ်မှ ရှုံးလေပြီ"**ဟု သံဝေဂ ကြီးစွာရကာ ကာဠဒေဝိလ ရသေ့ကြီး ငိုကြွေးသလို ငိုကြွေးရလေတော့သည်။ ပစ္စည်းဥစ္စာ ရွှေငွေဖြင့် ဝယ်ယူ၍မရသော အဖိုးမဖြတ်နိုင်သော **"အချိန်"**ကို အချိန်မီ အကျိုးရှိအောင် အသုံးမချမိသော အဖြစ်ဟည်း။ နမြောဖွယ်ကောင်းစွ။ အထက်နတ်ပြည် တာဝတိံသာနှင့် ယာမာကို ကျော်ကာ တုသိတာနတ် ပြည်၌ စံရသော သမီးငယ် အနာဂါမ်ပုဂ္ဂိုလ် သုမနဒေဝီမသေမီ ဖခင်အတွက် ကြိုမြင်သည်မှာ ထူးပေစွ။ အံ့သြလောက်ပေစွ။

တစ်ခါက မိမိချွေးမကို နေအိမ်မှ အတင်းဆွဲထုတ်ရန် ကြိုးပမ်းမိခဲ့သော မိဂါရသေဋ္ဌေး

သည် အဆင့်မြင့် လောကုတ္တရာ ကျေးဇူးကြောင့် မိမိ ချွေးမကို အမေဟု ခေါ်ရခြင်း၊ သောတာပန်ရှင်မကြီးဖြစ်သော အနာထပိဏ် သေဋ္ဌေးကြီးသည် သူ၏သမီးငယ်သုမနဒေဝီ၏ "**မောင်လေး အဆင့်**"သို့ ရောက်ရခြင်းတို့ကား လောကုတ္တရာ အဆင့် အနေဖြင့် သတ်မှတ်ရသော "**စံပေတံ**" ဖြစ်တော့၏။

ထို့ကြောင့် ဒါနကိုအခြေပြု၍ ဒါနမှ တစ်ဆင့်တက်ကာ ဗုဒ္ဓဘာသာဝင်တို့သည် ကောင်းမှုပြုနိုင်ရန် အဓိက အရေးကြီးလှပါကြောင်း သတိထားအပ်ပေသည်။ တဏှာ လောဘ၏ ကျက်စားရာ ဖြစ်သော အရာဝတ္ထုများကို မတောင်းတတတ်သူ "**မဖြစ်**" သဘောကိုသာ တောင်းတခြင်းရှိသူအဖြစ်ကိုလည်းကောင်း "**ဥပ္ပါဒ**"ဖြစ်ခြင်း ဒုက္ခကို ကောင်းစွာမြင်၍ မဖြစ်ခြင်း "**အနုပ္ပါဒ**"သည်သာ ချမ်းသာအစစ်အမှန်ဖြစ်ကြောင်း နှလုံးမူကာ သံသရာမှ လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်သင့်ကြောင်းကို လည်းကောင်း၊ ကျွန်ုပ်၏ "**လွတ်ပါ သို့မဟုတ် လျှဒါန်းပါ**" ထိုမှ အဆင့်တက်၍ ဘဝပြတ်အောင် ကံဖြတ်၊ သစ္စာနုလောမိကဉာဏ် အခြေပြု၍ လျှဒါန်းပါဟူသော စကားလက်ဆောင် ပါးရင်း ကျွန်ုပ်၏ ဓမ္မဒါန ဆောင်းပါးကို နိဂုံးချုပ် ပါသတည်း။

နိဗ္ဗာနပစ္စယော ဟောတု

**ဦးစံတင်**

၁၀-၃-၁၉၉၅ခု

ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန၊

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့။

**ကိုးကားရည်ညွှန်းချက်များ**

၁။ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီး ၏ ၇-၇-၁၉၆၂ခု နံနက်မှ ၁၂-၇-၁၉၆၂ခု ညအထိ ဟောကြားချက်တရား တိပ်ခွေ တစ်ဆယ့်သုံးခွေ (ဦးသံဒိုင်အိမ်တွင် ဟောသည့် တရားတော်များ)။ ရောဂဏ်ဆေးတိုက်ပိုင်ရှင် ဆေးဆရာကြီး ဦးလှထွန်း၊ သား လက်ထောက်ကထိက ဦးကျော်ဝင်းတို့က ကျေးဇူး ပြုသည်။

၂။ ဒါနသုံးပါး တရား၊ ဆရာတော် စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသိတဂူချောင်၊ သံကုန်း၊ သပိတ်အိုင်ဆရာတော် ဘဒ္ဒန္တဉာဏိဿရ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ၁၃၄၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄-ရက်ည ရန်ကုန်မြို့ ကျားကွက်သစ်နိဗ္ဗာန လမ်း"တွင် ဟောသည့် တရားတိပ်ခွေနှစ်ခွေ။

၃။ ဆရာကြီးဦးရွှေအောင် သကျသီဟ ဓမ္မာစရိယ (ဝင့်သကာ) စေတီယင်္ဂဏဓမ္မာစရိယ (သိရောမဏိ) မဟာဝိဇ္ဇာ (သက္ကဋ) ရေး ဓမ္မပဒ ယမကဝဂ်နှင့် ထေရဝါဒ အုတ်မြစ်။

၄။ မြန်မာစာပေသမိုင်း-ဒေါက်တာ ဖေမောင်တင်

၅။ ပုဂံကျောက်စာ လက်ရွေးစင် ပထမအုပ် ဖတ်၍စီစဉ်သူ ပါမောက္ခ ဦးမောင် "ပညာနန္ဒ ပုံနှိပ်တိုက် (၈၅)က၊ အင်းယားမြိုင်လမ်း၊ တက္ကသိုလ်ရိပ်သာ၊ ရန်ကုန် ၁၉၅၈။

# သာသနဇောတိကနှင့်
# သာသနာနုဂ္ဂဟပုဂ္ဂိုလ်

ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)

စာရေးသူသည် လွန်ခဲ့သည့် ၁၀-နှစ်ကျော်လောက်ကစ၍ ဦးကျော်ခင်မြင့်နှင့် သိကျွမ်းရင်းနှီးခဲ့ရပါသည်။ ရန်ကုန်မြို့၊ ရေကျော်ရပ်ရှိ ဗုဒ္ဓဘာသာကလျာဏယုဝ (ဝိုင်၊အမ်၊ဘီ၊အေ) အသင်းတိုက်ကြီးတွင် ၁၉၆၇-ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း မေလပထမပတ်မှ စက်တင်ဘာ ပထမပတ်အထိ စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း "အခြေခံဗုဒ္ဓဘာသာ အဘိဓမ္မာသင်တန်း"ကို ၄- လတိုင်တိုင် ဖွင့်လှစ်သင်ကြား ပေးလျက်ရှိပါသည်။

သင်တန်းပို့ချသည့် ဆရာကြီးများမှာ ဆရာကြီး ဦးလှမောင်၊ ဆရာကြီး ဦးကျော်ထွတ်နှင့် စာရေးသူတို့ဖြစ်ပါသည်။ ဆရာကြီး ဦးလှမောင်က စိတ်ပိုင်း၊ ဆရာကြီး ဦးကျော်ထွတ်က စေတသိက်ပိုင်း၊ စာရေးသူက ရုပ်ပိုင်းတို့ကို အချိန်ကာလအတိုင်းအတာအရ အသီးသီး ပို့ချ သင်ကြားကြပါသည်။

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးက သင်တန်းကာလ ပြီးဆုံးသောအခါ ဘာသာစုံ စာမေးပွဲကျင်းပပေး၍ အောင်မြင်သူ အမျိုးသားများကို "ကလျာဏယုဝဘွဲ့"၊ အောင်မြင်သူ အမျိုးသမီးများကို "ကလျာဏယုဝတီ"ဘွဲ့များနှင့် ဆုများကို အသင်းကြီးက ပေးအပ် ချီးမြှင့်ပါသည်။

၁၉၈၄ ခုနှစ်၊ ၁၈-ကြိမ်မြောက်ဖွင့်လှစ်သည့် အခြေခံဗုဒ္ဓဘာသာ အဘိဓမ္မာသင်တန်းတွင် ဦးကျော်ခင်မြင့်တို့ ညီအစ်ကိုနှစ်ယောက် သင်တန်းလာတက်ကြပါသည်။ စာမေးပွဲတွင် ညီအစ်ကိုနှစ်ယောက်လုံး အထက်တန်းအဆင့်က အောင်မြင်ကြ၍ "ကလျာဏယုဝဘွဲ့"ကို အသီးသီးရရှိကြပါသည်။ ထိုအချိန်မှစ၍ ဦးကျော်ခင်မြင့်တို့ ညီအစ်ကိုနှင့် သိကျွမ်း ရင်းနှီးခဲ့ခြင်းဖြစ်ပါသည်။

### ကလျာဏပုထုဇဉ် အဆင့်ရှိသူ

ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီးက အခြေခံဗုဒ္ဓဘာသာ အဘိဓမ္မာစာမေးပွဲ အောင်မြင်သူများအား "ကလျာဏ" ဘွဲ့ပေးသည့်အကြောင်းကို အနည်းငယ် ရှင်းပြပါမည်။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူ၊ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အဆုံးအမတရားတော်များကို လိုက်နာကျင့်ကြံ သိမြင်ကြသည့် အတိုင်းအတာအရ "အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်၊ စူဠသောတာပန်၊ မဟာသောတာပန်" စသည်ဖြင့် အဆင့်အမျိုးမျိုး ရှိကြသည်။

ထိုတွင် ခန္ဓာ ငါးပါး၊ အာယတန ဆယ့်နှစ်ပါး၊ ဓာတ်ဆယ့်ရှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ် ဆယ့်နှစ်ပါး၊ သတိပဋ္ဌာန် လေးပါး စသောတရားတို့ကိုသင်ယူခြင်း၊ အနက်အဓိပ္ပာယ် ဆွေးနွေး

မေးမြန်းခြင်း၊ နာယူခြင်း၊ မှတ်သားဆောင်ယူထားခြင်း၊ ဆင်ခြင်စဉ်းစားခြင်း စသည်တို့ မရှိသဖြင့် ရုပ်တရား၊ နာမ်တရားတို့ကို အနည်းငယ်မျှ မသိမြင် နားမလည်သော အကန်းပုထုဇဉ်ကို အန္ဓပုထုဇဉ်ဟုခေါ်၏။ အပြန်အားဖြင့် ခန္ဓာ၊ အာယတန၊ ဓာတ် စသောတရားတို့ကို သင်ယူခြင်း၊ ဆွေးနွေးမေးမြန်းခြင်း စသည်တို့ကြောင့် ရုပ်တရား၊ နာမ်တရားတို့ကို ကောင်းစွာနားလည် သိမြင်သော အကောင်းပုထုဇဉ်ကို ကလျာဏပုထုဇဉ်ဟု ခေါ်သည်။

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးက ကျင်းပပြုလုပ်သည့် အခြေခံဗုဒ္ဓဘာသာ အဘိဓမ္မာသင်တန်းကို ဖြေဆိုအောင်မြင်ပြီးသူများသည် ခန္ဓာ၊ အာယတန၊ ဓာတ် စသည့် ရုပ်တရား နာမ်တရားတို့ကို ကောင်းစွာခွဲခြားသိမြင်ပြီးသည့်အတွက် အသင်းကြီးက ကလျာဏပုထုဇဉ် (ပုထုဇဉ်ကောင်း) ဟုအဓိပ္ပာယ်ရသည့် "ကလျာဏဘွဲ့" ကို ပေးအပ်ခြင်းဖြစ်ပါသည်။

ဦးကျော်ခင်မြင့်မှာ အခြေခံ ဗုဒ္ဓဘာသာ အဘိဓမ္မာသင်တန်းကို အောင်မြင်၍ "ကလျာဏယုဝ" ဘွဲ့ကို ရရှိပြီးသည့်အပြင် သာသနာရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများကိုလည်း အောင်မြင်ပြီးဖြစ်သည်။ ထို့ကြောင့် ဦးကျော်ခင်မြင့်သည် မိရိုးဖလာ ဗုဒ္ဓဘာသာဆိုသည့် အန္ဓပုထုဇဉ်အဆင့်ကို ကျော်လွန်၍ တကယ့်အမှန် ဗုဒ္ဓဘာသာဝင်ကောင်းဟူသော "ကလျာဏပုထုဇဉ်" တစ်ဦးဖြစ်ကြောင်း ထင်ရှား သိသာပါသည်။

## ဥပါသကာဂုဏ်ရည် စုံညီသူ

ထို့ပြင် ဦးကျော်ခင်မြင့်သည် ကလျာဏပုထုဇဉ် အဆင့်ရှိသူသာမဟုတ်သေး၊ အမှန် ဗုဒ္ဓဘာသာဝင်တစ်ယောက်၌ ကေန်ရှိရမည့် ဥပါသကာဂုဏ်ရည်တို့နှင့် စုံညီသည့် ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက် ဖြစ်သည်ကိုလည်း တွေ့ရှိရ၏။ ဗုဒ္ဓဘာသာ၌ "ရတနာသုံးပါးတို့ကို ဆည်းကပ် ကိုးကွယ်သူဖြစ်သောကြောင့်" ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ကို "ဥပါသကာ" ဟုခေါ်၏။ ဥပါသကာ ဟူသော ပါဠိဝေါဟာရ၏ အဓိပ္ပာယ်မှာ "ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သူ" ဟုဆိုလို၏။

ဘုရားရှင်လက်ထက်တော်တွင် ဗုဒ္ဓဘာသာဝင် ဟူသော ဝေါဟာရ မရှိသေး။ ဥပါသကာ ဟူသော ဝေါဟာရသာရှိ၏။ မှန်၏။ ထိုအချိန်က တရားနာသူများသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားပြီးသည့်အခါ–

> "မြတ်စွာဘုရား– ဘုရားတပည့်တော်သည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ကိုးကွယ် ဆည်းကပ်၊ သိမှတ်ပါ၏၊ မြတ်စွာဘုရားသည် ဘုရားတပည့်တော်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူ ဥပါသကာဟု မှတ်တော်မူပါဘုရား"

ဟု လျှောက်ထားကာ "ဥပါသကာ" (ဗုဒ္ဓဘာသာဝင်)အဖြစ် ခံယူလေ့ရှိကြသည်။

သရဏဂုံ ဆောက်တည်ပြီး၍ ဥပါသကာ တစ်ယောက်ဖြစ်လာသည့်အခါ ဥပါသကာတို့၌ ရှိရမည့် ဂုဏ်အင်္ဂါတို့နှင့်အညီ လိုက်နာကျင့်သုံးနေထိုင်ကြရ၏။ ထိုဂုဏ်အင်္ဂါများမှာ–

(၁) ငါးပါးသီလမြဲရခြင်း၊

(၂) မိစ္ဆာကုန်သွယ်မှု ငါးမျိုးကို ရှောင်ရှားရခြင်းတို့ဖြစ်သည်။

ထိုတွင် မိစ္ဆာကုန်သွယ်ခြင်း ငါးမျိုးမှာ-
(၁) လက်နက် ကုန်ရောင်းဝယ်ခြင်း၊
(၂) လူကုန်ရောင်းဝယ်ခြင်း၊
(၃) အသားကုန် ရောင်းဝယ်ခြင်း၊
(၄) သေရည်အရက် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊
(၅) အဆိပ်ကုန် ရောင်းဝယ်ခြင်းတို့ဖြစ်သည်။

ဥပါသကာသည် ဤငါးမျိုးသော ကုန်သွယ်မှုတို့ကို ရှောင်ရှား၍ တရားသော နည်းလမ်းဖြင့် အသက်မွေးမှုပြုရ၏။

ဥပါသကာသည် ပြဆိုခဲ့ပြီးသော ဥပါသကာ ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသော်လည်း-
၁။ သဒ္ဓါတရားမရှိခြင်း၊
၂။ သီလမရှိခြင်း၊
၃။ လောကီမင်္ဂလာတို့ကို ယုံကြည် လိုက်စားခြင်း၊
၄။ ကံကိုမယုံကြည်ဘဲ လောကီမင်္ဂလာကိုသာ ယုံကြည်ခြင်း၊
၅။ သာသနာပြင်ပ၌ အလှူခံပုဂ္ဂိုလ် ကိုရှာ၍ ထိုပုဂ္ဂိုလ်အား ဦးစွာလှူဒါန်းခြင်း

ဟူသော တရားငါးမျိုး ဖြစ်ပွားလာလျှင် ဥပါသကာအဖြစ် ပျက်စီးသွားတော့၏။ ဤတရားငါးပါးရှိသည့် ဥပါသကာကို-

ဒွန်းစဏ္ဍား ဥပါသကာ (ဥပါသကစဏ္ဍာလ)၊

အညစ်အကြေးရှိသော ဥပါသကာ (ဥပါသကမလ)၊

စက်ဆုပ်ဖွယ် ကောင်းသော ဥပါသကာ (ဥပါသကပတိကုဋ္ဌ)

ဟု စဏ္ဍာလသုတ်၌ ဘုရားဟောထား၏။

အပြန်အားဖြင့် ဥပါသကာ ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသည့်အပြင် သဒ္ဓါတရားရှိခြင်း၊ သီလနှင့် ပြည့်စုံခြင်း၊ လောကီမင်္ဂလာတို့ကို မယုံကြည် မလိုက်စားခြင်း စသောတရားငါးပါးနှင့် ပြည့်စုံသော ဥပါသကာကိုမူ နှစ်သက်ဖွယ်ကောင်း၍ ကျက်သရေမင်္ဂလာရှိသော ရတနာ၊ ကြာပဒုမ္မာ၊ ကြာပုဏ္ဍရိက် တို့နှင့်တူသည့် ဥပါသကာရတန၊ ဥပါသကာပဒုမ၊ ဥပါသကာပုဏ္ဍရိက ဖြစ်သည်ဟု ဟောကြားထားပါသည်။

ဦးကျော်ခင်မြင့်မှာ ဥပါသကာဂုဏ်အင်္ဂါ, များနှင့် ပြည့်စုံသည့်အပြင် သဒ္ဓါတရားရှိခြင်း၊ စသော တရားငါးပါးနှင့် စုံညီသူဖြစ်၍ ဘုရားရှင် ဟောကြားထားသည့်အတိုင်း သာမန် ဥပါသကာမျိုးမဟုတ်၊ ဥပါသကာရတနာ စသော ဥပါသကာမျိုးဖြစ်သည်ဟု ဆိုရပေမည်။

**သာသနဓောတိကနှင့် သာသနာနုဂ္ဂဟပုဂ္ဂိုလ်**

မြတ်စွာဘုရား၏ အဆုံးအမတော်များကို ပါဠိလို သာသန၊ မြန်မာလို သာသနာ ဟုခေါ်၏။ ထိုသာသနာခေါ်သည့် ဘုရားအဆုံးအမတရားတော်များကို တည်တံ့ပြန့်ပွား ထွန်းကားအောင် စွမ်းဆောင်သူကို ပါဠိလို သာသနဓောတိက၊ မြန်မာလို သာသနာပြုပုဂ္ဂိုလ်ဟုခေါ်၏။ ထို့အတူ သာသနာတော် တည်တံ့ပြန့်ပွား ထွန်းကားအောင် သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထိုက်ထိုက်တန်တန် ချီးမြှောက်ထောက်ပံ့ လှူဒါန်းသူကို ပါဠိလို "သာသနာနုဂ္ဂဟက၊ သာသနဒါယက၊ မြန်မာလို သာသနဒါယကာ ဟုခေါ်ပါသည်။

ဦးကျော်ခင်မြင့်မှာ "အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ" ဟူသော ဒေသနာတော်အတိုင်း သာသနာခေါ်သည့် ဘုရားအဆုံးအမတရားတော်များကို ရှေးဦးစွာ မိမိကိုယ်၌ တည်အောင် ကြိုးစားသည်။ ဝါ-မြတ်စွာဘုရား၏ အဆုံးအမတရားတော်များအတိုင်း စွမ်းနိုင်သမျှ

လိုက်နာကျင့်သုံးသည်။ ထို့နောက် မိမိ တတ်သိနားလည်ထားသည့် မြတ်ဗုဒ္ဓ၏ အဆုံးအမတရားတော်များကို ပြန့်ပွားထွန်းကားအောင် လူငယ် လူရွယ် ကလေးများအား ဗုဒ္ဓယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့သည်။ ဗုဒ္ဓစာပေများကို မဂ္ဂဇင်းများတွင် ကဗျာ၊ ဆောင်းပါးများ ရေးသားခဲ့သည်။ ဘာသာရေးအသင်းအဖွဲ့များတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး စသည်အဖြစ်ဖြင့် သာသနာပြုလုပ်ငန်းများကို စိတ်အားထက်သန်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ထို့ပြင် သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ ချီးမြှောက်ရာ၌လည်း ဘုရားရှင်လက်ထက်တော်က အနာထပိဏ်၊ ဝိသာခါတို့၏ စွန့်လွှတ်လှူဒါန်းသည့် ပစ္စယာနုဂ္ဂဟကို မမှီသော်လည်း မိမိမှာရှိသော ပစ္စည်းအင်အားထက် စေတနာ သဒ္ဓါတရားအင်အားက ပိုလွန်၍နေကြောင်း သိရှိရ၏။ ရဟန်း ၄-ပါး၊ ရှင်သာမဏေ ၁၀-ပါးတို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းပေးခြင်း၊

ဗုဒ္ဓတရားတော်များ ၁၃- အုပ်ကို ရိုက်နှိပ်ဖြန့်ဝေ ဓမ္မဒါနပြုခြင်း၊

ဘုရားတန်ဆောင်း၊ သိမ်၊ ရေတွင်း၊ ကုဋီ စသည်တို့ကို ပြုပြင်မွမ်းမံ ဆောက်လုပ်လှူဒါန်းခြင်း စသည်ဖြင့် သာသနာတော်အတွက် ငွေ ကျပ် ၄၃-သိန်းကျော် လှူဒါန်းခဲ့သည်ဟု သိရှိရပေသည်။

ဤသို့ ဦးကျော်ခင်မြင့်သည် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး အရှည်တည်တံ့ပြန့်ပွား၊ ထွန်းကားရေးအတွက် သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း၊ သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထိုက်ထိုက်တန်တန် ချီးမြှောက်ထောက်ပံ့ လှူဒါန်းခဲ့ခြင်းတို့ကြောင့် "သာသနဓဇောတိက၊ သာသနာနုဂ္ဂဟ" ဟု ခေါ်ဆိုထိုက်သူ ဦးကျော်ခင်မြင့်အား ၁၉၉၂-ခုနှစ်တွင် သဒ္ဓမ္မဇောတိကဓဇဘွဲ့နှင့် ၁၉၉၅ ခုနှစ်တွင် "သီဟသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော်များကို နိုင်ငံတော်အစိုးရက ချီးမြှင့်ပေးအပ်ခြင်း ဖြစ်ပေသည်။

**ဓမ္မာစရိယ ဦးအေးနိုင် (ဘီ-အေ)**

> မလှူရသေးသောအလှူကို ပေးလှူခြင်းကြောင့်
> မရဖူးသေးသော ကုသိုလ်ထူးကို ရရှိနိုင်ပါသည်။
>
> **မင်းကွန်းတိပိဋကဓရဆရာတော်ကြီး**

# ထိုက်တန်၍ ချီးမြှင့်ခြင်း

ငွေးလွင်(ဆားလင်းကြီး)

**ဦးကျော်ခင်မြင့်**။ ။ကျွန်တော် သူ့ကို စ၍သိခဲ့သည်မှာ လွန်ခဲ့သော ၁၃၄၉ ခုနှစ်က ဖြစ်ပါသည်။ ကျွန်တော် ရန်ကုန် ရောက်နေခိုက် သူလာ၍ တွေ့ဆုံပါသည်။ လူချင်း မတွေ့မမြင်ဘူးသေးသော်လည်း စာပေအနေဖြင့် ရင်းနှီးနေ၍ တခင်တမင် တလေးတစားပင် ဆက်ဆံပြောဆိုပါသည်။ သူလာရောက်တွေ့ဆုံခြင်းမှာ "ဗောဓိ စာစောင်" ထုတ်ဝေရေးအတွက် စာမူရေးသား ကူညီရန် ဖြစ်သည်။ သူ့ ဆောင်းပါးများကို ဖတ်ဖူးသော်လည်း သူ့ကိုမမြင်မတွေ့ဘူးပေ။ သူ့ကလောင်အမည်မှာ "မောင်ရင့်ကျူး(မြောင်းမြ)ဟု ပြောပြသောအခါ ဆွေမျိုးရင်းချာတစ်ဦးကို တွေ့ရသကဲ့သို့ ဝမ်းသာ ကြည်နူးမှု ပီတိကို အပြည့်အဝ ခံစားရပါသည်။

စာပေသမားတို့၏ စာပေသံယောဇဉ် ဟုပင် ဆိုရပါမည်။ စာပေသမားများသည် အခြားသော အပေါင်းအသင်းများနှင့် မတူပါပေ။ လောက အပေါင်းအသင်းများမှာ များသောအားဖြင့် စီးပွားရေးနှင့် အလုပ်အကိုင်၊ လူမှုဆက်ဆံရေးကို အခြေခံ၍ ခင်မင်ရင်းနှီးကြပါသည်။ ယင်းသို့ ပေါင်းသင်းဆက်ဆံရာ၌ အဆင့်အတန်း ခွဲခြားမှုများ အများပင်ရှိပါသည်။ စာပေသမားတို့၏ စာပေသံယောဇဉ်ကား တစ်ဦးနှင့်တစ်ဦး တစ်ခါမျှ မမြင်ဘူးသော်လည်း တွေ့ဆုံကြလျှင် တရင်းတနှီး ပြောဆိုဆက်ဆံကြသည်ကများပါသည်။ ခင်မင်တတ်ကြပါသည်။

ဦးကျော်ခင်မြင့်က ကရင်းတနှီး လာရောက် တွေ့ဆုံသောအခါ စာရေးသူကလည်း မေတ္တာသက်ဝင် ခင်မင်လေးစားမိပါသည်။ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး)သည် 'ဗောဓိစာစောင်'ကို တာဝန်ခံ အယ်ဒီတာအဖြစ် တာဝန်ယူ၍ ထုတ်ဝေခဲ့သည်။ သုံးလတစ်ကြိမ် ထုတ်ဝေရန် စီစဉ်ခဲ့သော်လည်း (၂)စောင်သာ ထုတ်ဝေနိုင်ခဲ့ပါသည်။ သူသည် စာပေ ဗီဇ စာပေဝါသနာကြောင့် တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်၍ ထုတ်ဝေခဲ့သော်လည်း သူ့မှာ တစ်ဖက်က ရွှေကုန်သည် အရောင်းအဝယ်လုပ်ငန်းရှိရာ စာပေအရေးကို အချိန်ပြည့် ဦးစားမပေးနိုင်ပေ။

သူနှင့်ဆက်ဆံမိသောအခါ သူ့မှာ စာပေဗီဇ စာပေဝါသနာရှိသော်လည်း ဘာသာရေးဘက်တွင် ပို၍ စိတ်ဝင်စားသည်ကို သတိပြုမိပါသည်။ သူသည် သာသနာရေးလုပ်ငန်းများကို အမြဲတမ်း စိတ်ဝင်စားသည်။ သို့သော် အခြေခံမဲ့သော ဘာသာရေးမျိုးမဟုတ်ပေ၊ စာပေသမား ပီပီ စိစိစစ်စစ် စနစ်တကျ သာသနာပြုလိုသော ဘာသာရေးသမားဖြစ်သည်။ သူ၏သာသနာရေးအမြင်နှင့် ဘာသာရေး ဓာတ်ရပ်ကို ဗောဓိစာစောင် ဒုတိယစာစောင် ခေါင်းကြီးပိုင်းတွင် တွေ့မြင်နိုင်သည်။ "သာသနာရေသောက် မြစ်၊ ရေမခြောက်စေနှင့်" ခေါင်းစဉ်ဖြင့် သူ၏ ဘာသာရေးခံယူချက်ကို ရေးသားထားသည်။ ထိုခေါင်းကြီးပိုင်း နိဂုံးချုပ်တွင်–

"အချုပ်အားဖြင့်ဆိုရသော် သာသနာရေး

အားပေးရာတွင် အချက်အချာ ပဓာန ကျသော ပရိယတ်သာသနာတော်၊ သန့်ရှင်း တည်တံ့ ပြန့်ပွားရေးနှင့် သာသနာ့ပျိုးပင် များ ရှင်သန်လန်းဆန်းကြီးထွားရေး၊ သာသနာ့ရေသောက် မြစ်, ရေမခြောက်ရေး ကို ဦးစားပေး၍ အားပေး ချီးမြှောက် သင့်ကြောင်း တိုက်တွန်းနှိုးဆော်လိုက် ရပေသည်”

ဟု ရေးသားထားသည်။ ထိုရေးသားချက်ကို ကြည့်လျှင် သူသည် သာသနာတော်၏ အခြေခံ ပဓာနကျသော ပရိယတ္တိသာသနာ တည်တံ့ရေး ကို လိုလားသည်၊ သာသနာတော်ကို အားပေး ချီးမြှောက် ရာ၌ နာမည်ကျော် ဘုန်းကံကြီးမား ထင်ရှားသော ဆရာတော်များထက် သာသနာ့ ရေသောက်မြစ်နှင့်တူသော ရှင်ငယ်, ရဟန်းငယ်, သာသနာ့မျိုးဆက်များ, သာသနာ့ပျိုးပင်များ, ရေသောက်မြစ် ရေ မခြောက်ရန် ဦးစားပေး၍ ချီးမြှောက်သင့်ကြောင်း တိုက်တွန်းထားသည်။ ထိုအချက်ကား အလေးအနက် ထားသင့်လှ ပါသည်။ နိုင်ငံကျော် နာမည်ကျော်ဆရာတော် များမှာ ပစ္စည်းလေးပါး သုံးမကုန်အောင် ပေါများ နေသော်လည်း ပရိယတ်စာပေကို အမြဲတန်း ပို့ချနေသော စာချဆရာတော်များမှာ စာသင်သား များနှင့်အတူ စားသောက် နေထိုင်မှု ဆင်းရဲလှပါ သည်။ အလေးဂရုပြုသူ နည်းပါးလှပါသည်။

“သူတို့ကိုယ်က ဒါနကုသိုလ် နည်းခဲ့လို့ ပါ” ဟု အချို့က ပြောပေမည်။ ထိုစွပ်စွဲချက်မှာ အတိ အကျ မမှန်နိုင်ပါ။ စာပေပို့ချနေသော စာချဘုန်းကြီးများမှာ ဒါယကာ ဒါယိကာမ များနှင့် ဆက်ဆံရေး ထက် စာပေပို့ချရေးကိုသာ အဓိကထားသည်။ စာချတစ်ရက်ပျက်သွားမှာကို စိုးရိမ်သည်။ အချို့ စာချဆရာတော်များမှာ စာဝါချချိန်နှင့် ဆုံနေလျှင် ဆွမ်းစားပင့်သည် ကိုပင် မကြွကြပေ။

မန္တလေးမှ သကျသီဟ ဓမ္မာစရိယဘွဲ့ရ ဆရာတော်တစ်ပါး မူလက စာပေများ ပို့ချ နေသည်။ စာသင်သားများက ‘စာချကောင်း သည်’ ဟု အသိအမှတ်ပြုသော်လည်း ဒါယကာ ဒါယိကာမများက စာချနေသည်ကိုပင် မသိပေ။ ထိုအရှင်မြတ်မှာ အသံသြဇာနှင့် ပြည့်စုံ၍ တရားဟောသောအခါ နိုင်ငံကျော်ဓမ္မကထိက ဖြစ်၍ ဒါယကာ ဒါယိကာမတွေ ဝိုင်းဝိုင်းလည် နေသည်။

ထိုလောကအကြောင်းကို သိမြင်နေသော ဦးကျော်ခင်မြင့်က သာသနာရေး အားပေးမှု မလစ်ဟင်းရန် သူ၏ စာစောင်ခေါင်းကြီးပိုင်း တွင် တိုက် တွန်းရေးသားထားခြင်း ဖြစ်သည်။

သူသည် သာသနာ့ရေသောက်မြစ် ရေ မခြောက်ရေးနှင့် စပ်လျဉ်း၍ အခြေခံကျကျ ရှုမြင်သုံးသပ်သည်။ ကိုယ်တိုင် ကြိုးပမ်း ဆောင် ရွက်သည်။ ယနေ့ သာသနာတော် တည်တံ့ ရေးအတွက် ပစ္စည်းလေးပါးလှူရုံဖြင့် တာဝန် မကျေနိုင်ပေ။

ယနေ့လူငယ်များသည် ဘာသာရေး အခြေခံဖြစ်သော ဘုန်းတော်ကြီးကျောင်းများ နှင့် ကင်းကွာလျက်ရှိရာ ဘာသာရေး အသိဉာဏ် များ အားနည်းနေသည်။ သူတို့ သင်ကြားရသော သင်ခန်းစာများကလည်း ဘာသာရေးနှင့်နီးနွယ်မှု မရှိပေ။ မိဘများကလည်း ဘာသာရေးနှင့် ပတ်သက်၍ သွန်သင်ပြသ ဆုံးမသြဝါဒပေးမှု မရှိသလောက်ပင် ဖြစ် သည်။ သူတို့ကိုယ်တိုင်က ဘာသာရေးအကြောင်းကို စနစ်တကျ လေ့လာ ထားခြင်း သင်ကြားထားခြင်း မရှိ၍ ဘာသာ ရေးအခြေခံ အားနည်းလှသည်။ ဘာသာရေး၏

အနှစ်သာရ၊ ဘာသာရေး၏ သဘော တရားကို နားလည်လျှင် ဘာသာရေးအပေါ် အလေးအနက်ထားမှု ယုံကြည်မှု မရှိတော့ပေ။

ထိုအခြေအနေကို သုံးသပ်ပါသဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပညာရေးအဖွဲ့ငယ်သည် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကို ကျောင်းပိတ်ချိန် နွေရာသီတွင် ကျင်းပပေးခဲ့သည်။ ယဉ်ကျေးမှု ကျင့်ဝတ်ဘာသာ၊ ဗုဒ္ဓဘာသာ မြန်မာဘာသာ၊ အဝိဓမ္မာဘာသာဟူ၍ ၃-တန်းခွဲကာ သင်ခန်းစာများကို ပြဋ္ဌာန်းထားသည်။ ထိုသင်တန်းကား လူငယ်များ၏ နှလုံးများသားတွင် ဘာသာသွေးကို သွန်းလောင်းပေးခြင်းပင် ဖြစ်သည်။

ဦးကျော်ခင်မြင့်သည် နွေရာသီ ကျောင်းပိတ်ချိန်တွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်၍ သင်ကြားပေးသည်။ သူသည် စီးပွားရေးလုပ်ငန်းအပြင် လူမှုရေးလုပ်ငန်းများ မအားလပ်အောင် အလုပ်များသူဖြစ်သည်။ မိမိလုပ်ငန်းကို လျစ်လျူရှုကာ လူငယ်များ၏ နှလုံးသားကွင်ဘာသာသွေး ကိန်းအောင်း၍ ဘာသာရေးအခြေခံရရှိရန် ကြိုးပမ်းခြင်းဖြစ်သည်။ ဘာသာရေး ရေသောက်မြစ် ရေမခြောက်စေရန် ဖြစ်သည်။

မြတ်ဗုဒ္ဓသာသနာကား သာသနာ့ဝန်ဆောင် ရဟန်းများက သာသနာတော်အရှည်ခန့် တည်တံ့ရေးအတွက် ရှေ့တန်းမှကြိုးပမ်းဆောင်ရွက်နိုင်ရန် အတွက် ပစ္စည်းလေးပါး ဒါယကာများ၏ အထောက်အပံ့ကို မရနိုင်လျှင် မကြီးပွားနိုင်ပေ။ ယနေ့ လူငယ်များသည် ဘာသာရေးအသိဉာဏ်ရှိ၍ ဘာသာသွေးပြည့်ဝသော ဒါယကာများဖြစ်မှ သာလျှင်သာသနာကို ကြည်ညိုကတတ်သောသူများဖြစ်ပေလိမ့်မည်။ ထိုသို့ ဖြစ်စေလိုသောဆန္ဒ၊ ထို ရည်ရွယ်ချက်ဖြင့်ပင် ဦးကျော်ခင်မြင့်သည် ဗုဒ္ဓ ဘာသာယဉ်ကျေးမှုသင်တန်းများကို ကြိုးစား၍ သင်ကြားပေးခြင်းဖြစ်သည်။

သာသနာရေးအသင်းအဖွဲ့ သာသနာရေး ကိစ္စအတွက် ငွေနှင့်ပစ္စည်းများ ထောက်ပံ့လှူဒါန်းရန် မခဲယဉ်းသော်လည်း ဘာသာရေးသင်တန်းများ ပို့ချ ပေးရန်ကား မလွယ်ကူပါပေ။ ဦးကျော်ခင်မြင့်ကား ဘာသာရေး၊ သာသနာရေး မျိုးပင်များ ရှင်သန် ကြီးထွားစေရန် အခြေခံကစ၍ ဆောင်ရွက်ခြင်း ဖြစ်ရာ သူ၏ သာသနာရေးဆောင်ရွက်ချက်ကား ပဓာနကျသည်။ သာသနာတော် အရှည်ခံ၍ တည်တံ့စေရန်ဖြစ်သည်။

ထိုစေတနာ၊ ထိုကြိုးပမ်းချက်များကြောင့်ပင် သူသည် သဒ္ဓမ္မဇောတိကဓဇ သာသနာပြုဘွဲ့တံဆိပ်ကို ရရှိခြင်းဖြစ်သည်။ သူသည် လူကိုယ်တိုင် အပင်ပန်းခံ၍ သာသနာရေးကိစ္စသာသနာ့တာပန်များကိုသာ ဆောင်ရွက်သည်မဟုတ်ပေ၊ သာသနာတော်အတွက် အထောက်အပံ့ဖြစ်၍ မိမိတို့အတွက် မွန်မြတ်သော သာသနာပြု ဒါနကုသိုလ်များကိုလည်း ဇနီးဒေါ်ခင်ခင်စိန် မိသားစုနှင့်အတူ ကြည်ဖြူစွာလှူဒါန်းကြသည်။ ပစ္စည်းအင်အားရော၊ လူအင်အားပါ ပံ့အော၍ သာသနာပြုသော ဦးကျော်ခင်မြင့်အား နိုင်ငံတော်က သာသနာနုဂ္ဂဟဘွဲ့ "သီဟသုဓမ္မ မဏိဇောတဓရဘွဲ့"ကို အပ်နှင်းခြင်းကား ထိုက်တန်၍ ချီးမြှင့်ခြင်းဟု ဂုဏ်ပြုဝမ်းမြောက်မိပါသတည်း။

ငွေးလွင်(ဆားလင်းကြီး)

# ဒါန ဓမ္မ နှစ်ပါးလုံးဖြင့် ပျော်မွေ့သောပုဂ္ဂိုလ်

မော်စရိယ ဦးမောင်မောင်လေး

၁၉၉၅–ခု၊ ဇန်နဝါရီလ ၁၂ ရက်နေ့က ရန်ကုန်တိုင်း ဗဟန်းမြို့နယ်၊ ရွှေကျင်နိကာယ သာသနာ့ ဗိမာန်တော်ကြီး၌ နိုင်ငံကျော်ဓမ္မကထိက သဲကုန်းဆရာတော် အရှင်ဉာဏိဿရ၏ တရားပွဲတစ်ပွဲ ကျင်းပခဲ့သည်။

ထိုတရားပွဲမှာ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ဥက္ကဋ္ဌ ဦးကြည်ညွန့်၊ အတွင်းရေးမှူးဦးကျော်ခင်မြင့်၊ အကြံပေးနာယက ဗန္ဓုလဦးရွှေစသော ပုဂ္ဂိုလ်တို့၏ လျှောက်ထားတောင်းပန်ချက်အရ ဆရာတော်က ဓမ္မဂီရိအဖွဲ့အား အထူးချီးမြှောက်သည့် အနေဖြင့် ဟောကြားသောတရားပွဲ ဖြစ်၏။

ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများစွာသို့ပါ ကြွရောက်လျက် သာသနာပြုတရားများ ဟောကြားတော်မူနိုင်ခဲ့သည်ဖြစ်၍ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ရရှိထားသော သဲကုန်းဆရာတော်သည် ရွှေကျင်နိကာယ ဓမ္မဗိမာန်တရားပွဲ၌ ကမ္ဘာ့ဝိပဿနာဆရာကြီး ဦးဂိုအင်ကာအား စိတ္တသူကြွယ်နှင့် ဥပမာပြု၍ ဂုဏ်ပြုစကား မြွက်ကြားခဲ့ပေသည်။

ဘုရားရှင်လက်ထက်က မဂဓတိုင်း မစ္ဆိကာသဏ္ဍမြို့မှ စိတ္တအမည်ရှိသော သူကြွယ်သည် ပဥ္စဝဂ္ဂီငါးပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော ရှင်မဟာနာမ်၏တရားကို ကြားနာရသဖြင့် သောတာပန်အနာဂါမ်အဖြစ်သို့ ရောက်ခဲ့သည်။ ထို့နောက်မိမိ၏ အမ္ဗာဋကမည်သော ဥယျာဉ်၌ ကျောင်းဆောက် လုပ်၍ ရှင်မဟာနာမ်အား နေထိုင်စေပြီး ဆွမ်းစသော ပစ္စည်းလေးပါးဖြင့် လှူဒါန်းထောက်ပံ့ခဲ့သည်။ မစ္ဆိကာသဏ္ဍမြို့သို့ ကြွရောက်လာသမျှသော ရဟန်းသံဃာတို့ကိုလည်း အမ္ဗာဋက ကျောင်းတိုက်သို့ ပင့်ဆောင်ပြီး ပစ္စည်းလေးပါးဖြင့် လိုလေသေးမရှိအောင် လုပ်ကျွေးပြုစုခဲ့သည်။

တစ်နေ့တွင် အဂ္ဂသာဝကကြီးနှစ်ပါးဖြစ်သော ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလ္လာန်အမှူး ရှိသည့် ရဟန်းတော် တစ်ထောင်တို့ မစ္ဆိကာသဏ္ဍသို့ ကြွရောက်လာကြသည်။ ထိုအခါစိတ္တသူကြွယ်သည် အဂ္ဂသာဝကကြီးနှစ်ပါးအမှူးရှိသော ရဟန်းတော်တစ်ထောင်တို့အား အမ္ဗာဋကကျောင်းတိုက်သို့ ဝမ်းမြောက်စွာပင့်ဆောင်ခဲ့သည်။ မိမိနေအိမ်သို့ ပင့်ဖိတ်၍လည်း ကြီးစွာအလှူဒါနကို ပြုလုပ်ခဲ့သည်။

ဤသို့လျှင် စိတ္တသူကြွယ်သည် ရှင်မဟာနာမ်၏တရားဖြင့် အနာဂါမ်အဖြစ် သို့ရောက်ပြီး အမ္ဗာဋကကျောင်းကို ဆောက်လုပ်၍ ကြွလာသမျှသော ရဟန်းသံဃာအပေါင်းအား ပစ္စည်းလေးပါးဖြင့် လိုလေသေးမရှိအောင် လှူဒါန်းထောက်ပံ့နေသော်လည်း နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင်အောင် မြတ်စွာဘုရားအား တစ်ကြိမ်တစ်ခါမျှ မဖူးမြင်ရသေးချေ။ထို့ကြောင့် စိတ္တသူကြွယ်အား ဘုရားရှင်ကို ဖူးမြင်လိုသော ဆန္ဒများ တစ်နေ့တခြား တိုးပွားလာသည်။

တစ်နေ့တွင်မူ စိတ္တသူကြွယ်သည် ဆန်၊ ဆီ၊တင်လဲ၊ ပျားရည် စသော ပစ္စည်းများစွာတို့ကို လှည်းငါးရာဖြင့် တင်ဆောင်လျက် ဘုရားရှင်သီတင်းသုံးတော်မူရာ ရာဇဂြိုဟ်ပြည်သို့ ခရီးထွက်ခဲ့သည်။ မိမိနှင့်အတူ လိုက်ပါလိုသူများ လိုက်ခဲ့ကြရန် ဖိတ်ခေါ်သဖြင့် မစ္ဆိကာသဏ္ဍာမြို့သူမြို့သား နှစ်ထောင်ခန့် သူနှင့်အတူလိုက်ပါလာကြသည်။ မစ္ဆိကာသဏ္ဍာနှင့် ရာဇဂြိုဟ်မှာ ယူဇနာသုံးဆယ်မျှ ဝေးသည်ဖြစ်၍ ဆယ့်ငါးရက်ခန့်ကြာမှ ရာဇဂြိုဟ်သို့ရောက်သည်။

စိတ္တသူကြွယ်သည် ရာဇဂြိုဟ်သို့ ရောက်သောအခါ ဝေဠုဝန်ကျောင်းတော် အနီး၌ စခန်းချပြီး မြတ်စွာဘုရားအား အားရပါးရ ဖူးမြင်သည်။ ထို့နောက် လှည်းငါးရာဖြင့် သယ်ဆောင်လာသည့်ပစ္စည်း များဖြင့် ယာဂုကျို၍လည်းကောင်း၊ ဆွမ်းချက်၍လည်းကောင်း၊ ဘုရားအမှူးရှိသော သံဃာအား နေ့စဉ် ရက်ဆက် ကပ်လှူသည်။ ညနေပိုင်းများတွင်လည်း စတုမဓုနှင့် အဖျော်ယမကာများ ပြုလုပ်ဆက်ကပ်သည်။ သို့သော် လဝက်ခန့်ကြာသည့်တိုင်အောင် သူယူဆောင်လာ သော ပစ္စည်းများမှာ မကုန်နိုင်ဘဲရှိနေသည်။ ထို့ပြင် ရာဇဂြိုဟ်မြို့သူ မြို့သားများစွာတို့ကလည်း နာမည်ကြီးလှသော ဧည့်သည်တော်စိတ္တသူကြွယ် ထံသို့ လက်ဆောင်ပစ္စည်းများ အသီးသီးပေးပို့ကြလေရာ ထိုပစ္စည်းများမှာ တပုံတပင်ကြီးဖြစ်၍ နေလေသည်။

စိတ္တသူကြွယ်ကား ဘုရားရှင်အား နေ့စဉ်ဖူးမြင်၍ တရားတော်များကို နာကြားပြီး အလှူဒါနကြီးစွာ ပြုလုပ်နေရသဖြင့် လွန်စွာအားရ ကျေနပ်နေသည်။ သို့သော်လည်း လဝက်ကျော်ရက်ပိုင်းသို့ ရောက်လာသောအခါတွင်မူ ဇာတိဂုဏ်ပရိသာတ် များပြားလှသည်ဖြစ်၍ မစ္ဆိကာသဏ္ဍာသို့ပြန်ရန် ပြင်ဆင်ရတော့သည်။ ထိုအခါ သူသည် လှည်းငါးရာပေါ်၌ကျန်ရှိနေသည့် ဆန်၊ ဆီ စသော ပစ္စည်းအားလုံးကို သံဃာတော်များအတွက် အပြီးအပြတ်လှူဒါန်း ပစ်လိုက်သည်။ သို့သော်လည်း သူ၏လှည်းငါးရာကား အပြန်ခရီးတွင်လည်း အလာတုန်းကကဲ့သို့ပင် ဝန်စည်အပြည့်ပင် ပါရှိခဲ့လေသည်။ အကြောင်းကား ရာဇဂြိုဟ်မြို့သူ မြို့သားတို့က အသီးအသီး ပေးပို့လိုက်ကြသော လက်ဆောင်ပစ္စည်းများကို သယ်ဆောင်လာခဲ့ရသောကြောင့် ဖြစ်လေသည်။

သံကုန်းဆရာတော်က စိတ္တသူကြွယ် အကြောင်းကို ဟောကြားရာတွင် ထိုသူကြွယ်၏ အလှူဒါနရက်ရောပုံများကို ရှေးဦးစွာဟောကြားခဲ့သည်။ သို့သော် စိတ္တသူကြွယ်သည် အလှူဒါနဖြင့်သာ ကျေနပ်မွေ့လျော်နေသည့် ဒါနာဘိရတ ပုဂ္ဂိုလ်မဟုတ်၊ ဓမ္မဖြင့် ပျော်မွေ့သည့် ဓမ္မာဘိရတ ပုဂ္ဂိုလ်ဖြစ်ကြောင်း ဆက်လက်ဟောကြားခဲ့ပါသည်။ လူဝတ်ကြောင်တစ်ဦးပင်ဖြစ်စေကာမူ အနာဂါမ်မိမဂ်ဉာဏ်ကို ရရှိထားသော စိတ္တသူကြွယ်သည် မိမိကိုယ်တိုင်လည်း အခါခပ်သိမ်း ဓမ္မနှင့်အညီ နေထိုင်ခဲ့သည်။ အခြားသူတို့ အားလည်း ဓမ္မနှင့်အညီ ကျင့်သုံးနေထိုင်ကြရန် သွန်သင်ဟောပြောခဲ့သည်။ သူ၏ ဟောပြောသွန်သင်မှုကြောင့် မစ္ဆိကာသဏ္ဍာမှ ဥပါသကာပေါင်း ငါးရာမျှ ကြည်လင်သော ဓမ္မအမြင်ကိုရရှိ၍ အရိယာအဖြစ်သို့ ရောက်ရှိခဲ့ကြသည်။

စိတ္တသူကြွယ်သည် လူပုဂ္ဂိုလ်တို့အားသာ တရားဟောပြောခဲ့သည်မဟုတ်။ ရဟန်းတော်တို့အားလည်း ဟောပြောခဲ့ရပေသည်။ ရဟန်းတော်များသည်လည်း သူ့တရားကို မကြာခဏ

နာကြားခဲ့ကြလေသည်။ တစ်ခါက အမှာဍက ကျောင်းတိုက်၌ တရားဆွေးနွေးနေသော ရဟန်းတော်များအား စိတ္တသူကြွယ်က သံယောဇဉ်အကြောင်းကို နွားချည်ကြိုးဉပမာဖြင့် ရှင်းလင်းဟောပြောခဲ့ရာ ထိုရဟန်းတော်များ လွန်စွာ ကျေနပ်နှစ်သက်ခဲ့ကြလေသည်။ ဤသို့ လျှင် ဆန်းကြယ်သောဉပမာဖြင့် ရဟန်းရှင်လူ အများ နားလည်သဘောပေါက်အောင် တရား ဟောပြောတတ်သောကြောင့်ပင် ဘုရားရှင်သည် စိတ္တသူကြွယ်အား "ဓမ္မကထိက" တေဒဂ်ဖြင့် ချီးမြှင့်ဂုဏ်ပြုတော် မူခဲ့ပေသည်။

သဲကုန်းဆရာတော်က ဆရာကြီး ဦးဂိုအင်ကာအား စိတ္တသူကြွယ်နှင့် ဥပမာ ပြုခဲ့ခြင်းမှာ ဓမ္မာဘိရတ ပုဂ္ဂိုလ်ဖြစ်ခြင်းကို ရည်ရွယ်၍ ပြုခဲ့ခြင်းဖြစ်ပါသည်။ စိတ္တသူကြွယ် သည် မိမိကိုယ်တိုင် ဓမ္မနှင့်အညီ ကျင့်သုံး နေထိုင်ပြီး အခြားသူတို့အားလည်း ဓမ္မနှင့်အညီ ကျင့်သုံးနေထိုင်ကြရန် တိုက်တွန်းဟောပြောခဲ့ သည်။ထို့အတူဆရာကြီး ဦးဂိုအင်ကာသည် လည်း မိမိကိုယ်တိုင်လည်း ဓမ္မကို နက်နက် ရှိုင်းရှိုင်းသိမြင် ပေါက်ရောက်အောင် လေ့ကျင့် အားထုတ်ခဲ့သည်။ အခြားသူတို့အားလည်း သိမြင်ပေါက်မြောက်အောင် ဟောပြောခဲ့သည်။ ၁၉၆၉-ခုနှစ်မှစ၍ ယနေ့အထိ ၂၅-နှစ် ကျော်ကာလအတွင်း ဆရာကြီး၏ ဟောပြော သင်ကြားမှုဖြင့် ဝိပဿနာတရားကို လေ့ကျင့် အားထုတ်ခဲ့ကြသည်။ နိုင်ငံတကာမှ ယောဂီ တပည့်ပေါင်းမှာ သိန်းဂဏန်းပင် ကျော်ခဲ့ပြီး ဖြစ်ပေသည်။ထို့ကြောင့်လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့က ဆရာကြီးအား "မဟာသဒ္ဓမ္မ ဇောတိက" ဟူသော သာသနာပြုဘွဲ့ဖြင့် ဂုဏ်ပြုခဲ့ ခြင်းဖြစ်ပေသည်။

ဤဆောင်းပါး၌ သဲကုန်းဆရာတော် ဟောကြားသည့် စိတ္တသူကြွယ်ဝတ္ထုကို ဤမျှ အထိ ဖော်ညွှန်းခဲ့ခြင်းမှာ အထူးရည်ရွယ်ချက်ရှိ၍ ဖြစ်ပါသည်။ ဆရာတော်က လောက၌ ဒါနဖြင့် မွေ့လျော်သော ဒါနာဘိရတ ပုဂ္ဂိုလ်နှင့် ဓမ္မဖြင့် မွေ့လျော်သော ဓမ္မာဘိရတဟူ၍ ပုဂ္ဂိုလ်နှစ်မျိုး ရှိရာတွင် ဓမ္မာဘိရတပုဂ္ဂိုလ်ဖြစ်ရန်မှာ ပို၍ ခဲယဉ်းကြောင်း ဟောကြားခဲ့ပါသည်။ အထူး အားဖြင့် ယခုခေတ်တွင် ဒါနာဘိရတ ပုဂ္ဂိုလ်တွေ ပေါများပြီး ဓမ္မာဘိရတပုဂ္ဂိုလ် ရှားပါးနေသည်ဟု ဆရာတော်ကဆိုလိုဟန်ရှိပါသည်။

တကယ်တော့လည်း ဆရာတော်၏ ဆိုလိုချက်မှာ သွေးထွက်အောင်မှန်လှပေ၏။ သို့ရာတွင် စာရေးသူအနေဖြင့်မူ ဒါနာဘိရတ ဖြစ်ရုံသာမက ဓမ္မာဘိရတလည်းဖြစ်သော ခေတ်ပညာတတ်လူရွယ် တစ်ဦးကို လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကာလပင် ရင်းရင်းနှီးနှီး သိကျွမ်းခွင့် ရရှိခဲ့ပါသည်။ ထိုလူရွယ်မှာလည်း အခြားသူမဟုတ်ပါ။ ယခုနှစ် (၁၉၉၅)တွင် နိုင်ငံတော်ကချီးမြှင့်သည့် သီဟသုဓမ္မ မဏိ ဇောတရဲဘွဲ့ တံဆိပ်ကို ရရှိခဲ့သူ ဦးကျော်ခင်မြင့် ပင် ဖြစ်ပါသည်။

အမှန်အားဖြင့် အထက်ပါ သီဟသုဓမ္မ ဘွဲ့မှာသာသနာတော်အတွက် ပစ္စည်းလေးပါး ဖြင့် ထူးထူးခြားခြား လှူဒါန်းထောက်ပံ့သော ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုသည့်သာသနာ နဂ္ဂဟ ဘွဲ့ဖြစ်၏။ သို့သော် ဦးကျော်ခင်မြင့်ကား ဤဘွဲ့ကိုမရမီ လွန်ခဲ့သည့် ၁၉၉၂-ခုနှစ်က လည်း သဒ္ဓမ္မဇောတိက ဟူသောသာသနာပြု ဘွဲ့ကို ရရှိခဲ့ပြီးဖြစ်ပေသည်။ ဤဘွဲ့နှစ်မျိုးတို့တွင် သီဟသုဓမ္မဘွဲ့သည် ဒါနာဘိရတပုဂ္ဂိုလ်တို့အား

ဂုဏ်ပြုခြင်းဖြစ်ပြီး သဒ္ဓမ္မဇောတိကဘွဲ့အား ဓမ္မာဘိရတ ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုခြင်းဖြစ်၏ ဟုဆိုလျှင် မှားမည်မထင်ပါ။

ဦးကျော်ခင်မြင့် အကြောင်းကို လေ့လာသောအခါ သူသည် ဘောဂဗေဒပညာရှင် ပြည့်စုံသည့်ခေတ်ပညာတတ် လူရွယ်တစ်ဦးဖြစ်စေကာမူ လောကီရေးရာ ပျော်ပါးမှုများ၌ စိတ်မဝင်စားဘဲ ဘာသာရေး သာသနာရေး ကိစ္စများကိုအစဉ်တစိုက် အားထုတ်ဆောင်ရွက်နေခဲ့သည်ကို တွေ့ရှိရ၏။ ဘာသာရေးစာပေများ ဖတ်ရှုလေ့လာခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အဘိဓမ္မာ သင်တန်းများ တက်ရောက်ခြင်း၊ ကိုယ်တိုင် သင်တန်းပို့ချခြင်း၊ ဒုလ္လဘရဟန်းဝတ်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်း စသောသူ၏ လုပ်ဆောင်ခဲ့မှုများသည် ဓမ္မာဘိရတ မဖြစ်သော လူရွယ်တစ်ဦးအနေဖြင့် လုပ်ဆောင်ရန် မလွယ်ကူလှသော အလုပ်များ ဖြစ်ပါသည်။ အထူးသဖြင့် ဦးကျော်ခင်မြင့်သည် အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့တွင် အတွင်းရေးမှူး အဖြစ် တာဝန်ယူလျက် ဓမ္မဇောတိ ဝိပဿနာ ရိပ်သာကြီး ဖြစ်ပေါ်လာစေရန် တက်ကြွစွာ ဆောင်ရွက်ခဲ့ခြင်း။ မိမိကိုယ်တိုင်လည်း ရက်ရှည်ရက်တိုတရားစခန်းများသို့ ဝင်ရောက်လျက် အကြိမ်ကြိမ် ဝိပဿနာတရား ပွားများအားထုတ်ခဲ့ခြင်းတို့သည် ဦးကျော်ခင်မြင့်၏ ဓမ္မာဘိရတအဖြစ်ကို ထင်ရှားစွာ ဖော်ပြလျက်ရှိပါသည်။

ဦးကျော်ခင်မြင့်ကို ဇနီးမောင်နှံ၏ အလှူဒါနရက်ရောပုံများမှာ အားလုံးသိနေကြပြီဖြစ်၍ အထူး စာဖွဲ့ရန် လိုတော့မည်မဟုတ်ပါ။ သို့သော်လည်း ထိုကဲ့သို့အလှူဒါန ရက်ရောမှုများကိုသာ ကြည့်ပြီး ဦးကျော်ခင်မြင့်အား ဒါနာဘိရတပုဂ္ဂိုလ်ဟူ၍သာ သတ်မှတ်မည်ဆိုလျှင် ပြည့်စုံမည်မဟုတ်ပေ။ အထက် တွင် တင်ပြခဲ့သည့် ဓမ္မရေးဆိုင်ရာ ဆောင်ရွက်မှုများကိုလည်း ထောက်ဆသောအားဖြင့် ဦးကျော်ခင်မြင့်အား ဒါန ဓမ္မ နှစ်ပါးလုံးဖြင့် ပျော်မွေ့သောပုဂ္ဂိုလ်ဟူ၍ ဆိုမှသာလျှင် ပြည့်စုံမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ဓမ္မာစရိယ
ဦးမောင်မောင်လေး

---

**စိတ်ဆိုးသူအား မေတ္တာပွား၊ မှတ်သားအောင်နိုင်ရာ။**

*အဘိဓဇမဟာရဋ္ဌဂုရု ပေါက်ကိုင်းရွှေဟင်္သာဆရာတော်ကြီး*

**မေတ္တာဆိုတာ စိတ်ကောင်းတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာသာ မေတ္တာကတည်တယ်။**

*သပြေကန်ဆရာတော်ကြီး*
*အရှင်ဝါသေဋ္ဌာဘိဝံသ*

# ဦးကျော်ခင်မြင့်နှင့် ဓမ္မဇောတိ ဝိပဿနာရိပ်သာ

ပါရဂူ

လူ့လောက၌ ယေဘုယျ တွေ့မြင်နေရသော သဘောတရားတစ်ခုရှိသည်။

အကြင်သူသည် အသက်အရွယ်ငယ်၏။ ဥစ္စာခနေ ကြွယ်ဝချမ်းသာ၏။

ထိုသူသည် ကုသိုလ်ရေးနှင့် ဝေးနေတက်သည်။

အရွယ်နှင့်ခနေသည် ထိုသူအား အပျော်အပါး နယ်ပယ်ထဲက ထွက်ခွင့်မပေးပေ။

ထိုသူသည် လောကီအာရုံများထဲ၌သာ မွေ့ပျော်နေသည်။

လောင်းကစားဝါသနာပါသည်။

သေရည်သေရက် သောက်စားမူးယစ်သည်။

မိန်းမသိုက်တူးသည်။

ဟိန္ဒူလူမျိုးတို့၏ လူ့အဖွဲ့အစည်း၌ပင် လူ့ဘဝတွင် လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများအတွက် အရွယ်ဖြင့် ဆစ်ပိုင်းထားသည်။ လူငယ် လူလတ်ပိုင်းကို ပညာရှာချိန်နှင့် ဥစ္စာရှာချိန်အဖြစ် သတ်မှတ်ထားပြီး ဇရာပိုင်းကျမှ ကုသိုလ်ရေးသို့ ခြေဦးလှည့်စေခဲ့သည်။

သို့သော်လည်း ယင်းသဘောတရားနှင့် ဆန့်ကျင်ဘက်ဖြစ်နေရသူများလည်း ရှိကြသည်။

ထိုသူများသည် မရင့်ဘဲနှင့် မှည့်နေကြသူများ ဖြစ်ကြသည်။

အရွယ်ငယ်သော်လည်း ရုပ်ရှင်ရုံမသွားဘဲ ကျောင်းကန်ဘုရား ဆည်းကပ်သည်။

ဥစ္စာခနေကြွယ်ဝချမ်းသာသော်လည်း ဟိုတယ်မသွားဘဲ ဝိပဿနာရိပ်သာသွားသည်။

ငွေကြေးပေါများသော်လည်း လောင်းကစား ဝါသနာမပါဘဲ အလှူဒါန ရက်ရောသည်။

ထိုသူများထဲတွင် ဦးကျော်ခင်မြင့် တစ်ယောက် အပါအဝင် ဖြစ်သည်။

ဦးကျော်ခင်မြင့်ကို "မောင်ရင့်ကျူး-မြောင်းမြ"အဖြစ်ဖြင့် စတင်သိကျွမ်းရခြင်းဖြစ်သည်။ လွန်ခဲ့သည့် ဆယ်နှစ်၊ ဆယ့်ငါးနှစ်ခန့်က "သနာတနဓမ္မ ါလက" အသင်းတိုက်ရောက်သွားခိုက် အသင်းတိုက်၌ လူငယ်နှစ်ဦးကို တွေ့ရသည်။ တစ်ဦးမှာ ခင်မင်ရင်းနှီးပြီးသားဖြစ်သော "ကျော်ဇောနိုင်"ဖြစ်ပြီး အခြား လူငယ်တစ်ဦးမှာ ကျွန်တော်နှင့် အသိအကျွမ်းမဖြစ်သေးသော တစိမ်းဖြစ်သည်။ ကျော်ဇောနိုင်က ထိုလူငယ်နှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။ ထိုလူငယ်လူရွယ်မှာ "မောင်ရင့်ကျူး-မြောင်းမြ" အမည်ဖြင့် ကဗျာများရေးဖွဲ့သော ဥပဒေဘွဲ့ရ ကဗျာဆရာ ရတနာကုန်သည် ဦးကျော်ခင်မြင့်ဖြစ်ကြောင်း သိရှိရသည်။

ထိုအချိန်မှစ၍ ဦးကျော်ခင်မြင့်နှင့် ထိတွေ့ဆက်ဆံမှု ရှိလာခဲ့သည်။ ဦးကျော်ခင်မြင့်သည် မကြာခဏ အလှူအတန်းလုပ်သည်။ အလှူဒါနပြုရာ၌ ရက်ရက်ရောရောရှိသည်။ သူ အလှူပေးတိုင်းလည်း ကျွန်တော့်ကိုဖိတ်သည်။ မြောင်းမြမြို့ ပဒ္မောတာရုံကျောင်းသွားပြီး ကျင်းပပြုလုပ်သော အလှူပွဲသို့ပင် မရမကဖိတ်၍

လိုက်သွားရသည်။ ဦးကျော်ခင်မြင့်၏ ဘာသာရေးနှင့်ပတ်သက်သော ဆောင်ရွက်ချက်များအနက် တစ်ခုမှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းပေးခြင်းဖြစ်သည်။ သူကိုယ်တိုင်ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတက်သည်။ တချို့ ဘုန်းတော်ကြီးများထိ ချဉ်းကပ် ဆည်းပူးသည်။ သူ့ဆရာ ဘုန်းတော်ကြီးတစ်ပါးမှာ "ပဋိစ္စသမုပ္ပါဒ်အဖွင့်"စသော ကျမ်းများကိုရေးသားသော ဝိပဿနာပြ ဆရာတော် ပရိယတ္တိစာသင်တိုက် ပဓာနဆရာတော် အရှင်အာစိဏ္ဏဖြစ်သည်။ မိမိကိုယ်တိုင် သင်ကြား ဆည်းပူးပြီး တဆင့်သင်ပြနိုင်သည့် အရည်အချင်းနှင့် ပြည့်စုံလာသောအခါ ဦးကျော်ခင်မြင့်သည် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများတွင် တာဝန်ယူလျက်သင်ကြားပြသပေးသည်။ ဘာသာယဉ်ကျေးမှုအဖွဲ့အစည်းအတော်များများတွင်လည်း ရေ့တန်းမှ လူအားငွေအားစိုက်ထုတ်၍ ပါဝင်ဆောင်ရွက်သည်။

တဖက်က လူ့ရေး တန်းရေးနှင့် ဘာသာရေးကိစ္စများကို ကြိုးပမ်းဆောင်ရွက်နေသော်လည်း ဦးကျော် ခင်မြင့်သည် တဖက်ကလည်း စာပေကိစ္စများနှင့် အလှမ်းဝေးမသွားပေ။ သူကိုယ်တိုင် ကြိုးကြားကြိုကြား ကဗျာရေးသည်။ ဘာသာရေးဆောင်းပါးများနှင့်ခရီးသွား ဆောင်းပါးများရေးသည်။ တစ်ချိန်က "ဇောဓိ" အမည်ဖြင့် ဘာသာရေးစာစောင် ထုတ်ဝေခဲ့သည်။ သို့သော်လည်း ကိုယ်ဖိရင်ဖိ မလုပ်နိုင်သဖြင့် ရပ်ပစ်လိုက်ရသည့်အခြေသို့ ရောက်ရှိသွားသည်။

"အသောကစာပေတိုက်"အမည်ဖြင့်လည်းကောင်းနိုးရာရာ စာအုပ်များကို ထုတ်ဝေဖြန့်ချိရန်အတွက် စာအုပ်တိုက်တစ်တိုက် တည်ထောင်သည်။ "အသောကစာပေတိုက်"ဟု အမည်ပေးထားသဖြင့် အသောက ဘုရင်မင်းတရားကြီး၏ ကျောက်စာထဲက အကြိုက်ဆုံး စာပိုဒ်တစ်ပိုဒ်ကို စာအုပ်တိုက်၏ ဆောင်ပုဒ်အဖြစ် အသုံးပြုရန် ကျွန်တော်ရွေးချယ်ပေးလိုက်သည်။ ကျောက်စာ စာပိုဒ်မှာ "--------------"ဟူ၍ ဖြစ်သည်။ အသောကမင်းကြီး၏ ပြည်သူ့အကျိုးပြု ဆောင်ရွက်ချက်များကို အထိမိဆုံး ထင်ဟပ်ဖော်ပြ ထားသောစာပိုဒ်ဖြစ်သည်။

"အသောကစာပေတိုက်"မှ ပွဲဦးထွက်အနေဖြင့် ကျွန်တော်မြန်မာပြန်သော ဂုရုကြီးဂိုအင်ကာ၏ "ဓာဓာဒိဟာ"ကို ထုတ်ဝေဖြန့်ချိသည်။ ထိုဂုရုကြီးသည် သူ၏အဘိုးနှင့် မြန်မာနိုင်ငံကို ဂုရုကြီးဂိုအင်ကာ ဂုဏ်ပြုလျက် ရေးသားဖွဲ့ဆိုထားသော ကဗျာအဖွဲ့များဖြစ်သည်။ သို့သော် ဦးကျော်ခင်မြင့်သည် စာအုပ်ထုတ်ဝေရေးနှင့် အကျိုးပေးပုံ မရပေ။ ယခုထက်တိုင် နောက်ထပ်စာအုပ်ကိုလည်း ဆက်လက် မထုတ်နိုင်တော့ပေ။

မြန်မာနိုင်ငံ၌မွေးဖွားသော၊ မြန်မာနိုင်ငံ၌ အခြေချသော၊ မြန်မာနိုင်ငံသားအဖြစ် ခံယူထားသော၊ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းအောင်မြင်မှုရှိနေသော ဆတျနာရာယန်း ဂိုအင်ကာသည် အခြေအနေ အရ အိန္ဒိယနိုင်ငံပြန်သွားသည်။ အိန္ဒိယနိုင်ငံ ဘုံဘေမြို့ ရောက်သွားသောအခါ ဆတျနာရာယန်း ဂိုအင်ကာသည် ဆရာကြီး ဦးဘခင်ထံတွင် အားထုတ်သွားသော ဝိပဿနာကမ္မဋ္ဌာန်းကို ဘုံဘေမြို့တွင်တရား စခန်းဖွင့်လှစ်၍ တရားပြသည်။

ဆရာကြီး ဦးဘခင်ကလည်း ဗုဒ္ဓဘာသာ စတင်ထွန်းကားရာ ဌာနဖြစ်သော အိန္ဒိယနိုင်ငံ၌ ဝိပဿနာတရား ပြန်လည်အသက်ဝင်လာစေရန် သူ၏တပည့်ကြီး ဆတျနာရာယန်း ဂိုအင်ကာအား တာဝန်ပေးလိုက်သည်။

ဂုရုကြီး ဂိုအင်ကာ၏ တရားပြလုပ်ငန်းသည် အိန္ဒိယနိုင်ငံ၌ တစ်စတစ်စ အောင်မြင်လာသည်။ မဟာရတ်ရှတရပြည်နယ် နာသိက်ခရိုင် အိဂတ်ပူရီ၌ ပင်ရင်းဗဟိုဌာန ဝိပဿနာရိပ်သာကြီးတစ်ခု ဖွင့်လှစ်နိုင်သည့်အပြင် အိန္ဒိယနိုင်ငံ မြို့ကြီးသုံးလေးမြို့၌ပင် ဝိပဿနာရိပ်သာကြီးများ ဖွင့်လှစ်နိုင်သည် အထိ ဖြစ်လာသည်။ ထိုမျှသာမက ကမ္ဘာ့နိုင်ငံ အတော်များများ၌လည်း ဝိပဿနာဌာနခွဲများကို ဖွင့်လှစ်နိုင်ခဲ့သည်။ ဂုရုကြီးဂိုအင်ကာ၏ ဝိပဿနာရိပ်သာများ၌ လူမျိုးမရွေး၊ ဘာသာမရွေး တရားအားထုတ်လိုသော ယောဂီများ ဝင်လာမစဲ တဖွဲဖွဲရောက်လာကြသည်။

သို့ရာတွင် ဂုရုကြီးဂိုအင်ကာသည် မြန်မာနိုင်ငံနှင့် အဆက်အသွယ်ပြတ်သလောက် ဖြစ်နေခဲ့သည်။ ထိုအတောအတွင်း ကျွန်တော့်ထံ ဟိန္ဒီဘာသာဖြင့်ပုံနှိပ်ထုတ်ဝေထားသော "ဓရမ–ဂျိဝန် ဂျီနေကိကလာ" အမည်ရှိ ဓမ္မစာအုပ်တစ်အုပ်ရောက်ရှိလာသည်။ ဖတ်ကြည့်သောအခါ အလွန်နှစ်ခြိုက် သဘောကျသွားသည်။ မိမိနှစ်သက်သောစာအုပ်ကို မြန်မာဘာသာပြန်ဆိုလေ့ရှိသည့်အတိုင်း ဂုရုကြီး၏ ထိုစာအုပ်ကို "ဓမ္မဘဝတစ်လျှောက်နေသွားနည်းပညာ"အမည်ဖြင့် ကျွန်တော် မြန်မာဘာသာပြန်ဆိုပြီး ထုတ်ဝေလိုက်သည်။ စာအုပ်၏နိဒါန်းအဖြစ် ဂုရုကြီး၏ အတ္ထုပ္ပတ္တိနှင့် ဂုရုကြီး၏ ဝိပဿနာလုပ်ငန်းများအကြောင်းကိုလည်း ရေးသားဖော်ပြလိုက်သည်။ ထိုအခါ မြန်မာနိုင်ငံ ဓမ္မပရိသတ်များသည် ဂုရုကြီး၏အကြောင်းကို စတင်သိမြင်လာကြသည်။

ထိုအချိန်အတောအတွင်း မြန်မာနိုင်ငံနှင့် ပြန်လည်ဆက်သွယ်မှုကို အစဉ်လိုလားနေသော ဂုရုကြီး သည် ၁၉၈၀ပြည့်၌ မြန်မာနိုင်ငံနှင့် ပြန်လည်ဆက်သွယ်ရေးအတွက် ပထမဦးဆုံးသောခြေလှမ်းကိုလှမ်းလိုက်သည်။ ယင်းခြေလှမ်းမှာ အိန္ဒိယနိုင်ငံ၌ သူကြီးပမ်းဆောင်ရွက်နေသော ဝိပဿနာလုပ်ငန်းများ ကို လေ့လာအကဲခတ်ရန် မြန်မာနိုင်ငံမှ ပုဂ္ဂိုလ်သုံးဦးကို စရိတ်ခံပြီး အိန္ဒိယနိုင်ငံသို့ ဖိတ်ခေါ်လိုက်ခြင်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်သုံးဦးမှာ ကျွန်တော်နှင့် အတူတကွ ဦးကိုလေး(ဇေယျာမောင်)နှင့် ဦးဘဖိုး (အင်းယားမြိုင် နိုင်ငံတကာ ဝိပဿနာဌာနအတွင်းရေးမှူးယခုကွယ်လွန်)တို့ ဖြစ်ကြသည်။ ဦးကိုလေးနှင့် ဦးဘဖိုးတို့သည် ဓမ္မဂိရိ ဝိပဿနာရိပ်သာနှင့် ဟိုက်ဒရာဘတ် ဝိပဿနာရိပ်သာများကို ကြည့်ရှုလေ့လာကြသည်။ ကျွန်တော်ကမူ အိဂတ်ပူရီ ဓမ္မဂိရိ ဝိပဿနာရိပ်သာနှင့် ရာဂျတ်စတန်ပြည်နယ် ဝိပဿနာရိပ်သာနှစ်ခုသို့ သွားရောက်ခဲ့သည်။

ဂုရုကြီးသည် ၁၉၈၆ခုနှစ်တွင် မြန်မာနိုင်ငံမှ ပုဂ္ဂိုလ်ခြောက်ဦးကို ဖိတ်ပြန်သည်။ ထိုအချိန်က ဓမ္မဂိရိဝိပဿနာရိပ်သာ၌ "ဝိပဿနာဆီမီနာ" တစ်ခုလည်း ရှိနေသည်။ ဂုရုကြီးက ကျွန်တော့်ကို အကြောင်းကြားပြီး ဖိတ်သင့်ဖိတ်ထိုက်သူခြောက်ဦး၏ အမည် စာရင်းကို ပေးရန် ညွှန်ကြားသည်။ ဂုရုကြီးက မည်သည့်အင်္ဂါနှင့် ညီညွတ်သောပုဂ္ဂိုလ်များ ဖြစ်ရမည်

ဟူ၍ပင် မညွှန်ကြားဘဲ ထိုကိစ္စကို ကျွန်တော့်အား လုံးဝလွှဲအပ်သည်။ သို့သော်လည်း ဂုရုကြီး၏ ရည်ရွယ်ချက်ကို သိထားသည့် ဓမ္မကို စိတ်ဝင်စားသော ဂုရုကြီး၏ ဝိပဿနာ လုပ်ငန်းအကြောင်းကို မြန်မာနိုင်ငံ၌ ဖြန့်ပြရမည့် အလားအလာ ရှိသော ပုဂ္ဂိုလ်ခြောက်ဦး၏ အမည်စာရင်းကို ဂုရုကြီးထံသို့ ပို့လိုက်သည်။ ထိုအမည်စာရင်းထဲတွင် ဦးကျော်ခင်မြင့်လည်း ပါသွားသည်။

ဂုရုကြီးသည် မြန်မာနိုင်ငံနှင့် ပြန်လည်ဆက်သွယ်ရေးနှင့် မြန်မာနိုင်ငံတွင် တရားရိပ်သာတစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းချက်များကို ဆက်ကာဆက်ကာ ကြိုးပမ်းဆောင်ရွက်နေသည်။ ယင်းကဲ့သို့သော ကြိုးပမ်းချက်တစ်ခုအနေဖြင့် မြန်မာနိုင်ငံမှ ပုဂ္ဂိုလ်များကို ၁၉၉၀ပြည့်နှစ်တွင် စရိတ်ခံ၍ တဖန်ဖိတ်ပြန်သည်။ ထိုတတိယအကြိမ်၌လည်း အီဂတ်ပုရီ ဝိပဿနာရိပ်သာ၌ ဒုတိယအကြိမ်မြောက် "နိုင်ငံတကာ ဝိပဿနာဆီမီနာ"ကြီး ကျင်းပပြုလုပ်သည်။ ထိုအကြိမ်၌လည်း ဓမ္မဂီရိသို့သွားမည့် ကိုယ်စားလှယ်စာရင်း အတွက် ဂုရုကြီးက ကျွန်တော့်ကိုပင် တာဝန်လွှဲအပ်သည်။ ထိုအချိန်၌ ဂုရုကြီး၏သားများလည်း မြန်မာနိုင်ငံသို့ အဝင်အထွက်ရှိနေပြီဖြစ်၍ ဂုရုကြီး၏ သားများ ညွှန်ပြသော ပုဂ္ဂိုလ်အချို့မှတစ်ပါး ဤဓမ္မနယ်ပယ်နှင့် စာပေနယ်ပယ်မှ ကိုယ်စားလှယ် စာရင်းကိုမူ ကျွန်တော်ပင်ပေးရသည်။ ကျွန်တော်ပေးသည့် အမည်စာရင်းအတိုင်း ဖိတ်စာပို့သည်။ ထိုအကြိမ်၌လည်း ဦးကျော်ခင်မြင့်သည် ကိုယ်စားလှယ်တစ်ဦး ဖြစ်သည်။

ဓမ္မဂီရိဝိပဿနာရိပ်သာ၌ ၁၀–ရက်တရား စခန်းအပြီး ဝိပဿနာဆီမီနာလည်း ပြီးဆုံးသွားပြီဖြစ်၍ ကျွန်တော်တို့ ပြန်ချိန်ရောက်လာသည်။ မပြန်ခင် ကျွန်တော်အကြံတစ်ခု ပေါ်လာသည်။ ဂုရုကြီး၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အတွက် မြန်မာနိုင်ငံတွင်လည်း ဓမ္မဂီရိ မြန်မာယောဂီများစုပေါင်း၍ အဖွဲ့အစည်းတစ်ခု ဖွဲ့ထားလျှင် ကောင်းမည်ဟူသောအကြံဖြစ်သည်။ ထိုအကြံကို ကျွန် မြန်မာယောဂီကိုယ်စားလှယ်များအား တင်ပြသောအခါ မိတ်ဆွေယောဂီများကလည်း လက်ခံကြသည်။ ဂုရုကြီးကို ပြောပြသောအခါ ဂုရုကြီးကလည်း သဘောတူညီမှုပေးသည်။ ဘုံဘေမြို့၌ အိန္ဒိယမြန်မာ သဟာယ အသင်းက ကြီးမှူး၍ မြန်မာယောဂီ ကိုယ်စားလှယ်များအတွက် ကျင်းပပြုလုပ်သော ဂုဏ်ပြုညစာစားပွဲ၌ပင် မြန်မာနိုင်ငံ၌ ဓမ္မဂီရိ မြန်မာယောဂီများ၏ အဖွဲ့တစ်ဖွဲ့ ဖွဲ့မည်ဖြစ်ကြောင်းကို ကြေညာလိုက်လေသည်။

မြန်မာနိုင်ငံ ပြန်ရောက်လာကြသောအခါ ဦးကျော်ခင်မြင့်၏အိမ်၌ အီဂတ်ပုရီ ဓမ္မဂီရိ၌ သန္နေ တည်ခဲ့သောအဖွဲ့ကို ဖွဲ့ဖြစ်ကြသည်။ အဖွဲ့၏အမည်ကို အများဆန္ဒအတိုင်း "အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့" ဟူ၍ မှည့်လိုက်ကြသည်။ အဖွဲ့၏ အလုပ်အမှုဆောင် လူကြီးများကို ခန့်ဖို့လိုလာသည်။ ကျွန်တော်သည် ဂုရုကြီး၏ ဝိပဿနာအလုပ်ကိစ္စများနှင့် ပတ်သက်လာလျှင် အမြဲတမ်း စာရင်းပေးနေရသူဖြစ်သည့်အတိုင်း ယခု "အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့"၏ အလုပ်အမှုဆောင် စာရင်းကိုလည်း ကျွန်တော်ပင် တင်ပြလိုက်သည်။ ဂုရုကြီး၏ ရည်မှန်းချက်ကို ကိုယ်ဖိရင်ဖိ

စွမ်းစွမ်းတမံ အကောင်အထည်ဖော်နိုင်မည့် အလားအလာရှိကြသော ဦးကြည်ညွန့်အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးကျော်ခင်မြင့်အား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဦးသိန်းဇံအား တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကျန်ဓမ္မဂီရိ မြန်မာယောဂီများအား အမှုဆောင်လူကြီးအဖြစ်လည်းကောင်း ရွေးချယ်ရန်၊ အမည်တင်သွင်းသောအခါ အားလုံးက လက်ခံအတည်ပြုကြသည်။ "အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့"သည် "ဓမ္မဇောတိ ဝိပဿနာ ရိပ်သာကြီး"၏ အုတ်မြစ်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

ထိုအတောအတွင်း မြန်မာနိုင်ငံ အစိုးရက စီးပွားရေးတံခါးပေါက် ဖွင့်လိုက်သောကြောင့် ထိုတံခါးပေါက်မှ ဂုရုကြီး၏ ဒုတိယသား ဘနဝါရီ ဂိုအင်ကာခေါ် ဦးမောင်ရွှေ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသည်။ မြန်မာနိုင်ငံ၌ အခြေချပြီးသည့်နောက်၌ ဦးမောင်ရွှေသည် မြန်မာနိုင်ငံတွင် ဂုရုကြီး၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်သည့် လုပ်ငန်းများ မဏ္ဍိုင်ဖြစ်လာသည်။ ဦးမောင်ရွှေသည် မြန်မာနိုင်ငံ၌ တစ်ဖက်က "ဗန္ဓုလအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်" တည်ထောင်ပြီးလျှင် စီးပွားရေးလုပ်ငန်းများကို အင်တိုက် အားတိုက် လုပ်ကိုင်ဆောင်ရွက်သကဲ့သို့ တစ်ဖက်ကလည်း ဂုရုကြီး၏ ရည်မှန်းချက်များကို အကောင်အထည်ပေါ်အောင် လူအားငွေအားစိုက်ထုတ်လျက် ကြိုးပမ်းဆောင်ရွက်သည်။

ဂုရုကြီးသည် သူ့ကို ယခုဘဝသို့ရောက်အောင် ပို့ပေးသော မြန်မာနိုင်ငံအား ပြန်လည်ကျေးဇူးဆပ်လိုသည့် စိတ်အစဉ်မပြတ် ရှိနေခဲ့သည်။ မြန်မာနိုင်ငံအား ကျေးဇူးဆပ်ရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ ဆရာကြီး ဦးဘခင်ထံမှ မိမိသင်ယူ နည်းခံလာခဲ့ပြီး ယခုအထိ တစ်လျှောက်လုံး အလေ့ အကျင့်ပြုလာခဲ့သော ကမ္ဘာ့တိုင်းပြည် အသီးသီးမှ လူမျိုးမရွေး ဘာသာမရွေး ရှိနေပြီဖြစ်သည့် ယောဂီပေါင်းများစွာတို့အား သင်ကြားပြသလာခဲ့သော ဝိပဿနာနည်းကို မြန်မာနိုင်ငံသူ နိုင်ငံသားများအား သင်ကြားပြသ တရားပြခြင်းဖြစ်လိမ့်မည်ဟု ဂုရုကြီးက တွက်သည်။

မြန်မာနိုင်ငံကို ကျေးဇူးပြုလိုသည့် ရည်ရွယ်ချက်ကို စိတ်တိုင်းကျ အကောင် အထည်ဖော်ရန် အတွက်မှာမူ မိမိ၏ တရားရိပ်သာကြီးတစ်ခု ဖွင့်လှစ်တည်ထောင်ဖို့ လိုလာသည်။

မြန်မာနိုင်ငံ၌ ဂုရုကြီး၏ တရားရိပ်သာတစ်ခု ဖွင့်လှစ်တည်ထောင်ရန် ဆုံးဖြတ်ချက်ချလိုက်သောအခါ ယင်းအလွန်တရာ ကြီးလေးသော တာဝန်ကြီးသည် ဦးမောင်ရွှေနှင့် အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့ကြီး၏ ပခုံးပေါ် ကျရောက်လာသည်။ ဦးမောင်ရွှေသည် မိမိအပေါ် ကျရောက်လာသော တာဝန်ကို ကျေပွန်စွာဆောင်ရွက်သည်။ စီးပွားရေးလုပ်ငန်းများကို မပြစ်မနေ အကောင်အထည်ဖော်သကဲ့သို့ တရားရိပ်သာကြီး ဖြစ်မြောက်လာရေးအတွက်လည်း မနေမနား ကြိုးစားအားထုတ်သည်။ ဦးမောင်ရွှေနှင့်အတူ တွဲဖက်ပြီး အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့ တရားရိပ်သာ တည်ထောင်ရေးအတွက် ကူညီ ဆောင်ရွက်ကြသည်။ ထိုပုဂ္ဂိုလ်များထဲက လူအားငွေအားနှင့် ရှေ့တန်းမှပါဝင်သူ တစ်ဦးမှာ ဦးကျော်ခင်မြင့် ဖြစ်သည်။

ယခုကဲ့သို့ တရားရိပ်သာကြီးတစ်ခု တည်ထောင်ခြင်း၌ အခက်အခဲများစွာ ရှိသည်။ ငွေအားလိုသည်။ ဖွဲ့ကောင်းသော လုံ့လဝီရိယ ရှိသောလူအားလိုသည်။ ထက်သန်အားကောင်းသော စေတနာသဒ္ဓါ တရားလိုသည်။ ပထမဆုံး ကြုံတွေ့ရသော အခက်အခဲမှာ နေရာအခက်အခဲဖြစ်သည်။

ဓမ္မဂိရိ ဝိပဿနာရိပ်သာကြီး တည်ထောင်စဉ်ကလည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ ဂုရုကြီး စိတ်တိုင်းကျနေရာကို တော်တော်နှင့်ရှာမတွေ့ပေ။ နောက်ဆုံးကျမှ အီဂတ်ပူရီရှိ ယခုနေရာကို သွားတွေ့ကြခြင်းဖြစ်သည်။ ယခုလည်း ထိုနည်းအတိုင်းဖြစ်သည်။ နေရာအနှံ့အပြား နေရာလိုက်ရှာကြ သည်။ မှော်ဘီအထိ ပင်ရောက်သည်။ နောက်ဆုံးကျမှ ယခုနေရာ တွေ့ခြင်းဖြစ်သည်။ အခက်အခဲအမျိုးမျိုး ကို ကျော်လွှားပြီးမှ "ဓမ္မဇောတိဝိပဿနာ ရိပ်သာကြီး" ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယခုအခါတွင်ကား "ဓမ္မဇောတိဝိပဿနာရိပ်သာ" အပင်ကြီးမှအညွန့်ကို ခူးစားနိုင်ကြပြီ။ အသီးကို ဆွတ်စားနေနိုင်ကြပြီ။ သို့ရာတွင် "ဓမ္မဇောတိဝိပဿနာရိပ်သာ" အပင်ကြီးကို စိုက်ပျိုးသူမှာ ဦးမောင်ရွှေဖြစ်သည်။ "ဓမ္မဇောတိဝိပဿနာရိပ်သာ" အပင်ကြီး စည်ပင်လာအောင် ရေလောင်းပေးသူများမှာ ဦးမောင်ရွှေနှင့် "အပြည်ပြည်ဆိုင်ရာ ဓမ္မဂိရိဝိပဿနာအဖွဲ့."ဝင်များ၊ ယောဂီများ၊ ဓမ္မမိတ်ဆွေများဖြစ်သည်။ စိုက်ပျိုးသူများ၊ ရေလောင်းပေးသူများ၏ ရည်ရွယ်ချက်မှာ မိမိတို့စိုက်ပျိုးသော ရေလောင်းသောသစ်ပင်၏ အညွန့်ကို ခူးစားနိုင်ကြရန်ဖြစ်သည်။ အသီးကို ဆွတ်ခူးစားနိုင်ရန်ဖြစ်သည်။ အသီးကို ဆွတ်စားနိုင်ကြရန်အတွက်ဖြစ်သည်။ မိမိတို့မျှော်လင့်ထားသည့်အတိုင်း မိမိတို့ စိုက်ပျိုးသော၊ မိမိတို့ရေလောင်းသော သစ်ပင်မှ အညွန့်ခူးစားနေကြသည်ကို တွေ့ရသောအခါ အသီးဆွတ်စားနေသည် ကို တွေ့ရသောအခါ စိုက်ပျိုးသူများ၊ ရေလောင်းသူများသည် အတိုင်းထက်အလွန် ဝမ်းသာအားရ ဖြစ်နေကြသည်။

ယခုကဲ့သို့ ဂုရုကြီး၏ ဝိပဿနာတရား ပြန့်ပွားရေးနှင့် တရားရိပ်သာ ဖြစ်မြောက်ရေး၊ တည်တံ့ရေးအတွက် ဦးကျော်ခင်မြင့် တစ်ယောက် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရသောအခါ ဂုရုကြီး နှစ်ကြိမ်ကိုင်တိုင် အီဂတ်ပူရီဓမ္မဂိရိ ဝိပဿနာရိပ်သာသို့ ဖိတ်သည့် မြန်မာကိုယ်စားလှယ် စာရင်းထဲတွင် ဦးကျော်ခင်မြင့်ကို ထည့်ခဲ့သော မိမိအနေနှင့်လည်း ထည့်ရကျိုးနပ်သည်ဟု တွေးမိပြီး အတိုင်းထက်အလွန် ပီတိသောမနဿ ဖြစ်နေမိသည်။

ပါရဂူ

> သိတော့မလိုချင်၊ မလိုချင်တော့မရ၊ မရတော့ မခံရ၊ မခံရတော့ ငြိမ်းတာပေါ့။
>
> **မှန်းလွန်းဂူကျောင်းဆရာတော်ကြီး**

# တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ရှင်အဖြစ်သို့

ချစ်ဦးညို

(၁)

နှစ်ပေါင်း ၂၀ ခန့် ရှိပေပြီ။

ဆူးလေတော်ကြီး၏ နီးကပ်သော ဝန်းကျင်၊ မြို့လယ်ခေါင်လမ်းတစ်လမ်း၊ တိုက်ခန်း တစ်ခန်း၌ ကိုကျော်ခင်မြင့်ကို ကျွန်တော် စတင်သိရှိခဲ့ရ၏။ မိတ်ဆွေတစ်ဦးက ကျွန်တော်တို့ကို စာပေသမားများအဖြစ် မိတ်ဆက်ပေးခဲ့သည်။ ကဗျာဆရာ မောင်ရင့်ကျူး (မြောင်းမြ) အဖြစ် သူ့ကို ကျွန်တော် စသိခဲ့ရလေသည်။ စာသမား၊ ကဗျာသမားတို့ ထုံးစံအတိုင်း ရေးဖြစ်ဖတ်ဖြစ်ကြသော စာတွေအကြောင်း စကားပြောဖြစ်ကြသည်။

ထိုစဉ်က သူ့မှာတော့ အဘယ်သို့ရှိလေမည်မသိ။ ကျွန်တော်ကမူ ရုပ်ဝါဒအတွေးအခေါ်များဖြင့် စေးကပ်ငြိတွယ်နေချိန်။ ပြည်သူ့ဘဝလှုပ်လာရေး၊ ပစ္စည်းမဲ့လူတန်းစား၊ ဒိုင်ယာလက်တစ်နည်းကျ သိပ္ပံအမြင် စသည့်ဝေါဟာရများ၊ ခံယူချက်များဖြင့် အလိုလို တက်ကြွနေချိန်ဖြစ်၏။

ကိုကျော်ခင်မြင့်သည် ထိုစဉ်က သိပ္ပံဘွဲ့ရပြီးချိန်၊ (ကျွန်တော်မှတ်မိသလောက်)အထက်တန်းရှေ့နေစာမေးပွဲ အောင်ပြီးကာစ ဖြစ်လိမ့်မည်။ ခေတ်ပညာတတ် လူငယ် စာပေသမားချင်း တွေ့ ဆုံပွဲမှာ စိတ်လှုပ်ရှားစရာဖြစ်ခဲ့၏။

သို့သော် ထိုအချိန်ကတည်းက သူ့အသွင်၌ သူ၏ လက်ရှိဘဝ အနေအထားကို အလိုမကျနိုင်သော တစုံတခုရှိနေခဲ့ကြောင်း သတိထားခဲ့မိ၏။ သူ့ခြေလှမ်းတွေ ဘယ်အရပ်သို့ ဦးတည်နေကြောင်း (သူ့ဘာသာ သိမသိတော့ ကျွန်တော်လည်း မသိနိုင်) ကျွန်တော် မမြင်ခဲ့။ အခုနေပြန်တွေးကြည့်လိုက်သောအခါမှ ထိုစဉ်က သူ့သန္တာန်၌ ဝိုးတဝါး ပေါ်နေခဲ့သော အရိပ်ကို ကျွန်တော် ဖမ်းမိလေသည်။ သူသည် ငြိမ်းအေးချမ်းမြေ့သော နားခိုရာတစ်ခုခုကို တောင့်တနေခဲ့သည်ပင်။ ထိုနားခိုရာသည် ရတနာသုံးပါးအရိပ်အာဝါသ ဖြစ်လာလိမ့်မည်ဆိုသည့် အချက်ကိုမူကား ရုပ်ဝါဒအတွေးအခေါ်များဖြင့် ထွေးလုံးရစ်ပတ်ဖြစ်နေသော ကျွန်တော်သည် စိုးစဉ်းမျှပုံဖော်နိုင်လိမ့်မည် မဟုတ်ချေ။

(၂)

နှစ်ကာလများ ရွေ့လျားပြောင်းလဲခဲ့၏။

သဒ္ဓါကြောင့်၊ ဘယာကြောင့်၊ ထို့အပြင် ပစ္စုပ္ပန်ဘဝ လောကဓံတရားများကြောင့် သံသရာဘဝ အဆက်ဆက်က ပါလာခဲ့သော အဟုန်များကြောင့် ကျွန်တော်(တို့တတွေ)သည် အသက်အရွယ်နှင့်အမျှ အတွေးအကြံ အသိအမြင်များ ပြောင်းလဲလာခဲ့၏။ ဗုဒ္ဓမြတ်စွာ၏ "ဝိဘဇ္ဇဝါဒ"သည် ကျွန်တော်၏ ဦးနှောက်အမှေးပါးနှင့် နှလုံးသားပေါ်မှ အညစ် အကြေးတိမ်လွှာများကို လွင့်ပါးပျောက်ကွယ်စေခဲ့သည်။ "ဗုဒ္ဓဟာ ကြီးကျယ်လှတဲ့ အတွေးအခေါ်ပညာရှင်ကြီးပါ"ဟူသော ချွတ်ချော်သည့်အမြင်ကို ကျွန်တော်တို့ အလန့်တကြား စွန့်ပစ်လိုက်ကြ၏။ ဝိဇ္ဇာစရဏဂုဏ်တော်ကို သိမြင်ပူဇော်ကြရ၏။ ဧဟိ ပဿိကော တရားဂုဏ်

တော်၏ ထက်မြက်မှုကို နားလည်လာကြ၏။ အနုတ္တရ ပုညခေတ္တံ သံဃာ့ဂုဏ် တော်ကို သဘောပေါက်လာကြ၏။

ရတနာသုံးပါးတို့၏ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို ဆင်ခြင်နှလုံးသွင်းမိလာပြီး နောက်ဝယ် ကျွန်တော်တို့၏ သန္တာန်သည် လုံးဝ ပြောင်းလဲ သွားလေသည်။

ကျွန်တော်၏ ထိုအခြေအနေများ ပြောင်းလဲမှု ကာလတစ်လျှောက်တွင် ကိုကျော်ခင်မြင့်တစ်ယောက်ကော ဘယ်သို့ ရှိလေသနည်း။ စင်စစ်မှ သူနှင့် ကျွန်တော်သည် စာပေနယ်တွင် တပူးတွဲတွဲ မဆက်ဆံမိခဲ့ကြ။ မောင်ရင့်ကျူး (မြောင်းမြ)ဆိုသော ကဗျာ ဆရာတစ်ယောက်ကို ကျွန်တော် မေ့နေခဲ့ရိုးအမှန်ပင်။

သို့သော် ဘဝတစ်တွေ့ တစ်ချိုးဝယ် ကျွန်တော်တို့ ပြန်လည်တွေ့ဆုံကြဖို့ အကြောင်း ဖန်လာခဲ့၏။

## (၃)

ရတနာသုံးပါး နောက်ခံပြုဝတ္ထုများကို ကျွန်တော် အစဉ်တစိုက် ရေးဖြစ်လာသည် နောက်တွင် ဆရာပါရဂူမှတဆင့် ကိုကျော်ခင်မြင့်နှင့် ထပ်မံတွေ့ဆုံဖို့ အကြောင်းဖြစ်လာသည်။ မြတ်ဆုမွန် ဘာသာရေးစာစောင်တွင် ကျွန်တော်ရေးနေရာမှ "ဗောဓိ"အမည်ရှိ လစဉ်ထုတ် စာစောင်တစ်ခုအကြောင်းသိလာရ၏။ ဗောဓိ၏ တာဝန်ခံမှာ ကိုကျော်ခင်မြင့်။

ရွှေဘုံသာလမ်းရှိ သူ၏ ဆိုင်ဧည့်ခန်းတွင် ကျွန်တော်တို့ ဆုံမိကြသည်။ စိန်ရွှေရတနာဆိုင်ထဲတွင် ကျွန်တော်တို့သည် ရုပ်ဝတ္ထု ရတနာများအကြောင်း မပြောဖြစ်ကြပဲ လောက၏ အမွန်မြတ်ဆုံးသော ရတနာသုံးပါးအကြောင်းများကို ပြောဖြစ်ကြလေသည်။

ထိုအခါကျမှ သူ၏ ပြောင်းလဲဖြစ်တည်မှုကို ကျွန်တော်အနီးကပ်တွေ့လိုက်ရလေသည်။ သူ တရားရုံးချုပ်ရှေ့နေ စာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးခဲ့ကြောင်း၊ တစ်နစ်ခန့် တရားရုံးချုပ် ရှေ့နေအဖြစ် အမှုလိုက်ခဲ့သေးကြောင်း စသည်ဖြင့် ဖြတ်သန်းမှုများ။ ကျွန်တော်ကလည်းတက္ကသိုလ်ဒဿနိက ဗေဒနည်းပြ၊ ထိုမှသည် ဗဟို သမဝါယမ သင်တန်းနည်းပြ၊ ထိုမှသည် အစိုးရလခစား အဖြစ်မှ နှုတ်ထွက်ကာ ဇာတ်အဖွဲ့တစ်ဖွဲ့၏ ဒါရိုက်တာ စသည် ဖြတ်သန်းမှုများ။

လူတစ်ယောက်အနေဖြင့် ကြီးမားသော အချိုးအကွေ့များဟု ဆိုနိုင်သော်လည်း ပြောင်းလဲမှု ဖြစ်စဉ်ကြီးထဲတွင် ကျွန်တော်တို့တစ်တွေ၏ ပုဂ္ဂလိက ပြောင်းလဲမှုများမှာ မြူမှုန်လေး တစ်မှုန်စာမျှသာ ဖြစ်ပေမည်။

"ကိုချစ်ဦးညိုရဲ့ စာတွေ ကျွန်တော်ဖတ်ရပါတယ်၊ ဝမ်းသာတယ်၊ သာဓုခေါ်နေတယ်"

သူ့စကားကိုကြည်နူးရမည်ထက် ကျွန်တော် မသိလိုက်သော သူ့ပြောင်းလဲမှုများကို သိရခြင်းအတွက် အံ့ဩရခြင်းက ပိုနေ၏။

သာသနာရေးဦးစီးဌာန အဘိဓမ္မာစာမေးပွဲကို အောင်မြင်ခဲ့ပုံ၊ မစိုးရိမ် အဘိဓမ္မာစာမေးပွဲ အောင်မြင်ခဲ့ပုံ၊ ဝိသုဒ္ဓိမဂ် စာမေးပွဲကို တတိယ အဆင့်ဖြင့် ရန်ကုန်တိုင်း ပထမဖြင့် အောင်မြင်ခဲ့ပုံ၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း နည်းပြ ဆရာအဖြစ် မွမ်းမံ သင်တန်းတက်ခဲ့ပုံ၊ ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများ၌ ကိုကျော်ခင်မြင့် တစ်ယောက် ထဲထဲဝင်ဝင် ရောက်ရှိခဲ့ပါတကား ဟု ကျွန်တော်သိလာရလေသည်။

"ကျွန်တော့်မှာ အလုပ်တွေ သိပ်များတယ်ဗျာ၊ အချိန်ကမလောက်ဘူး"

ညည်းသံဖြင့် ပြောနေစဉ် သူ့အသွင်ကား တက်ကြွမှုအပြည့်။

မင်္ဂလာဗျူဟာ အသင်းချုပ်အမှုဆောင်၊ ယဉ်ကျေးမှုသင်တန်းနည်းပြဆရာ၊ ဗုဒ္ဓဝင်ပြပွဲကော်မတီ အထွေထွေအတွင်းရေးမှူး၊ သီတဂူကပ္ပိယကာရကအဖွဲ့ အမှုဆောင်၊ တိ=နိ ပင်မဥပဋ္ဌာကသာသနာပြုအဖွဲ့ စာအုပ်စာပေအဖွဲ့ဝင်။

သူ့နယ်အသင်းအဖွဲ့များတွင် ပါဝင် လှုပ်ရှားခြင်းမရှိသော ကျွန်တော်သည်လည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အချိန်မလောက်သူ ဖြစ်နေလေရာ သူ့စကားကို အကြွင်းမဲ့ နားလည်မိ၏။

"ကျွန်တော့်မှာ စာရေး စာဖတ်နဲ့ အချိန်မလောက် ဖြစ်နေတာ ကိုကျော်ခင်မြင့် ဘယ်လိုမအားမလပ် ဖြစ်နေမယ် ဆိုတာကို ကောင်းကောင်းကြီး စာနာမိပါရဲ့ဗျာ"ဟု ကျွန်တော်ပြောဖြစ်၏။

"အေးဗျာ၊ ကျွန်တော့်မှာ စာရေးဖို့တောင် အချိန် မရှိတော့ဘူး၊ ဒါကြောင့် စာရေးအားကောင်းပြီး အရှိန်ရနေတဲ့ ကိုချစ်ဦးညိုတို့ကို အပူကပ်ရတာပဲ၊ ဇောတိအတွက် စာမူပေးဗျာ"

"သံယုတ်ထဲမှာ ဝတ္ထုကြောင်းထက် အတွေးအခေါ်၊ ဉာဏ်ပညာကြောင်းကို ပိုအလေးကဲစေမယ့် ဓာတ်လမ်းလေးတွေရှိတယ်၊ အဲဒါရေးမယ်လေ"

ဇောတိ၌ ရေးဖြစ်ခဲ့၏။ ထိုမှသည် "ဓမ္မဂီရိ" အမည်ရှိ စာစောင်ကို သူဆက်လက် ထုတ်ဝေပြန်သည်။ ကျွန်တော် အထိုက်အလျောက် ပါဝင်ရေးသားခဲ့ရပြန်သည်။ ဓမ္မဂီရိတွင်ရေးရင်း သူနှင့်ကျွန်တော် ဆုံဖြစ်ကြတိုင်း မြန်မာပြည်မှ ဘာသာရေး စာပေဆိုင်ရာ ပညာရှင်များ၊ စာရေးဆရာများအကြောင်း၊ ဆရာကြီးဦးဘခင်၊ ဆရာကြီးဦးဂိုအင်ကာအကြောင်း ဆွေးနွေးဖြစ်ကြ၏။ သူ၏ အသောက စာပေတိုက်အနေဖြင့် ထုတ်ဝေဖြန့်ချိလိုသည့်ဘာသာရေးစာအုပ်များ အကြောင်းကို ရည်မှန်းချက်ကြီးစွာ ပြောတတ်၏။

သည့်နောက်ပိုင်းတွင်ကား သူ့လှုပ်ရှားမှုတွေကို ကိုယ်တိုင်သော်လည်းကောင်း၊ တစ်ဆင့်သော် လည်းကောင်း ကြားသိမြင်တွေ့ခဲ့လေသည်။ ဓမ္မဇောတိ ဝိပဿနာရိပ်သာ၊ အိန္ဒိယနိုင်ငံ အိဂတ်ပူရီ အပြည်ပြည်ဆိုင်ရာ ဝိပဿနာ အကယ်ဒမီအဖွဲ့ နီးနှောဖလှယ်ပွဲ တိ=နိ ဥပဋ္ဌာက သာသနာပြုအဖွဲ့၏ လှုပ်ရှားမှုများ၊ ဓမ္မဒါန ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များ၊ ထို့နောက် သူနှင့် သူ့ဇနီး ဒေါ်ခင်ခင်စိန် မိသားစု၏ အလှူဒါနပွဲများ။

သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ကို သူရရှိပြီဟု ကြားရသောအခါ ကျွန်တော် အံ့သြခြင်း မဖြစ်မိ၊ ကြည်နူးဝမ်းသာ မုဒိတာအလျှံတွင် "သည်အပင်စိုက်သူမို့ သည်အသီးစားရပေတယ်"ဟု နားလည်လက်ခံမိလေသည်။ သူသည် အသီးကို မျှော်ကိုးစိုက်သူ မဟုတ်စေကာမူ သူစိုက်သည့်အပင်ကပင်လျှင် အသီးသီးဖို့ ဓာတ်ခံပါခဲ့ပြီးသား ဖြစ်ချေသည်။

(၄)

ရတနာသုံးပါး၏ဂုဏ်၊ ကံ,ကံ၏အကျိုး ဤနှစ်မျိုးကို ယုံကြည်သက်ဝင်သော သဒ္ဓါတရားစွယ်စုံ ထား၍ လှူဒါန်းခြင်းသဒ္ဓါဒါန။

လှူဖွယ်ဝတ္ထုကို သပ်ယပ်လေးမြတ် အလှူခံ ပုဂ္ဂိုလ်များအား အရိုအသေပြု၍လှူခြင်း

သက္ကစ္စဒါန။

အချိန်အခါကိုသိ၍ လှူခြင်း ကာလဒါန။

လှူဖွယ်ဝတ္ထုအပေါ် တွယ်တာခုံမင်စိတ် မထားဘဲ လွတ်လွတ်စွန့်ကြဲ မုတ္တစာဂီစေတနာဖြင့် လှူခြင်း အနုဂ္ဂဟိတဒါန။

မိမိသူတစ်ပါး နှစ်ဦးသားကို မထိပါးဘဲ လှူခြင်း အနုပဟစ္စဒါန။

သပ္ပုရိသဒါန ငါးမျိုးနှင့် စပ်လျဉ်း၍ကား ကိုကျော်ခင်မြင့်လို ပုဂ္ဂိုလ်မျိုးအတွက် အထူးအထွေ ဆိုစရာမရှိတော့ပြီ။ သူသည် ပုညကြိယဝတ္ထု ဆယ်ပါးနှင့် ကျွမ်းဝင်ရင်းနှီးသော ဥပါသကာတစ်ဦး။

ယခုတစ်ဖန် သူသည် ဒုတိယအကြိမ် သီဟ သုဓမ္မ မဏိ ဇောတဓရ ဘွဲ့တံဆိပ်ကို ထပ်မံ ရရှိခဲ့ပြန်ပြီ။

အဘိဓမ္မာ စာမေးပွဲများတွင်လည်း ကိုယ်တိုင် ဖြေဆိုအောင်မြင်သူလည်းဖြစ်၊ ဘာသာရေး သင်တန်းများတွင် သင်ကြားပို့ချပေးခဲ့သော ဆရာလည်းဖြစ်၊ ဘာသာ သာသနာ ပြည်တွင်းပြည်ပ လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားသူလည်းဖြစ်၊ ဘွဲ့တံဆိပ်များကို ထိုက်တန်စွာ ရရှိခဲ့သူလည်း ဖြစ်သော မိတ်ဆွေကြီး အတွက် "အမှတ်တရစာ"ကို ဘာသာရေး နောက်ခံ ဝတ္ထုများရေးသော ကျွန်တော်က မည်သို့မည်ပုံ ရေးရမည်နည်း။

သူ၏ အလှူဒါနများကလည်း လိုလေသေး မရှိ၊ ထောင့်စေ့လှစွာ၏။ သူ့အတွက်အကြံပေး စရာ ကူပံ့စရာ ရေးသားချက် တစ်ခုခုကို မည်သို့ကြံစည်ရ မည်နည်း။

နောက်ဆုံးတော့ သူကိုယ်တိုင်လည်း သိပြီးဖြစ်သော ဤအမှတ်တရစာအုပ်တွင် ပါဝင်ရေးသားကြမည့် ပညာရှင်များလည်း သိပြီးဖြစ်သော အကြောင်းအရာတစ်ခုကို ရေးသားဖို့မှအပ ကျွန်တော့်မှာ အခြားပြုဖွယ်မရှိပြီ။

သူသည် အမျိုးအမည် စုံလင်ပြည့်ဝသော "ဝတ္ထုဒါန"ကို ပြုခဲ့၊ ပြုဆဲ၊ ပြုအံ့ ပုဂ္ဂိုလ်ဖြစ်၏။ မွန်မြတ်သော စိတ်အာရုံ ပြဋ္ဌာန်းသည့် "စေတနာဒါန" နှင့်လည်း ပြည့်စုံသူ ဖြစ်၏။ ပုဗ္ဗ၊ မုဉ္စ၊ အပရပုံမျိုးနှင့် ပြည့်စုံသူလည်းဖြစ်၏။ သို့ဖြစ်လေရာ—

မိတ်ဆွေကြီး ကိုကျော်ခင်မြင့်နှင့် စပ်လျဉ်း၍ ကျွန်တော့်ခေါင်းထဲ ပေါ်လာသောအရာမှာ တစ်ခု သာရှိတော့၏။

ကုသိုလ်ပြုနေစဉ်အခါ၊ ကံကိုလည်းကောင်း၊ ကံ၏ အကျိုးကိုလည်းကောင်း နားလည်သော ကမ္မဿကတာဉာဏ်ပါသည့် မိမိ၏ကုသိုလ်စိတ်။

သံသရာအကျိုးကို နားလည်သောဉာဏ်၊ တစုံတခု ပေးလှူတိုင်း "ရုပ်ကလာပ်အစုသာပါ တကား၊ မမြဲသော၊ ဆင်းရဲသော၊ မပိုင်စိုးသော အရာပါ တကား" ဟု ဝိပဿနာတင်လှူသည့် ဉာဏ်ဓာတ် ကုသိုလ်စိတ်၊ ရှေ့နောက် ကုသိုလ်များ ခြံရံနေသည့် မြတ်သော ဥက္ကဋ္ဌ အမျိုးအစား ဝင် "ဝိဝဋ္ဋနိဿိတ ကုသိုလ်"။

မိတ်ဆွေကြီး၏ ရှေ့အလားအလာကို ဤသို့ ဤနှယ်ပင် ကျွန်တော်ကမှန်းတင်လိုက် ချင်ပါသည်။

တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ရှင်အဖြစ်သို့——။

**ချစ်ဦးညို**

# ရှင်အာနန္ဒာ၏ ဆွေမျိုးများ

ကျော်လှိုင်

ရွှေတိဂုံ ဆူးလေစသော ဘုရားများသို့ ဘုရားဖူးရောက်တိုင်း အိန္ဒိယတောင်ပိုင်းသား အနွယ်ဝင်များ ဘုရားဝတ်ပြုနေသည်ကို တွေ့တွေ့နေရပါသည်။ စတင်တွေ့မြင်စက လုံးဝနားမလည်ပါ၊ သဘောလည်း မပေါက်ပါ။ နောက်ပိုင်းကျမှ ဘာကြောင့် ဘုရားဝတ်ပြုသည်ကို သိလာရပါသည်။

အိန္ဒိယတောင်ပိုင်းသား အနွယ်ဝင်များ ဘုရားဝတ်ပြုရာ၌ နှစ်မျိုးနှစ်စားရှိပါသည်။

ပထမအမျိုးမှာ ဟိန္ဒူဘာသာဝင် ဖြစ်၍

ဒုတိယအမျိုးမှာ ဗုဒ္ဓဘာသာဝင်ဖြစ်၍ ဖြစ်ပါသည်။

"ဟိန္ဒူဘာသာဝင် ဖြစ်ပါလျက် ဗုဒ္ဓဂေါတမကို အဘယ့်ကြောင့် ပူဇော်ကန်တော့သနည်း"ဟု အချို့က မေးကြမည် ထင်ပါသည်။ ဗုဒ္ဓဂေါတမသည် ဟိန္ဒူဘာသာဝင်တို့၏ ကိုးကွယ်ရာ ဗိဿဏိုး နတ်မင်းကြီး၏ အဝတာရခေါ် သက်ဆင်းဖြစ်ပေါ်မှု ရာဇဝင်တွင် နဝမမြောက် အဝတာရ ဖြစ်ပါသည်။ ထို့ကြောင့် ဟိန္ဒူဘာသာဝင်တို့သည် ဗုဒ္ဓဂေါတမသည်လည်း ငါတို့၏ ဗိဿဏိုးနတ်မင်းကြီး၏ ကိုယ်စား ဘဝတစ်ခုဟု အမှတ်ပြုကာ ပူဇော်ကန်တော့ကြခြင်း ဖြစ်ပါသည်။ ဟိန္ဒူနတ်ကွန်း အသီး သီးတွင်လည်း နတ်ရုပ်များအကြားတွင် ဗုဒ္ဓဂေါတမဆင်းတုတော်ကို တည်ထားကိုးကွယ်လေ့ ရှိပါသည်။ ထိုဟိန္ဒူဘာသာဝင်တို့သည် စေတီပုထိုး ဘုရားရုပ်ပွားကိုကား ရှိခိုး၏။ သို့သော် ဗုဒ္ဓဘာသာဝင် မဟုတ်ချေ။ အဓိက ကိုးကွယ်မှုက ဟိန္ဒူဘာသာ ဖြစ်ပါသည်။

ဒုတိယအမျိုးအစားကား ဗုဒ္ဓဘာသာဝင် ဖြစ်သည့် အားလျော်စွာ ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ပါသည်။ ဟိန္ဒူအယူဝါဒကို လုံးဝစွန့်လွှတ်ပြီးသူ ဖြစ်၏။ အချို့ဆိုလျှင် ဟိန္ဒူဘာသာ၏ ရိုးရာယုံကြည်မှုကိုပင် မသိကြချေ။

အိန္ဒိယတောင်ပိုင်းသားတို့ ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်း၌ အသောကမင်းကြီး၏ ကျေးဇူး လွန်စွာ ကြီးမား၏။ တတိယ သံဂါယနာတင်ပွဲ အပြီး၌ ကိုးတိုင်းကိုးဌာနတို့ သာသနာပြု စေလွှတ်ရာတွင် အိန္ဒိယပြည် တောင်ပိုင်းတစ်ခုထဲမှာပင် လေးဌာန ပါဝင်၏။ ထိုလေးဌာနကား—

(၁) မဟာရဋ္ဌတိုင်း၊

(၂) ဝနဝါသီတိုင်း၊

(၃) မဟိသာသကတိုင်း၊

(၄) အပရန္တတိုင်း

တို့ ဖြစ်ပါသည်။

ထို့ပြင် ကလိင်္ဂတိုင်း၊ အန္ဓကတိုင်း၊ စောဠတိုင်း၊ ပဏ္ဍုတိုင်းများသို့ အသောကမင်းကြီး ကိုယ်တိုင် အမတ်တမန်တို့ကို စေလွှတ်၍ သာသနာပြုစေကြောင်း ကျောက်စာ အထောက်အထား ရှိသေး၏။

တစ်ဖန် သာသနာနှစ် လေးရာကျော်ကာလက သီဟိုဠ်ကျွန်း၌ စတုတ္ထ သံဂါယနာ မတင်မီ သီဟိုဠ်ကျွန်းဖက်မှ ပိဋကသုံးပုံဆောင် ရဟန်းတော် ခုနစ်ရာ အိန္ဒိယပြည်ဖက်သို့ ကူး၍ သီတင်းသုံးတော်မူကာ ပရိယတ္တိသာသနာ မပျောက်မပျက်ရအောင် ဆောင်ရွက်ကြသဖြင့် ပင်လယ်နှင့်နီးစပ်ရာ ဒေသများ၌ ပရိယတ္တိ

သာသနာပျံ့နှံ့ထွန်းကားခဲ့သည်။အန္တကအဌကထာကြီးပင်လျှင် အန္တကတိုင်းမှာ ဖြစ်ထွန်းခဲ့သည်။

ထို့နောက် သာသနာနှစ် ၉၀၀အတွင်း အဌကထာ ဆရာအရှင်မဟာဗုဒ္ဓဃောသမထေရ်၏ လက်ထက်မှစ၍ ရူပသိဒ္ဓိ ကျမ်းပြုဆရာ အရှင်စောဠိယ ဗုဒ္ဓပိယတို့ လက်ထက်တိုင်အောင် သာသနာတော် စည်ပင်ထွန်းကားခဲ့သည်ဟု ဆိုရပါမည်၊ အရှင်မဟာဗုဒ္ဓဃောသနှင့် ခေတ်ပြိုင်ဗုဒ္ဓဝင် အဌကထာစသော အဌကထာကျမ်းပြု အရှင်ဗုဒ္ဓဒတ္တသည် စောဠတိုင်း၊ တမ္ဗပဏ္ဏိမြစ်အနီး ဥရဂမြို့သား ဇာတိဖြစ်၏။ ပရမတ္ထဝိနိစ္ဆယ၊ အဘိဓမ္မတ္ထသင်္ဂဟ စသော ကျမ်းပြုဆရာ အရှင်အနုရုဒ္ဓသည် အရှင်ဗုဒ္ဓဒတ္တနှင့် ဆရာတူတပည့် ဖြစ်သည်။ ကဉ္စိပုရတိုင်း၊ ကာဝေရိမြို့ ဇာတိဖြစ်သည်။ အရှင်ဓမ္မပါလသည်လည်း ကဉ္စိပုရတိုင်းမှပင် ဖြစ်သည်။ နေတ္တိအဌကထာကို ပဏ္ဍုတိုင်း၊ နာဂပဋ္ဋနမြို့ ဓမ္မာသောကမင်းကြီး ကောင်းမှု ဗဒရတိတ္ထကျောင်း၌ စီရင်တော်မူသည်။ မူလဋီကာဆရာ အရှင်အာနန္ဒာ၊ ဝိမတိဝိနောဒနီဋီကာဆရာ အရှင်ကဿပ၊ သာရတ္ထ ဒီပနီဋီကာ ဆရာ အရှင်သာရိပုတ္တရာ၊ ကစ္စာယန ကျမ်းပြုဆရာ အရှင်ကစ္စာယနမထေရ်တို့လည်း ဤ အိန္ဒိယ တောင်ပိုင်း ဒမိဠတိုင်းသားများပင် ဖြစ် သည်ဟု ပညာရှင်တို့ လက်ခံကြရသည်။ [ဗုဒ္ဓ သာသနိက ပဌဝိဝင်ကျမ်းကြီး၊ ၂၅၄-၂၅၅ ရှုပါ။]

ဤသို့ ဗုဒ္ဓသာသနာတော် အစဉ်အဆက် ထွန်းကားခဲ့သဖြင့် ဗုဒ္ဓဘာသာဝင် ဖြစ်လာရသည်လည်းတစ်ကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်နေထိုင်ခြင်းဖြင့် မြန်မာဗုဒ္ဓဘာသာဝင်နှင့်မခြားဗုဒ္ဓဘာသာဝင် ဖြစ်လာရသည်လည်း တစ်ကြောင်းကြောင့် အိန္ဒိယတောင်ပိုင်း ဇာတိ ဗုဒ္ဓဘာသာဝင်တို့သည် မြန်မာ ဗုဒ္ဓဘာသာဝင်တို့နှင့် မခြားနားချေ။ အိန္ဒိယအသွင်အပြင် မပျောက်သည်သာ ထူးပါသည်။

[မကြာမီက ပျံလွန်တော်မူခဲ့သော သခြေကန်ဆရာတော်ကြီး (အရှင်ဝါသေဋ္ဌာဘိဝံသ) သည် အိန္ဒိယ တောင်ပိုင်းနွယ်ဖွား ဇာတိဖြစ်၏။ သို့သော် ဆရာတော်ကြီးကို ဖူးရသူမှန်သမျှ ဆရာတော်ကြီးကို မြန်မာ့အသွင်ဖြင့် ဖူးမြင်ကြည်ညိုရသည်ချည်း ဖြစ်ပါသည်။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ သဒ္ဓမ္မသိတဂူချောင် သပိတ်အိုင်ဆရာတော် အရှင်ဉာဏိဿရသည်လည်း အိန္ဒိယတောင်ပိုင်းနွယ်ဖွားပင် ဖြစ်ပါသည်။]

ဆရာစဉ်ဆက် ဗုဒ္ဓဘာသာအခြေခံ အစဉ်အလာ အားကောင်းခဲ့လင့်ကစား ထိုအိန္ဒိယ တောင်ပိုင်းနွယ်ဖွား ဗုဒ္ဓဘာသာဝင်များကို ရှင်အနုရုဒ္ဓါ၏ ဆွေမျိုးများဟု မှတ်ထင်ကာ လေးစားခဲ့မိပါသည်။ ရှင်အနုရုဒ္ဓါ၏ ဆွေမျိုးများဟု ကင်ပွန်းတပ်မိခြင်းမှာ ဦးကျော်ခင်မြင့်ကို အကြောင်းပြု၍ ဖြစ်ပါသည်။

ဦးကျော်ခင်မြင့်နှင့် လူချင်း မသိကျွမ်းသေးခင် လွန်ခဲ့သော ဆယ်နှစ်က မောင်ရင့်ကျူး (မြောင်းမြ) ဟူသော ကလောင်အမည်နှင့် ပတ်သက်၍ ရတနာမွန်မဂ္ဂဇင်း (ထိုစဉ်က) အယ်ဒီတာ ဦးအောင်မွန်ကို မေးမြန်းခဲ့ဖူးပါသည်။ ဦးအောင်မွန်၏ ပြောပြချက်အရ အိန္ဒိယ တောင်ပိုင်းအနွယ် ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်ကြောင်း၊ ဆူးလေဂေါပက အသင်းဝင် ဖြစ်ကြောင်း၊ ဆူးလေအဘိဓမ္မာသင်တန်းသားတစ်ဦးဖြစ်ကြောင်း သိရသည်နှင့် အဘိဓမ္မတ္ထသင်္ဂဟ ခေါ် သင်္ဂြိုဟ်ကျမ်းပြုဆရာ ရှင်အနုရုဒ္ဓါ၏ ဆွေမျိုးဟု အမှတ်ထင်ထင် ကင်ပွန်းတပ်ခဲ့မိခြင်း ဖြစ်ပါသည်။

အရှင်မဟာ ဗုဒ္ဓဃောသ စသော အရှင်မြတ်များ ဗုဒ္ဓသာသနာတော်ဆိုင်ရာ အဋ္ဌကထာကျမ်းကြီးများကို ပြုစုခဲ့သည် မှန်လင့်ကစား၊ ထိုအဋ္ဌကထာကျမ်း ကြီးများသည် သင်္ဂြိုဟ်ကျမ်းလောက် လူသုံးမများဟု ရိုးသားစွာ ယုံကြည်ပါသည်။ ရှင်အနုရုဒ္ဓါ၏ သင်္ဂြိုဟ်ကျမ်းကား အဘိဓမ္မာကျမ်းရင်းကြီးများကို မလေ့လာနိုင်သူအဖို့ အဘိဓမ္မာအခြေခံ အသိရရန် လွန်စွာ ကောင်းမွန်သော ကျမ်းဖြစ်ပါသည်။ အဘိဓမ္မာကျမ်းရင်းများကို လေ့လာပွန်းတီးသူတို့ပင် ဤသင်္ဂြိုဟ်ကျမ်းဖြင့် အခြေခံရယူခဲ့ရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပရိယတ္တိသာသနာနယ်ပယ်တွင် သင်္ဂြိုဟ်ကျမ်းသည်အရေးအပါဆုံးဖြစ်ပါသည်။ ဤအချက်ကို မှတည်၍ ရှင်အရုနုဒ္ဓါ၏ ဆွေမျိုးများဟု ကင်ပွန်းတပ်ခြင်းဖြစ်ပါသည်။

၁၉၈၇–ခုနှစ်ကစ၍ ဦးကျော်ခင်မြင့်နှင့် လူချင်းလည်း ရင်းနှီးခဲ့ရ၏။ တိ=နိ စာအုပ်စာပေအဖွဲ့တွင် အတူလက်တွဲ၍ လုပ်ဆောင်နေသည်မှာလည်း ယနေ့တိုင် ဖြစ်ပါသည်။

ဦးကျော်ခင်မြင့်သည် စာပေပရိယတ်ကို မြတ် နိုးသည်။ အချိန်ရလျှင် ကြိုးကြိုးစားစားဖြင့် ဗုဒ္ဓ စာပေများကို လေ့လာလေ့ သင်တန်းတက်လေ့ရှိသည်။ အလှူအတန်းလည်း ရက်ရောသည်၊ မကြာခဏလည်း အလှူပေးလေ့ရှိ၏။ သာသနာပြု စိတ်ဓာတ်လည်း ရှိ၏။ ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှု သင်တန်းကို အပတ်စဉ်မပျက် ပို့ချပေးလျက်လည်း ရှိ၏။

ဤသို့ ဗုဒ္ဓသာသနာ အခြေခံ မြေကောင်း ရေကောင်းမှ ပေါက်ဖွားလာသော သူတော်ကောင်းတစ်ယောက်ဟု ထင်ရှားသော ဦးကျော်ခင်မြင့်သည်–

သာသနာပြုဘွဲ့တံဆိပ်ဖြစ်သည့် သဒ္ဓမ္မဇောတိကဓဇဘွဲ့ကိုလည်းကောင်း၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ဖြစ်သည့် သီဟသုဓမ္မမဏိဇောတဓရဘွဲ့ကိုလည်းကောင်း ချီးမြှင့်ခြင်းခံရသူဖြစ်ပါသည်။

ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဦးကျော်ခင်မြင့်၏ လုပ်ဆောင်ချက်များအတွက် နောင်အနာဂတ်ကာလ တွင်လည်း လူပုဂ္ဂိုလ်တို့အား အပ်နှင်းသည့် အမြင့်ဆုံး သာသနာပြု ဘွဲ့တံဆိပ်ကို ရရှိမည်မှာ မလွဲပါချေ။ အဘယ့်ကြောင့်ဆိုသော် ဦးကျော်ခင်မြင့်သည် အသက် လေးဆယ်ကျော် ငါးဆယ်တွင် လူရွယ် လူလတ်မျှသာ ရှိသေးသောကြောင့် ဖြစ်ပါသည်။

ဦးကျော်ခင်မြင့်၏ ဗုဒ္ဓသာသနာပြု လုပ်ငန်းကို မဟာဂန္ဓဝါစကပဏ္ဍိတ၊ ဝိနယပါဠိပါရဂူ၊ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဗုဒ္ဓဒေသနာ ပြန့်ပွားရေးဌာနမှူး (ဟောင်း) ဆရာတော်အရှင်ရာဇိန္ဒ၏ မင်္ဂလာကဗျာနှင့်ပင် သာဓုခေါ်လိုက်ရပါတော့သည်။

**သဒ္ဓမ္မဇောတိကဓဇ၊**
**သီဟသုဓမ္မမဏိဇောတဓရ နှစ်ဘွဲ့ဆင်တင့်**
**ဦးကျော်ခင်မြင့်အား ကျူးရင့်ဂုဏာ**
**မင်္ဂလာကဗျာ**

သာသနာ့ဂုဏ်ရောင် အထူးလျှော်တင့်တဲ့
ဦးကျော်ခင်မြင့် အာဇာနည်၊

ကျိုးဆောင် တိုးအောင် ဘာသာရေး
ခါခါမနေး ပါရှာသည်။

လှူတာ ကူတာ စုံညီပြုလို့ ဂုဏ်ရည်နှစ်ခု
ပြိုင်လာသည်။

သဒ္ဓမ္မနောင် ဇောတိကဟု သီဟသုဓမ္မ
မဏိမည်။

ကြောင်းမြော်ရှု ပေါင်းဖော်တစ်စု သာဓု
သာဓု သာဓု ခေါ်သံချီ။

**ကျော်လှိုင်**

ဓမ္မခရီးသည်

## ဦးကျော်ခင်မြင့်

(သို့မဟုတ်)

# ပုဂ္ဂလပညတ်ပါဠိတော်က အလိုရှိနေသောသူမျိုး

နှစ်ဖက်လှ

ဗုဒ္ဓရှင်တော်ဘုရားသည် အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူရာ၌ ပရမတ်အသား ဓာတ်အသားတို့ကို ဦးစားပေး၍ ကျမ်းကြီးငါးကျမ်း ဟောတော်မူ၏။ ထိုကျမ်းတို့ကား ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ယမိုက်နှင့် ပဋ္ဌာန်းကျမ်းတို့တည်း။ ထိုရုပ်နာမ် ပရမတ်တို့နှင့် စပ်လျဉ်း၍ လောက လူသားတို့၌ ဖြစ်ပေါ်တတ်သော အယူဝါဒရေးရာတို့အတွက်လည်း ကျမ်းတစ်ကျမ်းစာ မာတိကာထားတော်မူခဲ့၏။ ထိုဘုရားရှင် မာတိကာကို ချဲ့ထွင်၍ တတိယသံဂါယနာပွဲတွင် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်က ကထာဝတ္ထုအမည်ဖြင့် တစ်ကျမ်းဟော၏။

ထို့အပြင် ဆိုခဲ့ပါ ရုပ်နာမ်ပရမတ်တရားတို့ကို ခံဆောင်ဖွဲ့စည်း၍ အထည်ကိုယ် ဒြပ်ကောင်အဖြစ် ပေါ်ပေါက်နေသော လူသတ္တဝါတို့အတွက် အဓိကအားဖြင့် ကျမ်းတစ်ကျမ်းကို ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူခဲ့၏။ ထိုကျမ်းကား ပုဂ္ဂလပညတ်ကျမ်းပေတည်း။

ပုဂ္ဂလပညတ်ကျမ်းတွင် လူသားတို့၏ အရင်ခံ သဘောထား မနောထားတို့ကိုလည်းကောင်း၊ လူ့ပတ်ဝန်းကျင်နှင့် ဆက်စပ်ဖြစ်ပေါ်လျက်ရှိသော စရိုက်အခြေအနေ တို့ကို လည်းကောင်း၊ လူသာမန်အဆင့်ထက်လွန်ကဲသော အရိယာလူသားတို့ကိုလည်းကောင်း၊ ကျယ်ပြန့်စွာ ထင်ဟပ်၍ ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ပညတ်ဖော်ပြထား၏။ တစ်ကမ္ဘာလုံးမှာ ရှိနေသမျှ သန်းပေါင်းများစွာသောလူသားတို့ကို ပုဂ္ဂလပညတ် ပါဠိတော်ဖြင့်ဖမ်းလျှင် မည်သူမျှမလွတ်နိုင်ချေ။ ပုဂ္ဂလပညတ်ပါဠိတော်တည်းဟူသော ပိတ်ကား ပေါ်၌ မိမိတို့၏ အကျင့်တန်သော ရုပ်လွှာ သို့မဟုတ် လုပသောရုပ်လွှာသည် ထင်ရှားစွာ ပေါ်ရသည်သာ ဖြစ်၏။

ပုဂ္ဂလတို့ကို ပညတ်ရာ၌ တစ်မျိုးတစ်စား၊ နှစ်မျိုးနှစ်စား၊ သုံးမျိုးသုံးစား၊ လေးမျိုးလေးစား၊ ငါးမျိုးငါးစား၊ ခြောက်မျိုးခြောက်စား၊ ခုနစ်မျိုးခုနစ်စားဟူ၍ ခွဲခြားပြထား၏။ ယင်းသို့ ခွဲခြားပြရာ၌ အောက်ဖော်ပြပါ လေးပါးစုကို လေ့လာလျှင် ပုဂ္ဂလပညတ်ပုံကိုသိရာ၏။

ဉာဏ်ပညာအဆင်အခြင်ရှိသူသည်

၁။ ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့၏၊

၂။ ချီးမွမ်းထိုက်သူကို ချီးမွမ်း စကားဆို၏၊

၃။ မကြည်ညိုထိုက်သူကို မကြည်ညိုသင့်ကြောင်း ပြော၏၊

၄။ ကြည်ညိုထိုက်သူကို ကြည်ညိုသင့်ကြောင်း ပြော၏၊

ဆိုလိုသည်မှာ ဤလောက၌ လူလေးစားရှိ၏။

၁။ ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့တတ်သောသူတစ်မျိုး၊

၂။ ချီးမွမ်းထိုက်သူကို ချီးမွမ်းနိုင်သောသူတစ်မျိုး၊

၃။ ကြည်ညိုထိုက်သူကို ကြည်ညိုတတ်သောသူ တစ်မျိုး၊

၄။ မကြည်ညိုထိုက်သူကို မကြည်ညိုသင့်ကြောင်း ပြောသူတစ်မျိုး၊

ဤကဲ့သို့ လူလေးမျိုးလေးစားရှိ၏ဟူလို။

ဆိုခဲ့ပါ လူလေးမျိုးကား အသိအလိမ္မာ ဉာဏ်ပညာ အဆင်အခြင်ရှိသူမျိုးဖြစ်ပေ၏။ မှန်၏။ ပညာရှိသူ အသိအမြင်အဆင်အခြင်ရှိသူမျိုးသည်သာ အမှန်အတိုင်းပြော၏။ ပညာမဲ့သူ၊ အသိအလိမ္မာ အဆင် အခြင်နည်းသူ ဖြစ်မူကား–

– ကဲ့ရဲ့ထိုက်သူကို မကဲ့ရဲ့၊

– ချီးမွမ်းထိုက်သူကို မချီးမွမ်းနိုင်၊

– ကြည်ညိုထိုက်သူကို မကြည်ညို၊

– မကြည်ညိုသင့် မကြည်ညိုထိုက်သူကို ကြည်ညို၊

ဤသို့ဖြင့် မတော်မတရား အဂတိလိုက်စား၍ မိုက်မှားလေ၏။ ဖြစ်ထိုက်ဖြစ်သင့်သည်နှင့် ကလွဲ ကချော် လောကနှင့် မတော်မတဲ့ ပြုကျင့်တတ်ပေ၏။

သို့သော် ဤသို့သော ပညာအဆင်အခြင်ရှိသူလေးမျိုး၊ အဂတိသမား၊ လူညံ့လေးမျိုးတို့ကား ဤကမ္ဘာလောကကြီးထဲ၌ နေရာတိုင်း၌ ရှိနေသည်ပင်။ ဤသို့ရှိနေကြောင်းကို ပုဂ္ဂလပညတ် ဒေသနာက ဓမ္မာစိဋ္ဌာန်ကျကျ ညွှန်ပြထားပေ၏။ မိမိကိုယ်ကိုပင်လျှင် ဖော်ပြပါ လူလေးမျိုး၌ သွင်းကြည့်အပ်ပေ၏။ ပုဂ္ဂလပညတ်ဖြင့် စာရင်းရှင်းကြည့်သင့်ပေ၏။ ငါ ဘယ်လိုလူစားလဲ။

ပုဂ္ဂလပညတ်ပါဠိတော်တွင် နောက်ထပ် လူလေးမျိုး လေးစားကို ဤသို့ ကွဲပြားခြားပြထား၏။

၁။ အမှောင်ထဲကလာပြီး အမှောင်ထဲဆက်သွားသူမျိုး၊

၂။ အမှောင်ထဲကလာပြီး အလင်းဝင်သွားသူမျိုး၊

၃။ အလင်းထဲမှနေပြီး အမှောင်ထဲ ဝင်သွားသူမျိုး၊

၄။ အလင်းထဲကလာပြီး အလင်းသို့ပင် ဆက်သွားသူမျိုး၊

ဤကဲ့သို့ လူလေးမျိုးလေးစားရှိကြောင်းလည်း ပညတ်ထားပြန်၏။

ဆိုပါစို့ - အကြင်သူတစ်ဦးသည် ယုတ်နိမ့် ဆင်းရဲနွမ်းပါးသော အမျိုး၌ဖြစ်၏။ ရုပ်ရည် မလှ၊စကားမသာ၊ အမူအရာဆိုးဝါး၏။ ဤကား အမှောင်ထဲကလူတည်း။ သူသည် ယုတ်မာသော လူမှုဒုစရိုက် တို့ကို ပြုလုပ်၏။ လောကကြီးကို ဒုက္ခအမျိုးမျိုးပေး၏။ သေတော့လည်း အပယ် ငရဲကျ၏။ ဤသို့သော လူမျိုးကား အမှောင် ထဲကလာပြီး အမှောင်ထဲသို့ ဆက်သွားသူမျိုး ဖြစ်ပေ၏။

အကြင်သူတစ်ဦးမူကား ဆိုခဲ့ပါအတိုင်း အမျိုးနိမ့်ကျ၏။ ရုပ်ရည်ညံ့၏။ စကားမသာ။ အမူအရာ မတင့်တယ်။ သို့သော် သူသည် အသိအလိမ္မာရှိသောကြောင့် သူ့ဘဝ သူ နား လည်ပြီး လူ့လောကအတွက် ကောင်းသော လူမှုသုစရိုက်တို့ကို ပြုလုပ်၏။ လူ့လောကကို အဖက်ဖက်က အကျိုးပြု၏။ သေတော့ သူ ကောင်းရာသုဂတိရောက်၏။ ဤသူမျိုးကား အမှောင်ထဲကလာရသော်လည်း အလင်းထဲသို့ ဝင်သွား သူမျိုးဖြစ်ပေ၏။

အကြင်သူတစ်ဦးမူကား ပိုက်ဆံချမ်းသာ သော မိဘ၊ ရာထူး ဂုဏ်သိန်ကြီးသော မိဘ ဝမ်းထဲ ဝင်စား၏။ ထို့ကြောင့် ပိုက်ဆံပေါ၏။ ရုပ်ချော၏။ အပြောကောင်း၏။ အဝတ်အစား တိုက်တာ ကိုယ်ပိုင်ကား စသည်ဖြင့် ဟန်ကျ ပန်ကျ ဝတ်ရ စားရ နေရ ထိုင်ရ သုံးရ စွဲရ ၏။ ဤကား အလင်းထဲ၌ ဖြစ်သောသူတည်း။ သို့သော် သူကား စိတ်ပုပ်၏။ စိတ်ယုတ်၏။ သဘောဆိုး၏။ အကျင့်မကောင်း၊ မိဘဂုဏ်ကို ကိုးပြီး ဆိုးချင်တိုင်းဆိုး၏။ သူ့ဝန်းကျင် လောကကို ထိခိုက်နစ်နာစေ၏။ ထိုအထက် တန်းလွှာ လူမိုက်သည် သေတော့ ငရဲကျလေ၏။ ဤသူမျိုးကား အလင်းထဲမှ အမှောင်ထဲသို့ တိုးဝင်သွားသူမျိုးတည်း။

နောက်တစ်မျိုးကား မျိုးကောင်း ရိုးကောင်း ဗုဒ္ဓဘာသာ မိဘဝမ်းထဲဝင်စား၏။ မိရိုးဖလာ ဗုဒ္ဓဘာသာကောင်းသွေး ဗုဒ္ဓဘာသာ ကောင်းတစ်ယောက် ဖြစ်လာ၏။ ရုပ်ရည် သန့်ပြန့်၏။ စကားချိုသာ၏။ အမူအရာ နှစ်သက်ဖွယ်ရှိ၏။ ရိုးသားဖြောင့်မတ်၏။ စိတ်နှလုံးကောင်း၏။ ကိုယ်အပြု နှုတ်အပြော စိတ်အကြံမှန်၏။ ပိုက်ဆံရှိ၏။ ဝတ်ကောင်း စားကောင်း တိုက်ကောင်း ကားကောင်းသုံးရ၏။ သို့သော်သူသည် အကျင့်မတန်၊ အလှူရေစက် လက်နှင့်မကွာ၊ ကိုယ်ကျင့်သိက္ခာရှိ၏။ ပညာ ဗဟုသုတ ဆည်းပူး၏။ အမျိုးဘာသာသာသနာ အကျိုး သည်ပိုး၏။ ဒုစရိုက်ရှောင်ပြီး သုစရိုက် ဆောင်၏။ သူ၏ဝန်းကျင်ကို ချမ်းသာစေ၏။ လောကကို တင့်တယ်စေ၏။ သူသေသောအခါ ကောင်းရာသုဂတိသို့ ရောက်၏။ ဤသို့သော လူမျိုးကားအလင်းထဲမှအလင်းထဲသို့ ဆက်သွား သူမျိုးဖြစ်ပေ၏။

ထိုလူလေးမျိုးအနက် အမှောင်ထဲဝင်သူ သေလျှင် အပါယ်ငရဲကျ၊ အလင်းဝင်သူ သေ လျှင် ကောင်းရာသုဂတိရောက် ဟူသော အချက်နှင့်ပတ်သက်၍ ပညာရှိတို့အမြင်တွင် ပြဿနာမရှိ။ အထက်အညာ တောတောင် ထူထပ်သောဒေသမှာ မိုးတွေရွာနေပြီဟု သိရုံဖြင့် မကြာခင် အောက်အခြေ၌ မြစ်ရေကြီးတော့ မည်ဟု အတပ်သိရ၏။ ထို့ပြင် ကောင်းကင် ပေါ်၌ မီးခိုးကိုမြင်ရုံမျှဖြင့် မီးကို တိုက်ရိုက်မမြင်

ရသော်လည်း အောက်မှာ မီးလောင်နေပြီဟု ကေန်သိရ၏။ ဤနည်းတူ မသေခင်ထဲက မဟုတ်တာတွေကို လုပ်နေသူမှာ သေလျှင် ခွေးဖြစ်ဖို့ ပြိတ္တာဖြစ်ဖို့ ငရဲမီးအလောင်ခံရဖို့ သေချာနေပြီဖြစ်ကြောင်း ပညာရှိတို့က သိ၏။ ထို့ပြင် မသေခင်မှာ ကောင်းတာမှန်တာကို လုပ်နေသူအတွက်လည်း နတ်ရွာတံခါး ပွင့်နေပြီဖြစ်ကြောင်း သိနိုင်ပေသည်။ အကြောင်းကို မြင်လျှင် အကျိုးကိုဆင်ခြင်နိုင်ပေသတည်း။

နောက်ပုဂ္ဂိုလ်လေးမျိုးကိုလည်း ကြည့်ပါဦး။

၁။ ကိုယ်သာတော်၊ သူမတော်စေနှင့် ဆိုသူမျိုး၊

၂။ ကိုယ်မတော်သော်လည်း သူတစ်ပါးကို တော်စေ ကောင်းစေသူမျိုး၊

၃။ ကိုလည်းမတော်, သူတစ်ပါးကိုလည်း တော်အောင်လုပ်မပေးသူမျိုး၊

၄။ ကိုယ်လည်းတော်, သူ့ကိုလည်း တော်အောင် လုပ်ပေးသူမျိုး

ဤသို့လျှင် လူလေးမျိုးတို့ဖြစ်၏။

ပမာဆိုစို့- သူတစ်ဦးသည် ကိုယ်တိုင် အကျင့်သီလရှိ၏။ တည်ကြည်၏။ ပညာတတ်၏။ သို့သော် အခြားမည်သူတစ်ဦး တစ်ယောက်ကိုမျှ ကိုယ့်လို တော်အောင်လုပ်မပေးချေ။ မိမိကိုယ်ကျိုး စီးပွားဖြစ်အောင်သာလုပ်၏။ သူတစ်ပါးလည်း အကျိုးရှိပါစေဟု ပရဟိတစိတ်ထား ကင်းမဲ့၏။ ဤသို့သော လူတစ်မျိုးလည်း ရှိပေ၏။

နောက်တစ်ဦးကား သူကိုယ်တိုင် ကိုယ်ကျင့်မကောင်း၊ မတည်တံ့၊ ပညာမဲ့၏၊ အဖက်ဖက်က နွမ်းပါး၏။ ဆင်းရဲ၏။ ချို့ငဲ့၏။ သို့သော်မိမိ၏ ချို့ငဲ့မှုကို နားလည်ပြီး သူတစ်ပါး ကိုယ့်လိုမဖြစ်ပါစေနှင့်ဟု သဘောကောင်းထားလျက် သူတစ်ပါးတို့အား အကျင့်ကောင်းအောင် သမာဓိရှိအောင် ပညာသင်နိုင်အောင် ကူညီ၏။ ငါတို့တော့ ဘဝအကျိုးပေး မကောင်းလို့ ငယ်စဉ်က ပညာမသင်ခဲ့ရဘူး။ မင်းတို့ ဒီလို မဖြစ်ကြစေနဲ့။ ကြိုးစားကြပါ။ ဤသို့ စသည်ဖြင့် အဖက်ဖက်၌ သူတစ်ပါးတို့တော်အောင် ကောင်းအောင် အားပေးကူညီ၏။ ဤသို့သော လူစားမျိုးလည်း ရှိပေ၏။

နောက်တစ်ဦးကား မိမိကိုယ်တိုင်က အကျင့်စာရိတ္တကောင်း၏။ တည်တည်ကြည်ကြည် ရှိ၏။ ပညာတတ်၏။ ပစ္စည်းရှိ၏။ မိမိ လက်လှမ်းမီသမျှ လူတို့အားလည်း မိမိလိုပင် အကျင့်စာရိတ္တ ကောင်းစေ၏။ တည်ကြည်သူများ သမာဓိရှိသူများ ဖြစ်လာစေရန် လောကီ လောကုတ္တရာ ပညာတတ်များ ဖြစ်လာစေရန် နည်းမျိုးစုံဖြင့် ကူညီ၏။ ပစ္စည်းထောက်ပံ့၏။ သင်တန်းပေး၏။ တရားဟော၏။ ဤသို့ ကိုယ်ကျိုး သူကျိုး နှစ်ကျိုးရှိအောင် လုပ်သူမျိုးလည်းရှိပေ၏။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် ပတ်သက်၍ ထိုပုဂ္ဂိုလ်၏ ပင်ကိုယ်အရည်အချင်း (ဝါ) ပကတိအနေအထားကို အမှန်အတိုင်း ထုတ်ဖော်သိနိုင်အောင် မည်ကဲ့သို့ လေ့လာရမည်၊ မည်ကဲ့သို့ အကဲဖြတ်ရမည် ဆိုသည်ကို မြတ်စွာဘုရားက ကောသလသံယုတ်၊ သတ္တဋ္ဌာနသုတ်မှာ ဤသို့ နည်းပေးထားတော်မူ၏။

သံဝါသေန သီလံ=ကိုယ်ကျင့်တရား ရှိ,မရှိ အနီးကပ်ပေါင်းကြည့်၊

သံဝေါဟာရေန သောစေယျံ=သန့်ရှင်း မသန့်ရှင်း နီးနော၍ပြောဆိုကြည့်၊

အာပဒါသု ထာမော=သတ္တိမရှိ၊ အရေး ရှိကကြည့်၊

သာကစ္ဆာယ ပညာ=ဝမ်းတွင်းပညာ အနှစ်မပါ ဆွေးနွေးကြည့်၊

ဒီဃေန အဒ္ဓုနာ=ကြာကြာလေ့လာမှ သိနိုင်မည်၊ တစ်ခဏ တစ်အောက်လောက် လေ့လာရုံနှင့် မသိနိုင်၊

မနသိကရောတာ = သူ့အကြောင်းကို မပြတ် နှလုံးသွင်းဆင်ခြင်မှ သိနိုင်မည်၊ အမှတ်တမဲ့ ပေါင်းနေ ပြောနေရုံဖြင့် မသိနိုင်၊

ပညဝတာ=ကိုယ်ကလည်း ပညာရှိဦးမှ၊ ကိုယ်နှိုက်က လေ့လာတတ်၊ ချင့်ချိန်တတ်ဖို့ လိုသည်။ [သံ၊ ၁၊ ၇၈၊ ၇၉]

ဤကဲ့သို့ ဘုရားရှင် ပေးတော်မူသော နည်းဖြင့် ယခုစာဂဟော၏ စာခံဖြစ်သူ ဦးကျော်ခင်မြင့်ကို မိမိ သတိထားလာခဲ့၏။ မိမိအနေဖြင့် မဟာနာယက ရုံးဖွင့်ခါစ ၁၉၈၄ခုနှစ် ဒီဇင်ဘာလတုန်းက ဗုဒ္ဓ ယဉ်ကျေးမှု အဘိဓမ္မာဝိသုဒ္ဓိမဂ် ဆရာဖြစ် မွမ်းမံသင်တန်းကို အပရဂေါယာန ကျောင်းဆောင်၌ ဖွင့်ခဲ့၏။ ထိုစဉ်ကစပြီး ဦးကျော်ခင်မြင့်သည် မိမိ၏ အာရုံစက်ဝန်းထဲဝင်လာ၏။ သူ၏ ဇာတိရပ်သည် ထို သင်တန်းကစပြီးပေါ်၏။ သင်တန်းကို ကောင်းစွာလိုက်၏။ ဆရာများကိုလေးစား၏။ သင်တန်းတာဝန်များကို ကူညီဆောင်ရွက်၏။ မဆိုင်သလို မနေခဲ့၊ စိတ်ပါလက်ပါ ပံ့ပိုးကူညီခဲ့၏။

သင်တန်းတက်ပြီးနောက်ပိုင်း၌လည်း သင်တန်း၏ ကျေးဇူးကို မမေ့ဖျက်ခဲ့၊ ဆရာများ၏ ကျေးဇူးကို ဆက်လက်ဖြည့်ဝေ၏။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ ဆက်ပြ၏။ တတ်အားသမျှ လှူလည်းလှူ၏။ ယူဆရာမဟုတ်၊ လှူဆရာ လုပ်ခဲ့၏။ အမျိုးဘာသာ သာသနာအကျိုးကို ဘက်စုံဆောင်ရွက် လာသူဖြစ်ကြောင်း တွေ့ရ၏။

စင်စစ် ဤလိုလူမျိုးသည် ဗုဒ္ဓသာသနာတော်အတွက် လိုအပ်နေသော လူမျိုးမဟုတ်လော။ ဤလိုလူမျိုးများ ပေါ်ထွန်းဖို့ မလိုအပ်ပါသလော။ ဗုဒ္ဓဘာသာသာသနာကို တကယ်ချစ်မြတ်နိုးသူ ကိုယ့် ဘာသာ ကိုယ့်သာသနာကို ကြီးပွားစေလိုသူမှန်သမျှ ဤသို့သော လူငယ်မျိုးကို လက်ကမ်းကြိုဆိုရမည် မဟုတ်ပါလော။

ထို့ကြောင့် နိုင်ငံတော်က လူပုဂ္ဂိုလ်တို့အား ဘွဲ့ထူး ဂုဏ်ထူး ပေးအပ်လာသောအခါ သူလိုပုဂ္ဂိုလ်မျိုးကို တန်ဖိုးထားတတ်သော လုပ်ပိုင်ခွင့်ရှိသူတစ်ဦးက မျက်နှာတံစိုး၊ လာဘ်တံစိုး၊ ဘာတံစိုးမျှမပါ သန့်သန့်ရှင်းရှင်း ထောက်ခံတင်ပြပေးလိုက်သဖြင့် သူသည် ဦးဦးဖျားဖျား သာသနာပြုဘွဲ့ ရသွား၏။ ထို့နောက် သူသည် အလှူရှင်ဆိုင်ရာ ဘွဲ့ကိုလည်း ထပ်မံရ၏။ ထိုဘွဲ့မှကား သူလှူသောငွေကြေးဒါနဝတ္ထုက သူ့အား ပေးသောဘွဲ့ပင်ဖြစ်၏။

ဤတွင် ဦးကျော်ခင်မြင့်အား ဘွဲ့ရ၍ ချီးကျူးသည်မဟုတ်၊ (ဝါ) ဘွဲ့ဖြင့်ချီးကျူးသည် မဟုတ်၊ ဘွဲ့ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ

ဦးကျော်ခင်မြင့်သည် အထက်တွင် ဖော်ပြလာခဲ့သော ပုဂ္ဂလပညတ် ပါဠိတော်က အလိုရှိနေသော ပုဂ္ဂိုလ်ကောင်းတစ်ယောက် ဖြစ်ပေ၏။

သရက်သီးပေါ်ချိန်၌ ဈေးတွေထဲမှာ ရင်ကွဲ၊ ဆင်ပေါင်၊ အောင်တင်၊ မချစ်စုစသော သရက်သီးတွေ ဘန်းတင်ခံရ၏။ ဈေးကြီးပေးဝယ်ယူနေကြ၏။ သို့သော် ဟိမဝန္တာမှ အမ္ဗဋ္ဌရ သရက်သီးကမူ ရယ်၍နေပေရာ၏။ အဘယ့်ကြောင့်နည်း၊ စင်စစ် အမ္ဗဋ္ဌရ သရက်သီးသည် လူသာမန်တို့၏အရာမဟုတ်၊ ဝိဇ္ဇာ ဇော်ဂျီ တပဿီ အရိယာ ပစ္စေကဗုဒ္ဓါတို့နှင့် ထိုက်တန်သော သရက်မင်း မဟုတ်ပါလော။

သို့ဖြစ်၍ ဦးကျော်ခင်မြင့်အား ဘွဲ့ဖြင့် ဉာဏ်ရေးသူက ချီးကျူးရေးသားဘိသော် ဆိုခဲ့ပါ အပြစ် ဒေါသမလွတ် ရှိရာ၏။ စင်စစ် ပုဂ္ဂလပညတ်ပါဠိတော် အရ သုံးလောကထွတ်ထားမြတ်စွာဘုရားက အလိုရှိနေသော ပုဂ္ဂိုလ်မျိုးဖြစ်ကြောင်း ပြောပြသည်က သဘာဝ ပို၍ ကျပေရာ၏။ မှန်၏။ ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်လေးမျိုးတွင် ဦးကျော်ခင်မြင့်ပါဝင်၏။ အလင်းမှ အလင်းသို့ ဆက်ဝင်သူ ဖြစ်၏။ ကိုယ်တော်သလို သူတစ်ပါးလည်းတော်အောင်၊ ကိုယ့်ကျိုးသူ့ကျိုး နှစ်မျိုးရှိအောင် လုပ်တတ်သော လုပ်နေသောသူဖြစ်၏။ ထို့ကြောင့် ဦးကျော်ခင်မြင့်သည် ဘုရားကြိုက်သောသူ ဖြစ်ကြောင်း သိရပေ၏။

အချို့က ပုဂ္ဂိုလ်ရေးဆိုလျှင် ဆင်ချင်ကြ၏။ သို့သော် ဗုဒ္ဓဝင်ကို ဖတ်ကြည့်လျှင် ဘုရားရှင်ကိုယ်တော် တိုင်က တေဒဂ်ထား၍ ချီးကျူးစကား ပြောခံရသူ များစွာတွေ့နိုင်၏။ ပုဂ္ဂိုလ်ရေးပင် ဖြစ်စေကာမူ ပုဂ္ဂလ ပညတ်ပါဠိတော်က လိုအပ်နေသော လူကောင်းလူတော်မျိုးအကြောင်းကို မဖော်ထုတ်လျှင် လူတော်ကို အားမပေးလိုရာ ရောက်၏၊ သို့မဟုတ် ဘုရားကြိုက်သောအလုပ်ကို မလုပ်၊ ဘုရားမကြိုက်သောဘက်က ရပ်တည်ရာ ရောက်၏။

ထို့ကြောင့် မည်သူမဆို ပုဂ္ဂိုလ်ထဲမှာ ကိုယ်တိုင်ပါဝင်နေကြသူ မှန်သမျှ ချီးကျူးထိုက်သူကို ချီးကျူးအပ်၏။ ဣဿာ မစ္ဆရိယ စိတ်ထားမျိုး မထားအပ်ချေ။ သို့မှသာ အမျိုးဘာသာ သာသနာကြီးပွားရေးကို တက်ဖို့လာသူမျိုး ဖြစ်ရာသတည်း။

နှစ်ဖက်လှ

---

**စိတ်ကောင်းမထားက ဆင်းရဲရ၏။**

**စိတ်ကောင်းထားမှ ချမ်းသာရ၏။**

*တိပိဋကဓရ-အဂ္ဂမဟာပဏ္ဍိတ*
*အရှင်နေမိန္ဒ (ပခုက္ကူ)*

# ရဲရင့်သူ (သို့မဟုတ်) ကိုယ့်နောက်ပါအောင်ယူဆောင်နိုင်သူ

ဦးမင်းကြည်(ဓမ္မာစရိယ–ဘီအေ)

စစ်သူကြီးတစ်ယောက်သည် ရန်သူများနှင့် ရင်ဆိုင်တိုက်ပွဲဝင်ရသောအခါ တစ်ဖက်ရန်သူ၏လက်ချက်ကြောင့် မိမိ၏အသက်လည်း မသေပါဘူးဟု အာမခံချက် မရှိပါပေ။ သို့လျှင် အာမခံချက် မရှိသောကြောင့် တစ်ဖက်ရန်သူများနှင့် ရင်ဆိုင်တိုက်ပွဲဝင်ရသော စစ်သူကြီးသည် တိုက်ပွဲ မဝင်မီ အချိန်ကပင် မိမိ၏အသက်ကို စွန့်လွှတ်ထားပြီး ဖြစ်နေရပေသည်။ သေလျှင်မြေကြီး ရှင်လျှင် ရွှေထီးဟူသော ဆိုရိုးစကားကဲ့သို့ မိမိ၏အသက် သေချင်သေသွားပါစေ၊ ရန်သူကိုတော့ နမ်းစေ့လောက်မျှ မကြောက်ရွံ့ဟူသော သူရသတ္တိဖြင့် တိုက်ပွဲဝင်မှသာ ရန်သူကို အောင်မြင်နိုင်ပေမည်။ သို့မဟုတ်ပါက အောင်မြင်ဖို့ မဆိုထားဘိ၊ တိုက်ပွဲဝင်ဖို့ပင် အခက်သား။ ကြောက်အားပိုနေမည်သာ ဖြစ်သည်။ ရန်သူများနှင့် တိုက်ပွဲမဝင်ရမီအချိန်ကပင် မိမိ၏အသက်သေမှာ ကြောက်နေပါက ရဲရင့်သူ မဟုတ်ပါပေ။ မိမိ၏အသက်စွန့်လွှတ်ရမှာ မကြောက်သူသည်သာ ရဲရင့်သူ ဖြစ်ပေသည်။ ရဲရင့်သူသည်သာ အောင်မြင်မှု သရဖူကို ရအောင်ယူ၍ ဆောင်းနိုင်မည်ဖြစ်ပေသည်။

လောက၌ မိမိ၏အသက်ကို စွန့်လွှတ်ဖို့ မဆိုထားနှင့် မိမိပိုင်ပစ္စည်းကို စွန့်လွှတ်ဖို့ပင် ခဲယဉ်းလှပေသည်။

မိမိ၏ဥစ္စာပစ္စည်းကို စွန့်လွှတ်နိုင်သူများသည် ဒါနပါရမီရှင်များ ဖြစ်ကြပေသည်။ လောက၌ ဥစ္စာစနေ ရရှိအောင် ရှာဖွေနိုင်ကြသော်လည်း မိမိရရှိထားသော ပစ္စည်းဥစ္စာကို စွန့်လွှတ်ဖို့ရန် ခဲယဉ်းလှပေသည်။ ခဲယဉ်းလှသောကြောင့်လည်း "ဥစ္စာစနေ၊ ပေါကြွယ်ဝလည်း၊ လောဘနှိပ်စက်၊ မလှူရက်က၊ သင့်တွက်လူဖြစ်ရှုံးပေသည်"ဟု ဘုရားဟော တရားတော်များကို ဆင်ခြင် သုံးသပ်၍ ဆုံးမလင်္ကာများကို ရေးသားကြပေသည်။

မိမိပိုင်ပစ္စည်းဥစ္စာများကို စွန့်လွှတ်ရန် ခဲယဉ်းသည်နှင့်အမျှ စွန့်လွှတ်နိုင်သူတို့၏ ဒါနစွမ်းအားသည် ကြီးမားလှ၏။

လောက၌ လူတိုင်းလူတိုင်း ပစ္စည်းဥစ္စာများကို ရလိုကြ၏။ ချမ်းသာကြွယ်ဝလိုကြ၏။ ပစ္စည်းဥစ္စာများရရှိ၍ ချမ်းသာကြွယ်ဝလိုကြသောကြောင့်လည်း လူတိုင်းလူတိုင်း အချိန်ရှိသမျှ လုပ်ကိုင်ရှာဖွေကြ၏။ သို့သော် လူတိုင်း ချမ်းသာကြွယ်ဝမှု မရှိပါ။ အဘယ့်ကြောင့်နည်း၊ ဒါနပါရမီမပါလျှင် လုပ်ကိုင်သမျှ ပင်ပန်းလှ၏။ ချမ်းသာကြွယ်ဝခြင်းမရှိပါ။

ဒါနပါရမီရှိသူများကား လုပ်ရှားတိုင်း ဥစ္စာစနေ ရရှိကြ၍ ချမ်းသာကြွယ်ဝခြင်း ရှိကြပေသည်။ အဘယ်ကြောင့်နည်း၊ မိမိပိုင်ပစ္စည်းကို ရက်ရက်ရောရော မနှမြောဘဲ စွန့်လွှတ်ရဲသူတို့၏ ဒါနစွမ်းအားကြောင့်ဟု ဖြေဆိုရပေမည်။ မိမိပိုင်ပစ္စည်းကို စွန့်လွှတ်ဖို့ရန် ခဲယဉ်းသူ သို့မဟုတ် စွန့်လွှတ်ဖို့ရန် မရဲရင့်သူများသည် ဆင်းရဲဒုက္ခရောက်ကြရ၍ ရဲရင့်သူများသည် စွန့်လွှတ်လိုက်သော ဒါနစွမ်းအားကြောင့်

ချမ်းသာကြွယ်ဝသူများ ဖြစ်လာပုံကို ဗုဒ္ဓဘာသာ သမ္မာဆန္ဒ ဖြူစင်မှန်ကန်သော အယူရှိကြသူတိုင်း ဆင်ခြင်စဉ်းစား သတိထားသင့်ပေသည်။

"လောကဓမ္မတာ၊ လူတို့ရွာ၌၊
ဥစ္စာစေန၊ ရရှိကြအောင်၊
လုံ့လစွမ်းအား၊ ချန်မထားဘဲ၊
ကြိုးစားထကြွ၊ ရှာဖွေကြလည်း
ဓနဥစ္စာ၊ ကြွယ်ဝလာဖို့၊
လူ့ရွာလောက၊ မလွယ်လှဘူး။
ဒါနပါရမီ၊ စုံမညီလျှင်၊
ထိုဉာလုပ်သမျှ ပင်ပန်းလှ၏။
ဒါနပါရမီ၊ ပြည့်စုံညီမှ
ထိုဉာလုပ်ငန်း၊ အခန်းခန်း၌၊
ကြိုးပမ်းသမျှ၊ ရရှိကြလျက်၊
ဓနဥစ္စာ၊ ကြွယ်ဝလာသည်၊
ဒါနစွမ်းအင်ကြီးသည်တကား။

ဒါနပါရမီရှင်သည် အမြဲတမ်း မျက်နှာကြည်လင်နေပေသည်။ ပြုံးရွှင်သောမျက်နှာထားပိုင်ရှင်ဖြစ်ပေသည်။ ရယ်မောနေသော မျက်နှာပိုင်ရှင်ကို ရယ်မောနေခိုက်မှာ ပြုံးရွှင်သော မျက်နှာထားပိုင်ရှင်ဟု ဆိုလိုခြင်း မဟုတ်ပါ။ မျက်နှာရှစ်ခေါက်ချိုးဖြင့် ပုတ်သိုးနေခြင်းမရှိဘဲ အမြဲတမ်း မျက်နှာကြည်လင်နေသောသူကို ပြုံးရွှင်သော မျက်နှာထားပိုင်ရှင်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက ချီးမြှင့်သော ဘွဲ့တံဆိပ်တော်များအနက် ၁၉၉၂–ခုနှစ်တွင် "သဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကိုရရှိခဲ့၍ ၁၉၉၅–ခုနှစ်မှာ "သီဟသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော်ရရှိခဲ့သော ဦးကျော်ခင်မြင့်သည် ပြုံးရွှင်သော မျက်နှာထားပိုင်ရှင် ဖြစ်ပေသည်ဟု ဤစာရေးသူဆိုချင်ပါသည်။ အဘယ်ကြောင့်နည်း၊ ဦးကျော်ခင်မြင့်နှင့် ဤစာရေးသူတွေ့တိုင်းတွေ့တိုင်း ဦးကျော်ခင်မြင့်၏ မျက်နှာထားသည် ကြည်လင်နေပေသည်။ သောမနဿနှင့် ပြည့်စုံလှပေ၏။ ဦးကျော်ခင်မြင့်ကို ဤစာရေးသူက တွေ့လိုက်တိုင်း သူ၏မျက်နှာမှာ ဘယ်သောအခါမှ ပုတ်သိုးနေသောသွင်ပြင်ဟန်ပန်ကို မတွေ့ရသောကြောင့်ဟု ဆိုရပေမည်။

ဦးကျော်ခင်မြင့်သည် ၁၉၄၈–ခု၊ မတ်လ ၁–ရက်နေ့တွင် မွေးဖွားခဲ့သူဖြစ်၍ သူသည် ယခုအခါ ၄၈–နှစ် မျှသာရှိသေး၏။ သို့သော် သူ၏ကြိုးစားပုံမှာ အသက်အရွယ်နှင့်မမျှဟု ဤစာရေးသူက ဆိုချင်ပါ၏။ ဦးကျော်ခင်မြင့်၏ ယခုပစ္စုပ္ပန်ဘဝတွင် လုံ့လဖွဲ့သန် အလုပ်မှန်မှုနှင့် ရှေးအတိတ်ဘဝက ရရှိပါလာခဲ့သော ပါရမီများကြောင့်လည်း ဆိုခဲ့ပြီး ဘွဲ့တံဆိပ်များကို ဦးကျော်ခင်မြင့် ရရှိထားခြင်း ဖြစ်ပေသည်။

ဦးကျော်ခင်မြင့်သည် မြောင်းမြခရိုင်၊ အိမ်မဲမြို့အပိုင်၊ ရွာသစ်ကျေးရွာနေ ဦးကျော်မြ+ဒေါ်ကြင်မြိုင်တို့၏ ဒုတိယသားရတနာဖြစ်၍ ယခုအခါ ရန်ကုန်မြို့ ရွှေဘုံသာလမ်းတွင် စိန်ရွှေရတနာကုန်သည်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုနေပေသည်။ သူ၏လုပ်ငန်းတွင် ဇနီးဖြစ်သူ ဒေါ်ခင်ခင်စိန်နှင့် သားဖြစ်သူများတို့ကလည်း ကူညီပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရပေသည်။

ဤသို့ အသက်မွေးဝမ်းကျောင်းမှု ပြုနေသော်လည်း ဦးကျော်ခင်မြင့်၏ ကြိုးစားခဲ့ပုံနှင့် လက်ရှိလှုပ်ရှားနေပုံမှာလည်း အံ့သြဖွယ်ကောင်းလှသည်ဟု ဤစာရေးသူက ထင်မြင်ပါ၏။ ချီးကျူးဂုဏ်တင်မှုကိုလည်း ဤစာရေးသူက ပြုလိုလှပါ၏။ အသင်စာရှုသူ ဆက်ပြီး ရှုစားကြည့်ပါ။

ဦးကျော်ခင်မြင့်သည် ၁၉၆၇–ခုနှစ်တွင် မြောင်းမြမြို့မှာ အခြေခံအထက်တန်းစာမေးပွဲ အောင်မြင်၍ ၁၉၇၂–ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်မှ ဓာတုဗေဒဘာသာရပ်ဖြင့် သိပ္ပံဘွဲ့(ဘီအက်စ်စီ)ကို ရရှိခဲ့ပေသည်။

များသောအားဖြင့် ဘီအေ၊ ဘီအက်စ်စီ စသော ဘွဲ့ရသူများသည် ဘွဲ့ရပြီးပါက ကျေနပ်ကြပြီး အခြားဘာသာရပ် စာမေးပွဲများကို မဖြေဆိုတော့ကြပေ။ ကြိုးစားထကြွမှု လုံ့လ မရှိကြတော့ပေ။ ဦးကျော်ခင်မြင့်ကား ဤကဲ့သို့ မဟုတ်ပေ။ အမြဲတမ်း ကြိုးစားနေသော ပါရမီရှင်တစ်ဦး ဖြစ်ပေသည်။ ကြိုးစားခဲ့ကြောင်းနှင့် ကြိုးစားနေကြောင်းကိုလည်းသူ၏ အောင်မြင်ခဲ့သော စာမေးပွဲများနှင့် ကြိုးစားထကြွ ဇွဲလုံ့လဖြင့် ပါဝင်ဆောင်ရွက်ပေးနေသော လုပ်ငန်းရပ်များက သက်သေပြနေပေသည်။ ၁၉၇၄–ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲ၊ ၁၉၇၇–ခုနှစ်တွင် မှတ်ပုံတင် ရှေ့နေစာမေးပွဲတို့ကို အောင်မြင်ခဲ့သည့်အပြင် လောကီသာ မဟုတ်ဘဲ လောကုတ္တရာရေးရာဖက်မှာလည်း ၁၉၈၄–ခုနှစ်တွင် သာသနာရေးဦးစီးဌာနက ကျင်းပသော အဘိဓမ္မာစာမေးပွဲ သုံးဆင့်လုံး အောင်မြင်ခဲ့၏။ ၁၃၄၅–ခုနှစ်တွင် မစိုးရိမ်သာသနဟိတကာရီ အဘိဓမ္မာစာမေးပွဲကိုလည်း သုံးဆင့်လုံး အောင်မြင်ခဲ့၏။ ၁၃၄၆–ခုနှစ်တွင် ၁၈–ကြိမ်မြောက် ဗုဒ္ဓဘာသာကလျာဏယုဂ အခြေခံအဘိဓမ္မာစာမေးပွဲကိုလည်း အောင်မြင်ခဲ့၏။ ၁၉၈၅–ခုနှစ်တွင် သာသနာရေးဦးစီးဌာနက ကျင်းပသော ဝိသုဒ္ဓိမဂ်စာမေးပွဲကိုလည်း တတိယဆင့်၌ ရန်ကုန်တိုင်း ပထမဖြင့် အောင်မြင်ခဲ့၏။

ဤသို့လျှင် စာမေးပွဲများ အောင်မြင်ခဲ့သော်လည်း ဦးကျော်ခင်မြင့်သည် အောင်မြင်ရုံမျှဖြင့် ကျေနပ်နေသူ မဟုတ်ပါပေ။ အသင်းအဖွဲ့အသီးသီးတွင် သင်တန်းနည်းပြ ဆရာ၊ အမှုဆောင်လူကြီး၊ အတွင်းရေးမှူး စသော တာဝန်များကိုလည်း မနားတမ်းကြိုးစားဆောင်ရွက်နေသူ ဖြစ်ပေသည်။

ဦးကျော်ခင်မြင့်သည် ဘဝတာဝန်ကို ကျေပြွန်အောင် ဆောင်ရွက်ရာတွင် ဤမျှဖြင့် အားရတင်းတိမ်ရောင့်ရဲခြင်း မရှိသေးဘဲ မောင်ရင့်ကျူး(မြောင်းမြ)၊ သကျကုမာရဟူသော ကလောင်အမည်များဖြင့် စာရေးဆရာတာဝန်ကိုလည်း ကျေပြွန်အောင် ထမ်းဆောင်လိုက်သေးသည်။ အထက်တန်းကျောင်းသားဘဝမှ စတင်၍ ဒွေးချိုး၊ လေးချိုး၊ ရတု၊ ကဗျာများကို နံရံကပ်စာစောင်အပါအဝင် ဂျာနယ်၊ မဂ္ဂဇင်းအသီးသီးနှင့် ပူဇော်ပွဲစာစောင်များအထိ ရေးသားရုံမျှ မဟုတ်သေးဘဲ အချို့နေရာများမှာ စိစစ်ရေး၊ စစ်ဆေးရေး အယ်ဒီတာအဖြစ် တာဝန်များကိုပါ မငြီးငြူဘဲ ဇွဲလုံ့လသန်သန်ဖြင့် ပါရမီဉာဏ် အသုံးချလိုက်သေးသည်။

ဦးကျော်ခင်မြင့်သည် ဘဝတာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်ရုံမျှ မဟုတ်သေးဘဲ ဒါနပါရမီနှင့် ပြည့်စုံအောင် မိမိပိုင်ပစ္စည်းဥစ္စာကို ရက်ရက်ရောရော မနှမြောဘဲ ရဲရဲဝံ့ဝံ့ စွန့်လွှတ်နိုင်သော ရဲရင့်သူဖြစ်ပေသည်။

ဦးကျော်ခင်မြင့် ဒါနပါရမီ ပြည့်စုံအောင် ဆည်းပူးရာတွင် အချိန်နေ့ရက်နှင့် အလှူစာရင်းများကို အကိအကျ မှတ်တမ်းတင်ထားသူ ဖြစ်ပေသည်။

သူလှူဒါန်းသော အလှူစာရင်းများကို အချိန်နေ့ရက်နှင့်တကွ စနစ်တကျ မှတ်တမ်းတင်ထားနိုင်သောကြောင့်လည်း ၁၉၉၅–ခုနှစ်တွင် နိုင်ငံတော်အစိုးရက သူ့အား သာသနာ

နဂ္ဂဟဖြစ်သော "သီဟသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခဲ့ခြင်း ဖြစ်ပေသည်။

လောကတွင် မပေးရက်လို့ သဝန်တိုသော လောဘကို မနိုင်သူက များသော်လည်း ဦးကျော်ခင်မြင့်သည် အထိုက်အလျောက်အတိုင်းအတာဖြင့် မိမိပိုင်ပစ္စည်းဥစ္စာကို စွန့်လွှတ်ရဲသူအဖြစ် လောဘကိုနိုင်အောင် တိုက်ပွဲဝင်နေသူ ဖြစ်ပေသည်။

ဘုရားဟောသော အဘိဓမ္မာသဘောအရ "လောဘ"ဟူသော ရန်သူကလည်း အတွင်းဝင်ပြီး အလိုကြီးအောင် လူတိုင်းကို ဖျက်ဆီးနိုင်သော စွမ်းအားက ကြီးမားလှပေသည်။

လောဘရန်သူ ဖျက်ဆီးသဖြင့် ပျက်စီးခဲ့ပုံ "သာဓက"လေးများကို ရေးသားတင်ပြလိုပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၀–ကျော်အချိန် (ဖ–ဆ–ပ–လ)ခေတ်က ရန်ကုန်မြို့တွင် မင်းမနိုင်ကွက်သစ်၊ ထောင်ခြံကွက်သစ်၊ သံပုချိုင့်ကွက်သစ် စသည်ဖြင့် ဆင်းရဲသားရပ်ကွက်တွေ ပေါ်များလှ၏။ ဒုတိယကမ္ဘာစစ်ပြီးစမို့ ဖြစ်သလို အိမ်ဆောက်နေကြခြင်း ဖြစ်သည်။ ထိုအထဲတွင် ဆင်းရဲသူများ ဖြစ်သလို အိမ်ဆောက်နေကြသော ကွက်သစ်တစ်ခုထဲတွင် မုဆိုးမဖြစ်သူ အဖွားကြီးတစ်ဦးသည် ပဲပြုတ်ရောင်းစားသောလုပ်ငန်းဖြင့် ဆင်းဆင်းရဲရဲ အသက်မွေးဝမ်းကျောင်းမှု ပြုနေရ၏။

ထိုအချိန်က အောင်ဆုပန်ကဲ့သို့သော ထီဆိုင်များကလည်း ကားဖြင့်လှည့်လည် ကြော်ငြာ၍ ထီရောင်းလေ့ရှိကြ၏။

ပဲပြုတ်သည်အဖွားကြီးသည် တစ်နေ့တွင် သူ၏ အမည်လိပ်စာ အပြည့်အစုံ အရေးခိုင်းပြီး ထီထိုးလိုက်၏။ ထိုခေတ်က ၂–လတစ်ကြိမ် ထီဖွင့်သည်။ အဖွားကြီးသည် သူ့လုပ်ငန်းဖြင့် သူပင်ပန်းလှသဖြင့် ထီထိုးထားသည်ကိုပင် မေ့နေပြီဖြစ်သော အချိန်တစ်နေ့မှာ ညဦးတွင် ပဲပြုတ်အိုးတည်၍ နံနက်စောစောလင်းအားကြီး အချိန်မှာ ပဲပြုတ်တောင်း ခေါင်းရွက်၍ အရောင်း ထွက်ရလေသည်။

"မိုးသောက်အရုဏ်ရေး၊ ရောင်နီပြေးသော်၊
သေးကွေးငှက်ငယ်၊ အိပ်တန်းနယ်မှ၊
တေးကြွယ်ခွန်းဆင့်၊ သံစုံလွှင့်ချိန်၊
ရော်ရင့်ရွယ်ပြို၊ အမယ်အိုသည်၊
ခန္ဓာကိုယ်လေး ဇရာသွေးလည်း
ဝမ်းရေးတွက်တာ၊ မနေသာ၍၊
ခေါင်းမှာတောင်းရွက်၊ အိမ်မှထွက်ကာ၊
သံအက်တုန်ရီ၊ နှုတ်မြွက်သီသည်၊
အဲဒီအပိုင်းက ပဲပြုတ်ရှင့်"

ပဲပြုတ်သည် အဖွားကြီးသည် ချမ်းသာသော တိုက်တာလမ်းမကြီးများမှ ပဲပြုတ်ရောင်းပြီး အိမ်ပြန်အလာ တစ်နေ့သော နံနက်ခင်း ၇–နာရီကျော်ကျော်အချိန်လောက်တွင် သူ၏ကွက်သစ်၊ လမ်း၊ အိမ်နံပတ်များ အပါအဝင် သူ၏အမည်ကို ထုတ်ဖော်လျက် သိန်းဆုပေါက်ပြီဖြစ်ကြောင်း ထီရောင်းသောကားမှ ကျယ်လောင်သော အသံချဲ့စက်၏အသံကို ရုတ်တရက်ကြားလိုက်ရသောအခါ ပဲပြုတ်သည်အဖွားကြီး ဝမ်းသာလုံး ဆို့သွား၏။ ခေါင်းပေါ်မှ ပဲပြုတ်တောင်းကိုလည်း "ကဲ တစ်သက်လုံး ဆင်းရဲလှတဲ့ ပဲပြုတ်တောင်း၊ သွားလေရော့ လဟယ်"ဟု နှုတ်ဖြင့် နာကျည်းသော အသံမြည်အောင် ဟစ်ကြွေးလျက် ငါးပေခန့်ကျယ်ဝန်း၍ ရေစီးနေသော မြောင်းကြီးထဲသို့ ပစ်ချလိုက်ပြီးမှ သူ၏အိမ်သို့ သုတ်သုတ်ပါအောင် ပြန်သွားတော့သည်။ ပါးစပ်မှလည်း "ထီပေါက်ပြီ၊

ထိပေါက်ပြီ”ဟု တွတ်တွတ်ပါအောင် ရေရွတ်သွားပေသည်။ အိမ်ပြန်ရောက်တော့လည်း အများကြားအောင် ထိပေါက်ကြောင်း ရေရွတ်နေပေသည်။

ထိုသို့ရေရွတ်နေစဉ် အိမ်နီးနားချင်းဖြစ်သူ လူတစ်ယောက်က သိန်းဆုပေါက်သောလက်မှတ် ပြစမ်းပါဟု အော်တောင်းလိုက်သောအခါ ပဲပြုတ်သည်အဖွားကြီးသည် “ဟောတော်”ဟု ပါးစပ်မှအာမေဍိတ်သံထွက်ပြီး မျက်လုံးကြီးအကြောင်သားဖြင့် ရင်ပတ်နိုပ်လျက် စကားမေးမရအောင် ဖြစ်သွားပေသည်။

အမှန်စင်စစ် ပဲပြုတ်သည်အဖွားကြီး ခမျာမှာ သူသိန်းဆုပေါက်ကြောင်း ကြားသိလိုက်သည်နှင့်တပြိုင်နက် “လောဘ”ဟူသော ရန်သူကြီးက အတွင်းဝင်ပြီး အလိုကြီးအောင် ဖျက်ဆီးခြင်း ခံလိုက်ရပေသည်။

ပဲပြုတ်ရောင်းစားရသော အဖွားကြီးသည် ဆင်းရဲလွန်းသဖြင့် ကွက်သစ်ထဲတွင် ဖြစ်သလိုနေရပြီး အိမ်ထရံ မလုံခြုံသောကြောင့် ပဲပြုတ်အရောင်းထွက်သောအခါ ခေါင်းပေါ်တွင် တောင်းရွက်၊ တောင်းထဲမှာ ပဲပြုတ်များထည့်၊ လင်ပန်းဖြင့်ဖုံး၊ လင်ပန်းပေါ်တွင် ပိုက်ဆံများထား၊ ပိုက်ဆံများပေါ်တွင် ဘိလပ်မြေစက္ကူထုထုဖြင့်ဖိလျက် အပေါ်မှ အလေးနှင့် ချိန်ခွင်ကို တင်ထားရာ ပိုက်ဆံများထားသည့်နေရာတွင် ထီလက်မှတ်လေးကိုလည်း ညှပ်ထားပေသည်။ သိန်းဆုပေါက်ကြောင်း ရုတ်တရက်ကြားလိုက်ရသောအခါ ဝမ်းသာလုံးဆို့ပြီး စိတ်နာနာဖြင့် တစ်သက်လုံးဆင်းရဲခဲ့ရသော ပဲပြုတ်တောင်းကို မြောင်းကြီးထဲသို့ ပစ်ချလိုက်သောအခါ မေ့ပြီး ထီလက်မှတ်ပါ ရောပါသွားသောကြောင့် ပါးစပ်မှ “ဟောတော်”ဟူသော အာမေဍိတ်သံထွက်ပြီး ရင်ပတ်နိုပ်လျက် မျက်လုံးကြီးအကြောင်သားဖြင့် စကားမေးမရအောင် ဖြစ်သွားခြင်းမှာ ပဲပြုတ်သည်အဖွားကြီး ရင်ထဲသို့ လောဘမီး ဝင်လောင်ခြင်းသာ။

“ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းတတ်သည်”

ပဲပြုတ်သည် အဖွားကြီးသည် ပဲပြုတ်တောင်းထဲတွင် ထီလက်မှတ်ပါရောပြီး ရေမြောင်းထဲမှာ မျောပါသွားပြီ ဖြစ်သောကြောင့် သိန်းဆုကြီးကို ထုတ်မရသည့်အပြင် ပဲပြုတ်တောင်းနှင့်တကွ အလေးချိန်ခွင်အပါအဝင် အရင်းပါ ဆုံးရှုံးရသည်၊ ဩော် လောဘ၊ လောဘ။

လောဘတည်းဟူသော အတွင်းရန်သူကို အတိုင်းအတာဖြင့် နိုင်အောင် တိုက်ပွဲဝင်နိုင်သူ ဦးကျော်ခင်မြင့်သည် အလှူဒါနများကို အရှယ်နှင့် မလိုက်အောင် ပြုနိုင်ပါပေ၏။ နေ့ရက်အချိန်အခါနှင့်တကွ အလှူစာရင်းများကို အပရစေတနာပွားနိုင်အောင် မှတ်တမ်းကောင်ထားနိုင်သူ ဖြစ်၏။ ဤသို့ စနစ်တကျ လှူဒါန်းနိုင်ခြင်းသည် မိမိပိုင်ပစ္စည်းဉစ္စာကို စွန့်လွှတ်နိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် “သီဟသုဓမ္မဏိဇောတရေ” ဘွဲ့တံဆိပ်ရ ဦးကျော်ခင်မြင့်သည် ဒါနပါရမီအရာတွင် ရဲရင့်သူပင် ဖြစ်သည်။

ရဲရင့်သူ၏ဘဝကို ဆက်၍ တင်ပြချင်ပါသေး၏။

၁၆-နှစ်သားအရွယ်ရှိ ဂေါတမဘုရားအလောင်းတော် သုမေဓာ သေဋ္ဌေးကလေးသည် မိဘနှစ်ပါး ထားခဲ့သော ပစ္စည်းများကိုကြည့်ပြီး

“ငါ၏မိဘဘိုးဘွား ဆွေမျိုးအဆက်ဆက်တို့ သည် ပစ္စည်းဉစ္စာများကို ရှာရုံသာ ရှာတတ်၍ သူတို့နောက်ပါအောင်

ယူဆောင်မသွားနိုင်ခဲ့ ကြရာပေ။ ငါကား
ကိုယ့်နောက်ပါအောင် ယူဆောင်သွား
မည်”

ဟု ကြံစည်လျက် အကုန်စွန့်ကြဲ လှူဒါန်းပြီး တောထွက်၍ ရသေ့ အဖြစ်ဖြင့် အားထုတ်ကာ ပစ္စည်းဥစ္စာများကို ဒါနပါရမီအဖြစ်ပါအောင် ယူသွားလေသည်။

ဤစာရေးသူအပါအဝင် စာရေးသူတို့ကို မေးပါရစေ–

“လူ့ဘဝတွင် လူဖြစ်နေပေပြီ။ အဘယ် မျှလောက် ကြီးကျယ်သော အလှူမျိုးကို စနစ်တကျ မှတ်တမ်းတင် လှူဖူးပါသလဲ” ဆင်ခြင်စဉ်းစား သတိထားပြီး အားကောင်းသော လောဘရန်သူနှင့် စွမ်းအားရှိသော ဒါနပါရမီကို သတိမူသင့်ပါသည်။

“သီဟသုဓမ္မမဏိဇောတဓဇ” ဘွဲ့ရ ဦးကျော်ခင်မြင့်သည် “ရဲရင့်သူ သို့မဟုတ် ကိုယ့်နောက်ပါအောင် ယူဆောင်နိုင်သူ” ချီးကျူးဂုဏ်ပြုလျက်–

“ဒါနအရာ၊ တိုက်ပွဲမှာလျှင်၊
ဥစ္စာပစ္စည်း၊ စွန့်လွှတ်ပြီးတော့၊
အားကြီးပြင်းထန်၊ လောဘရန်ကို၊
တွန်းလှန်နိုင်ရာ၊ တိုင်းအတာဖြင့်၊
ဦးကျော်ခင်မြင့်သည်၊
ရဲရင့်သူတွင်၊ စာရင်းဝင်၍၊
ခံ့မင်လျက်သား၊ ပစ္စည်းများကို၊
ရှည်လျားသံသရာ၊ ကိုယ့်နောက်ပါအောင်၊
ယူဆောင်နိုင်ပြီ၊ ပါရမီကြောင့်၊
“သီဟသုဓမ္မ မဏိဇောတ ဓဇ”ဟု
နာမခပ်နှိပ်၊ ဘွဲ့တံဆိပ်ဖြင့်၊
ဂုဏ်ဟိတ်ပေါ်လွင်၊ မှတ်တမ်းတင်သည်၊
သားစဉ် မြေးဆက်သိစေသော်။

ဦးမင်းကြည်
(ဓမ္မာစရိယ၊ ဘီအေ)

## ဆန္ဒဝတော ကိ နာမ ကမ်မံ န သိဇ္ဈတိ

ဆန္ဒကဲ့မို့၊
ငါထိုသသူ၊
ပြုမူဆောင်ရာ၊
အဖြာဖြာသည်၊
ဘယ်မှာမပြီး ရှိအံ့နည်း။

# ကုသိုလ်အမွေ စုနေသူ

မြကေခိုင်

လပြည့် သမယ ဥပုသ်နေ့တစ်ညတွင် ငွေ လရောင်ဖြန့်ကျင်းလျက် ငြိမ်းချမ်းခြင်းနှင့် ပြည့်စုံ နေ၏။ ညဉ့်နက်ပြီဖြစ်၍ ပတ်ဝန်းကျင် အသံများ တိတ်ဆိတ်လျက်ရှိပြီ။

ဗုဒ္ဓမြတ်စွာ သာသနာကို လွန်စွာကြည်ညို လေးမြတ်လှသော ဥပါသကာ အမျိုးကောင်း သားသည် အိပ်ရာသို့မဝင်မီ သီလ ဆောက် တည်ခြင်း၊ ဘုရားဝတ်ပြုခြင်းများကို ပြုလုပ် နေကျအတိုင်း ဆောင်ရွက်၏။ ပြီးနောက် ပြုခဲ့ ပြီးသော ကောင်းမှုအစုစုတို့အတွက် ၃၁- ဘုံသားတို့ကို အမျှဝေသည်။

သူသည် ကံကိုလည်းကောင်း၊ ကံ၏ အကျိုးကိုလည်းကောင်း ယုံကြည်၏။ ထို့ကြောင့် သူ၏ဘဝ ခရီးတစ်လျှောက် လှုပ်ရှားဆောင်ရွက် ချက်တို့ကို သုံးသပ်ဆင်ခြင်မိသည်။ ဤဘဝတွင် ပြုခဲ့သော ကုသိုလ်ကောင်းမှု တို့ကို ပြန်လည် စုစည်းသုံးသပ်ကြည့်သည်။

သူ၏ စိတ်အာရုံတွင် ဤသို့ ဖြစ်ပေါ်လာ သည်။

နေပူထိးထိး၊ အရိပ်မဲ့သောလွင်ပြင်ကြီး တွင် ထီး၊ ဖိနပ်မပါသော ယောက်ျားတစ်ဦးသည် ခရီးပြင်း လာနေ၏။ သူသည် သီးပွင့်မျိုးစုံ ပြည့်စုံ၍ အရိပ်အာဝါသ ကောင်းလှသော ဥယျာဉ်ကြီးသို့ မမျှော်လင့်ဘဲ ဆိုက်ရောက် လာသည်။ အသီးအပွင့်ကိုပင် မစားသုံးရသေးဘဲ အရိပ်ခိုလှုံရုံမျှနှင့်ပင် ကိုယ်စိတ်နှစ်ပါး ငြိမ်းအေး မှုကို ရရှိခံစားရသည်။ အသီးအပွင့်ကို ဆွတ်ယူ စားသုံးသည့်အခါ မည်မျှ အပန်းပြေ၍ အားအင် ပြည့်ဖြိုးသည်ကို စဉ်းစားမိသည်။

ထိုနည်းတူစွာ အမြိုက်ဟောဝန်၊ မြတ် နိဗ္ဗာန်သို့ မရောက်သေးသမျှ ကျင်လည်ရသည့် ဘဝသံသရာ ခရီးခဲတွင် ဘဝအဆက်ဆက် ပြုခဲ့သော ကုသိုလ် ပါရမီတို့ကြောင့် ဤဘဝ၌ လူဖြစ်ကာ သာသနာ အရိပ်ကို ခိုလှုံခွင့်ရခဲ့သော သူ့အဖို့ မြတ်ဘုရား၏ တရားဒေသနာ အသီး အပွင့်တို့ကို လက်လှမ်းမီသမျှ ဆွတ်ယူ စားသုံး ခွင့် ရရှိခဲ့ပြီး ဖြစ်သည်။

တရားတော်ကို ကိုယ်တိုင် ဆည်းပူး လေ့ကျင့်ခဲ့သဖြင့် အနှစ်သာရကို ရရှိခံစားရသလို တစ်ပါး သူတို့အားလည်း တရားတော်၏ အနှစ်သာရကို သိစေလိုစိတ် ဖြစ်ခဲ့သည်။ သို့ကြောင့်ပင် ပန်းဘဲတန်းမြို့နယ် မဟာသိမ် တော်ကြီး ပရိယတ္တိ စာသင်တိုက်တွင် ၁၉၈၄ ခုနှစ်မှစ၍ နွေရာသီကာလများ၌ ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်များ သင်ကြားပို့ချပေးခဲ့သည်။ တရားအမွေ ဖြန့်ဖြူးသည့်အနေဖြင့် ဗုဒ္ဓ ကျမ်း စာအုပ်များကိုလည်း ရိုက်နှိပ်ကာ ဓမ္မဒါနအဖြစ် လှူဒါန်းခဲ့သည်။ ဓမ္မပဒ ဒေသနာတော်တွင် ဘုရား၊ တရား၊ သံဃာတို့ကို ဆည်းကပ်ကိုးကွယ် ခြင်းသည် ဘေးရန်ကင်း၍ ချမ်းသာခြင်းအစစ်ကို ရရှိစေနိုင်ကြောင်း ဖော်ပြပါရှိရာ သူ့အဖို့ ရတနာ သုံးပါးကို ဆည်းကပ်ကိုးကွယ်ရုံမက "သဗ္ဗဒါနံ၊ ဓမ္မဒါနံ ဇိနာတိ"ဟူသော ဆောင်ပုဒ်အတိုင်း တရားအလှူကိုပေး၍ ဘုရားအဆုံးအမ သာ

သနာတော်ကြီး ထွန်းကာပြန့်ပွားဖို့ တတ်စွမ်းသမျှ အားထုတ်ခဲ့သည်။

ယခုအခါ သာသနာတော်နှစ် ၂၅၃၉ ရှိလေ ပြီ၊ မြတ်ဘုရား၏ စကား-တရားတော်တို့ တည် ရှိနေသမျှ ဘုရားရှင် ရှိနေသေးသည်ဟု ယူမှတ် ရမည် ဖြစ်သောကြောင့် သတ္တဝါအားလုံး ချမ်းသာ စုံကို ပေးနိုင်သည့် သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့ကြီးပွားစေရန် ဗုဒ္ဓဘာသာဝင်တို့၌ တာဝန် ရှိကြသည်။ တာဝန်သိသူတွင် တာဝန်ရှိသည်ဟူ၍ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးကလည်း မိန့်ကြားခဲ့ဖူးသည်။ သို့ဖြစ်၍ တာဝန်သိသော ဥပါသကာ မှန်က ပြည့်စုံရန် လိုအပ်သော ဂုဏ်အင်္ဂါ ဆယ်ပါးကို မိလိန္ဒပဥှာတွင် ဤသို့ ပြဆိုခဲ့သည်ကိုလည်း သတိရမိသည်။

(၁) သံဃာတော်များနှင့် တူမျှသော ချမ်းသာ ဆင်းရဲရှိသူ ဖြစ်ခြင်း၊
(၂) တရားတော်လျှင် အကြီးအမှူးထားသူ ဖြစ်ခြင်း၊
(၃) ခနဗလအားလျော်စွာ လှူဒါန်းမှု၌ မွေ့လျော်သူဖြစ်ခြင်း၊
(၄) ဘုရားသာသနာ ဆုတ်ယုတ်သည်ကို မြင်၊ ကြား၊ သိသော် တိုးတက် ကြီးပွားအောင် လုံ့လစိုက်ထုတ်ခြင်း၊
(၅) ကောင်းသောအယူဝါဒရှိသူ ဖြစ်ခြင်း၊
(၆) ဒိဋ္ဌ၊ သုတ၊ မုတမင်္ဂလာအယူမှ ကင်းလွတ်၍ အသက်ဟူသော အကြောင်းကြောင့်လည်း စောင့်စည်းညီညွတ်ခြင်း၌ မွေ့လျော်သူ ဖြစ်ခြင်း၊
(၇) မငြူစူတတ်သူဖြစ်ခြင်း၊
(၈) ကောက်ကျစ်စဉ်းလဲသောအားဖြင့် သာသနာတော်၌ ကျက်စား ကျင်လည်သူ မဟုတ်ဘဲ ဘုရားကို-
(၉) တရားတော်ကို-
(၁၀) သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်း ကပ်သူဖြစ်ခြင်း၊

ဟူသော ဥပါသကာဂုဏ်တို့ကို အလေးအမြတ်ထားကာ လုံအောင်ကြိုးစား ဆောင်ရွက်ခဲ့သည်။

နှစ်ပေါင်း နှစ်ထောင်ကျော်မျှ ကာလရှည်ကြာအောင်၊ သာသနာတော်ကြီး တည်တံ့အောင်၊ ပြန့်ပွားအောင်၊ ထွန်းကားအောင် ရဟန်းတော်အရှင်မြတ်တို့က သင်္ဂါယနာတင်ခဲ့သည်မှာ ခြောက် ကြိမ်မျှ ရှိခဲ့ပြီ၊ မင်းနှင့် ဒါယကာပြည်သူတို့ကလည်း သာသနာတော်ကြီး ထွန်းတောက်ပအောင် လက်တွဲ ညီညာ ကူညီခဲ့ကြပါ၏။ ရဟန်း သံဃာများကို ရှေ့ဆောင်ထား၍ မင်းနှင့် ပြည်သူ လက်တွဲကူကြသဖြင့် သာသနာတော်ကြီးသည် တစ်နေ့တစ်ခြား အညစ်အကြေးကင်းကာ သန့်စင်၍ လာခဲ့သည်။

သာသနာတော်တွင် ဗုဒ္ဓဘာသာဝင်အဖြစ် ကြုံကြိုက်ဖြစ်ထွန်းလာသည်မှာလည်း ကံကောင်း လွန်းလှသည်။ အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရား သာသနာထွန်းတည်လာရအောင် အလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းဟူသော အချိန်ကာလအတွင်း မြတ်ဘုရား အလောင်းတော်သည်ပင် ဘုရားပေါင်း ၂၈-ဆူမျှသာ တွေ့ကြုံ ဆုံဆည်းခွင့်ရခဲ့ဖူးသည်။ လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်းကို ၂၈-ဖြင့် စားလျှင်ပင် ဘုရားတစ်ဆူနှင့်

တစ်ဆူအကြား ကမ္ဘာပေါင်းမည်မျှခြားသည်ကို စဉ်းစားမိပြန်သည်။ တစ်သင်္ချေဟူသော ကာလအတိုင်းအတာမှာ သုညတစ်လုံးနောက်တွင် သုညပေါင်း ၁၄၀–ရှိသည်ဟူ၍ သဒ္ဒါဆရာတို့ ဖွင့်ဆိုခဲ့ကြသည်။ တစ်ကမ္ဘာဟူသော အချိန်ကာလကိုလည်း ကြည့်ပါ။ အလျားအနံ တစ်ယူဇနာရှိသော ဂိုဒေါင်ကြီးအတွင်း၌ မုံညင်းစေ့များကို သွင်းပြီး၊ အနှစ် ၁၀၀–ကြာမှ တစ်စေ့ကျ ယူပစ်၍ မုံညင်းစေ့ကုန်သော်လည်း တစ်ကမ္ဘာမကုန်သေးဟု နိဒါနဝဂ္ဂ သံယုတ် အနမတဂ္ဂသုတ်ပါဠိတော်တွင် ဘုရားရှင် ကိုယ်တိုင် မိန့်ဆိုထားသည်။ သို့ဖြစ်လျှင် ဘုရားပွင့်ရာ သာသနာနှင့် ကြုံကြိုက်ရဖို့ ခက်လှသည် ဆိုသောစကားမှာ အမှန်ကြီးမှန်နေပါပြီ။

လူဖြစ်ရ ခက်လှသည်ဆိုသော အခက်ကြားတွင် ယခု လူဖြစ်နေပြီ၊ ဘုရားသာသနာနှင့်လည်း ကြုံကြိုက်နေပြီ၊ ရတောင့်ရခဲ အခွင့်အရေးကြီးကို အမိကရလက်ကိုင်ပြုလျက် အမျိုးကောင်းသား ဥပါသကာသည် ပရိယတ္တိစာသင်တိုက်၊ သီလရှင် စာသင်တိုက်တို့တွင် ငွေပဒေသာပင်စိုက်ထူခဲ့သည်။ ဘိုးဘွားလက်ထက် ကတည်းက ကောင်းမှုကုသိုလ် မျိုးစေ့ချခဲ့သော အိမ်မဲမြို့ရှိ အောင်သိပ္ပံ စာသင်တိုက် တွင် ဓမ္မာရုံ၊ သိမ်၊ ကျောင်းတိုက်တို့ ဆောက်လုပ်ရာ၌ ကုသိုလ်ပြုခဲ့ပြီး ဖြစ်သည်။ ငါးထပ်ကြီးဘုရားလမ်း ဝင်္ကဘာရေလည်ကျောင်းတွင် ပဋိပတ် အလုပ်အားထုတ်လျက်ရှိပါသော ယောဂီ ၂၀၀၀ ခန့်တို့၏ သာသနာ့အလုပ် လိုအပ်ချက်များကို အတွင်းရေးမှူးအဖြစ် ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိသည်မှာ တစ်နှစ်ခွဲမျှ ရှိလေပြီ၊ 'ဓမ္မဂီရိ' ဓမ္မမဂ္ဂဇင်း စာစောင်၏ တွဲဖက်စာတည်းအဖြစ် ဓမ္မစာပေ ပြန့်ပွားရေးအတွက် ဆောင်ရွက်ခဲ့၏။ ထိုမျှသာမက ထေရဝါဒ ဗုဒ္ဓသာသနာပြုအဖွဲ့တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၅–ခု၊ ဖေဖော်ဝါရီ ၁၇ရက်နေ့က ဂိဇယမင်္ဂလာ ဓမ္မသဘင်တွင် ပြုလုပ်သော သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်တက်ရောက်သည့် သာသနာရေးရာကိစ္စ ညှိနှိုင်းအစည်းအဝေးတွင် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုအဖွဲ့အနေနှင့် ပြည်တွင်း ပြည်ပအပါအဝင် ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ ပြန့်ပွားရေးနှင့် တောင်တန်း သာသနာပြုလုပ်ငန်းများကို ထိရောက်စွာ ဖြည့်ဆည်း လှူဒါန်း ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

အမျိုးကောင်းသား ဥပါသကာ၏ သာသနာအတွက် သဒ္ဓါထက်မှုကို နိုင်ငံတော်ကပင် အသိ အမှတ် မပြုဘဲမနေနိုင်ပါ။ ၁၉၉၂ခုနှစ် လွတ်လပ် ရေးနေ့တွင် သာသနာ ပြုဘွဲ့တံဆိပ် "သဒ္ဓမ္မ ဇောတိကဓဇ"ဘွဲ့ထူးကိုလည်းကောင်း၊ ၁၉၉၅–ခုနှစ် လွတ်လပ်ရေးနေ့တွင် သာသနာကို ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်သည့် ဘွဲ့တံဆိပ် "သီဟသုဓမ္မမဏိဇောတဓရ" ဘွဲ့ထူးကိုလည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ချီးမြှင့် ပေးအပ်ခဲ့သည်။

"သဒ္ဓမ္မ" ဟူသည် သူတော်ကောင်း တရားဖြစ်၍ ဇောတိကသည် ထွန်းပြခြင်းဖြစ်ကာ "ဓဇ"သည် တံခွန်အလံသဖွယ်ဖြစ်ကြောင်း ပြဆိုချက်ရှိသည်။ "သဒ္ဓမ္မဇောတိကဓဇ"သည် သူတော်ကောင်းတရားကို တံခွန်အောင်လံသဖွယ် ထွန်းပြသူဟူသော သာသနာပြု

ဘွဲ့တံဆိပ်သည် သာသနာ အတွက် ထူးခြားစွာ ဆောင်ရွက်သူများအဖို့ ထိုက် တန်လှပါသည်။

"သီဟ"ဟူသည် ရဲရင့်ခြင်း၊ "သုဓမ္မ" သည် ကောင်းမြတ်သောတရား၊ "မဏိဇောတ" သည် အထွတ်အမြတ် ပတ္တမြား၊ 'ဓရ' သည် ဆောင်ခြင်းဟူ၍ အဓိပ္ပာယ်ရရှိသည်။ "သီဟသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော်သည် တရားတော်ကို ရဲရင့်စွာ ဆောင်သူအဖြစ် ပေါ်ထွန်းကာ သာသနာတော်ကို ပစ္စယာနုဂ္ဂဟနှင့် ချီးမြှောက်သည့် ပုဂ္ဂိုလ်အဖြစ် ဘွဲ့တံဆိပ် ပေးလျက် နိုင်ငံတော်က သူ့အား ဂုဏ်ပြု ခဲ့ပြီး ဖြစ်သည်။

သာသနာတော်ကို ချစ်မြတ်နိုးလှသော အမျိုးကောင်းသားသည် ထင်ထင်ရှားရှား အများ သိသည့် ကုသိုလ်ကောင်းမှု အများစုကို ပြုခဲ့သည့် ည်းတူ နိုင်ငံတော် သံဃမဟာနာယက ဆရာ တော်များ ဆွမ်းကွမ်းပဒေသာပင် စိုက်ထူခြင်း သော သဒ္ဓါ စိတ်ဖြစ်ပေါ်တိုင်း ပြုလုပ်ခဲ့သည့် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် များလည်း ရှိခဲ့ပါ၏။ မိသားစုနှင့် စိတ်တူ သဘောတူ ပြုခဲ့သော ကုသိုလ်အစု၊ မြတ် ကောင်းမှုတို့မှာ မိမိအဖို့ ဝမ်းမြောက်ဖွယ်ရှိလှ သည်ဟု ဆိုရမည် ဖြစ်ပါသည်။

ကံအမွေကို မိဘက မပေးနိုင်ပါ၊ ကောင်းဆိုးနှစ်တန် ဖြစ်သော ကံအမွေကို မိမိ ကိုယ်တိုင်သာ ဖန်တီးရယူနိုင်ပါ၏။ ကုသိုလ် အမွေများ စုဆောင်းထားသော အမျိုးကောင်း သားသည် ကုသိုလ်တရား ပွားသည်ထက်ပွား၍ များသည်ထက် များအောင် လုပ်ဆောင်ရန် စဉ်းစားရင်း အိပ်ပျော်ခြင်းသည် သူ့အဖို့ ငြိမ်းချမ်းစွာ အနားယူခြင်းတစ်ရပ် ဖြစ်ပါ သည်။

သို့ဖြစ်လျှင် ဥပါသကာ အမျိုးကောင်း သားသည် မည်သူဖြစ်ပါနည်းဟု မေးခဲ့သော် ယခုနှစ်တွင် "သီဟသုဓမ္မမဏိဇောတဓရ" ဘွဲ့ထူး ဂုဏ်ထူး တံဆိပ်ဖြင့် ချီးမြှင့်ခံရသော ပါရမီရှင် ဦးကျော် ခင်မြင့်ပင် ဖြစ်ပါသည်ဟု ဖြေကြားပါက ငြင်းဖွယ် ရာ မရှိမည်မဟုတ်ပါ။

မြကေနိုင်

# ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်အကြောင်း

အရှင်ထေရဝံသ (ပုသိမ်)

"တပည့်တော်ရဲ့ ဘဝသက်တမ်း သာသနာပြု ခရီးတစ်လျှောက်မှာ စာပေမှတ်တိုင်အဖြစ် ကျန်ရစ်စေဖို့အတွက် တပည့်တော် လုပ်ဆောင်မှုတွေကို အရှင်ဘုရား သိသလောက် ရေးသားချီးမြှင့်ပေးပါ ဘုရား"

ပြုံးရွှင်တည်ကြည်သော မျက်နှာထားနှင့် လျှောက်ထားသည့် ကိုကျော်ခင်မြင့်အား ဤအရှင် အမှတ်ရမိသည်။ ကိုကျော်ခင်မြင့်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ သာသနာပြုကိစ္စများနှင့် သာသနာ့နုဂ္ဂဟကိစ္စများကို ဘက်စုံ ဘာသာရေး အနှစ်သာရရှိရှိဖြင့် အမျိုးဘာသာ သာသနာတော်အတွက် တက်တက်ကြွကြွ ဆောင်ရွက်ခဲ့သဖြင့် သာသနာပြုဘွဲ့တံဆိပ်တော် "သဒ္ဓမ္မ ဇောတိကဓဇ"ကို ၁၉၉၂ခုနှစ် လွတ်လပ်ရေးနေ့တွင်လည်းကောင်း၊ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော် "သီဟသုဓမ္မမဏိဇောတဓရ"ကို ၁၉၉၅ခုနှစ် လွတ်လပ်ရေးနေ့တွင်လည်းကောင်း ချီးမြှင့်ခဲ့ကြောင်းကိုလည်း ဤအရှင် ဝမ်းမြောက်ဝမ်းသာစွာ ကြားသိရသည်။

သူ၏ဂုဏ်နှင့် သူ့ဒြပ် ဟပ်နေသည်။

သူ၏ဂုဏ်ဒြပ်တွေက များပြားလှသည်။ သူ့ ဂုဏ်ဒြပ်တွေကိုသာ ဖော်ပြရမည်ဆိုလျှင် ဤအရှင် ၏ ကလောင်ငယ်ငယ် သေးသေးဖြင့် ရေးဖွဲ့၍ ရနိုင်မည် မဟုတ်ပေ။ ရေး၍လည်း ကုန်ဆုံးတော့ မည် မဟုတ်ပေ။ သို့သော်—

မြတ်စွာဘုရားရှင်သည် ဣသိရိယ အစရှိသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ဖြစ်တော်မူသည်။ ထိုသို့ မြတ်စွာဘုရား၏ သာသနာတော်ကို ရေးဘုန်း ရေးကံရှိသော ပုဂ္ဂိုလ်တို့သာလျှင် ရွက်ဆောင်နိုင်ကြပေသည်။

သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သာသနာတော်ကို ကမ္မဇပင်္ဂိသန္ဓေ ဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သည် သာလျှင် မြတ်နိုးကော်ရော် ပူဇော်နိုင်ကြပေသည်။

"သဒ္ဓိန္ဒြေနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သာသနာတော်ကို သဒ္ဓါတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်သာလျှင် အားပေးပင့်ထောက် ချီးမြှောက်နိုင်ကြပေသည်"

ဟူသော ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု၊ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ဘုရားကြီး (ရွှေကျင်သာသနာပိုင်)၏ အဆုံးအမ ဩဝါဒအတိုင်း လေ့လာသုံးသပ်ရမည်ဆိုလျှင် ကိုကျော်ခင်မြင့်သည်—

ရေးဘုန်း ရေးကံရှိသော ပုဂ္ဂိုလ်၊

ကမ္မဇ ပင်္ဂိသန္ဓေဉာဏ်ရှိသော ပုဂ္ဂိုလ်၊

သဒ္ဓါတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်

ဟု ခေါ်ဆိုရပေမည်။

* * *

မှတ်မိပါသေးသည်။

လွန်ခဲ့သော တစ်ဆယ့်ငါးနှစ်ခန့်က ဖြစ်သည်။ ထိုအချိန်က ဤအရှင်သည်

ဧရာဝတီတိုင်း၊ မြောင်းမြမြို့၊ ဇေယျမေဒနီ ပရိယတ္တိစာသင်တိုက်၌ စာသင်သားဘဝ၊ ကိုကျော်ခင်မြင့်တို့၏ မိဘများက ဘုရား၊ ကျောင်းဒကာ၊ ဆွမ်းဒကာများ ဖြစ်ကြသည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်လေးစားကြသည့် မိဘများမှ ဆင်းသက်လာသူများ ဖြစ်ကြသည့် အလျောက် ကိုကျော်ခင်မြင့်၏ စိတ်ဝယ် "ငါ၏ ဥစ္စာပစ္စည်းတို့ကိုလည်းကောင်း၊ အသက်သွေးတို့ကို လည်းကောင်း၊ အဘယ်နည်းဖြင့် စွန့်ကြဲပေးကမ်း လှူဒါန်းရပါမည်နည်းဟု စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၌ အမြဲသွတ်ကိုင်းနေသော စိတ်ဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်အတွက် အရေးကြုံပါက အသက်ကိုပင် ပေးလှူမည်"ဟု ဒါနမျိုးစေ့သည် အမြစ်တွယ်၍လာခဲ့သည်။

ကျောင်းသို့လာလျှင် ကိုကျော်ခင်မြင့် ပါလာတတ်သည်။ ဇေယျမေဒနီ ဆရာတော်ဘုရားကြီး၏ သာသနာရေး၊ ကျောင်းတိုက်၏ ဝေယျာဝစ္စ အရေးတို့ကို ဆောင်ရွက်သည်။ ညနေစောင်း၍ ပြန်ခါနီး တွင်ပင် သူတို့မိသားစု ဆောက်လုပ်လှူဒါန်းသော "မြရတနာ" ကျောင်းဆောင်ကို သန့်ရှင်းရေးလုပ်ပြီး ပြန်လေ့ရှိသည်။ ဤသည်ကား နေ့စဉ်နေ့တိုင်း မဟုတ်သော်လည်း ခဏခဏ ဤအရှင် တွေ့မြင်နေရသည်။

"အနည်းငယ်သော ကောင်းမှုသည် (ငါ့အား) အကျိုးရောက်လိမ့်မည် မဟုတ်ဟု ကောင်းမှုကို မထေမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့၊ ပညာရှိသည် အနည်းငယ်မျှသော ကောင်းမှုကိုပြု၊ ဆည်းပူးဖန် များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။" (ဓမ္မပဒ-၁၂၂)

ဤအရှင် ရန်ကုန်မြို့၊ ပုဇွန်တောင် ရွှေကျင်တိုက်တွင် ရှိနေစဉ်ကလည်း ကိုကျော်ခင်မြင့်၏ သာသနာရေး ဆောင်ရွက်မှုများကို ပန်းသတင်း လေညှင်းဆောင်၊ လူသတင်း လူချင်းဆောင် ဆိုသကဲ့သို့ ကြားနေရပြန်သည်။

ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု၊ သပြေကန် ဆရာတော်ဘုရားကြီး (ဒုတိယ ရွှေကျင်သာသနာပိုင်)နှင့် ဤအရှင် စကားလက်ဆုံကျတိုင်း ကိုကျော်ခင်မြင့်၏ အကြောင်းကို မမောမပန်းအောင် ပြောဆိုခဲ့သည်။

ဒါရိုက်တာ၊ စာရေးဆရာ ဦးသုခနှင့် တွေ့ဆုံစကားပြောစဉ်ကလည်း "ဒီသူငယ်ဟာ အလှူဒါန ပြုလုပ်တဲ့နေရာမှာ သဒ္ဓါတရားနှင့် ပြည့်စုံသလို သာသနာရေးဘက်မှာလည်း အတော်ဆောင်ရွက်သူ တစ်ယောက်ပဲ"ဟု မှတ်ချက်ချခဲ့သေးသည်။

အံ့သြဖွယ် ဥပါသကာ တစ်ဦးပင်။

နှစ်တွေကြာမြင့်လာသလည်းနှင့်အမျှ ဤအရှင်နှင့် ကိုကျော်ခင်မြင့်တို့၏ ကြည်ညိုရင်းနှီးမှု ခိုင်မြဲလာသည်။ ဤအရှင် ရန်ကုန်သို့ရောက်လျှင် ကိုကျော်ခင်မြင့်နှင့်သာသနာရေးဆိုင်ရာ ဗုဒ္ဓစာပေ ဆိုင်ရာတို့ကို အချိန်အတော်ကြာ ဆွေးနွေးသည်။ ဆွေးနွေးတိုင်း ပြုံးပြုံးရွှင်ရွှင် စိတ်ရှည်၊ လက်ရှည် ရှိလှသည်။ မှတ်မှတ်ရရ။ ညီဖြစ်သူ မောင်မြင့်သန်း+မလှလှမိုးတို့နှင့် ရန်ကုန်သို့ ဘုရားဖူးသွားရင်း ကိုကျော်ခင်မြင့်တို့ မိသားစု ရှိရာ ရွှေဘုံသာလမ်း တိုက်ခန်းသို့သွားရာ—

"ဦးဇင်းဘုရား၊ ဒီလောက်စည်းစိမ်ဥစ္စာ ပြည့်ဝတဲ့ လူငယ်တစ်ယောက်က သာသနာပြုလုပ်ငန်းတွေ ကို အချိန်ပြည့်နီးပါး လုပ်နေတာ

အံ့ဩစရာပဲ” ဦးဇင်းအပေါ်လည်း တော်တော်ကြည်ညိုတယ်နော်”

ဟု တအံ့တဩ ပြောသည်။

“ဒါတင်မဟုတ်သေးဘူးငါ့ညီ၊ စစ်ကိုင်းရွှေဟသ်ာဆရာတော်ဘုရားကြီး၊ ပဲခူးမြို့မဆရာတော် ဘုရားကြီး၊ မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၊ သပြေကန်ဆရာတော်ဘုရားကြီး၊ တောင်တန်းသာသနာပြုဆရာတော်ဘဒ္ဒန္တဦးဥတ္တမသာရ၊ အမရပူရ မဟာဂန္ဓာရုံဆရာတော်နဲ့ မြင်းခြံ ကိုးဆောင်ဆရာတော်အစရှိတဲ့ ဆရာတော်ဘုရားကြီးတွေကို သူတို့တိုက်မှာ ပင့်ကပ်တယ်။ အဆုံးအမ ဩဝါဒတွေကို ခံယူတယ်ကွယ့်”

“သြော် သဒ္ဓါတရားနှင့် ပြည့်စုံလှပါပေတယ်။ သာဓု၊ သာဓု၊ သာဓု”

ဟု မောင်မြင့်သန်းတို့ဇနီးမောင်နှံကပင် သာဓုခေါ်လိုက်ကြသေးသည်။

* * *

ဤသို့ ခင်မင်ရင်းနှီးလာသည့် ကိုကျော်ခင်မြင့်အား ထပ်မံ၍ လေ့လာသုံးသပ်ရမည်ဆိုလျှင်-

၁။ ငယ်စဉ်ကလေးဘဝမှစ၍ မိဘဘိုးဘွားတို့၏ ဘာသာတရား ကိုင်းရှိုင်းရှိသေမှုကို အမွေရလာသည်။

၂။ ငယ်စဉ်လူငယ်ဘဝမှစ၍ တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးရေးသော ဘာသာသွေး၊ ရတနာ့ဂုဏ်ရည်၊ အနာဂတ် သာသနာရေးစာအုပ်များကို ဖတ်ရှုရင်း၊ ဘာသာရေးမျိုးစေ့ အမြစ်တွယ်လာသည်။

နောက်ပိုင်း ဓိနတ္ထပကာသနီ၊ ဓမ္မပဒ၊ ငါးရာ့ငါးဆယ် ဇာတ်တော်၊ နိကာယ်ငါးရပ် မြန်မာပြန်၊ မဟာဗုဒ္ဓဝင်စာပေများကြောင့် ဗုဒ္ဓဘာသာ၏ သဘောတရားတို့ကို သိရှိနားလည်လာသည်။

၃။ အဘိဓမ္မာသင်တန်း၊ သင်္ဂြိုဟ်သရုပ်၊ ပဋ္ဌာန်း သင်တန်းများကိုလည်း တက်ရောက်သင် ကြားခြင်းဖြင့် ဗုဒ္ဓစာပေတို့၏ သဘောသရုပ် တို့ကို သိလာသည်။

၄။ ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ ဆိုသည့်အတိုင်း အိမ်ထောင်သည် ဘဝတွင် စိန်ရွှေရတနာကုန်သည်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသည်။

၅။ အားလပ်သည့်အချိန်များတွင် ဘာသာရေးဆိုင်ရာ၊ တိုင်းရင်းဆေးပညာဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ကျောက်မျက်ပညာဆိုင်ရာ သင်တန်းတို့ကို တက်ရောက်ခဲ့သည်။

၆။ သာသနာပြုလုပ်ငန်းများအဖြစ် မင်္ဂလာဗျူဟာအသင်း၊ ပိဋကဗျူဟာအဖွဲ့၊ မလွန်ဆန်လှူအသင်း၊ အဘိဓမ္မာ ပြန့်ပွားရေးအသင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဥပဋ္ဌာကအဖွဲ့နှင့် တိ=နိ သာသနာပြု ဥပဋ္ဌာကအဖွဲ့ စသော ဘာသာရေးဆိုင်ရာ အဖွဲ့အသီးသီးတွင် ပါဝင်ဆောင်ရွက်သည်။

၇။ ဒုလ္လဘရဟန်းဘဝဖြင့် ၄-ကြိမ်၊ ပြည်တွင်း ပြည်ပမှ ပုဂ္ဂိုလ်ဆရာတော်တို့အား

ပစ္စည်း လေးပါးဒါယကာအဖြစ် အကြိမ်ကြိမ် ခံယူခဲ့သည်။

၈။ ပစ္စည်းလေးပါးဒါန၊ ဓမ္မဒါနအဖြစ်ဖြင့်လည်း မြောက်မြားစွာ လှူဒါန်းခဲ့သည်။

၉။ ရဟန်းပညာရှိ၊ လူပုဂ္ဂိုလ်ပညာရှိ၊ ကျမ်းတတ် အကျော်အမော်များ ထံတွင် သင်ယူ မှတ်သား ဩဝါဒစကားများကို အမြဲနာကြားခဲ့သည်။

အထက်ပါအချက်များနှင့် ပြည့်စုံသော ကိုကျော်ခင်မြင့်ကို စာဖတ်သူတို့ ဘယ်လိုစဉ်းစားမည်နည်း။ ဝေဖန်မည်နည်း။

ဤအရှင်အား တွေ့လျှင် ကိုကျော်ခင်မြင့် အမြဲရွတ်ဆိုပြဖူးသည့်–

ကိုယ်တည်းတစ်ယောက်
ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး
ဗုဒ္ဓမြတ်စွာ၊ သာသနာကို
ကမ္ဘာအနှံ့၊ လွှမ်းခြုံဖြန့်၍
တည်တံ့ရှည်ကြာ၊ ဆုံးကမ္ဘာတိုင်၊
နိုင်ရာအခန်း၊ တာဝန်ထမ်းမည်
စွဲလမ်းရင်မှာ အမြဲတည်း။ ။

ဟူသောကဗျာကလေးအတိုင်းဆိုလျှင် ကိုကျော်ခင်မြင့်သည် မြတ်စွာဘုရားရှင်၏ သာသနာတော်ဝယ် သဒ္ဓါတရားနှင့် ပြည့်စုံသော အရတော်သော ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ဟု ဆိုလျှင် မှားမည် မထင်ပါ။

မြတ်စွာဘုရားရှင် လက်ထက်တော် အခါက ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်း၍ ၅၄-ကုဋေသော ဥစ္စာတို့ကို သာသနာတော်အတွက် စွန့်လှူသော အနာထပိဏ် သေဌေးကြီး၏ မျိုးဆက်တို့ပေလားဟုပင် အရှင်အောက်မေ့မှတ်ထင်မိပါသည်။

သာသနာတော်အကျိုးကို ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် ဆောင်ရွက်နိုင်ပါစေ။

**အရှင်ထေရဝံသ (ပုသိမ်)**

# ကျေးဇူးတော်ရှင် ဓာလီတောင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

၁။ မိမိတို့ နေ့စဉ်ကျင့်ကြံအားထုတ်သော နိစ္စပတ်အလုပ်ကို အမိဋ္ဌာန်မြောက်အောင် မပြတ်အားထုတ်ကြပါ။

၂။ သစ္စာဆိုနိုင်သည့် အခြေအနေမျိုး ရောက်အောင် ကြိုးစားအားထုတ် သင့်ကြပါတယ်။

၃။ အမိဋ္ဌာန်မြောက် အားထုတ်နိုင်မှသာလျှင် ကိုယ်ခံသဘော အကာအကွယ်ရှိမှသာ ဘေးဒုက္ခအဝဝက လွတ်မြောက်နိုင်မယ်။

၄။ မိမိပြုလုပ်သော ဒါန၊ သီလ၊ ဘာဝနာမှုသာလျှင် မိမိကို အကျိုးပြုမယ်။

# သုံးဖက်လှသူ

**အရှင်ကုမာရ(ပန်းတနော်)**

၁၅-၂-၉၅ ရက်နေ့က စာရေးသူ၏ လက်ထဲသို့ စာတိုက်မှ စာတစ်စောင်ရောက်လာခဲ့၍ ဖတ်ရှုကြည့်ရာ စာမူတောင်းခံလွှာဖြစ်နေသည်ကို တွေ့ရှိရပါသည်။ စာရေးသူ၏ထံသို့ မကြာမကြာ စာမူတောင်းခံလွှာများ ရောက်တတ်လေ့ ရှိရာတွင် ယခု စာမူတောင်းခံလွှာသည် စာရေးသူအဖို့ ထူးခြားနေသော စာမူ တောင်းခံလွှာတစ်စောင် ဖြစ်နေပါသည်။

အဘယ့်ကြောင့် ဆိုသော် "သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်"နှင့် "သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်" တို့ နှစ်ခုပါနေသောကြောင့် ဖြစ်ပါသည်။ သို့သော် ယင်းဘွဲ့တံဆိပ်တော်နှစ်ခုကို တစ်နှစ်တည်းရရှိခြင်း မဟုတ်ပါ။ "သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်" ကို ၁၉၉၂-ခုနှစ်က ရရှိခဲ့ပြီး ၁၉၉၅-ခုနှစ်တွင် "သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်"ကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ယင်းဘွဲ့တံဆိပ်တော်နှစ်ခုကို ရရှိခဲ့သူမှာ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ် ၁၃၄-နေ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ) ဖြစ်ပါသည်။ ဦးကျော်ခင်မြင့်သည် သုံးဖက်လှနေသူ တစ်ဦးဖြစ်ပါသည်။

စာရေးသူသည် စာမူတောင်းခံလွှာကို ဖတ်ရှုပြီးနောက် တစ်ချိန်က တွေ့ကြုံခဲ့ရသော ကိုကျော်ခင်မြင့်နှင့် ပတ်သက်၍ အဖြစ်အပျက်များကို မြင်ယောင်လာမိပါသည်။ စာရေးသူသည် မြောင်းမြမြို့ ညောင်လေးပင်ရပ် ပဋ္ဌာနတာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပရိယတ္တိစာပေကျမ်းဂန်တို့ကို သင်ယူလျက်ရှိနေပါသည်။ ထိုစဉ်က ပဋ္ဌာနတာရုံကျောင်းတိုက်မှ သံဃာတော်များသည် မြို့တွင်းသို့ တန်းစီလျက် ဆွမ်းခံကြွခဲ့ကြရပါသည်။ စာရေးသူ ပဋ္ဌာနတာရုံတိုက်သို့ ရောက်ရှိပြီး နောက်တစ်နေ့တွင် ဆွမ်းခံ ထွက်ခဲ့ရပါသည်။

ထိုသို့ ဆွမ်းခံထွက်ရာ၌ ကိုကျော်ခင်မြင့် မခင်ခင်စိန်တို့၏ အိမ်သို့လည်း ဆွမ်းခံရောက်ခဲ့ရပါသည်။ သူတို့ မိသားစုသည် သံဃာတော်များအား နေ့စဉ်ဆွမ်းလောင်းလှူရာ၌ အားပါးတရရှိလှပါသည်။ စေတနာသဒ္ဓါတရား အားကောင်းလှသည့် မိသားစု ဖြစ်ပါသည်။ ဆွမ်းအများဆုံးလောင်းလှူနေသူမှာ မခင်ခင်စိန်ပင် ဖြစ်ပါသည်။ ကျောင်းပြန်ရောက်သောအခါ သူတို့မိသားစုအကြောင်း စပ်မိစပ်ရာ ပြောဆိုကြသည်။ စာရေးသူထက် ရှေးဦးစွာရောက်နှင့်နေကြသော သူငယ်ချင်း ရဟန်းတော်များက သူတို့မိသားစု သဒ္ဓါတရား အလွန်ကောင်းကြောင်း၊ ရတနာသုံးပါးကို ကြည်ညိုကြကြောင်း၊ သူတို့မိသားစုအိမ်သို့ ဆွမ်းစားကြွရသည့်အခါများမှာလည်း အားပါးတရ တရိုတသေ တလေးတစားဖြင့် လှူဒါန်းဆက်ကပ်ကြကြောင်း စသည်ဖြင့် ပြောဆိုတတ်ကြပါသည်။

ထိုစဉ်ကပင် စာရေးသူအနေဖြင့် ဝမ်းမြောက်ခြင်းများဖြစ်ခဲ့ရဖူးပါသည်။ နောင်သောအခါစာရေးသူ ကိုယ်တိုင်လည်း သူတို့ မိသားစု

အိမ်သို့ ဆွမ်းစားကြွခဲ့ရပါသည်။ သူတို့မိသားစု စေတနာသဒ္ဓါတရား အားကောင်းကြသည်ကို လည်း မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရဖူးပါသည်။ အထူးပင်ဝမ်းမြောက်ခဲ့ရပါသည်။

သူတို့မိသားစုသည် မြောင်းမြမြို့ ပဋ္ဌာနတာရုံတိုက်အတွက် အထူးကျေးဇူးများ ကြသော မိသားစု ဖြစ်ပါသည်။

ကိုကျော်ခင်မြင့်နှင့် မခင်ခင်စိန်တို့သည် မိဘများ၏ လောကီ အမွေအနှစ်ကိုသာ ခံယူ ခဲ့ကြသူများ မဟုတ်ပါ၊ လောကုတ္တရာ အမွေ အနှစ်ကိုသာ ခံယူခဲ့ကြသူများ ဖြစ်ကြပါသည်။

သူတို့မိသားစု ရန်ကုန်သို့ ရောက်နေကြ သော်လည်း ဇာတိဖြစ်သည့် မြောင်းမြမြို့ ပဋ္ဌာနတာရုံတိုက်၊ အိမ်မဲမြို့ အောင်သိပ္ပံ စာသင်တိုက်များအတွက် လိုအပ်သည့်ထင်သည့် ပစ္စည်းများ ပေးပို့လှူဒါန်းခြင်း၊ အဆောက်အဦး ဆောက်လုပ်လှူဒါန်းခြင်း စသည်ဖြင့် မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးအတွက် လိုလေးသေး မရှိအောင် ထောက်ပံ့လှူဒါန်းနေကြသူများ ဖြစ်ကြပါသည်။

ဤမျှသာ မကသေး၊ နိုင်ငံရပ်ခြားမှ မြန်မာပြည်သို့ လာရောက်ကြပြီး ရဟန်းခံ ကိုရင်ဝတ် သီလရှင် ဝတ်လိုသူများအား ပရိက္ခရာများ ပစ္စည်းပစ္စယများ လှူဒါန်းခဲ့ကြပြီး ပရိယတ္တိစာပေကျမ်းဂန်တို့ကို သင်ယူလိုကြ သူများ၊ ရိပ်သာများ၌ ပဋိပတ္တိတရားအားထုတ် လိုကြသူများအားလည်း အဖက်ဖက်မှ လိုလေ သေးမရှိအောင် တာဝန်ယူ၍ ပစ္စည်းလေးပါးတို့ ဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကြပါသည်။

ထို့ကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ကိုကျော်ခင်မြင့်အား ယခု ၁၉၉၅-ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် "သီဟသုဓမ္မမဏိဇောတ ဓရဘွဲ့တံဆိပ်တော်"ကို ချီးမြှင့်ခဲ့ကြခြင်းပင် ဖြစ်ပါသည်။ ယင်းဘွဲ့တံဆိပ်တော်၏ အဓိပ္ပာယ် မှာ "ရဲရင့်သော ကောင်းသောသဘောရှိသော ပတ္တမြားရတနာကို ထွန်းလင်းတောက်ပြောင် အောင် ဆောင်ထားသူ"ဟူ၍ ဖြစ်ပါသည်။

ကိုကျော်ခင်မြင့် ယင်းဘွဲ့တံဆိပ်တော်ကို ရရှိခြင်းသည် ကိုကျော်ခင်မြင့်အတွက် "တစ် ဖက်လှ"ပင် ဖြစ်ပါသည်။

ကိုကျော်ခင်မြင့်သည် လောကီပညာရေး ဖက်၌ (B.Sc., H.G.P., R.L) ဘွဲ့လက်မှတ် ရရှိခဲ့သူ ဖြစ်ပါသည်။ သူ၏အသက်မှာ ၄၈- နှစ်မျှသာရှိသေးသည်။ အိမ်မဲမြို့နယ် ရွာသစ်ရွာ သားတစ်ဦး ဖြစ်သည်။ မိဘများမှာ ရတနာ ကုန်သည်များဖြစ်ကြသော ဦးကျော်မြ-ဒေါ်ကြင် မြိုင်တို့ ဖြစ်ကြပါသည်။

မြောင်းမြမြို့နေ ရတနာကုန်သည်များ ဖြစ်ကြသည့် ဦးပြား-ဒေါ်ဒေါ်သိန်းတို့၏ သမီး မခင်ခင်စိန်နှင့် အိမ်ထောင်ပြုပြီးနောက်ရန်ကုန်မြို့ ရွှေဘုံသာလမ်းတွင် မိဘတို့၏ လက်ငုတ်ရွှေဆိုင် အလုပ် လုပ်ကိုင်ခဲ့သည်မှာ ယနေ့အထိပင်ဖြစ်ပါ သည်။

ကိုကျော်ခင်မြင့်သည် လောကုတ္တရာ စာပေကျမ်းဂန်များကို ၁၉၇၇-၇၈ ခုနှစ်လောက် မှစ၍ သင်ယူခဲ့လေသည်။ ဆူးလေစေတီတော် ရင်ပြင်အဘိဓမ္မာပြန့်ပွားရေးအသင်းက ကျင်းပ သည့် သင်္ဂြိုဟ် (အဘိဓမ္မာ) သင်တန်းများ၊ မင်္ဂလာဗျူဟာအသင်းက ကျင်းပသည့် သင်တန်း

များကို နှစ်ပေါင်းများစွာ တက်ရောက် သင်ကြားခဲ့ပြီး၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် အဘိဓမ္မာစာမေးပွဲ ပ-ဒု-တ-သုံးဆင့်၊ ဝိသုဒ္ဓိမဂ်စာမေးပွဲ ပ-ဒု-တ-သုံးဆင့်၊ အဆင့်မြင့် မစိုးရိမ် အဘိဓမ္မာစာမေးပွဲ ပ-ဒု-တ-သုံးဆင့်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ကျင်းပသည့် စာမေးပွဲတို့ကို ဖြေဆိုအောင်မြင်ခဲ့သူတစ်ဦး ဖြစ်ပါသည်။

ကိုကျော်ခင်မြင့်သည် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ဓမ္မာရုံတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့နှင့် တက္ကသိုလ်ဘွဲ့ရအထိ သက်ငယ်၊ သက်ကြီး ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း၊ မင်္ဂလာဇျုပဟာ အသင်း၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတို့မှစ၍ အလားတူ သင်တန်းများကို လိုက်လံပို့ချပေးလေ့ရှိသူ တစ်ဦးလည်း ဖြစ်ပါသည်။

ကိုကျော်ခင်မြင့်သည် ရွှေဆိုင်အလုပ်ကို ဇနီးသည် မခခင်ခင်စိန်အား ဦးစီးပြုလုပ်စေလျက် မိမိကိုယ်တိုင်ကမူ သာသနာရေး ဘာသာရေး အလုပ်တို့ကို အားသွန်ခွန်စိုက် လိုက်လံဆောင်ရွက်နေသူတစ်ဦးလည်း ဖြစ်ပါသည်။ မနေ့တစ်နေ့ကမှ လုပ်ဆောင်ခြင်းမဟုတ်ပါ၊ ၁၉၈၀-ပြည့်နှစ်မှစ၍ တစိုက်မတ်မတ် လုပ်ဆောင်လာခဲ့ခြင်းသာ ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ ဘုံဘေမြို့အနီး အီဂတ်ပူရီမြို့ တောင်ပေါ်ရှိ ဝိပဿနာ နိုင်ငံတကာ တက္ကသိုလ် (Vipassana International Academy) သို့ ၁၉၈၆-ခုနှစ် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ ၁၉၉၀-ပြည့်နှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် ကမ္ဘာ့ဌာနာစရိယဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ၏ ဖိတ်ကြားချက်အရ သံဃာတော်များ ဓမ္မမိတ်ဆွေ စာရေးဆရာ ဆရာမများနှင့်အတူ သွားရောက်၍ ဝိပဿနာ နီးနှောဖလှယ်ပွဲများသို့ တက်ရောက်ပြီး ကိုယ်တိုင်ကိုယ်ကျ တရားအားထုတ်ခဲ့သူလည်း ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ယူပြီး ဓမ္မဂီရိမဂ္ဂဇင်း၏ တာဝန်ခံစာတည်း၊ ဗောဓိစာစောင်၏ တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူ၍ ဆောင်ရွက်နေသူလည်း ဖြစ်ပါသည်။

ကိုကျော်ခင်မြင့်သည် "ထင်ပေါ်ကျော်စင်တော်ကကောက်စမြိ" ဟူသော စကားအရ သာသနာပြု လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်နေသည်မှာ ထင်ရှားလာသဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၉၂-ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် "သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်"ကို ချီးမြှင့်ခြင်းခံခဲ့ရသူလည်း ဖြစ်ပါသည်။

ယင်းဘွဲ့တံဆိပ်တော်၏ အဓိပ္ပာယ်မှာ "တံခွန်အလံသဖွယ် သူတော်ကောင်းတရားကို ထွန်းလင်း တောက်ပြောင်အောင် ပြတတ်သူ" ဟူ၍ဖြစ်ပါသည်။ ကိုကျော်ခင်မြင့် ယင်းဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ခြင်းသည် ကိုကျော်ခင်မြင့် အတွက် "တစ်ဖက်လှ"ပင် ဖြစ်ပါသည်။

ကိုကျော်ခင်မြင့် စိတ်တိုင်းကျ ဒါနပါရမီဖြည့်နိုင်ရေး ပညာပါရမီ ဖြည့်နိုင်ရေး အလေးပေးပါရမီ ဖြည့်နေသူမှာ သူ၏ဇနီးမြတ် မခင်ခင်စိန်ဖြစ်ပါသည်။ မခင်ခင်စိန်သည် သူ၏ ခင်ပွန်း ကိုကျော်ခင်မြင့် အလှူဒါနပြုခြင်းကို

လုံးဝဟာန့်တားခြင်း မရှိသည့်အပြင် ကိုယ်တိုင်ကိုယ်ကျလည်း အပင်ပန်းခံကာ ချက်ပြုတ်လှူဒါန်းပြီး ခင်ပွန်းသည် ကိုကျော်ခင်မြင့်အား ပါရမီဖြည့်နေသူတစ်ဦး ဖြစ်ပါသည်။

လောကုတ္တရာ စာပေကျမ်းဂန်များ သင်ကြားရာ၌လည်းကောင်း၊ သင်ကြားတတ်မြောက်ပြီး တစ်ဖန် ဘာသာရေးသင်တန်း အဘိဓမ္မာသင်တန်းများကို ဖွင့်လှစ်၍ ကိုယ်တိုင်သင်ကြားပေးရာ၌လည်းကောင်း ငြူစူခြင်း လုံးဝမရှိသည့်အပြင် အစွမ်းကုန်ကြိုးစား၍ ကိုကျော်ခင်မြင့်၏ ပညာပါရမီကိုလည်း အထူးဖြည့်စွမ်းနေသည့် ဇနီးသည် မခင်ခင်စိန် ဖြစ်ပါသည်။

စာရေးသူက သူတို့ဇနီးမောင်နှံနှစ်ဦးအား လက်တွဲညီညီဖြင့် သာသနာပြုနေကြသည့် ဇနီးမောင်နှံ နှစ်ဦးဖြစ်သည်ဟုပင် ဆိုချင်ပါသည်။

ကိုကျော်ခင်မြင့် ယခုကဲ့သို့ "သဒ္ဓမ္မဇောတိကဓဇ၊ သီဟသုဓမ္မမဏိ ဇောတဓရ" ဘွဲ့တံဆိပ်တော်များ ရရှိအောင် ခင်ပွန်းသည် ကိုကျော်ခင်မြင့်၏ ပါရမီကိုဖြည့်နေသူမှာ ဇနီးသည် မခင်ခင်စိန်ပင် ဖြစ်ပါသည်။

ကိုကျော်ခင်မြင့်အတွက် ဇနီးသည် မခင်ခင်စိန် ပါရမီဖြည့်နေခြင်းသည်လည်း "တစ်ဖက်လှ" ပင် ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူက ကိုကျော်ခင်မြင့်အား "သုံးဖက်လှသူ" ဟူ၍ ဆိုလိုက်ရခြင်း ဖြစ်ပါသတည်း။

သက်ရှည်ကျန်းမာ၊ ဘေးရန်ကွာ၊ သာသနာ ပြုနိုင်ကြပါစေ။

**အရှင်ကုမာရ (ပန်းတနော်)**

မိမိကိုယ်ကို တကယ်ချစ်လျှင်
မိမိကိုယ်ကို လောဘမီး၊ ဒေါသမီး၊
မောဟမီးတို့ဖြင့် မကြာမကြာ မရှို့သင့်ပါ။

**အဘိဓဇမဟာရဋ္ဌဂုရု**
**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
**ကမ္ဘာ့ဗုဒ္ဓသာသနာပြု**
**အရှင်သေဋ္ဌိလာဘိဝံသဆရာတော်ကြီး**

# ကိုကျော်ခင်မြင့်နှင့် ကျွန်တော်

ထွန်းလွင်(ဓမ္မာစရိယ)

ကျွန်တော် ကိုကျော်ခင်မြင့်နှင့် အသိအကျွမ်းဖြစ်ပြီး ခင်ခင်မင်မင်ရှိခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်သည်။

သို့သော် နှစ်ဦးသား အတူတကွ တပူးတွဲတွဲနှင့် ရှိခဲ့သည့် အနေအထားမျိုးတော့ မဟုတ်ပါ၊ တစ်နှစ်၊ တစ်နှစ်မှာ တစ်ခါမျိုး နှစ်ခါမျိုးဆိုသလို တစ်အောင့်တစ်နားတွေ့ကြရပြီး စကားစမြည် တစ်ခွန်းစ နှစ်ခွန်းစ ပြောဖြစ်ရာမှ ခင်မင်လာသော အခင်အမင်မျိုးဖြစ်သည်။

သို့သည့်တိုင် တစ်ဦးနှင့်တစ်ဦး အစိမ်းမျိုးမဟုတ်မှုဘဲ အတော်လေး ရင်းနှီးခင်မင်လာသည့် အသွင်ကို တွေ့ရတိုင်း ဆောင်နေသည်။

ကျွန်တော်တို့နှစ်ယောက် တွေ့ကြ၊ ဆုံကြ စကားစမြည် ပြောဖြစ်ကြသည့် နေရာကလည်း ကြည့်ပါဦး၊ လမ်းပေါ်မှာ၊ လက်ဖက်ရည်ဆိုင်မှာ၊ ဟိုနားသည်နားမှာ ဆိုသလို တွေ့ကြရတာမျိုးမဟုတ်၊ အများအားဖြင့် ဘာသာရေး၊ သာသနာရေးနှင့်ဆိုင်ရာ အခမ်းအနားတစ်ခုမှာ ဆုံကြတာမျိုး ဖြစ်သည်။

ကျွန်တော်တို့ စ,သိကြသည့်အခါကလည်း ဘာသာရေး၊ သာသနာရေးဆိုင်ရာ အခမ်းအနား တစ်ခုမှစပြီး သိခဲ့ခြင်းဖြစ်သည်။

အမှန်မှာ ကိုကျော်ခင်မြင့်အဖို့ ဘာသာ၊ သာသနာ လုပ်ငန်းများတွင် အလွန်စိတ်အားထက်သန်ပြီး လုပ်ကိုင်ဆောင်ရွက်နေသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ သို့မို့ကြောင့်လည်း သာသနာရေးအတွက် ကြိုးပမ်းလုပ်ကိုင်သည့် အသင်းအဖွဲ့ များတွင် သူ့ကိုတွေ့ရခြင်းဖြစ်သည်။

အချို့အသင်းတွင် ဥက္ကဋ္ဌအဖြစ်၊ အချို့အသင်းမှာ အတွင်းရေးမှူးနှင့် အချို့အသင်းတွေမှာ အဖွဲ့ဝင် သို့မဟုတ် သာမန်အသင်းသားအဖြစ် ပါဝင်လျက် ရှိနေသည်ကို သိရသည်။

တစ်ခါ သူပါဝင်သော အသင်းများကလည်း သာမန်အသင်းမျိုးမဟုတ်၊ ထုနှင့်ထယ်နှင့်၊ အင်နှင့်အားနှင့်ဆိုသလို ဘာသာ၊ သာသနာအတွက် ထိထိရောက်ရောက် ဆောင်ရွက် လုပ်ကိုင်သည့် အသင်းမျိုး၊ နိုင်ငံသိ အသင်းကြီးမျိုးဖြစ်သည်။

အလှူအတန်းဘက်တွင် ထက်သန်သော၊ လက်နှေးတွန့်တိုခြင်းမရှိသော၊ ရဲရင့်သော အလှူရှင် တစ်ဦးဖြစ်သလို သူကိုယ်တိုင်ပင် သပြေကန်ဆရာတော်ဘုရားကြီး ခြေတော်ရင်း၌ ဒုလ္လဘရဟန်း ဝတ်ခဲ့သူတစ်ဦး ဖြစ်သည်။

တစ်ခါက ကျွန်တော် သပြေကန်ဆရာတော်နှင့် ဆရာတော့်အခန်းထဲမှာပင် စကားပြောနေသည်။ သာသနာရေးဆိုင်ရာကိစ္စ၊ နောက် ကျမ်းဂန်လာ မရှင်းလင်းသည့် အချက်အလက်လေးများကို ကျွန်တော်က မေးမြန်းလျှောက်ထား၊ ဆရာတော်က ပြောပြရှင်းပြနှင့် ရှိနေသည်။

ထိုစဉ် ကိုကျော်ခင်မြင့် ဝင်လာသည်။ ဆရာ တော့်အား ထိခြင်းငါးပါးနှင့်အညီ ရှိခိုးပြီး

မဖူးမြော်ရတာ နည်းနည်းကြာသွားသဖြင့် လာရောက်ဖူးမြော်သည်ဟု လျှောက်ထားသည်။ ထို့နောက် ဆရာတော့် ကျန်းမာရေးကို မေးလျှောက်ပြီး ခဏမျှ ကျွန်တော် တို့နှင့်အတူ စကားစမြည် ဝင်ပြောသည်။

ထို့နောက် ပြန်ခါနီး၌ ဆရာတော့်အား ရိုးရိုး ဦးချရုံတင်မဟုတ်တော့ဘဲ ဆရာတော့် ခြေဖမိုး နှစ်စုံကို တယုတယကိုင်တွယ်ပွတ်သပ်ပြီး နဖူးနှင့်တိုက်ကာ တိုက်ကာ မြတ်မြတ်နိုးနိုးကြီး ရှိခိုးတော့သည်။

ဤသို့ ရှိခိုးလို့ ကျေနပ်အားရသော့မှ လက်အုပ်လေးချီကာ နောက်သို့တစ်လှမ်း နှစ်လှမ်းခန့် အသာအရာဆုတ်သွားပြီးမှ–

"တပည့်တော် ဦးတင်ပါသည်ဘုရား" ဟု ဆိုကာ အခန်းထဲမှ ညင်သာစွာ ခြေကိုခပ်ဖွဖွ လေးနင်းပြီး ထွက်သွားပါတော့သည်။

ဤသို့ ကိုကျော်ခင်မြင့် ထွက်သွားတော့မှ ကျွန်တော်က–

"ဆရာတော်ဘုရား၊ တပည့်တော်တို့ ကျမ်း ထဲမှာ တွေ့တာက ဗြဟ္မာယုပုဏ္ဏားကြီးနဲ့ တူပါတယ်၊ ဗုဒ္ဓရဲ့ခြေတော်အစုံကို အားပါးတရ ကြီး ဆုပ်ကိုင်ပွတ်သပ် နမ်းရှုပ်ပြီး နဖူးနဲ့တိုက် တိုက်ပြီး ရှိခိုးတယ်ဆိုတာလေ၊

"ဒါအခု ဆရာတော့်ကို ကိုကျော်ခင်မြင့် က အခုလိုရှိခိုးသွားပုံကို မြင်ရတော့ တပည့်တော် စိတ်ထဲ ကြည်နူးသလိုလို ခံစားနေမိတယ်ဘုရား" ဟု လျှောက်လိုက်သည်။

ထိုအခါ ဆရာတော်က–

"အေး၊ အခုန သူ့ရှိခိုးသွားတာက သီဟိုဠ် (သီရိလင်္ကာ)က ရှိခိုးပုံမျိုးရယ်၊ သူလဲ အတော်လေး သိမ်မွေ့တယ်"

"မှန်ပါ၊ ပြောပုံဆိုပုံရော၊ ကိုယ်အမူအရာတွေကရော အားလုံး ယဉ်ကျေးသိမ်မွေ့ပါတယ်၊ သူနဲ့တွေ့လို့ စကားပြောမိတိုင်း သူ့အမူအရာ၊ သူ့ အသံတွေဟာ မာန်မာနကင်းနေတာ အမြဲပဲ ဘုရား"

ဤသို့ စသည်ဖြင့် ကျွန်တော်တို့ ဆရာ တပည့် ကိုကျော်ခင်မြင့်အကြောင်းကို စကား အနည်းငယ် ဆက်ပြောဖြစ်လိုက်သေးသည်။

တစ်ခါက ကျွန်တော်နှင့်သူ အလုပ် အတူတူ တွဲလုပ်ဖူးသည်တော့ ရှိခဲ့ဖူးသည်။ ထိုအလုပ်မှာ သပြေကန်ဆရာတော်ကြီး အဘိဓဇ ပူဇော်ပွဲတုန်းက ဖြစ်သည်။

သူနှင့် ကျွန်တော်တို့ တာဝန်ယူရသည့် အလုပ်မှာ သပြေကန်ဆရာတော်၏ "ထေရ ဂုဏ်ရည် စာစောင်ကြီး" ထုတ်လုပ်နိုင်ရေး ဆပ်ကော်မတီတွင် ကျွန်တော်က ဥက္ကဋ္ဌ၊ ကိုကျော်ခင်မြင့်က အတွင်းရေးမှူးဖြစ်သည်။

သို့တိုင်အောင် သူနှင့်ကျွန်တော် တစ်နာရီ ပြည့်အောင် အတူမနေခဲ့ဘူးချေ။ ဆရာတော့် ကျောင်းမှာ ခေတ္တခဏ တွေ့ပြီးနောက် ကိစ္စရှိရင် တယ်လီဖုန်းနှင့်သာ ဆက်သွယ်ပြီး အလုပ်လုပ် ကြသည်ချည်း ဖြစ်သည်။

ဤသို့ ကျွန်တော်တို့နှစ်ယောက် အခင် အမင် ရှိနေရာမှ နှစ်ဦးစလုံးအဖို့သည် တစ်သက်တာ မေ့မရနိုင်လောက်အောင် ကြည်နူး ဝမ်းသာရသော အဖြစ်မျိုး ကြုံခဲ့ရလေသည်။

သပြေကန်ဆရာတော်ကြီး တစ်ဘဝတာ ခန္ဓာဝန်ချပြီး နောက်ဆုံး ကြုံတော့သုသာန်မှာ အန္တိမအဂ္ဂိစျာပန ပူဇော်သည့်နေ့က ဖြစ်သည်။

ထိုနေ့က ကျွန်တော် အစောကြီး အခမ်း အနား ကျင်းပရာ ရွှေကျင်ကျောင်းတိုက်သို့

ရောက်နေပြီး ကျွန်တော်လုပ်ကိုင်ပေးရမည့် ကိစ္စများကို ဆောင်ရွက်သည်။ ထို့နောက် အခမ်းအနားကျင်းပချိန်ကိုစောင့်၊ အခမ်းအနား ကျင်းပချိန်၌ ရွတ်ဖတ်ပူဇော် ကြသည်ကို တလွမ်းတဆွေးနှင့်နားထောင်သည်၊ ပြီးနောက် ဆရာတော့် ရုပ်ကလာပ်တော်ကို မော်တော်ယာဉ်ရှိရာသို့ သယ်ယူခါနီး၌ ကျွန်တော် အခမ်းအနားမှ လမ်းမ မုခ်ဦးဆီသို့ အစောကြီး ထွက်လာခဲ့သည်။

ဤသို့ ထွက်လာရသည်မှာ ရဟန်းရှင်လူ ပရိသတ်ကြီးမှာ အဆမတန် များပြားနေသဖြင့် ခပ်စောစောလမ်းမပေါ် ရောက်နှင့်အောင် ဖြစ်သည်။ ထိုသို့ ထွက်လာစဉ် အသိမိတ်ဆွေ တစ်ယောက်နှင့် တွေ့သဖြင့် ထိုမိတ်ဆွေက—

"ဟော ဆရာက ဒီမှာကိုး၊ နို့ဆရာ၊ မောင်ရင့်ကျူး(မြောင်းမြ)နဲ့ တွေ့သေးလား"

"ဟင့်အင်း၊ မတွေ့ဘူး၊ သူလာလို့လား"

"လာတယ်ဆရာ၊ အခမ်းအနားမစမီလေးမှာ ကျွန်တော်နဲ့တွေ့တယ်၊ ဆရာတော့်ကျောင်းရှေ့မှာ၊ လူတွေကလည်း များလွန်းလို့ အဲဒါ မိုးထိုးမတ်တပ်ကြီးပဲ စကားပြောဖြစ်ကြတယ်"

"မောင်ရင့်ကျူးက ဆရာ့ကိုမေးတယ်၊ လာ သလားလို့၊ နောက် ကျွန်တော်နဲ့ လူချင်းကွဲသွားတယ်"

မောင်ရင့်ကျူး(မြောင်းမြ)မှာ ကိုကျော်ခင်မြင့်၏ ကလောင်အမည် ဖြစ်သည်။

ထိုသို့ အသိမိတ်ဆွေနှင့် စကားပြောရင်း မုခ်ဝဆီ ထွက်အလာတွင်—

"ဆရာဦးထွန်းလွင်"ဟု နောက်က ခေါ်သံ ကြားသဖြင့် လှည့်ကြည့်ရာ ကိုကျော်ခင်မြင့် ဖြစ်နေသည်။

သို့နှင့် ကျွန်တော်တို့ သူ့ကို ရပ်စောင့်ကြသည်။ သူအနားရောက်လာသည့်အခါ—

"ဆရာ၊ ဟိုအထိ လိုက်မှာလား"

"လိုက်ချင်ပြီပေါ့ဆရာ၊ ဒါပေမယ့် ကားဒုက္ခက ရှိတယ်မဟုတ်လား၊ ဒီတော့ ဟိုအထိ မလိုက်တော့ဘဲ လမ်းဘေးတစ်နေရာရာကပဲ ပို့ဆောင်မည့် အခမ်းအနားကို ကြည့်ပြီး နောက်ဆုံးကြည့်ညို ရတော့မှာပဲ၊ ဒါကြောင့် စောပြီးထွက်လာတယ်"

"နို့၊ ဆရာကကော"

"ကျွန်တော်လဲ လိုက်ပို့မလို့ဘဲဆရာ၊ ကျွန်တော့်မှာ ကားပါလာတယ်၊ ဒီတော့ ကျွန်တော့်ကားနဲ့ ဆရာတို့ လိုက်ကြပေါ့"

"ဟာ၊ သိပ်ဝမ်းသာတယ်ဗျာ၊ ကျွန်တော် ဆရာတော့်ကို လိုက်မပို့နိုင်တော့ဘူးဆိုပြီး စိတ်ပျက်အားငယ်နေတာ၊ အခုမှပဲ စိတ်ချမ်းသာရတော့တယ်"

"ဒါဖြင့်လာလာ၊ ဟိုမှာ ကျွန်တော့်ကားပဲ"

သို့နှင့် ကျွန်တော်တို့ ကိုကျော်ခင်မြင့် ကားဆီသို့ ခပ်သွက်သွက်သွားကြသည်။ ကားခေါင်းခန်းထဲမှာ ကျွန်တော့်ကို နေရာချပေးသည်။

ကျွန်တော်တို့ ကားပေါ်ရောက်နေသော်လည်း ကားကို မောင်းထွက်လို့မရသေး၊ လိုက်ပါပို့ဆောင်မည့် ကားတန်းကြီးမှာ တမျှော်တခေါ်ကြီး ဖြစ်နေသည်။ သည့်ကြားထဲ ကိုယ်ပိုင်ကားများ လိုက်ရမည့်အစီအစဉ်က သာမန်ဟုပြည့် ဒကာ ဒကာမများအတွက် ရှာပနကော်မတီက စီစဉ်ပေးထားသောကားများနောက်မှ ဖြစ်သည်။

သို့နှင့် ကိုကျော်ခင်မြင့်က–

"အောက်ဆင်းနေဦးဆရာ၊ ကားခေါင်းထဲက သိပ်ပူတယ်၊ ကျွန်တော်တို့က ရှေ့ကကားတွေ စီတန်းထွက်ပြီးမှ နောက်ကလိုက်ရမှာ"

"ဒီတော့ ဘာမှတော့ မြင်ရမှာ မဟုတ်ဘူး၊ တစ်ခုတော့ရှိတယ်၊ ကျွန်တော်တို့ကား ထွက်လို့ရရင် ကားတန်းနဲ့ နောက်ကနေ လိုက်မနေဘဲ ကြံတောကိုသွားနှင့်ပြီး ဟိုကနေ စောင့်ကြည့်ရင် မကောင်းဘူးလား"

"ဒါလဲ ရမှာမဟုတ်ဘူးဆရာ၊ ကျွန်တော်သိထားသလောက်က ညနေ ၃နာရီလောက်ကတည်းက လမ်းကိုရှင်းထားမှာတဲ့၊ ကြံတောမှာလဲ ဒီတိုင်းပဲ"

"ဒါဖြင့်လဲ ရှေ့ကကားတွေ ထွက်ပြီးမှ အေးအေးဆေးဆေးပဲ နောက်ကနေ လိုက်သွားတာပေါ့"

"အင်း၊ ကောင်းတယ်"

ဤသို့ ကျွန်ုပ်တို့ ပြောနေကြစဉ် ကြက် ခြေနီဝတ်စုံနှင့် လူတစ်ယောက် အူလျားဖားလျား ပြေးလာပြီး–

"ဒီမှာ၊ ဒီမှာ၊ ဆရာတို့ကားနဲ့ ကျွန်တော့်ကောင်လေး သုံးယောက်ခေါ်သွားပါ၊ သူတို့ ဒီအခမ်းအနားကို လမ်းတစ်လျှောက်လုံးမယ် မှတ်တမ်းတင် ဗီဒီယို ရိုက်ကြမှာပါ"

ဟု အမောတကော ပြေးပြီး သူ့ကောင်လေး သုံး ယောက်ကို–

"ဒီကိုလာ၊ ဒီကိုလာ"

ဟု လှမ်းခေါ်ပြီး–

"ကဲကဲ တက်တက်၊ မြန်မြန်လုပ်၊ ဟိုမှာ ကားတွေတောင် ထွက်ကုန်ပြီ"

ဟု တစ်ဆက်တည်းပြောကာ ဝီစီထုတ်၍ ကိုကျော်ခင်မြင့် ကားရှေ့မှခံနေသော ကားတွေကို ကိုကျော်ခင်မြင့်ကား ထွက်နိုင်အောင် အတင်းလမ်းလုပ်ပေးသည်။

သည်တွင် ကိုကျော်ခင်မြင့်က–

"ကဲ ဆရာ၊ မြန်မြန်တက်"

ဆိုသဖြင့် သူရော ကျွန်တော်တို့ရော၊ ကြက်ခြေနီလူ သုံးယောက်ကော အမြန်တက်ကြသည်။ ထို့နောက် လမ်းပွင့်သွားပြီမို့ လမ်းမဘက်ကို ကိုကျော်ခင်မြင့်က သူ့ကားကို မောင်းထွက်ပြီး အစီအစဉ်အတိုင်း ဖြေးဖြေးမောင်းထွက်နေသော ကားတွေကို မဖြတ်ကျော်သေးဘဲ ကားကို ဘေးနားမှာခေတ္တ ရပ်လိုက်သည်။

ထိုအခါ နောက်က စီးလိုက်လာသော ကြက်ခြေနီလုလင်က–

"ကားမရပ်လိုက်နဲ့ဆရာ၊ ဟိုးရှေ့ဆုံးက မော်တော်ဆိုင်ကယ် သုံးစီးရှေ့ ရောက်အောင်မောင်းပေး၊ တစ်လမ်းလုံး ကျွန်တော်တို့က အဆီးအတားမရှိ မောင်းနိုင်ပါတယ်၊ ကျွန်တော်တို့က ရပ်ဆိုရပ်၊ မောင်းဆိုမောင်း၊ ကျော်တက်ဆို ကျော်တက်ဆရာ၊ ဒါမှ အလုပ်ဖြစ်မှာ၊ ဘာမှ အတားအဆီးခံရမှာ မဟုတ်ဘူး"

"ဟာ၊ ဒီလိုဆိုအကြိုက်ပဲ၊ ကျွန်တော်တို့ကလဲ ဒီအခမ်းအနားကို တစ်လမ်းလုံးကြည့်ချင်နေတာ"

သို့နှင့် ကျွန်တော်တို့နှစ်ယောက် စိတ်ကြိုက် ဖြစ်သွားသည်။ သည်တွင် ကျွန်တော့်အသိဉာဏ်ထဲ ရုတ်တရက် အတွေးတစ်ခု ဝင်လာသည်မို့

"အဲ၊ ကိုကျော်ခင်မြင့်၊ ဒါ ခင်ဗျား ဘယ်လိုမြင်လဲ"

"ဘယ်ဟာလဲ ဆရာ"

"ဘယ်ဟာရမလဲ၊ ကျွန်တော်တို့ ဒီပွဲမှာ ဟိုးနောက်ဆုံးက လိုက်ရမှာမို့ အခက်တွေ့နေမဟုတ်လား၊"

"ဟုတ်တယ်ဆရာ"

"အဲ အဲ ဟုတ်, မဟုတ်တော့မသိဘူး၊ ကျွန်တော်တို့ကို ဟိုက နတ်ပြည်ကနေပြီး ဆရာတော်ကများ အဆင်ပြေအောင် ညွှန်လိုက်ရော့သလား ဆရာ"

"ဟာ ဟုတ်ပြီဗျို့၊ ကျွန်တော်တို့ နှစ်ယောက် အခုကိစ္စမှာ စိတ်ဆင်းရဲနေကာ၊ အခုအဆင်ပြေသွားပြီ၊ အဆင်ပြေရုံတင်မကဘူး၊ လမ်းတစ်လျှောက် လုံးကို ကြည့်ချင်သလိုကြည့်၊ ရပ်ချင်တဲ့နေရာရပ်၊ မောင်းချင်တဲ့နေရာ မောင်းနိုင်သွားပြီ"

"အင်း ဒါ ဒါ ဆရာပြောသလို ဆရာတော်ကများ ညွှန်းလိုက်တာများလား"

"ဒါက တွေးကြည့်ရတာကိုးဗျ၊ အခုကြည့်လေ၊ ဗီဒီယိုသမားတွေအဖို့ ကားတွေ အများကြီး ရှိရက်နဲ့ ရှေ့ကကားတွေကို ကျော်ပြီး ခင်ဗျားကားဆီကိုမှ အမောတကော တန်းပြေးလာပြီးခေါ်မယ်၊ မခေါ်မယ်ဟောင် မစောင့်နိုင်ဘူး၊ အကောင်း မောင်းထွက်မိုင်းတာလေ"

"ဟုတ်လိုက်လေဆရာရယ်၊ ဘာပဲပြောပြော၊ ဒါဟာ ဆရာတော့်ကျေးဇူး၊ ဆရာတော့်ကျေးဇူးဗျ"

ဤသို့လျှင် ထိုနေ့က ကိုကျော်ခင်မြင့်နှင့် ကျွန်တော် ဆရာတော့်ဂုဏ်ကျေးဇူးများကို အမှတ်တရရနှင့် အထူးတမ်းတရပြီး၊ ဆရာတော့် နောက်ဆုံးခရီးစဉ်ကို အစမှအဆုံးထိ စိတ်ချမ်းသာစွာနှင့် ပို့ဆောင်ပူဇော်နိုင်ခဲ့ကြပါသည်။

ထွန်းလွင်

---

# ပြုပြင်သူနည်းနေ

ယခုခေတ်ကာလမှာ လက်တွေ့စမ်းသပ်၍ သိမြင်နိုင်တဲ့ ရုပ်လောက၏ တိုးတက်ကြီးပွားချမ်းသာရေးကိုပင် အားပေးလိုက်စားသူ များပြားလျက်၊ လက်တွေ့စမ်းသပ်၍ မရနိုင်, မျက်စိဖြင့် မမြင်အပ် မမြင်နိုင်သည့် နာမ်လောကဘက်မှ တိုးတက်ကောင်းမွန်လာအောင် ပြုပြင်သူများ အလွန်ရှားပါးနေပေတယ်။

*နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး*

# မောင်ရင်ကျူး(မြောင်းမြ)ရဲ့ကဗျာ

မောင်စွမ်းရည်

မောင်ရင်ကျူး(မြောင်းမြ)ကို ကျွန်တော် သိကျွမ်းရင်းနှီးလာခဲ့တာ နှစ်ပေါင်း ၁၂-နှစ်လောက် ကြာခဲ့ပါပြီ။ ၁၂-နှစ်ဆိုတာ မင်္ဂလာတရား ၃၈-ပါးကို ရာရတာလောက် ကြာတဲ့ အချိန်ပါတကား။

မောင်ရင်ကျူးရဲ့ အမည်ရင်းက ကိုကျော်ခင်မြင့် ဆိုတော့ ကျွန်တော်တို့က သူ့ကို ကိုကျော်ခင်မြင့်လို့ပဲ ခေါ်လေ့ရှိပါတယ်။ ကိုကျော်ခင်မြင့်ကို ကျွန်တော်တို့ (တင်မိုးနဲ့ပါ) မိတ်ဆက်ပေးလာသူကတော့ ရန်ကုန်တက္ကသိုလ် ဥပဒေဌာနက ဆရာလေး ကိုကျော်ဇော်နိုင်ပဲ ဖြစ်ပါတယ်။ ကိုကျော်ဇော်နိုင်က ဘာသာရေးသမား စာရေးဆရာတစ်ဦး ဖြစ်ပါတယ်။ ဘုရားဒကာလေး တစ်ဦးပါ။ သူကော် ချင်းချင်း သတင်းလွှေ့လွှ ပေါင်းဖက်တွေ့ ဆိုသလို သူတို့နှစ်ဦးဟာ ဘာသာရေးသမားချင်းမို့ ပေါင်းဖက်တွေ့ခဲ့ကြပုံရပါတယ်။ သူတို့နှစ်ဦး စာပေလဲ လိုက်စားကြပါတယ်။

ကျွန်တော်တို့ကတော့ စာပေသမားတွေသာ ဖြစ်ပါတယ်။ ကဗျာမွေ့သူတွေပါ။ ဘာသာရေးပိုင်းမှာကျတော့ မိရိုးဖလာလောက်ပဲ ရှိသူတွေပါ။ ကိုကျော်ခင်မြင့်နဲ့ ကျွန်တော်တို့ ဆက်ဆံလာရတဲ့ကိစ္စကတော့ ကဗျာကိစ္စနဲ့ပဲ ဖြစ်ပါတယ်။ သူဦးစီးထုတ်ရမယ့် မြောင်းမြမဂ္ဂဇင်းအတွက် ကဗျာတောင်းလာတဲ့ကိစ္စပါပဲ၊ စာမူခလည်း ကြိုတင်ပေးပါတယ်။ အဲဒီတုန်းက ပေါက်ဈေးအတိုင်း ငွေ ၅၀-စီ ပေးပါတယ်။ တစ်ရာမပေး ကဗျာမရေးလို့ မကြွေးကြော်ခင် တစ်လ နှစ်လလောက် အလိုမှာပဲ ဖြစ်ပုံရပါတယ်။ (ခုတော့ ကဗျာတစ်ပုဒ်ကို စာမူခ နှစ်ရာ သုံးရာ ကနေ တစ်ထောင်နှစ်ထောင်ထိ ပေးနေပါပြီ။ ဥပမာ– ကျွန်တော့်ရဲ့ ကဗျာရှည် တစ်ပုဒ်အတွက် အင်ကြင်းမြိုင် စာပေတိုက်က ဉာဏ်ပူဇော်ခ တစ်ထောင်ပေးပါတယ်။)

အံ့သြစရာကောင်းတာက ကိုကျော်ခင်မြင့်ဟာ ကျွန်တော်တို့နဲ့ သူနဲ့ သိကျွမ်းလာကတည်းက သူပါဝင်လှုပ်ရှားတဲ့ ဘာသာသာသနာကိစ္စတိုင်းမှာ ကျွန်တော်တို့ကို တလေးတစား ဖိတ်ကြားလာတဲ့ သူရဲ့ အပြုအမူပါပဲ။ ဓမ္မမိတ်ဆွေတွေလို့ သဘောထားပုံရပါတယ်။ သူ့ရဲ့ ဆက်ဆံရေးကလဲ အမြဲတမ်း ကြည်ကြည်လင်လင် အေးအေးချမ်းချမ်း ရှိလှပါတယ်။ မိရိုးဖလာ ဘာသာရေးအဆင့်လောက်သာ ရှိကြပြီး ဘာသာရေးစကား မယ်မယ်ရရ မပြောဘူးတဲ့ ကျွန်တော်တို့ကို ဓမ္မမိတ်ဆွေတွေလို့ ဆက်ဆံလာတာ အံ့သြစရာလို့ဆိုရပေမှာပါပဲ။

ဘာပဲဖြစ်ဖြစ် ခုတော့ သူနဲ့ ကျွန်တော်တို့ဟာ ရင်းနှီးချစ်ခင်တဲ့ အပေါင်းအသင်းတွေ ဖြစ်နေပါပြီ။ လူချင်း သိကျွမ်းလာပြီဆိုတော့လဲ သူရေးတဲ့ ကဗျာတွေ စာတွေကို တွေ့တိုင်း ကျော်မသွားနိုင်တော့ပဲ ဖတ်ကြည့်ရတဲ့ အကြောင်းကို ရောက်နေပါပြီ။

တကယ်တော့ သူ့စာပေလောကထဲ ဝင်လာတာ အချစ်ကဗျာတွေနဲ့ပါပဲ။ ၁၉၆၈–၆၉ခုနှစ် ပုသိမ်ကောလိပ်ကျောင်းသားဘဝက စပြီး ကဗျာတွေ တွင်တွင်ကျယ်ကျယ် ရေးနေပါပြီတဲ့။ ဒါပေမယ့် ခုတော့ ဓမ္မကဗျာဆရာ ဖြစ်နေပါပြီ။ သူ့ကဗျာတွေကို ကျွန်တော် ဖတ်ကြည့်မိတာဟာ ပုဂ္ဂိုလ်စွဲအရပဲ ဖြစ်ပါတယ်။ သူကိုယ်တိုင်က ဘာသာရေးကို အလေးအနက် ယုံကြည်လိုက်စားနေတာ ဆိုတော့ သူရေးတဲ့ ကဗျာတွေကလဲ ဘာသာတရားဆိုင်ရာ ကဗျာတွေပဲ ဖြစ်လာပါတယ်။ ဘာသာရေးကဗျာ ဆိုတော့ ခပ်လေးလေးပဲ ဖြစ်မှာပါလို့ ကြိုတင်တွေးဆထားမိနေတာကိုတော့ ဝန်ခံထားလိုပါတယ်။

ဒါပေမယ့် ကျွန်တော် ထင်သလို လေးလေးထိုင်းထိုင်း ကဗျာတွေကို ရေးနေတာ မဟုတ်ပါဘူး။ သူ့ကဗျာတွေက ဘာသာရေးကိစ္စတွေကို ကျက်လို့ ဖတ်လို့လွယ်အောင်ပဲ ရေးမယ်ဆိုတဲ့ သဘောမျိုးနဲ့ ရေးဖွဲ့နေတာလဲ မဟုတ်ပါဘူး။

ကဗျာကောင်းတို့ သဘောသဘာဝ အတိုင်း သူ့ရဲ့ခံစားမှုကို အခြေပြု ဖွဲ့တာချည်း ဖြစ်ကြောင်း တွေ့ရပါတယ်။ ဥပမာ–"ပတ္တမြားပလ္လင် ကံ့ကော်ပင်သို့ကန်တော့ခန်း" ဆိုတဲ့ ကဗျာကို ကြည့်ပါ။

ပထမရွယ်၊ ဟိုငယ်စဉ်က
ခင်မင်တွဲလက်၊ ပြုံးပျော်လျက်တည့်
အရွက်စိပ်စိပ်၊ ပင်ခြေရိပ်မှာ
နေရိပ်မထိုး၊ မိုးလည်းမစို
ပုန်းခိုနေနား၊ ဆော့ကစားကြ
တို့များရွှင်ပျော်၊ တစ်ခါသော်က
ကံ့ကော်ပင်ခြေရိပ်အောက်မှာ။

အဲဒါပထမပိုဒ်ပါ။ ကလေးတုန်းကတော့ ကံ့ကော်ရိပ်မှာ ကစားခဲ့ကြကယ်တဲ့။ ဒုတိယပိုဒ်မှာကျတော့ သူတက္ကသိုလ်ရောက်လာတဲ့အခါ "ကံ့ကော်တန်းမှာ အပန်းလည့်ပြေ၊ ခိုနားနေ" ခဲ့တယ်တဲ့။

တတိယပိုဒ်ကျတော့ သူဟာ "အရွယ်ပစ္ဆိမ" ရောက်ခဲ့ပါပြီတဲ့။ ခုတော့ "ပတ္တမြားပလ္လင်၊ ကံ့ကော်ပင်ကို၊ ငါးအင်မာရ်စစ်၊ အောင်ပွဲလှစ်ခဲ့ရာ နေရာ တော်မြတ်ပါလား"လို့ သိမြင်လာပြီး–

သို့လူ့သခင်၊ မေတ္တာရှင်ကို
စိတ်လျှင်မှန်းမျှော်၊ ကျွန်ကော်ရော်၏
ကံ့ကော်ဗောဓိ၊ နမာမိပါဘုရား

လို့ ရှိခိုးကန်တော့မိရကြောင်းကို သူ့ဘဝဖြစ်စဉ်၊ အသိဖြစ်စဉ်နဲ့ ယှဉ်ပြီး ရေးဖွဲ့ထားတာဟာဖြင့် တင်ပြပုံ အင်မတန်လှပါတယ်။ အဲဒါ တက္ကသိုလ် စိန်ရတုအတွက် ရည်ညွှန်းပြီး ရေးဖွဲ့ထားတဲ့ ကဗျာစာအုပ်ပါ။ သူ့လက်ရေးမူ ဖိုင်တွဲထဲမှာ ဖတ်ရတာပါ။ ကြုံရခဲ့တဲ့ အမိတက္ကသိုလ် စိန်ရတုကို ကဗျာ လှလှလေးနဲ့ ပူဇော်လိုက်နိုင်တာဟာ အင်မတန် ဂုဏ်ယူစရာကောင်းလှပါတယ်။

"အဝိဇ္ဇာ"ဆိုတဲ့ ခေါင်းစီးနဲ့ ရေးဖွဲ့ထားတဲ့ ကဗျာတစ်ပုဒ်ကိုလဲ ကျွန်တော် အတော်ဘဝင် ငြိသွားလို့ သတိထားလိုက်မိပါတယ်။ သမားရိုးကျ ဗုဒ္ဓဘာသာဝင်များရဲ့ ခံစားမှုအတွေ့အကြုံကို ရေးဖွဲ့ ထားတာပါ။ ကြော်–ကိုကျော်ခင်မြင့်နှယ်၊ ငါတို့ကိုများ ရည်ညွှန်း

ကိုကျော်ခင်မြင့်ဟာ အဲသလို ကဗျာတွေ စပ်နိုင်တာဟာလဲ အခြေခံပညာ အထက်တန်း ကျောင်းသားဘဝကတည်းက လေ့လာဆည်းပူး ခဲ့လို့ ဖြစ်ကြောင်း သိရပါတယ်။ ငယ်ငယ် ကတည်းက ဒွေးချိုး၊ လေးချိုး အစရှိတဲ့ အချိုး ကဗျာတွေ ကို စပ်ဖွဲ့လေ့ကျင့်ခဲ့ပြီး ကောလိပ် တက္ကသိုလ်တို့ကို ရောက်တဲ့အခါကျတော့လဲ ကဗျာအလုပ်ကို အဆက်မပြတ် လေ့လာ ဆည်းပူး စပ်ခဲ့တာတွေ တွေ့ရပါတယ်။ တကယ် တော့ သူက သိပ္ပံပညာနဲ့ ဘွဲ့ရ လာခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ဓာတုဗေဒဘာသာရပ်နဲ့ ဘွဲ့ရခဲ့ သူပါ။ ဒါပေမယ့် သာမန် မြန်မာစာ သမားတွေ ထက် မြန်မာစာကို လေ့လာလိုက်စားခဲ့လို့သာ ခုလို ကဗျာဖက်ကပါ ထူးချွန်ခဲ့တာ ဖြစ်ပါ တယ်။

ဒီနေရာမှာ ကိုကျော်ခင်မြင့်ကိုအကြောင်း ပြုပြီး သိပ္ပံ၊ စာပေနဲ့ ဘာသာရေးအကြောင်း သုံးပါး ဆက်စပ်မှုကို အနည်းငယ် တင်ပြလိုပါ တယ်။ ကျွန်တော်တို့ မြန်မာလူမျိုး အများအပြား ဟာ ကဗျာ အနုပညာကိစ္စနဲ့ ဘာသာရေး ကိစ္စ ဟာ သိပ္ပံနဲ့မဆိုင်ဘူးလို့ ထင်တတ်ကြတဲ့ ကိစ္စပါပဲ။ တကယ်တော့ သိပ္ပံပညာ ဗဟုသုတ ပြည့်စုံခြင်းဟာ လောကအမြင် ကြည်လင် ရှင်းလင်းအောင် ထောက်ကူနိုင်စွမ်း ပါတယ်။ ခုခေတ် ကမ္ဘာ့သိပ္ပံ ပညာရှင်များဟာ တရားတော် များ ကို လေ့လာတဲ့အခါမှာ ရုပ်ပိုင်းနဲ့ စိတ်ပိုင်း ဆိုင်ရာ ထိုးထွင်းသိမြင်မှုမှာ ထိပ်ဆုံးအတန်း ကထား ရှိ လေ့လာခဲ့ကြတာကို တွေ့ရပါတယ်။ ရုပ်ကိုရော စိတ်ကိုရော သရုပ်ခွဲရာမှာ ဗုဒ္ဓဟာ ထိပ်တန်းသိပ္ပံပညာရှင်တွေ အံ့သြကြည်ညိုလို့ မဆုံးအောင် စွမ်း ဆောင်နိုင်ခဲ့ပါတယ်။ ဗုဒ္ဓလဲပဲ ရေးဖွဲ့နေရှောသလားလို့ခံစားရတဲ့အတွက် ကဗျာ ကိုဖတ်ပြီး အတန်ကြာငိုင်ငေး သွားခဲ့ရ ပါတယ်။

ဗုဒ္ဓတရား၊ ဟောမြွက်ကြားခဲ့
ငါးပါးအာရုံ၊ ကာမဂုဏ်ကို
ခံမင်တွယ်တာ၊ မရှိရာဟု
ဖန်ခါထပ်ထပ်၊ တရားမြွက်ကို
မှတ်သားနာယူ ဖူးသော်လည်း

လို့ အစချီထားပါတယ်။ အဲသလို တရားကို သညာသိ သိထားပေမယ့် ငါးပါးအာရုံ ကာမဂုဏ်နဲ့ တွေ့ကြုံလာတဲ့အခါ အာရုံအလို လိုက်ခဲ့မိကြောင်း ရေးထားတာပါ။

နောက်တစ်ပုဒ်ကတော့ "ကျေးဇူးဆပ်ခြင်း" ဆိုတဲ့ ကဗျာပါ။ အများသိကြတဲ့အတိုင်း ကျွန်တော်တို့ မိတ်ဆွေ ကိုကျော်ခင်မြင့်ဟာ သူတတ်စွမ်းတဲ့ နည်းအမျိုးမျိုးနဲ့ အများပြည်သူ အကျိုး၊ သာသနာအကျိုးကို သန့်သန့်စင်စင်နဲ့ ဆောင်ရွက်လိုသူ ဖြစ်ပါတယ်။ ဒါကြောင့်လဲ လူပုဂ္ဂိုလ်ထဲက သာသနာအကျိုးဆောင်ရာမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ နိုင်ငံကျော်ပုဂ္ဂိုလ် ဖြစ်လာခဲ့ရ တာပါ။ အဲသလို အများအကျိုး၊ သာသနာကျိုး ဆောင်ရွက်သမျှကို "မိဘကျေးဇူး ဆပ်တာ" လို့လဲ ခံယူပြီး ကုသိုလ်အမျှဝေ ပါတယ်။ အဲဒါကို ခုလို ကဗျာဖွဲ့ပါတယ်။

"ကျွန်တော်ပြုသမျှ၊ မြတ်ဒါနကို
ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး
မကကျူးသည့်၊ ကျေးဇူး အရှင်
မွေးမိခင်နှင့်၊ ကျွေးဖခင်အား
ရကြပါစေ၊ အမျှဝေ၏"တဲ့။

အဲဒီကဗျာမှာ အာလုံး ၈-ပိုဒ်မျှ ပါဝင် ဖွဲ့စည်းထားကာ တွေ့ရပါတယ်။

ထိပ်တန်းသိပ္ပံ ပညာရှင်ကြီးပါတကားလို့ သိမြင်ရပါမယ်။

စာပေလေ့လာသူ၊ ဘာသာတရားလေ့လာသူများဟာ စာပေချည်း၊ တရားချည်းလေ့လာကျက်မှတ်နေလို့ မလုံလောက်တော့ပါဘူး။ (၁) သိပ္ပံ (၂) ဒဿနိကဗေဒ တို့ကို လေ့လာသင့်ပါတယ်။ ဒါမှ ကိုကျော်ခင်မြင့်တို့လို အမြင်သန့်တဲ့ ကဗျာဆရာ၊ အမြင်မှန်တဲ့ သာသနာပြု ဖြစ်လာနိုင်ပါတယ်။

ကိုကျော်ခင်မြင့်ရဲ့ ကဗျာများမှာ အပိုအလိုမရှိ တိတိကျကျ ဖွဲ့နွဲ့ထားတာကို တွေ့နိုင်ပါတယ်။ စကားလုံးများကလဲ တိကျသပ်ရပ်ပါတယ်။ ဒါဟာ သိပ္ပံအမြင် နောက်ခံရှိလို့ လေ့လာလို့ တွေးနေမိပါတယ်။ ကိုကျော်ခင်မြင့်ရဲ့ သံပေါက်ကဗျာတွေကို ကြည့်ယင် တိကျသပ်ရပ်ပုံကို သဘောပေါက်နိုင်ပါတယ်။ သာဓကအဖြစ် "ပရိတ်တန်ခိုး အကျိုးအနန္တ"နဲ့ "ခရီးသည်" ကဗျာတို့ကိုကြည့်ပါ။ တိကျသပ်ရပ်ရဲ့သာမက လေသံချင်းမတူပုံကိုလဲ နှိုင်းယှဉ်ကြည့်ပါ။ သံပေါက်စပ်နည်း တစ်မျိုးတည်းကိုပဲ လမ်းညွှန်နီတိ ကဗျာရဲ့ "လေသံ"နဲ့၊ သံဝေဂကဗျာရဲ့ "လေသံ"ခွဲခြားထားတာဟာ အသံ ထုတ်ရွက်ကြည့်ရင် သိသာပါတယ်။ ကဗျာမှာ အသံသဘော အရေးကြီးပုံကိုလဲ သိနိုင်ပါတယ်။

ဘုန်းကျက်သရေ၊ ပြည့်ဖြိုးဝေ
ရွှတ်လေ မင်္ဂလသုတ်၊
ကပ်ကြီးသုံးပါး၊ လွတ်လိုငြား
ရွှတ်ပွားရတနသုတ်။

(ပရိတ်တန်ခိုးအကျိုး၊
အနန္တ သံပေါက်များမှ)

ငါတို့တွယ်တာ၊ သံသရာ
တဏှာခြယ်ခဲ့ပြီ။
တဏှာကျေးကျွန်၊ သူစေညွှန်
ခန္ဓာဝန်က လုပ်ကြသည်။

(ခရီးသည် သံပေါက်ကဗျာများမှ)

ဒါတွေကိုကြည့်ယင် ကိုကျော်ခင်မြင့်ဟာ သာမန်ကဗျာဖွဲ့နည်း တတ်ရုံသာမက ရသမြောက်အောင်ပါ စွမ်းဆောင်နိုင်ကြောင်း သိရှိနိုင်ပါတယ်။ ဒါကြောင့် ကိုကျော်ခင်မြင့်အနေနဲ့ ကဗျာနဲ့လဲ ဆက်လက် သာသနာပြုနိုင်ပါစေလို့ ဆုတောင်းလိုက် ရပါတယ်။

**မောင်စွမ်းရည်**

ကျေးဇူးတော်ရှင်

**မန်လည်ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော်**

ကမ္ဘာလောကကြီးအတွင်းဝယ် မှီတင်းနေထိုင်ကြကုန်သော လူရှင်အပေါင်းတို့သည်၊ အချင်းချင်း တစ်ဝမ်းတည်းဆင်း ညီရင်းအစ်ကို မောင်နှမသားချင်း မွေးချင်းပေါက်ဖော် စပ်တော်ဘိသို့ မေတ္တာဗြဟ္မစိုရ် စိတ်ဝမ်းသိုမှ လိုရာအပြီး ခရီးမကွာ ဆိုက်ရောက်ကြမည်မှာ အမှန်တည်း။ ။

# ကျွန်တော်သိသော ဦးကျော်ခင်မြင့်

ကျော်သက်ခိုင်(ဆေးတက္ကသိုလ်)

(၁)

မြောင်းမြဆရာတော် ဦးဥာဏိက အဂ္ဂမဟာပဏ္ဍိတဘွဲ့ ပူဇော်ဆက်ကပ်ခြင်းခံရသည့် အချိန်ကဖြစ်၏။ ကျွန်တော်သည် ကိုခင်အောင်တင့်တို့ မိသားစုနှင့် ဆက်နွယ်၍ မြောင်းမြပဓာနတာရုံ ပါဠိတက္ကသိုလ်၌ ပထမ ဆုံးအကြိမ် ဒုလ္လဘပဉ္စင်း ခံခဲ့ဖူးသောကြောင့် ယင်းကျောင်းတိုက်၏ ကျေးဇူး မကင်းခဲ့ပါ။ ၁၉၉၁ခုနှစ်၊ ဇန်နဝါရီလ ၄–ရက်နေ့၌ နိုင်ငံတော် အစိုးရက ဆရာတော်ဦးဥာဏိကအား ပြည်ပ သာသနာပြုဆရာတော်တစ်ပါး အနေဖြင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းမည့်အကြောင်း၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာခဲ့ပါ၏။ ဆရာတော်၏ ပဓာနတာရုံ ကျောင်းရိပ်ကို ခေတ္တခိုမှီခဲ့ရသော ကျွန်တော့် အနေဖြင့် ဆရာတော်၏ ဒါယကာရင်း ဒါယိကာမရင်းတို့ကဲ့သို့ပင်လျှင် ဝမ်းမြောက်၍မဆုံး ဖြစ်ခဲ့ရပါသည်။ ပူဇော်ပွဲအထိမ်းအမှတ် စာစောင်တွင်လည်း ကျွန်တော်သည် 'ဦးဥာဏိက ပုံရိပ်' ဆောင်းပါးကို ရေးသား၍ ဆရာတော်၏ သီလ သမာဓိ ပညာတော်မြတ်များကို မိမိ ဉာဏ်စွမ်းရှိသရွေ့ ဖော်ထုတ်ပူဇော်ခွင့် ရရှိခဲ့ပါ သည်။ ယင်းပူဇော်ပွဲ အထိမ်းအမှတ်စာစောင်မှာ ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး–မြောင်းမြ) ကိုယ်တိုင် ကမကထပြု၍ ဖန်တီးခဲ့ခြင်း ဖြစ်လေရာ ထိုအခါသမယ၌ ကဗျာဆရာ မောင်ရင့်ကျူး (မြောင်းမြ)နှင့် ကျွန်တော် ပထမ ဆုံးအကြိမ် တွေ့ဆုံရင်းနှီးခဲ့သည်ဟုဆိုက မှားအံ့မထင်ပါ။

(၂)

မြို့တစ်မြို့တည်း အတူတူနေကြသူချင်းပင်လျှင် တွေ့ဆုံချင်မှ တွေ့ဆုံဖြစ်တတ်ပါ၏။ ကျွန်တော်က မအူပင်မြို့၌ ဆေးခန်းဖွင့်နေသည့် ဆရာဝန်တစ်ဦးဖြစ်၍ ဦးကျော်ခင်မြင့်က ရန်ကုန်မြို့၌ ဘာသာရေး၊ သာသနာရေးကိစ္စများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသော စိန်မွှေးရေကျော်ဒါကန်သည့် တစ်ဦးဖြစ်သောကြောင့် တွေ့ဆုံရင်းနှီးစရာအကြောင်း ဘာမျှမရှိဟု ယေဘုယျတွက်ဆသော် ရနိုင်ပါ၏။ အကယ်၍ တစ်စုံတစ်ဦးကို အကြောင်းပြု၍ တွေ့ဆုံရင်းနှီးမှုဖြစ်ကောင်းဖြစ်နိုင်သော်လည်း သွေးသားရင်းချာသဖွယ် ရေရှည် သဘောထားနိုင်ဖို့မှာ အတော်ကလေးမလွယ်လှပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့အတွေ့အကြုံအရ ခရီးသွားဟန်လွှဲ ဆုံဖြစ်ကြ၍ ပဋိသန္ထာရစကားဆိုကာ သူ့လမ်း ကိုယ့်လမ်း လျှောက်ကြသူတို့မှာ ၉၀–ရာခိုင်နှုန်းအောက် လျော့မည်မဟုတ်ခြင်းကြောင့် ဖြစ်ပါ၏။ ဤသို့ ဤနှယ် ခဲခဲကပ်ကပ် နိုင်လှသော အကြောင်းခြင်းရာများ၌ ကျွန်တော်နှင့် ဦးကျော်ခင်မြင့်တို့၏ သွေးသား

ရင်းချာသဖွယ် ပေါင်းသင်း ဆက်ဆံမှုသည် ဒုလ္လဘ တစ်မျိုးပေလားဟု ထင်မှတ်များစရာ အကြောင်းရှိပါ။

အထက်တွင် ဆိုခဲ့ပြီးဖြစ်သော စကားအစကို ဤနေရာတွင်ပြန်ကောက်ပါမည်။ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အင်္ဂလိပ်မဟာပဏ္ဍိတ ဘာသန္တရဆေက မြောင်းမြပဋ္ဌောတာရုံဆရာတော် အရှင်ဉာဏိက (အင်္ဂလန်)ပူဇော်ပွဲ အထိမ်းအမှတ်စာစောင်ထုတ်ဝေရန် ဦးကျော်ခင်မြင့်တို့အုပ်စု လုံ့လထက်သန်စွာအားထုတ်နေသည့်အချိန်၌ ကျွန်တော့်အတွက် ဆောင်းပါးတစ်ပုဒ် ရေးသားရန်အတွက်ရော၊ ဦးကျော်ခင်မြင့်နှင့် တွေ့ဆုံရန်အတွက်ပါ အကြောင်းဖန်လာခဲ့၏။ အကြောင်းပြု ဆက်သွယ်ပေးသူမှာ ကျွန်တော်၏ သူငယ်ချင်း ကိုထွန်းရှိန်ဖြစ်သည်။ "လူမစွမ်း နတ်မ" ဆိုသောစကားကို သင့်တော် သည့်နေရာသို့ ရောက်တိုင်း ကျွန်တော်တို့ သုံးစွဲလေ့ ရှိကြ၏။ အကယ်တန္တု ဤစကားသာ မှန်ကန်ခဲ့ပါလျှင် ကျွန်တော်ကဲ့သို့ ခပ်ချောချောလူတစ်ယောက်အား ပွဲဝင်ကောင်းအောင် စွမ်းဆောင်ပေးရာ၌ ကိုထွန်းရှိန်သည် တကယ့်နတ်မင်းကြီး တစ်ပါးနှင့် တူလွန်းလှချေ၏။ သူ့ကျေးဇူးကြောင့်ပင်လျှင် ကျွန်တော်သည် လူ့နှလုံးသားရှိသော တကယ့်လူသားများနှင့် ပေါင်းသင်းရင်းနှီးခွင့်ရရှိခဲ့သည်။ သူတို့ သူတို့၏ ကံသုံးပါးမြောက်ကူညီမှု၊ စောင့်ရှောက်မှု၊ အားပေးမှု စသည်တို့ကို အခါအားလျော်စွာ ခံယူခွင့် ရရှိခဲ့သည်။ ယခု ဦးကျော်ခင်မြင့်ကဲ့သို့ နှလုံးလှသူတစ်ဦးနှင့် တွေ့ဆုံဖို့ရာမှာလည်း သူကပင် အကြောင်းပြု တံတားခင်းပေးခဲ့ခြင်း ဖြစ်လေသည်။

(၃)

မေးရိုးထောင့်ကျသော်လည်း ပြည့်ဝန်းသည့်ဖက်သို့ ကူးသည့်မျက်နှာ၊ ထင်းထင်းပေါ်နေသည့် မျက်ခုံးအစုံ၊ ကြည်လင် အေးချမ်းရိပ်လွှမ်းနေသည့် မျက်ဝန်းအစုံ၊ ပေါ်လွင်သည့် နှာတံ၊ သေသပ်ပိရိ၍ အစဉ်အမြဲပြုံးနေဟန်တူသော နှုတ်ခမ်းနှစ်လွှာ၊ အလယ်ချိုင့်ရှိသည့် မေးစေ့၊ အစရှိသော ရုပ်လက္ခဏာ ဝိသေသများပိုင်ရှင် ဦးကျော်ခင်မြင့်သည် ကျွန်တော့်အား သူသိသော၊ သူဖတ်ဖူးသော ဆရာဝန် စာရေးဆရာ တစ်ဦး ဖြစ်ကြောင်း တွေ့သည့်ခဏမှာပင် အသိအမှတ်ပြုခဲ့၏။ သူ့ကဗျာအချို့ကို ဖတ်ဖူးသော်လည်း ယခုမှပင် လူချင်းဆုံဖြစ်ကြောင်းကို ကျွန်တော်ပြောပြခဲ့၏။ ကျွန်တော် သူ့ကို မသိမသာအကဲခတ်ကြည့်မိသည်။ ဥစ္စာပေါ၊ ရုပ်ချောသူအတော်များများ၌ ရှိတတ်သော ဂိုက်ထုတ်မှု၊ ပလွှားမှု၊ အယောင်ဆောင်မှု အစရှိသည့် မာယာသာထေယျများ သူ့မှာမရှိ။ အဖြူရောင်ကော်လံကတုံးအင်္ကျီနှင့် ကွပ်စိပ်ချည်ပုဆိုးတို့ကို ရိုးရိုးကလေးသာဝတ်ဆင်ထား၏။ ပြောတော့ဆိုတော့လည်း ရည်ရည်မွန်မွန်နှင့် ရိုးရိုးကလေးသာ ပြောတတ်သည်။ **နှစ်လိုဖွယ်ရာအကောင်းဆုံးဟု ကျွန်တော်ယူဆမိသည့်အချက်မှာ ဦးကျော်ခင်မြင့်၌ တစ်ပါးသူအပေါ် ဘယ်ပုံဘယ်နည်းနှင့် အကူအညီပေးရမည်နည်းဟူသော သင်္ဂဟစိတ်ဓာတ် (သို့မဟုတ်) ပရဟိတ စိတ်ဓာတ်သည် အမြဲတစေ ကိန်းအောင်းနေခြင်းပင် ဖြစ်ပါတော့၏။** ဦးကျော်ခင်မြင့်နှင့် ပထမဆုံးအကြိမ် တွေ့ဆုံစဉ်၌ပင် သူ့တွင်

ယင်းစိတ်ဓာတ်မျိုး အားကောင်း မောင်းသန် ရှိနေကြောင်းကို ကျွန်တော် ရိပ်စားမိခဲ့သည်။ နောင်သော် ကျွန်တော့်ထင်ကြေး ပြေးမလွတ်အောင် မှန်နေကြောင်းကို အကြိမ်ကြိမ် ဆန်းစစ်၍ မြင်တွေ့လာရပါတော့သည်။

ကျွန်တော်တို့ပတ်ဝန်းကျင် အထူးသဖြင့် မြို့ပြဝန်းကျင်၌ လျှာဖျားလေးနှင့် စကားပြောသူပေါင်း များစွာကို ကျွန်တော် သတိပြုမိသည်။ တကယ့်အရေးမှာ ထမင်းရည်ပူလာ လျှာလွှဲလုပ်တတ်ကြသူ ဦးရေသည် လူဦးရေ တိုးပွားနှုန်းအတိုင်း လိုက်၍ များလာသည်လား၊ ခေတ်ကာလ စီးပွားရေးတောင်းဆိုမှုကြောင့် များလာသည်လား၊ တိတိပပ ခွဲခြား၍ပြောရန် မစွမ်းသာသော်လည်း များပြားလာသည်ကတော့ အမှန်တကယ်ပင်။ ကျွန်တော့်ဇာတိချက်မြုပ်မှာ မြန်မာနိုင်ငံ မြေလတ်ပိုင်းမှ ရွှေတောင်မြို့ ဖြစ်သည်။ ကျွန်တော့်မှာ တောသားစိတ်ဓာတ် အခံရှိပြီးသားဖြစ်လေရာ ဆရာဝန်ဖြစ်အောင် ပညာသင်ခဲ့သည့်နှစ်ကာလများမှလွဲ၍ ယနေ့ထက် တိုင်အောင် တောဆရာဝန်(မအူပင်သည် ခရိုင်မြို့တစ်မြို့ ဖြစ်သော်လည်း ကျွန်တော်တို့သည် မြို့အနီးတစ်ဝိုက်မှ တောသူတောင်သားများကိုသာ အဓိကထား၍ ကုသနေရခြင်းကို ဆိုလိုပါသည်။ မြို့နှိမ်သည့်သဘော မဟုတ်ပါလေ။) အဖြစ် အသက်မွေးဝမ်းကျောင်းလျက် ရှိပါ၏။ ပြောဆိုဆက်ဆံ ပေါင်းသင်းရာ၌ ကျွန်တော်တို့က နှလုံးသား အကြည်ဓာတ်ကို သုံးစွဲချင်၏။ မသေမီစပ်ကြား၌ မိမိတို့ တတ်စွမ်းသမျှဖြင့် အများအကျိုးရှိမည့် ကိစ္စရပ်များကို ရွက်ဆောင်သွားချင်၏။ သို့အတွက် မိမိနာမည် ကျန်ကောင်းမှ ကျန်လိမ့်မည်။ မိမိပိုက်ဆံအိတ် ပြားချပ်သွားချင် သွားလိမ့်မည်။ သို့သော် ကိစ္စမရှိပါ။ စေတနာမှန်လျှင် ရောင်ပြန် ဟပ်စမြဲ ဖြစ်ကြောင်းကို ကျွန်တော် နားလည် လက်ခံထားပြီး ဖြစ်ပါ၏။ ဤသို့ ဤနှယ် နားလည် လက်ခံထားသော ကျွန်တော်သည် အစစအရာရာ "ငါ" ရှေ့တန်းတင်သူများနှင့် သဟဇာတ ဖြစ်လေ့ မရှိခြင်းမှာ တကယ်တော့ ဆန်းကြယ်လှပြီ မဆိုသာပါ။

ထို့ကြောင့်ပေလားမသိ။ အရိုးခံအတိုင်း ပြောရလျှင် တစ်ပါးသူအား အကူအညီပေးရာ၌ စိတ်သွားတိုင်း ကိုယ်ပါလေ့ရှိသော ဦးကျော်ခင်မြင့်ကို ကျွန်တော်အားကျ၏။ ကျွန်တော် ရေးသားပြုစုသော ကျန်းမာရေးပညာပေးစာအုပ်တွေ ထွက်သည့်အခါတိုင်း အမှန်အမြတ်ထား၍ လက်ဆောင်ပေးရမည့်သူများ စာရင်း၌ ဦးကျော်ခင်မြင့်တို့မိသားစု အမြဲပါသည်။ သူ့စာအုပ်တိုက်မှ ထွက်ရှိပြီးဖြစ်သော ဘာသာရေး စာအုပ်များကိုလည်း ကျွန်တော် ရန်ကုန်သို့ရောက်၍ သူ့ထံဝင်ပြီး စကားလက်ဆုံကျသည့်အခါမျိုး၌ ဓမ္မဒါနအဖြစ် လက်ဆောင်ပေးလေ့ရှိသည်။ သူနှင့် လက်ပွန်းတတီး ခင်မင်ရင်းနှီးခဲ့သည့် ငါးနှစ်တာနီးပါးကာလအတွင်း သူ့အလှူအတန်း ဖိတ်စာများကို ငါးစောင်ထက်မနည်း ရရှိခဲ့ဖူး၏။ အလှူဒါန ကွာချင်ကွာမည်။ အလှူ အမျိုးအစား ခြားချင်ခြားမည်။ သူနှင့်သူ့မိသားစုတို့ကအနည်းနည်းအဖုံဖုံ ဒါနပြုနေကြသည်သာဖြစ်လေသည်။

၁၉၉၂–ခုနှစ်၊ ဇန်နဝါရီလ ၄–ရက်နေ့၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းသည့် အမိန့်ကြော်ငြာစာ ၂/၉၂ အရ ဦးကျော်ခင်မြင့်သည်

သာသနာပြုဘွဲ့တံဆိပ်ဖြစ်သော "သဒ္ဓမ္မဇောတိက ဓဇ" ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ရရှိခဲ့သည်။ ဤသတင်းကို ကျွန်တော်ကြားသိရသည့်အခါ၌ ဝမ်းသာပီတိဖြစ်မိသည်မှလွဲ၍ အံ့သြကြီးစွာ မဖြစ်မိပေ။ အဘယ်ကြောင့်ဆိုသော် သူ့၌ ယင်းဘွဲ့တံဆိပ်တော် ရရှိနိုင်သည်ထက် သာလွန်ခမ်းနားသော အရည်အချင်းများ ရှိနေကြောင်းကို ကျွန်တော် အနီးကပ်လေ့လာမိခြင်းကြောင့် ဖြစ်ပါချေ၏။

(၄)

ရန်ကုန်သို့ ရောက်သည့်အခေါက်တိုင်း လိုလိုပင် သူ့ထံသို့ ကျွန်တော်ဝင်ဖြစ်၏။ မိမိရောက်သွားသည့်အချိန်၌ ရတနာအရောင်းအဝယ်ပြုချိန်တို့ တိုက်ဆိုင်နေပါလျှင် ကျွန်တော့်အပေါ် သူ အားတောင့်အားနာ ဖြစ်နေလေ့ရှိသည်။ "အစ်ကိုလေး လုပ်စရာရှိတာသာလုပ်ပါ၊ ကျွန်တော့် အားမနာပါနဲ့၊ ကျွန်တော် စောင့်ပါ့မယ်၊ အချိန်ရပါတယ်" ဟု ကျွန်တော်ပြောပြီး အလုပ်ပြီးစီးချိန်ကို စောင့်ဆိုင်းပေးရသည်။ မှန်ရှိုးကေ့စ် များ၌ လက်ဝတ်ရတနာအမျိုးမျိုး၊ အရုပ်အမျိုးမျိုးအစီအရီထားရှိသည်ကို ကျွန်တော်မြင်တွေ့နေရသည်။ အမယ်စုံကို ကျွန်တော်မသိ။ ငွေကြေးတန်ဖိုးအားဖြင့် မြင့်မားကောင်း မြင့်မားနိုင်သည်ဟုလောက်သာ မှန်းဆနိုင်ပါ၏။ အဘယ်ကြောင့်ဟူမူ ကျွန်တော်သည် ယင်းလက်ဝတ်ရတနာများကို စာရေးစာဖတ်ခြင်းလောက် စိတ်မဝင်စားခြင်းကြောင့်ပါတည်း။

သူနှင့်ကျွန်တော် တစ်ကြိမ် ဆုံမိကြတော့ သူ့မှာ ဆီးချိုရောဂါရှိနေပြီဟုဆို၏။ ဆီးချိုရောဂါနှင့် ထိန်းထိန်းသိမ်းသိမ်းနေလျှင် အသက်ရှည်ရှည် နေနိုင်ကြသည့်သာ ဖြစ်ကြောင်း ကျွန်တော်အားပေးခဲ့ပြီး တွေ့တွေ့လီလီ ဆေးနည်းများ၊ ရောဂါ သဘောသဘာဝ စသည်တို့ကို ကျွန်တော်တို့ ဆွေးနွေးဖြစ်ခဲ့ကြသည်။ ကျွန်တော် ရန်ကုန်ကို နောက်တစ်ခေါက် ရောက်၍ သူနှင့်တွေ့သည့်အခါ၌ တိုင်းရင်းဆေးတစ်မျိုးကို မှီဝဲနေကြောင်း၊ ဆီးချိုရှိ မရှိ ဆီးမှန်မှန်ချက်ကြည့်ကြောင်း၊ ယင်းတိုင်းရင်းဆေးနှင့်ပင် အဆင်ပြေနေပြီး အင်္ဂလိပ်ဆီးချိုဆေး၏ဒဏ်ကို မခံနိုင်ကြောင်းတို့ကို သူပြောပြလေသည်။

သူ့ကို အနာရောဂါ ကင်းကင်းနှင့် အသက်ရှည်ရှည် နေရစေချင်ပါ၏။ သာသနာတော်သုံးရပ်နှင့် စပ်လျဉ်း၍ သူ့မှာ ချီးမြှောက်ထောက်ပံ့နိုင်အား များစွာရှိ၏။ သူ့မှာ ရည်ရွယ်ထားပြီးသား လုပ်စရာတွေ အများကြီးရှိဟန်တူသည်။ အမည်နာမနှင့်တကွ ဖွင့်ဟ၍ မပြောသော်ငြားလည်း သူ့စိတ်ကူးထဲမှ လုပ်စရာများသည် အများပြည်သူအကျိုး (သို့မဟုတ်) သာသနာတော်သုံးရပ်အကျိုးနှင့် ဆက်နွှယ်နေမည်မှာ သေချာလှသည်။ "ကျွန်တော့်မှာ လုပ်စရာတွေ အများကြီးရှိတယ်။ တကယ်စိတ်ချရမယ့် သူတွေ လိုတယ်။ အဲဒါအခါကျတော့ ကိုကျော်သက်ခိုင်တို့၊ ကိုထွန်းရှိန်တို့ ပါကို ပါရမှာ"ဟု သူ ပြောပြဖူးသည်။

ကျွန်တော်တို့ ဆုံမိကြပြီဆိုလျှင် နာရီပိုင်းမျှ မကြာဘဲနှင့် လူစုခွဲလေ့ မရှိ။ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ စာပေရေးရာ အစရှိသည်ဖြင့် ခေါင်းစဉ်းတစ်မျိုးမှ တစ်မျိုးသို့ပြောင်းသွားလေ့ရှိသော်လည်း ကြိမ်ဖန်များစွာ ပြောဆိုဆွေးနွေးဖြစ်ကြသည်မှာ ဘာသာရေးနှင့်

စာပေရေးရာတို့ ဖြစ်သည်။

အသင်းအဖွဲ့အနည်းငယ်မျှ၌ ကျွန်တော်သည် အကြောင်းအားလျော်စွာ ပါဝင်ပတ်သက်ခဲ့ဖူးသော်လည်း ကျွန်တော်ခြေလှမ်းများကို အကြောင်းကြောင်းကြောင့် ရပ်ပစ်လိုက်ရလေ့ရှိသည်။ ထို့ကြောင့်လည်း ဘာသာရေး၊ လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များစွာ၌ အရေးပါသောတာဝန်များကို ကုသိုလ်ဖြစ်ယူနေသော သူ့အားကျွန်တော် အံ့ဩရမိသည်။ သူ၏ သည်းညည်းခံစိတ်ကိုလည်း စိတ်ထဲမှာပင် ကျိတ်၍ ချီးကျူးမိသေးသည်။ အသင်းအဖွဲ့တိုင်းလိုလိုမှာ ငွေရေးကြေးရေး၊ လူမှုရေး အရှုပ်အထွေးတွေ ပွေလီစွာရှိတတ်ကြ၏။ ရိပ်သာကမ္မဋ္ဌာန်းတိုက်အချို့၌လည်း ထို့အတူပင်။ ကုသိုလ်ရေး လုပ်ဆောင်ရင်းအကုသိုလ် အဆစ်ယူနေကြသူတွေ တစ်လှေကြီးဖြစ်ပါလိမ့်မည်။ ဤအချက်ကို ကျွန်တော်ထက်ဘာသာရေးနှင့် ပို၍ နီးစပ်သောသူက မျက်ဝါးထင်ထင် မြင်တွေ့ပြီးသား ဖြစ်နိုင်ပါ၏။ တစ်ခါမှာတော့ သူ ရင်ဖွင့်ဖူးသည်။ "ကုသိုလ်လုပ်ရင်းအကုသိုလ်ဖြစ်တာမျိုးတော့ ကျွန်တော် မလိုချင်ဘူး ကိုကျော်သက်ခိုင်၊ ဒါကြောင့်လဲ အသင်းအဖွဲ့ကိစ္စတွေကို ကျွန်တော် အတတ်နိုင်ဆုံးစိစစ်ပြီး သဲသဲယကင်းကင်းနဲ့ လုပ်နိုင်မယ့်ကုသိုလ်ရေးတွေကို ရွေးလုပ်နေတယ်" တဲ့။

သူ၏ တစ်နေ့တာသည် ဒါန ၊ သီလ၊ ဘာဝနာ တရားများနှင့် ထုံမွှမ်းပြည့်လျှံ၍နေ၏။ သူသည် သာသနာတော်သုံးရပ်ကို ချီးမြှောက်ထောက်ပင့်ရန်အလို့ငှာ လူသားတစ်ဦးဖြစ်လာဟန်တူသည်။ ယင်းသို့ ချီးမြှောက်ထောက်ပင့်ရာ၌လည်း လူကြား၍ကောင်းအောင် လူမြင်၍ကောင်းအောင် ဆောင်ရွက်နေခြင်းမဟုတ်။ အသေးအဖွဲ့အမှုကိစ္စများမှအစ ကြီးကြီးမားမား ကိစ္စများအဆုံး အားလုံး၌ ကိုယ်ရောစိတ်ပါ မြှုပ်နှံ၍ လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်သည်။

သူကဲ့သို့လူကောင်းသူကောင်း သာသနာနုဂ္ဂဟတစ်ဦးကို အနာရောဂါကင်းကင်းနှင့်အသက်ရှည်ရှည် နေသွားစေချင်သည်မှာ ကျွန်တော်၏ အရိုးခံဆန္ဒတစ်ရပ်သာလျှင် ဖြစ်ပါလေ၏။

၁၉၉၅–ခုနှစ်၊ ဇန်နဝါရီလ ၄–ရက်နေ့၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းသည့် အမိန့်ကြော်ငြာစာတွင် ဦးကျော်ခင်မြင့်သည် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ဖြစ်သော "သီဟသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ထပ်မံရရှိခဲ့ပြန်ပါ၏။ ဤအချိန်တွင် ကျွန်တော်တို့မိသားစု ရန်ကုန်၌ရှိနေ၏။ နာမကျန်းဖြစ်နေသော မိခင်ကြီးကို လာရောက်ပြုစုအားပေးရန်အတွက် ဖြစ်လေသည်။ ထို့ကြောင့်လည်း ဦးကျော်ခင်မြင့်ထံသို့ ကျွန်တော် မရောက်ဖြစ်။ ဝမ်းသာကြောင်းသတင်းစကားကိုမူ တယ်လီဖုန်းမှတစ်ဆင့် ပေးပို့ဖြစ်ခဲ့လေသည်။ ထိုမှတစ်ပါးလည်း ကျွန်တော် အံ့ဩကြီးစွာ မဖြစ်မိပေ။ အဘယ်ကြောင့်ဆိုသော် သူ့၌ ယင်းဘွဲ့တံဆိပ်တော် ရရှိနိုင်သည်ထက်သာလွန်ခမ်းနားသောအရည်အချင်းများ ရှိနေကြောင်းကို ကျွန်တော် အနီးကပ်လေ့လာမိ

ခြင်းကြောင့် ဖြစ်ပါချေ၏။

(၅)

၁၉၉၅-ခုနှစ်၊ မေလကုန်ပိုင်းက ကျွန်တော်တို့မိသားစု ရန်ကုန်သို့ တစ်ခေါက် ရောက်ခဲ့ကြပြန်၏။ အိပ်ရာမှမထနိုင်သေးသော မိခင်ကြီး၏ ကျန်းမာရေးကို သတင်းမေးရင်း၊ ဆေးဖိုးဝါးခငွေ ကန်တော့ရန် အတွက် ဖြစ်ပါ၏။ ဤတစ်ကြိမ်၌ ကျွန်တော်နှင့် ကိုထွန်းရှိန် တို့နှစ်ယောက် ဦးကျော်ခင်မြင့်ထံသို့ ရောက်ဖြစ်ပြန်သည်။ ဦးလေးကြီးဦးတင်မောင် ရေးသားပြုစုသည့် "လွတ်လွတ်စွန့်လှူရဲသောစိတ်ဓာတ် ဘယ်ကလာသနည်း" စာအုပ်ကဲ့သို့ပင် စာအုပ်တစ်အုပ်စီစဉ်နေကြောင်း စာမူစုဆောင်းနေကြောင်းကို သူရှင်းပြ၏။ ကျွန်တော့်ထံမှ စာမူ တောင်းသည်။ မအူပင်သို့ ပြန်ရောက်လျှင် ဓမ္မာစရိယဦးတင်ရွှေ(မအူပင်)နှင့် အဆက်အသွယ်ပြုလုပ်ပြီး ဆရာဦးတင်ရွှေထံမှ ဓေပိုဒ်ရတုတစ်ပုဒ် ချီးမြှင့်ပေးပါရန် လှူကြုံသတင်းပါးသည်။

ဇွန်လ၏ တစ်ခုသော နေ့ရက်၌ ကျွန်တော် ဆရာဦးတင်ရွှေထံသို့ ရောက်ဖြစ်သည်။ ကျွန်တော်နှင့် ဆရာဦးတင်ရွှေတို့သည် ရေးမဆွကပင် ခင်မင်ရင်းနှီးပြီး တစ်ဦးသဘော တစ်ဦး နားလည်ထားကြသူများ ဖြစ်ကြ၏။ ဦးကျော်ခင်မြင့်အကြောင်းကို ကျွန်တော်တို့နှစ်ဦး စကားစပ်မိ၍ ပြောဆိုဖြစ်ကြသည့်အခါ၌ "ဦးကျော်ခင်မြင့်လို လူပုဂ္ဂိုလ်မျိုးဟာ စိတ်ချရတဲ့ လူကောင်းသူကောင်းပါပဲ။ ဒီနေ့ ဒီအချိန်မှာ သူလိုစိတ်ချရတဲ့ လူပုဂ္ဂိုလ်မျိုး အင်မတန် ရှားပါတယ်" ဟု ကျွန်တော်က လိုရင်းတိုရှင်း မှတ်ချက်ချလိုက်ပါသည်။ ထိုအခါ ဆရာက "ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"ဟုကွမ်းကလေးတမြုံ့မြုံ့ ဝါးရင်း ထောက်ခံလိုက်လေသည်။

ကျော်သက်နိုင်(ဆေးတက္ကသိုလ်)

---

## မင်းကွန်းတိပိဋကဓရ ဓမ္မလက်ဆောင်

ဒကာ + ဒကာမအပေါင်း သူတော်ကောင်းတို့...

(၁) မမေ့မလျော့ကြနဲ့။

(၂) ဒို့မှာ သေခြင်းတရားနဲ့ အချိန်းအချက်မရှိကြဘူး။

(၃) မိမိတို့ ဆောင်ရွက်ရမဲ့ ဓမ္မကိစ္စများကို နေ့ရက်ဆွဲမထားပဲ ခုကပဲ ကြိုးစားကြပါ။

# ကျွန်တော်သိသော ကိုဇေယျ

မောင်ဟံသ

- သီလမရှိ၊ သမာဓိလည်းမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ကာ နေရခြင်းထက် သီလရှိ၍ သမထဝိပဿနာကို ရှုမှတ်ပွားများနေသူ၏ တစ်ရက်တာမျှ အသက်ရှည်ရခြင်းသည် သာ၍ မြတ် ပေ၏။

(ဓမ္မပဒ၊ ဂါထာ-၁၁၀)

- ပညာကင်းမဲ့ သမာဓိလည်းမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ကာ နေရခြင်းထက် ဉာဏ်ပညာရှိ၍ သမထဝိပဿနာကို ရှုမှတ်ပွားများသော ပုဂ္ဂိုလ်၏ တစ်ရက်တာမျှ အသက်ရှည်ရခြင်းသည် သာ၍ မြတ်ပေ၏။

(ဓမ္မပဒ၊ ဂါထာ-၁၁၁)

- ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာကာလပတ်လုံး အသက်ရှည်ကာ နေရခြင်းထက် မြဲမြံသော ဝီရိယအားရှိသူ၏ တစ်ရက်တာမျှ အသက်ရှည်ရခြင်းသည်သာ၍ မြတ်ပေ၏။

(ဓမ္မပဒ၊ ဂါထာ-၁၁၁)

- အဖြစ်အပျက်ကို မရှုဘဲ အနှစ်တစ်ရာကာလပတ်လုံး အသက်ရှည်ကာ နေရခြင်းထက် အဖြစ်အပျက်ကို ရှုမြင်သော ပုဂ္ဂိုလ်၏ တစ်ရက်တာမျှ အသက်ရှည်ရခြင်းသည် သာ၍ မြတ်ပေ၏။

(ဓမ္မပဒ၊ ဂါထာ-၁၁၃)

- မြင့်မြတ်သောလောကုတ္တရာတရားကို မသိမြင်ဘဲ အနှစ်တစ်ရာကာလပတ်လုံး အသက်ရှည်ကာ နေရခြင်းထက် မြင့်မြတ်သော လောကုတ္တရာတရားကို သိမြင်သောပုဂ္ဂိုလ်၏ တစ်ရက်တာမျှ အသက်ရှည်ရခြင်းသည် သာ၍ မြတ်ပေ၏။

(ဓမ္မပဒ၊ ဂါထာ-၁၁၅)

အထက်ပါ တရားတော်ငါးပုဒ်မှာ ဓမ္မပဒဒေသနာတော်တွင် ဘုရားရှင် လမ်းညွှန်တော်မူသော အမြင့်မြတ်ဆုံးဘဝနေနည်း လမ်းညွှန်ဟုဆိုနိုင်သော် ရနိုင်ကောင်းအံ့ဟု ထင်ပါသည်။ ထိုဘဝနေနည်း လမ်းညွှန်အတိုင်း နေနိုင်သူကား ရှိနိုင်ပါ၏။ သို့ရာတွင်-ရှားပါ လိမ့်မည်။ ရှိလာပါမူကား- အာဂယောကျ်ား။

- ပန်းရနံ့သည် လေညာသို့မသွား၊ စန္ဒကူး၊ တောင်ဇလပ်၊ စပယ်၊ ကြက်ရိုး ပန်းရနံ့တို့သည်လည်းလေညာသို့မသွား၊သူတော်ကောင်းတို့၏ သီလရနံ့သည်ကား လေညာသို့သွား၏၊ သူတော်ကောင်းတို့၏ သီလဂုဏ်သတင်းသည်သာ အရပ်မျက်နှာ အားလုံးသို့ သွားရောက်ပျံ့လှိုင်မွှေးကြိုင်နိုင်ပါပေ၏။

(ဓမ္မပဒ၊ ဂါထာ-၅၄)

အထက်ပါ ဓမ္မပဒလမ်းညွှန်တော်မူချက် အရဆိုသော် သူတော်ကောင်းတို့၏ သီလဂုဏ်

သတင်းသည် အရပ်မျက်နှာအားလုံးသို့ သွားရောက်ပျံ့လှိုင် မွှေးကြိုင်သည်ဟု ဆိုပါသည်။ အရပ်စကားအရ "ပုတ်လို့ပေါ်၊ ဟုတ်လို့ကျော်"ဟု ဆိုရိုးရှိပါ၏။ ပုဂ္ဂိုလ်တစ်ဦးတွင် တစုံတရာသော ထူးခြားချက် ရှိလာပြီဆိုကာ အပုတ်ဖြစ်လျှင်လည်း ပေါ်၏၊ အဟုတ်ဖြစ်လျှင်လည်း ကျော်တတ်သည်မှာ ဓမ္မတာ။ ကိုယ့်ဆိုင်းဘုတ် ကိုယ်ထမ်းလျက် ခရီးကြမ်းနှင်လျက်ရှိကြရသော လူ့ဘဝကြီးသာတည်း။

- အကြင်သူသည် စစ်မြေပြင်၌ စစ်သည်ထောင်ပေါင်းများစွာကို အောင်မြင်နိုင်စေကာမူ ထိုစစ်အောင်နိုင်သူထက် မိမိ၏ ကိုယ်တွင်းကိလေသာကို တစ်ကြိမ်တစ်ခါမျှ အောင်နိုင်သူသည်သာ အမွန်မြတ်ဆုံးဖြစ်ပေ၏။

**(ဓမ္မပဒ၊ ဂါထာ-၁၀၃)**

အမှန်စင်စစ် မိမိကိုယ်တွင်းကိလေသာကို နိုင်အောင်သတ်ဖို့ရန်ကား မလွယ်ကူလှ၊ ဗုဒ္ဓဘာသာဝင်တိုင်း လောဘ ဒေါသ မောဟ ဟူသော စကားသုံးလုံးကို ဖောဖောသီသီ တွင်တွင်ကြီး သုံးကြ၏။ သို့ရာတွင် မိမိပိုင်အပ်တိုတစ်ချောင်းကို သူတစ်ပါးအား ပေးစွန့်ရန်ကြံသော် တွန့်ဆုတ် တွန့်ဆုတ်ဖြစ်၏။ ထစ်ကနဲ အစော်ကားခံရလျှင် မျက်နှာတွင် ရဲကနဲဖြစ်ရ၏။ ငါ၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဇနီး၊ ငါ့ဥစ္စာ- ငါသည်သာ ရှေ့တန်းပါနေသောအခါ အရာရာကို ဓမ္မနှင့်ယှဉ်၍ မြင်တတ်ရန် မေ့လျော့၏၊ တွေဝေ၏၊ မိုက်၏၊ အပြောလွယ်သော်လည်း လက်တွေ့ကျင့်ရန် ခက်ခဲလှသော အကုသိုလ်ဖြစ်ကြောင်း တရား သုံးပါးကို တဒင်္ဂအောင်လျှင် တဒင်္ဂချမ်းသာ၏၊ ကြာကြာအောင်လျှင် ကြာကြာချမ်းသာ၏၊ အမြစ်မြတ် အောင်သော် တစ်သံသရာလုံး ချမ်းသာတော့သည်။

ဘုရားရှင်က သတ္တဝါများ ချမ်းသာရေးကို လိုလားလွန်းတော်မူ၍ **ဓမ္မပဒ၊ (ဂါထာ-၆၂)**တွင် အောက်ပါအတိုင်း ဟောကြားတော်မူထားပါ၏။

"လူမိုက်သည် မိမိ၌ သားသမီးတို့ရှိကုန်၏၊ ဥစ္စာတို့ရှိကုန်၏ဟု၊ မြင်စွဲလမ်းလျက် ဆင်းရဲပင်ပန်း ရ၏၊ အမှန်စင်စစ် မိမိကိုယ်ပင် မိမိမပိုင်၊ (မိမိဆိုသော အတ္တသည်မရှိ)၊ သို့ဆိုလျှင် ဘယ်မှာ သားသမီး ရှိမည်နည်း၊ ဘယ်မှာ ဥစ္စာရှိမည်နည်း"

မိမိကိုယ်မိမိ မပိုင်ဟု ထပ်ကာထပ်ကာ ဆင်ခြင်သောအခါ သားသမီး ဇနီးခင်ပွန်း၊ စီးပွားဥစ္စာ အနှစ်သာရ မရှိဟု ထပ်ကာထပ်ကာ ဆင်ခြင်သောအခါ "ငါ" ဟူသော အစွဲအလမ်းသည် ထုနေရာမှ လျော့ပါးလာ၏၊ ကိုယ်ကျင့်သီလနှင့် သမာဓိတို့ ထက်မြက်လာ၏၊ နာနာဆင်ခြင်လေ အသိဉာဏ်ပွင့် လေလေ ဖြစ်လာ၏၊ ကုသိုလ်ကောင်းမှုမှန်သမျှ သမ္မပ္ပဓာန်လုံ့လဖြင့် ထထကြွကြွ လုပ်လာ၏၊ သဘာဝ ဖြစ်ခဓမ္မ ပျက်ခဓမ္မ တို့ကို ခံစား သိရှိလာ၏၊ လောကီဘုံသားအများ ခံစား သိမြင်နေမှုမျိုးမှ ကျော်လွန်၍ လောကုတ္တရာ၏ ကြိုဆိုရေးမှခ်ဦးကြီးကို အားပါးတရ မြင်လာ၏၊ ထိုအခါ ကိုယ်တွင်းကိလေသာရန်သူ အပူမီး မှန်သမျှကို တစ်ကြိမ်မက အကြိမ်ကြိမ် အောင်နိုင်တော့သည်။

စွန့်ကြဲပေးကမ်းလှူဒါန်းရာတွင်လည်း ကိုယ်တွင်းမှ ပွန့်ဟိုတတ်သော မစ္ဆေရရန်သူဆိုးကို အကြိမ်ကြိမ် အနိုင်တိုက်၏။ ကိုယ်ကျင့်တရားနှင့်စပ်ဆိုင်လာလျှင်လည်း ဆောင်သီလ

ရောင်သီလ မှန်သမျှကို ပြည့်ပြည့်ဝဝ အောင်မြင်စွာ ဖြည့်ကျင့်လေ့လာနိုင်၏၊ ဖြစ်ပျက်သဘာဝဓမ္မအပေါ် စူးစိုက်နက်နဲစွာ ပိုမို ဆင်ခြင်ပွားများလာနိုင်၏။

ထိုသူများကို အရာရာအောင်နိုင်သဖြင့် လောကီစကားအရ "ကိုဇေယျ"ဟုပင် ခေါ်ထိုက်ပါပေသည်။ ဘုရားရှင် ချီးမွမ်းတော်မူသော ကိုဇေယျပေါင်းများစွာသည် ရှေးနှစ်ပေါင်းများစွာကလည်း ပေါ်ခဲ့ဖူး၏။ ယခုလည်း ပေါ်ထွန်းနေဆဲဖြစ်၏။

မြန်မာနိုင်ငံတွင်မူ ရုပ်ရှင်သရုပ်ဆောင်ရာတွင် နာမည်ထင်ရှားကျော်ကြားခဲ့သော မင်းသားကြီး "ကိုဇေယျ" ရှိခဲ့ဖူးသည်။ ကျွန်တော်သိသော ကိုဇေယျမှာမူ မင်းသားကြီးမဟုတ်ပါ၊ လောကီဇာတ်ခုံတွင် အရိုတရားနှင့် အသိတရားနှစ်မျိုးပေါင်းစပ်လျက် သဘာဝလောက ဇာတ်ခုံကြီး ရှင်မြူးလှုပကြည့်ရှု၍ မဝနိုင်အောင် စီမံလျက်ရှိသော ဇာတ်ဆရာ ကိုဇေယျဖြစ်ပါသည်။ ဇာတ်ဆရာ ကိုဇေယျ၏ ခိုင်မာသော သန္နိဋ္ဌာန်မှာ အောက်ပါအတိုင်းဖြစ်၏ –

> **ကိုယ်တည်းတစ်ယောက်၊**
> **ချမ်းသာရောက်ဖို့၊**
> **ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊**
> **ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊**
> **ကမ္ဘာအနှံ့၊ လွှမ်းခြုံဖြန့်၍၊**
> **တည်တံ့ရှည်ကြာ၊ ဆုံးကမ္ဘာတိုင်၊**
> **နိုင်ရာအခန်း၊ တာဝန်ထမ်းမည်၊**
> **စွဲလမ်းရင်မှာ အမြဲတည်း။**

အထက်ပါသန္နိဋ္ဌာန်ကြောင့် ဖြစ်ဟန်တူပါသည်။ ၁၃၀၉–ခုနှစ်တွင် မွေးဖွားပြီး ငယ်ရွယ်စဉ်မှ စတင်ကာ ခေတ်ပညာများကို ဘီအက်စ်စီ၊ အိတ်ချ်ဂျီပီ၊ အာရ်အယ်လ်များအောင်သည်အထိ သင်ယူခဲ့၍ စီးပွားရေးလုပ်ငန်းများတွင် သူမတူအောင်မြင်ခဲ့သော်လည်း အသက် ၃၁–နှစ်သို့ ရောက်သော်အဘိဓမ္မာ စာမေးပွဲများနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများကို ဝင်ဖြေသည်။ ယင်းစာမေးပွဲမဖြေမီက အမျိုးဘာသာ သာသနာနှင့်စပ်ဆိုင်သော စာပေမှန်သမျှ ဖတ်သည်၊ လောကအကျိုးပြုကဗျာများရေးသည်။ အသက် ၂၅–နှစ် ခန့်ကပင် ဘဝနှင့်ဆန္ဒသည် သဟဇာတ မဖြစ်သည်ကို တွေ့ရသောအခါ "ကံ"ဆိုသော အရာကို နက်နဲစွာခံစားသိမြင်ရသည်၊ "အမှည့်တဝင်းဝင်း အကင်းတဖြုတ်ဖြုတ်" ဆိုသည့် နိယာမသဘာဝက ကိုဇေယျ၏ရင်ကို ပြင်းထန်စွာ ရိုက်ခတ်သည်။ တိုတောင်းလှသော လူ့ဘဝတခဏတာတွင် ဥစ္စာလည်းရှာ၊ တရားလည်းရှာ မည်ဟူသော အသိထူး ဝင်လာသည်။

ဖခင်ဦးကျော်မြ၊ မိခင် ဒေါ်ကြင်မြိုင်တို့ကား ဘုရားဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒကာ၊ သိမ်ဒကာ၊ "ဒါယကာ"= "ပေးလှူသူ" ဟူသော ဆိုင်းဘုတ်မှန်သမျှကို ကြည်လင်ရွှင်ပြစွာ ချိတ်ထားကြသူများ။ မိဘများ၏ အမွေသည် ကိုဇေယျ၏ နှလုံးသားတွင် ခိုင်မာစွာ တံဆိပ်ခတ်နှိပ်ပြီးသား။

ရှေ့နေလိုင်စင်ရပြီး ဖြစ်သော်လည်း ကိုဇေယျ၏ မူလစရိုက်နှင့် မကိုက်ညီ၊ မိဘလက်ငုတ် ရတနာကုန်သည် အလုပ်ဖြင့်သာ အသက်မွေးသည်။ အမျိုးဘာသာ သာသနာလုပ်ငန်းများကိုသာ ဦးစားပေး လုပ်သည့်အခါ မိမိစီးပွားရေးလုပ်ငန်းများထိခိုက်၏။ အိမ်ထောင်မှု တာဝန်များ ပျက်ကွက်၏။ သို့ရာတွင်

"မယ်ယသော်" ဟူသော ဘွဲ့ထူးခံယူနိုင်သည့် ချစ်ဇနီး "စိန်စိန်"က "မောင့်ကုသိုလ်အရာ မယ်ပါစမြဲ"။ လင်သား၏ တာဝန်များကိုပါ ယူသည်။ မငြိုမငြင် ပြုံးရွှင်စွာ အကူအညီပေးသည်။ ဇနီးသည်က ကြည်ဖြူ ရွှင်ပြစွာ အားပေးကူညီသောအခါ အဘိဓမ္မာ ဝိသုဒ္ဓိမဂ် သင်တန်းများ လည်း ပြေးတက်လိုက်နိုင်သည်။ ၁၉၈၄–ခုနှစ်မှစ၍ ဗုဒ္ဓဘာသာသာယဉ်ကျေးမှုသင်တန်းများကိုလည်း ယခုအချိန်အထိ အပင်ပန်းခံ၍ နေရာအလိုက် ပို့ချသည်။ လစဉ် အလှူအတန်းလုပ်သည်။ အိမ်မဲမြို့ အောင်သိပ္ပံ စာသင်တိုက်ကိုလည်း ထာဝရ ပစ္စည်းလေးပါးဒါယကာအဖြစ် တာဝန်ယူလိုက်သေးသည်။ ဓမ္မဂီရိ ဓမ္မမဂ္ဂဇင်း အယ်ဒီတာလည်း လုပ်သည်။ ဓမ္မဇောတိရိပ်သာ လုပ်ငန်းများကိုလည်း မနားမနေ အကောင်အထည်ဖော်သည်။ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ သာသနာပြုအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တိ=နိ သာသနာပြု ဥပဋ္ဌာက စာအုပ်စာပေနှင့် အနုပညာမော်ကွန်းအဖွဲ့ အကျိုးတော်ဆောင်၊ ပိဋကဗျူဟာ အဖွဲ့ အမှုဆောင်၊ အဘိဓမ္မာပြန့်ပွားရေးအသင်းအမှုဆောင်၊ အောက်မြန်မာနိုင်ငံ သီတဂူကပ္ပိယကာရကအဖွဲ့အမှုဆောင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဥပဋ္ဌာကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)၊ အပြည်ပြည်ဆိုင်ရာဓမ္မဂီရိ ဝိပဿနာအဖွဲ့ အတွင်းရေးမှူး၊ ဂျပန်နိုင်ငံထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွား ရေးအသင်း နာယက၊ တိ=နိ ဥပဋ္ဌာက ပင်မအဖွဲ့အမှုဆောင်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရက ဖွဲ့စည်းပေးသော မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုအဖွဲ့အတွင်းရေးမှူး စသော အမျိုးဘာသာသာသနာ ကောင်းစားရေး၊ ပရဟိတလုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်သည်။ အခြားသာသနာပြုအသင်းအဖွဲ့များတွင်လည်း အချိန်ကို လှူ၍ ပါဝင်ဆောင်ရွက်လိုက်သေးသည်။ ထိုသာသနာပြုလုပ်ငန်းများ လုပ်ရင်း ၁၉၈၀–ခုနှစ်မှ ၁၉၉၁–ခုနှစ်အတွင်း ဒုလ္လဘ ရဟန်းဘဝ ခံယူစဉ်က ရှတင် ၁၃ ပါးလုံးကိုပင် ကျင့်ဆောင်ခဲ့ဖူးသည်။ ယခုလည်း ဓမ္မဇောတိ ရိပ်သာနည်းအတိုင်း နေ့စဉ် တရားရှုမှတ်မှု မပြတ်၊ သာသနာပြုလုပ်ငန်းများကို အရွယ်နှင့် မလိုက်အောင် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်နေခြင်းကို ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် သာသနာပြုသဒ္ဓမ္မဇောတိကဓဇဘွဲ့ကို ကိုဇေယျ အသက် ၄၃–နှစ်အရွယ်တွင် ဂုဏ်ပြုချီးမြှင့်ခြင်း ခံခဲ့ရသည်။

ယင်းသာသနာပြုလုပ်ငန်းများကား ကိုဇေယျ၏ အသိတရားကို အခြေခံသော အောင်နိုင်မှု တံခွန်အလံများ ဖြစ်ပေ၏။

အသိတရားဖြင့် လောကသာယာလုပရေးကို ဓာတ်ဆရာ ကိုဇေယျ ဖန်တီးစွမ်းဆောင်နေစဉ်အတွင်း အရှိတရားကို အခြေခံသော စွန့်လွှတ်မှုမျိုးစုံတို့ဖြင့် ရင်တွင်းက ဝန်တိုနမြောမှု မစ္ဆေရတို့ကိုလည်း အနိုင် တိုက်ခိုက်နိုင်စွမ်း ရှိခဲ့ပါပေသည်။

– အရှက်ရှိသောသူသည် စင်ကြယ်မှုကို အမြဲရှာမှီးသဖြင့်လည်းကောင်း၊ မတွန့်တိုသဖြင့်လည်းကောင်း၊ မကြမ်းကြုတ်သဖြင့်လည်းကောင်း၊ သင့်မသင့်မြော်မြင်ခြင်းဖြင့် လည်းကောင်း စင်ကြယ်သော

> အသက်မွေးမှု ပြုရသောကြောင့် အသက်မွေးရခြင်း ခဲယဉ်းလှပေ၏။
>
> **(ဓမ္မပဒ၊ ဂါထာ-၂၄၅)**

အချောင် ကြီးပွားလိုပါက ကျီးကန်းကဲ့သို့ အရှက်မရှိ ရဲရဲသုတ်နိုင်မှ၊ သူတစ်ပါးအပေါ် ဖြတ်စားလပ်စား နာနာလုပ်နိုင်မှ၊ သူတစ်ပါးအပေါ် ခုန်ပျံကျော်လွှား ညစ်ပတ်သောစိတ်ထားနိုင်မှ၊ ကပ်ဖားနိုင်မှ တန်ကာကျသည်ဟူ၍ ယူဆထားကြပါ၏။ ယင်းသို့ အသက်မွေးပါက အသက်မွေးရခြင်းလွယ်ကူ၏။ ဟူ၍လည်း **ဓမ္မပဒ၊ (ဂါထာ-၂၄၄)** တွင် ဖော်ပြထားသည်ကို တွေ့ရပါ၏။

ကိုဇေယျမှာမူ ထိုသို့မဟုတ်၊ မိမိ သိထားသော အသိထူးများက ထိုကဲ့သို့ပြုလုပ်ရန် ခွင့်မပြု၊ မိဘ လက်ငုတ်ရတနာအရောင်းအဝယ်အလုပ်နှင့် လျော်ညီစွာ စင်ကြယ်မှုကို အမြဲဂရုပြုရ၏။ တွန့်တိုခြင်းလည်းမထား။ အရာရာတွင် ဓမ္မနည်းကျကျ ပြေပြစ်ချောမွေ့စွာ ဆောင်ရွက်ရ၏။ ရတနာရောင်းအဝယ်အလုပ်တွင် သန့်ရှင်းစင်ကြယ်စေရန် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဖြင့် ထပ်ဆင့်ဦးထိပ်ထား အလုပ်လုပ်ရ၏။ သူ့အကျိုး ကိုယ့်အကျိုး နှစ်မျိုးမျှတအောင် ရောင်းဝယ်ဖောက်ကားရ၏။ **ဓမ္မပဒ (ဂါထာ-၂၄၅)** ဟောကြားချက်အတိုင်း မြန်မြန်တော့ မကြီးပွားပါ။ မည်သူကမျှ ကိုဇေယျကို သေဌေးဟူ၍ နာမည်မတပ်ပါ။ အသုံးနှင့်အဖြုန်းကို သေချာစွာ စိစစ်ခွဲခြားလျက် မိမိချွေးနဲ့စာများကို တန်ဖိုးရှိရှိ အသုံးချ၏။ မိမိ မိသားစုအတွက် ရိုးရိုးနေ၊ ရိုးရိုးစားဘဝဖြင့် သင့်တင့်မျှတရုံသာ သုံးစွဲ၏။ အပျော်အပါး လုံးဝမရှိ။ ပိုလျှံသမျှကို အနုဂါမိကဥစ္စာများအဖြစ် တန်ဖိုးရှိရှိ မြှုပ်နှံအသုံးချသည်။ အိမ်မဲမြို့ရှိ အောင်သိပ္ပံစာသင်တိုက်ကို ထာဝရ ပစ္စည်းလေးပါးဒကာ ခံယူ၍ လိုသမျှ ထောက်ပံ့လှူဒါန်းသည်။ ဓမ္မဒါန စာအုပ်များ ၁၃-အုပ်အထိ ဖြန့်ချီထုတ်ဝေ အလှူဒါနပြု၏။ ဆရာတော်သံဃာတော် ၅-ပါးကို ယနေ့အထိ ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူသည်။ သာမဏေအပါး ၁၀၀-ကျော်ကို ရှင်သာမဏေအဖြစ် သွတ်သွင်းပေးသည်။ မလှူဖူးတာမရှိရအောင် လှူသည်။ ၁၉၈၁-ခုနှစ်မှ ၁၉၉၄-ခုနှစ်အထိ အာစိဏ္ဏကံကုသိုလ်မမာပြုခဲ့သော ကျပ်တစ်ထောင်အထက် အလှူဒါနတို့ကို စာဂါနုဿတိ မှတ်တမ်းပြုစုလိုက်သောအခါ စာရင်းရှိ လှူငွေ အရေအတွက်မှာ ကျပ်သိန်းလေးဆယ့်ငါးသိန်းနီးပါး ဖြစ်ကြောင်းတွေ့ရ၏။

ငွေကျပ်တစ်ထောင်ရှိသူ၏ တစ်ကျပ်စွန့်လွှတ်မှု စေတနာတန်ဖိုးနှင့် ငွေကျပ်တစ်ရာရှိသူ၏ တစ်ကျပ်စွန့်လွှတ်မှု စေတနာတန်ဖိုးမှာ ကွာချင်တိုင်းကွာလှ၏။ ကိုဇေယျအနေဖြင့် ငွေကျပ်တစ်ရာမှ တစ်ကျပ်စွန့်လွှတ်ရသည့် အနေအထားမျိုး။

> – သိမြင်နားလည်ခြင်းမရှိသော လူမိုက်တို့ကား အလှူဒါနကို မချီးမွမ်းကြကုန်၊ ပညာရှိသည်သာ အလှူဒါနအပေါ် ဝမ်းမြောက်နိုင်ပေ၏။
>
> **(ဓမ္မပဒ၊ ဂါထာ-၁၇၇)**

အလှူဒါနအပေါ် ဆင်ခြင်ဉာဏ်ရှေ့သွားဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ကြသဖြင့် ကိုဇေယျနှင့် ဇနီးသည် ဒေါ်ခင်ခင်စိန်အပါအဝင် မိသားစုအားလုံးမှာ ပြုပြုခဲ့သမျှ ချွေးနဲ့စာ အလှူဒါန အပေါ် စဉ်းစားမိတိုင်း ပီတိ ဖြစ်ကြရ၏။

၁၉၉၁–ခုနှစ်တွင်မှ ပြဋ္ဌာန်းခဲ့သော သာသနာတော်ဆိုင်ရာ ချီးမြှင့်ထောက်ပံ့မှု သာသနာနုဂ္ဂဟဘွဲ့တံဆိပ်သည် ကိုဖေယျတို့မိသားစုကို အားပေးချီးမြှောက်လိုသဖြင့် တီထွင်လိုက်သကဲ့သို့ ဖြစ်၏။ ထို့ကြောင့် ၁၉၉၅–ခုနှစ်၊ ဇန်နဝါရီလ ၄–ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာ (၁/၉၅)အရ အသက် ၄၆–နှစ်အရွယ်ရှိ ကိုဖေယျအား သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ် အပ်နှင်းခဲ့ပြန်သည်။

အမှန်စင်စစ် ၁၉၉၂–ခုနှစ်တွင် နိုင်ငံတော်အစိုးရက ကိုဖေယျအား ချီးမြှင့်ခဲ့သော သဒ္ဓမ္မဇောတိကဓဇ ဘွဲ့သည် လောကသာယာ ငြိမ်းချမ်းရေးကို စေတနာသက်သက် သန့်သန့်ဖြင့် ဖန်တီးလျက်ရှိသော ကိုဖေယျ၏ အသိတရား အမှတ်လက္ခဏာဟု ဆိုနိုင်၏။

၁၉၉၅–ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံတော်အစိုးရက ကိုဖေယျအား ချီးမြှင့်ခဲ့သော သီဟသုဓမ္မ မဏိဇောတဓရဘွဲ့သည် လောကစည်ပင်ဝပြောရေးကို စေတနာသက်သက် သန့်သန့်ဖြင့် ဖန်တီးလျက် ရှိသော ကိုဖေယျ၏ အရှိတရား အမှတ်လက္ခဏာဟု ဆိုနိုင်၏။

သိတိုင်း မရှိ၊ ရှိတိုင်းလည်း မသိ။

သိခြင်းနှင့် ရှိခြင်းတို့သည် သဟဇာတမျှတ ညီညွတ်စွာ ပေါင်းစပ်မိကြသောအခါ ကာယကံရှင်များနှင့်သူတို့ပတ်ဝန်းကျင် လောကအားလုံးသည် သာယာ အေးချမ်းလာ၏၊ စည်ပင်ဝပြောလာ၏၊ ဇာတ်ဆရာ၏ ဇာတ်ကွက်မှန်သမျှ ကြည့်ရှုရသူ ပရိသတ်၏ နှလုံးသားကို ခံစားမှုရသ အပြည့်အဝ ပေး၏။

ဖန်တီးသူ ဇာတ်ဆရာသည် မိမိကိုယ်မိမိ အောင်နိုင်ခြင်းအပြင် ပတ်ဝန်းကျင် သဘာဝလောကကိုပါ အောင်နိုင်ခြင်းအသွင် ဆောင်ပါ၏။

အများကမူ သူ့ကို ဦးကျော်ခင်မြင့်ဟု ခေါ်ကြပါသည်။

ကျွန်တော်ကမူ သူ့ကို ကိုဖေယျဟုသာ အမည်တပ်ပါတော့မည်။

မောင်ဟံသ

---

သူတော်ကောင်းဆိုတာ . . .

သူများနဲ့ဆက်ဆံရလျှင်
ကိုယ်က အနာခံရတယ်။
လောဘ–ဒေါသကို လျှော့ရတယ်။

မဟာဂန္ဓာရုံဆရာတော်ကြီး
အရှင်ဇနကာဘိဝံသ

# လှူချင် တန်းချင်စိတ်

မုံရွာဝင်းဖေ

ကဗျာဆရာ မောင်ရင့်ကျူး(မြောင်းမြ)ကို ကျွန်တော် သိခဲ့သည်မှာ ကြာပါပြီ။ ဆယ်စုနှစ် နှစ်ခုပင်လျှင် ကျော်ခဲ့ပြီထင်ပါသည်။ သူ၏ ကဗျာများကို မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် ထိတွေ့ရင်းနှီးခွင့် ရခဲ့ပါသည်။ ကဗျာရေးအား ကောင်းခဲ့သော ကဗျာဆရာတစ်ဦးအဖြစ် အမှတ်ထင်ထင်ရှိခဲ့ပါသည်။

ကဗျာဆရာ မောင်ရင့်ကျူး(မြောင်းမြ)၏နာမည်ရင်းသည် ဦးကျော်ခင်မြင့် ဖြစ်ကြောင်းကို ကျွန်တော် သိရှိရသည်မှာကား သိပ်မကြာလှသေးပါ။ ငါးနှစ် ခြောက်နှစ်မျှသာ ရှိဦးမည်ထင်ပါသည်။ ဦးကျော်ခင်မြင့်နှင့် ကျွန်တော်သည် လူချင်းထိတွေ့မှု နည်းလှသော်လည်း သူနှင့်ရင်းနှီး၍ ကျွန်တော်နှင့် လည်း ရင်းနှီးသော ဒေါက်တာအောင်ခိုင် (ကျော်သက်ခိုင်-ဆေးတက္ကသိုလ်)နှင့် ကိုထွန်းရှိန် တို့ထံမှ တစ်ဆင့် သူ့အကြောင်းကိုကျွန်တော် ကြားသိနေရပါသည်။

ဦးကျော်ခင်မြင့်သည် ၁၉၇၇-ခုနှစ်မှစ၍ ယနေ့တိုင် သာသနာပြုခရီးတစ်လျှောက်တွင် သာသနာပြု ကိစ္စများနှင့်သာ သသနာနုဂ္ဂဟ ကိစ္စများကို ဘက်စုံ ဘာသာရေးအနှစ်သာရ ရှိရှိ ဖြင့် အမျိုးဘာသာ၊ သာသနာတော်အတွက် တက်တက်ကြွကြွ ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က သာသနာပြု ဘွဲ့တံဆိပ်တော် "သဒ္ဓမ္မဇောတိကဓဇ" ကို ၁၉၉၂-ခုနှစ်၊ လွတ်လပ်ရေးနေ့တွင်လည်းကောင်း၊ သာသနာနုဂ္ဂဟဘွဲ့ တံဆိပ်တော် "သီဟသုဓမ္မမဏိ ဇောတိကဓရ" ကို ၁၉၉၅-ခုနှစ်၊လွတ်လပ်ရေးနေ့တွင် လည်းကောင်း ဦးကျော်ခင်မြင့်အား ချီးမြှင့်ခဲ့ပါသည်။

ဤတွင်ကျွန်တော်သည် ဦးကျော်ခင်မြင့်၏ သာသနာပြုကိစ္စနှင့် သာသနာနုဂ္ဂဟကိစ္စ ဆောင်ရွက် ချက်များအတွက် သာဓုအနုမောဒနာ ပြုမိသကဲ့သို့ မြန်မာစာပေလောကတွင် ကဗျာဆရာတစ်ဦးက နိုင်ငံတော်က အသိအမှတ်ပြုရလောက်အောင် သာသနာပြုကိစ္စများ၊ သာသနာနုဂ္ဂဟကိစ္စများနှင့် အလှူဒါနကိစ္စများတွင်ထူးထူးခြားခြား စွမ်းဆောင်နိုင်ခဲ့သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရပါသည်။

မြန်မာစာပေလောကတွင် စာရေးဆရာများကိုထားလိုက်ပါဦး၊ ကဗျာဆရာများထဲမှာပင် ကဗျာရေးသားခြင်းကြောင့်ပင် မဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းများကြောင့် သိန်းချီ၍ ချမ်းသာသူဟူ၍ အင်မတန်ရှားပါးပါသည်။ သို့သော် လက်ငါးချောင်းခန့်တော့ ရှိမည်ထင်ပါသည်။ အဆိုပါလက်ငါးချောင်း ခန့်သည် မောင်ရင့်ကျူး(မြောင်းမြ)၏ ရှေ့တွင်လည်းကောင်း၊ မောင်ရင့်ကျူး(မြောင်းမြ)နှင့် ခေတ်ပြိုင်တွင် လည်းကောင်း ရှိခဲ့ပါသည်။ ရှိနေပါသည်။ သို့သော်ထိုပုဂ္ဂိုလ်တို့သည် ဖြစ်ဖြစ်မြောက်မြောက် လှူကြတန်းကြသည်ဟူ၍ ကျွန်တော်

မကြားမိဖူးပါ။ မောင်ရင့်ကျူး (မြောင်းမြ) သည်သာလျှင် ရှားရှားပါးပါး အလှူ့ရှင် ကဗျာဆရာ ဖြစ်နေပါတော့သည်။

ဤနေရာတွင် အလှူဒါနနှင့်ပတ်သက်၍ ကျွန်တော်ဆင်ခြင်မိသော အချက်ကို တင်ပြလိုပါသည်။ အလှူဒါနပြုခြင်းသည် ရှိခြင်း၊ မရှိခြင်းနှင့် သိပ်ပြီး မသက်ဆိုင်။လှူချင် တန်းချင်စိတ်နှင့်သာ သက်ဆိုင်သည်ဟု ကျွန်တော် ထင်ပါသည်။

ယခုလို ဝါတွင်းကာလ စနေ၊ တနင်္ဂနွေ စသော ရုံးပိတ်ရက်များတွင် ရပ်ကွက်များ၊ လမ်းများသို့ ဆွမ်းဆန်စိမ်း အလှူခံများ မကြာခဏ ကြွရောက်လာတတ်ပါသည်။ ရှေ့မှ နိဗ္ဗာန်ဆော်က အသံချဲ့စက်ဖြင့် နှိုးဆော်သွားပြီးသောအခါတွင် ဆွမ်းဆန်စိမ်းလောင်းရန်အတွက် လင်ပန်းကိုယ်စီ၊ယွန်းဗျပ်ကိုယ်စီဖြင့် လမ်းပေါ်သို့ထွက်လာကြသူများမှာ လက်လုပ်လက်စားများသာ ဖြစ်သည်ကို များသောအားဖြင့် တွေ့ရတတ်ပါသည်။

အလှူဒါနပြုသောကိစ္စသည် လှူချင်တန်းချင်စိတ်၊ အလှူရေစက်လက်နှင့် မကွာနေလိုသောစိတ်အပေါ်တွင်သာ တည်မှီနေသည်ဟု ကျွန်တော်ယူဆပါသည်။ တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား” ဟူသော သံချပ်ကလေးက လှူချင်တန်းချင်စိတ်၏ အဓိကကျပုံကို ဖော်ပြနေပါသည်။

အချို့သူများမှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော်လည်း လှူချင်တန်းချင်စိတ်နည်းပါးကြသည်။ အချို့သူများမှာ ဆင်းရဲသော်လည်း မရှိရှိတာလေးကို ခြစ်ခြုတ်၍ လှူကြတန်းကြသည်။

တကယ်တော့အလှူဒါနပြုခြင်း၊ ပေးကမ်းစွန့်ကြဲခြင်းဟူသည်မှာ မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းသဖွယ် ဖြစ်နေပါပြီ။ အလှူဒါနပြုခြင်းသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အဖို့ အရေးပါသော ကိစ္စဖြစ်ပါသည်။

သူတော်ကောင်းတရားခုနစ်ပါးတွင်လည်း “စာဂ=ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း” ဟူသော အချက် တစ်ချက် ပါဝင်ပါသည်။

သဒ္ဓါဒါန၊ သက္ကစ္စဒါန၊ ကာလဒါန၊ အနုဂ္ဂဟိတဒါနနှင့် အနုပဟစ္စဒါန ဟူ၍ ဒါန ငါးပါးရှိရာတွင်–

**သဒ္ဓါဒါန**။ ။ ရတနာသုံးပါး၏ဂုဏ်၊ ကံနှင့်ကံ၏ အကျိုးတရားကို ယုံကြည်သော သဒ္ဓါတရား ရှေ့သွားပြု၍ လှူခြင်း၊

**သက္ကစ္စဒါန**။ ။ အလှူခံပုဂ္ဂိုလ်တို့ကို အရိုအသေပြု၍လှူခြင်း၊

**ကာလဒါန**။ ။ အချိန်အခါကို သိ၍ လှူခြင်း၊

**အနုဂ္ဂဟိတဒါန**။ ။လှူဖွယ်ဝတ္ထု အပေါ်တွင်တွယ်တာ တပ်မက်စိတ်မထားဘဲ စေတနာရှေ့သွားပြု၍ လှူခြင်း၊

**အနုပဟစ္စဒါန**။ ။ မိမိနှင့် သူတစ်ပါး နှစ်ဦးသားကို မထိပါးဘဲ လှူခြင်း၊

ဟူ၍ ဖြစ်ပါသည်။

ပေးကမ်းလှူဒါန်းရာတွင် ထမင်း၊

အဖျော်၊ ကျောင်း၊ အိမ်၊ ပုဆိုး၊ ယာဉ်၊ ပန်း၊ နံ့သာပျောင်း၊နံ့သာ၊အိပ်ရာနေရာ၊ဆီမီး တန်ဆောင်းဟူ၍ ဒါန၀တ္ထုပစ္စည်း ဆယ်မျိုး ရှိကြောင်းကိုလည်း မှတ်သားဖူးပါသည်။

အလှူဒါနပြုရာတွင် ထာ၀ရကုသိုလ်ဟုဆိုအပ်သော အရာဌာန ခြောက်မျိုးရှိပါသည်။ ယင်းတို့မှာ–

(၁) သစ်သီး၀လံပန်းမန် စိုက်ပျိုး၍ လှူဒါန်းခြင်း၊

(၂) အရိပ်ရသစ်ပင်များစိုက်ပျိုး၍ လှူဒါန်းခြင်း၊

(၃) တံတားဆောက်၍ လှူဒါန်းခြင်း၊

(၄) ရေအိုးစင်တည်၍ လှူဒါန်းခြင်း၊

(၅) ရေတွင်း ရေကန် တူးဖော်၍ လှူဒါန်းခြင်း၊

(၆) ဇရပ်၊ တန်ဆောင်း၊ ကျောင်း ဆောက်လုပ်၍ လှူဒါန်းခြင်း

ဟူ၍ ဖြစ်ပါသည်။ ဤထာ၀ရ ကုသိုလ် ခြောက်မျိုးကို လှူဒါန်းပါက အကျိုးကြီးမား များပြားလှ ပေသည်။

နိုင်ငံတော်ငြိမ်၀ပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်တွင် သာသနာတော် ထွန်းကား ပြန့်ပွားရေး အတွက်လည်းကောင်း၊ တန်ခိုးကြီးဘုရားများနှင့် သာသနိက အဆောက်အအုံများဘက်စုံမွမ်းမံ ပြင်ဆင်တည်ဆောက်ရေးအတွက်လည်းကောင်း အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာတွင် အလှူဒါန ပြုကြသူတွေ များပြားလှပါဘိသည်။

ယင်းသို့များပြားလှသည့် အထဲမှ ရှားရှားပါးပါးအလှူ့ရှင်ကဗျာဆရာ မောင်ရင့်ကျူး (မြောင်းမြ)၏ အလှူဒါနအစုစုအတွက် ၀မ်းမြောက် ၀မ်းသာ သာဓုအနုမောဒနာခေါ်ရင်း ဂုဏ်ပြုလိုက်ပါသည်။

မုံရွာ၀င်းဖေ

## ကောင်းမှုကောင်းလုပ်

ချမ်းသာကြလို ကောင်းမှုကို မခိုမကြောက်ရာ။
ကောင်းမှုပြုမှ ချမ်းသာရ ဗုဒ္ဓမိန့်တော်မှာ။
ကောင်းမှုမှန်က မမေ့ရ ဗုဒ္ဓမိန့်တော်မှာ။
၀န်တိုကတ်မှ မပေးလှူ မှတ်ယူကျမ်းအလာ။
မေ့လျော့သူများ ကောင်းမှုပါး လားကြပါယ်လေးရှာ။

(အဘိဓဇ စစ်ကိုင်းရွှေဟင်္သာဆရာတော်ကြီး)

# သူ့ကဗျာများကပြောသည့် သူ့အကြောင်း

### ဟိန်းလတ်

**သဒ္ဓမ္မ ဇောတိက ဓဇဘွဲ့**
**သီဟ သုဓမ္မ မဏိဇောတ ဓရဘွဲ့**

လူပုဂ္ဂိုလ်များထဲတွင် သာသနာရေးဆိုင်ရာ အမြင့်ဆုံးဘွဲ့ နှစ်ဘွဲ့ရ ဦးကျော်ခင်မြင့်ကို မြင်ရတိုင်း ကျွန်တော်ပါ ခေတ္တအပူငြိမ်းသွားသလို သူ့ထံမှ အေးငြိမ်းမှုသည် ရုတ်ချည်းကူးစက်လာစမြဲ။ ဟန်ဆောင်ပြုံး မဟုတ်သော၊ ရင်ထဲမှ တိုက်ရိုက် စိမ့်ထွက်လာသည့် ပြည့်ဝဝအပြုံးဖြင့် သူက အမြဲ နှုတ်ဆက်တတ်သည်။ အချို့အပြုံးတွေကို မြင်ဖူးပါသည်။ မျက်နှာကသာ ပြုံးဟန်ပြနေသော်လည်း ကိုယ်ဟန်အမူအရာများကမူ အေးတိအေးစက် မာတောင့်တောင့်ကြီးဖြစ်နေ၍ သူတို့အပြုံး အသက်မပါလှသည်ကို ခံစားသိရှိနိုင်သည်။ ဦးကျော်ခင်မြင့်ကမူ မျက်နှာရော နှုတ်ခမ်းပါ ပြုံးရောင် လျှမ်းနေရုံမျှမက ကိုယ်ဟန်အမူအရာကပါ ညွတ်နွဲ့ပျော့ပြောင်းနေ၍ သူ့ရင်ထဲကမေတ္တာဓာတ်၏ အရှိန်အဝါမှာ အနှုတ်ဆက်ခံရသူကိုပင် ရောင်ပြန်ဟပ်ပြီး သက်ဝင် ငြိမ်းအေးနေတာ သေချာသည်။

ဦးကျော်ခင်မြင့်နှင့်ကျွန်တော်က သက်တူရွယ်တူ၊ သူငယ်ချင်းတွေ လေးငါး ဆယ်နှစ်ကွဲကွာသွားပြီး နောက်တစ်ခါပြန်တွေ့ကြလျှင် ရုပ်တွေအတော် ပြောင်းသွားတာ တွေ့ရသည်။ ရုပ်ပြောင်းတာဆိုတာထက် ရုပ်တွေသိပ်ကျသွားတယ် ဆိုတာကပိုမှန်မည်။ ဆံပင်တွေ ဖြူလာတာကတော့ လူတိုင်းလိုလို၊ ငယ်ငယ်ကငါးဖောင်ရိုးလေးတွေကလည်း ယခု မေးစေ့နှစ်ထပ်နှင့် ဗိုက်ကြီးတွေရွဲလို့။ နည်းနည်းလေးမှ ကြည့်ပျော် ရှုပျော်မရှိတော့။ တစ်ချိန်က ကျစ်လစ်မာကျောသော ကြွက်သား အပျိုင်းပျိုင်းနှင့် ကိုလူသန်တို့မှာလည်း ယခု ကြွက်သားတွေလျော့တိလျော့ရဲ ကုန်းကုန်းကိုင်းကိုင်းနှင့် လေမှုတ်ရုပ်ကို လေလျှော့ထားသလို။ ဒီထက်ဆိုးတာကတော့ သက်တူရွယ်တူ သူငယ်ချင်းအတော်များများ၊ လူ့လောကမှာ မရှိကြတော့တာ။ တချို့ လေးဆယ်၊ လေးဆယ့်ငါးမှာ ကွယ်လွန်သွားကြသည်။ သင်္ခါရသဘောကို မသိကျိုးကျွံပြုပြီး ကိုယ့်သူငယ်ချင်း တစ်ယောက်ဆုံးသွားတိုင်း "ဒါသေရမယ့်အရွယ်လားကွာ" ဟု တောက်ခေါက်ခဲ့ရတာ အကြိမ်ကြိမ်။

ကိုကျော်ခင်မြင့်ကို သိခဲ့ရတာ ၁၉၇၀ လောက်ကဆိုတော့ နှစ်အစိတ်ပင်ကျော်တော့မည်။ သူ့ အကြောင်းကိုကျွန်တော့်သူငယ်ချင်း ကိုလှိုင်မျိုးက စပြောပြသည်။

"မင်းနဲ့ ငါ့သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူကလဲမင်းလို စာသမားပဲ။ ကဗျာဆရာ"

သူနှင့် လူချင်း မတွေ့ဖူးခင်ကထဲက သူ့အကြောင်း သိနှင့်နေသည်။ ကိုလှိုင်မျိုးတို့အိမ်တွင် အလှူလုပ်သောညကျမှ သူနှင့်ကျွန်တော် ဆုံမိသည်။ အသားလတ်လတ်နှာတန်ပေါ်ပေါ် မျက်ခုံးမျက်ဖန် လုလု

ကိုကျော်ခင်မြင့်က ကျွန်တော့်ကို လှိုက်လှဲစွာ ပြုံးပြီး လက်ကမ်းပေးသည်။

"ကျွန်တော်က 'မောင်ရင့်ကျူး (မြောင်းမြ)' ကလောင်နာမည်နဲ့ ကဗျာရေးပါတယ်"

"ကျွန်တော်ဟိန်းလတ်ပါ"

ကျွန်တော်ကလည်း သူ့လက်ကို ဖျစ်ညှစ်ပြီး နှုတ်ဆက်လိုက်သည်။ ဟိုတုန်းက ကျွန်တော်တို့ နှစ်ယောက်လုံး အသက်နှစ်ဆယ်ကျော်အရွယ် လေးတွေ။ ဘွဲ့ရပြီးခါစ၊ မည်သည့်လုပ်ငန်းတာဝန်မျှ မယ်မယ်ရရ မရှိသေးဘဲ စာပေပညာလောကကိုသာ ခြေစုံပစ်ဝင်ရန် စိုင်းပြင်းနေကြဆဲ ကာလ၊ ကျွန်တော်တို့ နှစ်ယောက်ကို မိတ်ဆက်ပေးတဲ့ ကိုလှိုင်မျိုးက စာပေကို သိပ်ဝါသနာမပါ။ ကျွန်တော်တို့ စာရူးပေရူး နှစ်ယောက်ကတော့ ချက်ခြင်းခင်မင်သွားကြကာ စကားလက်ဆုံ ပြောလို့မကုန်။

မှတ်မိပါသေးသည်။ စမ်းချောင်း အောင်သပြေလမ်းရှိ ကိုလှိုင်မျိုးအိမ်တွင် ထိုညက ကျွန်တော်တို့ နှစ်ယောက် ညဉ့်နက်သည်အထိ စကားတွေ ဖောင်ဖွဲ့ ခဲ့ကြသည်။ သန်းခေါင်ကျော်သွားသမို့ အိမ်ပင် မပြန်ဖြစ်ကြ။ မနက်ကျတော့လည်း ဘုန်းကြီးတွေ အရဏ်ဆွမ်းကပ်ရမှာမို့ စောစောထကြရပြန်သည်။ သူများတွေ အရဏ်ဆွမ်း ကပ်ဖို့ အလုပ်တွေ ရှုပ်နေစဉ်မှာ ကျွန်တော်တို့နှစ်ယောက်ကတော့ စောစောစီးစီးပင် ကဗျာအကြောင်း စာအကြောင်းတွေ ဆက်ပြောဖြစ်ကြပြန်သည်။ သက်တူရွယ်တူ ဝါသနာတူတွေ ထိုနေ့မှစ၍ ခင်မင်ခဲ့ကြသည်။

ထိုစဉ်က စတွေ့ခဲ့ရသော ကိုကျော်ခင်မြင့်၏ ရုပ်ရည်သည် ယခုရုပ်ရည်နှင့် သိပ်မကွာခြားလှ။ ကိုယ်လုံးကိုယ်ဖန်နည်းနည်းလေး ပိုပြည့်လာတာ ကလွဲလို့ ဆံပင်မကျွတ်၊ ထိပ်မပြောင်၊ ခေါင်းမဖြူ၊ သွားမကျိုး။ အဝေးကြည့်မျက်မှန်တွေ မတပ်ရသေး။ မျက်လုံးတို့က ရွှန်းစိုတောက်ပဆဲ။ အရွယ်တင်သည်ဆိုတာထက် နုပျိုနေဆဲဟု ပြောလျှင် ပိုမှန်မည်။ သူနှင့်ကျွန်တော့်ကို စတင်မိတ်ဆက်ပေးသူ ကိုလှိုင်မျိုးပင် ကွယ်လွန်သွားတာ သုံးနှစ်လောက်ရှိပြီ။

ထိုစဉ်က ကိုကျော်ခင်မြင့်သည် သိပ္ပံဘွဲ့ကို ဓာတုဗေဒအဓိကဖြင့် ဘွဲ့ရပြီးကာစ ရေနံအဖြစ် အသက်မွေးဝမ်းကျောင်းရန် ဝါသနာပါလွန်း၍ အထက်တန်းရေနံစာမေးပွဲ (H.G.P.)ဖြေနေချိန်။ အိပ်ချ်ဂျီပီအောင်တော့၊ မှတ်ပုံတင်ရေနံသင်တန်း (R.L.)ဆက်တက်သည်။ ထိုနောက် ရေနံလောကသို့ သူရောက်သွားသည်။ ခေါင်းပေါင်းအိတ်လေး ဆွဲကာ တရားရုံးများသို့ ဝင်ထွက်သွားလာနေသော သူ့ကို မကြာခဏတွေ့သည်။ ကျွန်တော်နှင့် တွေ့လျှင် သူကချက်ခြင်း စာအကြောင်းသာ အားပါးတရ ပြောတတ်သည်။ ဘာသာရေး အကြောင်းတော့ မပြောဖြစ်ကြ။ ကျွန်တော်ကလည်း ထိုစဉ်က ဘာသာရေး သိပ်ဝါသနာမပါ။ သူ့စကားသံတွေထဲက ရေနံ လုပ်ငန်း၌ မပျော်ပိုက်ကြောင်းတွေကြားလာရသည်။

"ရိုးရိုးသားသား စိတ်ထားမျိုးနဲ့ ဒီအလုပ်နဲ့က မဖြစ်ပါဘူးဗျာ၊ သမ္မာအာဇီဝဖြစ်အောင်ပဲ ကျွန်တော်က လုပ်ချင်တာ"

သူသိပ်ဖြစ်ချင်လှသော ရေနံအလုပ်ကို လက်တွေ့လုပ်ပြီးမှ သူ့စရိုက်နှင့် မကိုက်၍ စိတ်ဆင်းရဲနေပုံရသည်။

"ကျွန်တော်က မညာချင်ဘူးဗျ၊ ဒီအလုပ်က တစ်ခါတစ်လေ ညာသင့်ယင်ညာရတယ်။

ကိုယ့်အမှုသည် နိုင်အောင်လို့လေ။ အသောက် အစားလေး ဘာလေးလဲ လုပ်တတ်မှ အပေါင်း အသင်းပိုဆန့်ပြီး ပိုအောင်မြင်တယ်။ ကျွန်တော်က ငါးပါးသီလကို လုံအောင်ထိန်းချင်တဲ့ သူဆိုတော့ ---"

ငါးပါးသီလကို ထိန်းမည့်သူဆိုတာ ထိုစဉ်ကထဲက သူ့ကို သိလိုက်ရသည်။ ကျွန်တော်တို့အရွယ် ကျွန်တော်တို့စာပေ အနုပညာအသိုင်းအဝန်းတွင် ထိုသို့သော စကားမျိုး ပြောသူရှားလှသည်။ အားလုံးမှာ ငယ်ငယ်ရွယ်ရွယ် လူပျိုလူလွတ်တွေမို့ သောက်ကြစားကြ ပျော်ပါးကြနှင့်။ အထူးသဖြင့် အနုပညာလောကမှဆိုတော့ လွတ်လပ်ခြင်းကိုသာ တန်ဖိုးအထားဆုံးဖြစ်ပြီး စိတ်လွတ် ကိုယ်လွတ် အပျော်ရှာကြသူ များသည်။ ကိုကျော်ခင်မြင့်ကား ငယ်ငယ်ကထဲက ဒီလိုလူစားမဟုတ်။ စာရိတ္တပိုင်းဆိုင်ရာကို ဖြူစင်အောင်ကြိုးစားနေသူ။ အရက်ဝေးလို့ စီးကရက်ဆေးလိပ်ပင်မသောက်။ ဟေးလားဝါးလား ဣန္ဒြေပျက်လောက်အောင် နောက်ပြောင်တာလည်းမရှိ။ အသက်ကသာ ငယ်သည်။ သူ့ကြည့်ရတာ လူ့ဘုန်းကြီးလေးလို။

"ကဗျာနဲ့နေရတာပဲ ဖြူစင်ပါတယ်ဗျာ" ဆိုကာ ရှေ့နေလောကမှ သူထွက်ခဲ့သည်။ တစ်နေ့တွင် သူနှင့် သူ့သူငယ်ချင်းကိုမြင့်ကြည် (မင်းနန်းစည်) တို့ ကျွန်တော့်ထံ ပေါက်ချလာပြီး ကဗျာစာအုပ်ထုတ်ချင်သည်ဟု ပြောသည်။ ကဗျာမှ ရိုးရိုးမဟုတ်။ အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့်။ သူတို့ကဗျာတွေကို အင်္ဂလိပ်လို ပြန်ပေးရမှာက ကျွန်တော်။

"အင်္ဂလိပ်ကနေ မြန်မာလို ပြန်ရတာက လွယ်တယ်။ မြန်မာကနေ အင်္ဂလိပ်လို ပြန်ရတာက ခက်တယ်ဗျ။ တခြားသူ သွားခိုင်းပါဗျာ"

ကျွန်တော်ကငြင်းသည်။ သူတို့ကလည်း အတင်းပေကပ်ကာ ကျွန်တော့်ကိုသာ တာဝန်ပေးနေ၍ နောက်ဆုံးလက်ခံလိုက်ရသည်။

တစ်လလောက်ကြာယင် ဘာသာပြန်လို့ပြီးမယ်ဟု ကျွန်တော်က ပြီးလွယ်စီးလွယ် ပြောလိုက်သော်လည်း တကယ်တမ်း ဘာသာပြန်ကြည့်တော့ သုံးလလောက်ကြာမှ ပြီးသည်။ သူတို့ကလည်း သည်းခံပြီးစောင့်နေသည်။

သို့ဖြင့် ၁၉၈၄ ခု ဖေဖော်ဝါရီလတွင် "ကံကော်အလွမ်းရိပ်" ကဗျာစာအုပ် ထွက်လာသည်။ ကျွန်တော်က "Gloom Over Gangaw Village" ဟု ဘာသာပြန်ပေးလိုက်သည်။ ကိုကျော်ခင်မြင့်၏ ကဗျာ၁၅-ပုဒ် ပါဝင်သည်။ တကယ်တော့ ထိုစဉ်က သူစပ်ဆိုသော ကဗျာအများစုသည် အချစ်ကဗျာများသာ ဖြစ်သည်။ သို့သော် အချစ်ကဗျာထဲမှာမှ သူ့ကဗျာ တချို့က ထူးခြားနေသည်။ တစ်နည်းပြောရလျှင် တရားသံတွေ ပါနေသည်။ "အိုအရှင်" ဆိုသော ကဗျာကိုကြည့်။

## "အိုအရှင်"

"ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော<br>
အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော"ဟု<br>
ဟောကြားမိန့်မြွက်၊ ဓမ္မစကားကို<br>
ရက်ဆက်နေ့စဉ်၊ စိတ်အစဉ်တွင်<br>
မြဲပင်ဖြေသိမ့်ပါသည်အရှင်။<br>
စိတ်ကကြည်ဖြူ၊ ချစ်သောသူနှင့်<br>
တူမနေရ ဆင်းရဲရပါသည်အရှင်။<br>
စိတ်ကလိုရာ၊ မရပါ၍<br>
မဟာဒုက္ခ ဆင်းရဲရပါသည်အရှင်"

နောက်ထပ်ကဗျာတစ်ပုဒ်မှာလည်း သံဝေဂ ရစရာတွေ ပါနေသည်။ ကဗျာနာမည်က "အရိပ်အောက်က အပူ"။

တိုက်ထဲမှာနေ၊ ရွှေတွေငွေတွေ၊ စားကောင်း သောက်ဖွယ်တွေအလျှံပယ်၊ ဂိုဒေါင်ထဲမှာလည်း ဇိမ်ခံကားတွေအများကြီး၊ ရုပ်ပိုင်းဆိုင်ရာ အစစအရာရာ ပြည့်စုံနေသော်လည်း နှလုံးသားအလို မပြည့်ဝသည့်အခါ စိတ်ဆင်းရဲနေပုံ။

"နတ်စည်းစိမ်လို
လိုသမျှရ၊ ကြွယ်ဝနေချိန်
ဖြေပျောက်ကွယ်ဖို့၊ နှလုံးသားသောက
ဆန္ဒမပြေ၊ နွေလိုပူပြင်း
ရင်တွင်းပွက်ဆူ၊ နေအပူလေ"

ထိုအတူ "သကာအိုးထဲကပုရွက်ဆိတ်" "အာရုံငါးပါး၌ ယစ်မူးခြင်း"စသော ကဗျာများတွင်လည်း ကိုကျော်ခင်မြင့်၏ရင်ထဲမှ ပေါက်ဖွားလာသော တရားစစ်တွေကို တွေ့နိုင်မည်။

"ခင်ဗျားကဗျာတွေက သာမန်အချစ်ကဗျာတွေ မဟုတ်ဘူး။ အတော်နက်တယ်ဗျ၊ ဘာသာရေး သံတွေ ပါနေတယ်။ ဒါကြောင့် အင်္ဂလိပ်ကို ပြန်ရတာတောင်ခက်တယ်။ အပေါ်ယံရုပ်ပြီး ပြန်လို့မရဘူး" ဟု ဘာသာပြန်ပြီးစက သူ့ကိုပြောမိသည်။

နောက်ပိုင်းတွင် ရွှေဘုံသာလမ်း၌ ရွှေဆိုင်ဖွင့်သော ကိုကျော်ခင်မြင့်ကို တွေ့ရသည်။

"ဒီအလုပ်က ပိုပြီး သန့်စင်တယ်ဗျ။ စရဏကောင်းမှ ပိုအကျိုးပေးတတ်တယ်။"

ကိုကျော်ခင်မြင့်၏ စရဏ ကောင်းမကောင်း တိုင်းတာစရာ ပေတံကား ဝေးဝေးမှာ ရှာစရာမလို တစ်နေ့တစ်ခြား ကြီးပွားချမ်းသာကာ၊ ဘာသာရေး သာသနာရေးလုပ်ငန်းတွေမှာ သိန်းလေးဆယ်ကျော် လှူဒါန်းနိုင်ခဲ့တာကိုပဲကြည့်။

ငွေကြေးချမ်းသာသူ တော်တော်များများ ကျွန်တော်တွေ့ဖူးသည်။ အထူးသဖြင့် အသက်လေးဆယ်ကျော် ဝန်းကျင် လူချမ်းသာတွေဆိုလျှင် ဝတ်တာ စားတာကအစ ပြောပုံ ဆိုပုံ၊ နေထိုင် ပြုမူ ကျင့်ကြံပုံတွေမှာ သာမန်လူတွေနှင့် မတူ။ ရုပ်အင်္ကျီ၊ စပို့ရှပ် ဘောင်းဘီမှအစ လက်ပတ်နာရီ ဖောင်တိန်၊ နေကာမျက်မှန်အလယ်။ မော်တော်ကား၊ စီးကရက် အရက်အဆုံး အားလုံးကို အကောင်းတကာ့ အကောင်းဆုံးတွေသာ သုံးကာ ထောင်ထောင်လွှားလွှားနေတတ်ကြတာ တွေ့ရသည်။ ကိုကျော်ခင်မြင့်ကတော့ သည်လိုမဟုတ်။ လည်ပင်းရိုး ရုပ်အင်္ကျီအဖြူလေးနှင့် သာမန်ချည်လုံချည်လေးနှင့်သာ သူ့ကို အမြဲတွေ့ရတတ်သည်။ စကားပြောတော့ ချိုချိုသာသာ ပြောဆိုဆက်ဆံတတ်သည်။ ကြွားခြင်းဝါခြင်း သူ့မှာ အလျဉ်းမရှိ။ မာနဆိုတာ ဝေလာဝေး။ သူဒေါသကြီးကြီး ကျယ်ကျယ် ထွက်တာလည်း ကျွန်တော် မမြင်ဖူးပါ။ လောဘနည်းသလားတော့ မမေးနှင့်။ လှူစရာတန်းစရာဆိုလျှင် ရက်ရက် ရောရော လှူပစ်နေတာကိုပဲကြည့်။ မောဟကို ပယ်သတ်နိုင်အောင် သူသည် သင်္ဂြိုဟ်၊ အဘိဓမ္မာ သင်တန်း များများကို တက်ခဲ့၊ စာမေးပွဲများကို ဖြေခဲ့အောင်မြင်ခဲ့သည်။ သာသနာရေးဦးစီးဌာနက ကျင်းပသည့် အဘိဓမ္မာစာမေးပွဲများ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲများ၊ မစိုးရိမ်အဘိဓမ္မာစာမေးပွဲများကို အောင်မြင်ခဲ့ကာ ကစ္စည်းသဒ္ဒါကြီးကျမ်းတို့၊ သင်္ဂြိုဟ်ကိုးပိုင်းတို့ကိုလည်း တက်ခဲ့သူဖြစ်သည်။ သူလေ့လာသိရှိသမျှ ဗုဒ္ဓဘာသာကိုယ်ကျင့်အဘိဓမ္မာနှင့် ယဉ်ကျေးမှုတို့ကိုလည်း ပန်းပဲတန်း

မြို့နယ်၊ မဟာသိမ်တော်ကြီး ဓမ္မာရုံတွင် သင်တန်းများ ပို့ချပေးခဲ့သည်။ ဆရာကြီး ဂိုအင်ကာ၏ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့၏ အတွင်းရေးမှူး၊ နိုင်ငံတကာ သာသနာပြုအဖွဲ့ချုပ်၏ အတွင်းရေးမှူး၊ စသော ကြီးလေးဟေ သာသနာပြု တာဝန်များကိုလည်း ဆောင်ရွက်နေသူဖြစ်သည်။ အသက်ငယ်ငယ်၊ ကျန်းမာရေးကောင်းကောင်း မွေကြေးချမ်းသာ၊ ပညာဂုဏ်၊ အလုပ်ဂုဏ်မြင့်မြင့်၊ ဥပမိရုပ် သန့်သန့် မည်သည့်လူငယ်မျှ သူ့ကဲ့သို့ ဘာသာရေး သာသနာရေးအလုပ်တွေကို ဇောက်ချ လုပ်နေနိုင်မည်မဟုတ်။ လောကီကာမဂုဏ် အပျော်အပါးတော့ သူ့အထိုက်အလျောက် သူခံစားမည်သာ ဖြစ်သည်။ ကိုကျော်ခင်မြင့်လို လူကတော့ ရှားသည်။ ဒါမျိုးလူ ရှိမှ ရှိနိုင်ပါ့ မလားဟုပင်သံ့ယဝင်လောက်သည်။ "သူ့လိုသာ ချမ်းသာယင်၊ အစစအရာရာ ပြည့်စုံယင်၊ သူ့နေရာမှာ ငါသာဆို ဘာလုပ်မလဲ"ထိုမေးခွန်းမျိုး ကျွန်တော့်ဖာသာ ကျွန်တော်မကြာမကြာ မေးမိပါသည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် သူ့နေရာမှာကျွန်တော်သာဆိုလျှင် သူ့လို မလုပ်နိုင်တာ သေချာပါသည်။ လုပ်ဖြစ်မှာလည်း မဟုတ်ပါ။

ကျွန်တော့်သူငယ်ချင်း ကိုကျော်ဇောနိုင် (ယခုဥပဒေဌာနကထိက)က "ဗုဒ္ဓသာသနာ သမိုင်းအကျဉ်းချုပ်" စာအုပ်ထုတ်တော့ ကျွန်တော့်ကို စာအုပ်လက်ဆောင်လာပေးသည်။ ထိုစာအုပ်ထဲတွင် ကိုကျော်ခင်မြင့်၏ ကဗျာ တစ်ပုဒ်ကို ဖတ်လိုက်ရသည်။

ကိုယ်တည်းတစ်ယောက်၊ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊
ဗုဒ္ဓမြတ်စွာ၊ သာသနာကို
ကမ္ဘာအနှံ့၊ လွှမ်းခြုံဖြန့်၍
တည်တံ့ရှည်ကြာ၊ ဆုံးကမ္ဘာတိုင်
နိုင်ရာအခန်း၊ တာဝန်ထမ်းမည်
စွဲလမ်းရင်မှာ အမြဲတည်း။

ထိုကဗျာ ဖတ်လိုက်ရမှ ကိုကျော်ခင်မြင့်၏ အဓိဋ္ဌာန်ကို ကျွန်တော်နားလည်သွားသည်။ သူဒါကြောင့် ခုလို သာသနာရေးကိစ္စတွေကို စွမ်းစွမ်းတမံ လုပ်ဆောင်နေတာကိုး၊ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့က ထုတ်ဝေသော ဓမ္မဂီရိ ဓမ္မမဂ္ဂဇင်းတွင် ပါသော ကိုကျော်ခင်မြင့်၏ "နိက္ခမ" ကဗျာကို ဖတ်ပြီးသောအခါ သူ့ကို ပို၍ ကြည်ညိုမိပြန်သည်။

လူပြန်ဖြစ်လည်း
အချစ်ကျေးကျွန်၊ ကာမန္ဒံမှ
အကျွန်စွန့်ခွာ၊ လွတ်မြောက်ပါရ
တကျော့တောအုပ်
ပယ်ရှင်းခုတ်၍ ----

တရားဓမ္မပိုင်းဆိုင်ရာ လေ့လာမှု အားကောင်းရာတွင် လည်းကောင်း၊ လှူဒါန်းမှုအစုစု ပြုခဲ့သော ကောင်းမှု ကုသိုလ်အရာတွင်လည်း ကောင်း၊ ပြည်တွင်းပြည်ပ သာသနာပြု လုပ်ငန်းများစွာ လုပ်ဆောင်ရာတွင်လည်းကောင်း၊ လောဘ ဒေါသ မောဟ မာန ကင်းစင်ရာတွင် လည်းကောင်း၊ အစစအရာရာ ကျွန်တော့်ထက် အဆမတန် သာလွန်ပြင်းပြသော ကျွန်တော်နှင့် သက်တူရွယ်တူ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး- မြောင်းမြ)အား ဤချီးကျူးထောမနာ ဆောင်းပါးဖြင့် အထူး အားကျရိုသေစွာ ကန်တော့ပါသည်။ ဦးကျော်မြင့်ကဲ့သို့ "တစ်ခေတ်တစ်ယောက် ပေါ်ပေါက်ခဲ့သူ" များစွာ မြန်မာနိုင်ငံမှာ ပေါ်ထွန်းပါစေ။

**ဟိန်းလတ်**

# ဝမ်းသာပီတိဖြစ်မိပါသည်

## သုတေသီမြင့်ထွန်း

လွန်ခဲ့သော ၁၀–နှစ်ခန့်က ဖြစ်ပါသည်။ တစ်နေ့သ၌ အကျွန်ုပ်သည် စာရေးဆရာ ဒဿနိကပညာရှင် ဦးဆန်းလွင် (ယခု ဓမ္မရပ်စုံ အယ်ဒီတာချုပ်)နှင့် အတူ လိုက်ပါပြီးသွားခဲ့ရာ ရန်ကုန်မြို့ ရွှေဘုံသာလမ်း၊ အမှတ် ၁၃၄၊ မြေညီထပ်၌ ဦးကျော်ခင်မြင့်နှင့် အကျွန်ုပ်တို့ စတင်၍သိကျွမ်းခဲ့ရသည်။

စတင်ပြီး သိကျွမ်းခင်မင်စက အကျွန်ုပ်သည် ဦးကျော်ခင်မြင့်အား ရတနာကုန်သည် အလုပ်ကို လုပ်ကိုင်နေသော သာမန်ကဗျာဆရာ (မောင်ရင့်ကျူး–မြောင်းမြ)အနေဖြင့်သာသိကျွမ်းခဲ့ပါသည်။

ထိုနောက်ပိုင်းတွင်မှ ဦးကျော်ခင်မြင့်သည် ဗောဓိစာစောင် ထုတ်ဝေသူနှင့် ဟာဝန်ခံ အယ်ဒီတာ လုပ်ဆောင်နေစဉ် အကျွန်ုပ်ထံမှ စာမူများ တောင်းခံခဲ့သည်။ အကျွန်ုပ်ကလည်း စာစောင်နှင့်လိုက်ဘက်ညီမည့် စာမူများကို ရေးသားပေးခဲ့သည်။ ဤတွင် အယ်ဒီတာနှင့် စာရေးဆရာတို့ စာပေရောင်းရင်းဘဝဖြင့် တစ်ဦးနှင့်တစ်ဦး ပို၍ပို၍ ခင်မင်ရင်းနှီးသွားကြပါတော့သည်။

ထိုစဉ်သမယကစ၍ အကျွန်ုပ်သည် ဦးကျော်ခင်မြင့်ကို သတိထားပြီး လေ့လာကြည့်မိသည်။သူ့ဘဝတစ်လျှောက်လုံးတွင် သာသနာ နုဂ္ဂဟကိစ္စများဖြင့် အမျိုးဘာသာ၊ သာသနာတော်အတွက် တက်တက်ကြွကြွ ဆောင်ရွက်နေသော "သာသနာပြု ခရီးသည်" တစ်ယောက်ဖြစ်ကြောင်းကို ရိပ်စားမိခဲ့ပါသည်။

ယင်းကဲ့သို့သော ဦးကျော်ခင်မြင့်သည် အမျိုးဘာသာ၊သာသနာ့အကျိုးတို့ကို ဉာဏ်တွင်းရှိသမျှ ကိုယ်တွင်းရှိသမျှ သည်ပိုးဆောင်ရွက်မှုကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က သာသနာပြုဘွဲ့တံဆိပ်တော် "သဒ္ဓမ္မဇောတိကဓဇ" ကို ၁၉၉၂–ခုနှစ် လွတ်လပ်ရေးနေ့တွင် လည်းကောင်း၊ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်"သီဟသုဓမ္မဏီဇောတဓရ" ကို ၁၉၉၅ ခုနှစ် လွတ်လပ်ရေးနေ့တွင် လည်းကောင်း ချီးမြှင့်ခြင်းခံခဲ့ရပါသည်။

* * *

လူ့ဘဝတွင် လူ့အသွင်ဖြင့် တခဏလေးရောက်ရှိလာခိုက်တဒင်္ဂတွင် သာသနာပြုရေးကိစ္စများစွာတို့ကို ဘက်စုံဘာသာရေး အနှစ်သာရရှိရှိဖြင့် တက်တက်ကြွကြွ စွမ်းစွမ်းတမံ ဆောင်ရွက်နေသော ဦးကျော်ခင်မြင့်၏–

(က) လူ့ဘဝ ခံယူချက်

(ခ) သဒ္ဒါစိတ်ဓာတ် ခံယူချက်

(ဂ) သာသနာပြုရေး ခံယူချက်

တည်းဟူသော ယုံကြည်ချက်ခံယူချက်တို့ကို အကျွန်ုပ်သည် သိရှိလိုသည်။ လေ့လာလိုသည်။ မှတ်သားလိုပါသည်။

၁၉၉၅-ခုနှစ်၊ ဖေဖော်ဝါရီလ ၉-ရက်နေ့က ဦးကျော်ခင်မြင့်သည် သူ၏ အသောကစာပေတိုက်ထုတ်၊ ဦးလေးကြီး ဦးတင်မောင်ပြုစုသော "လွတ်လွတ်စွန့်လှူရဲသော စိတ်ဓာတ် ဘယ်ကလာသနည်း" စာအုပ်ကို မှတ်မှတ်ရရ လက်မှတ်ရေးထိုးပြီး အကျွန်ုပ်အား ဓမ္မဒါနပြုလိုက်ပါသည်။

အိမ်သို့ရောက်ရှိ၍ အေးအေးဆေးဆေး ဖတ်ရှုကြည့်သောအခါ အကျွန်ုပ်သိလိုသော ဦးကျော်ခင်မြင့်၏ လူ့ဘဝအသွင်နှင့် သူ့အမြင်၊ အတွေးအမြင်ဒဿနအချို့ကို ဤစာအုပ်ထဲတွင် တစ်စွန်းတစ်စ သိရှိခွင့်ရရှိခဲ့ပါသည်။

## လူ့ဘဝ ခံယူချက်

ကျွန်တော်ဟာ ဓမ္မမိတ်ဆွေတချို့နဲ့ တွေ့တိုင်း ပြောလေ့ပြောထရှိတဲ့စကား တစ်ခွန်းရှိပါတယ်။ ဒီစကားကတော့ ကျွန်တော် လူ့ဘဝရလာတာဟာ လူ့ဘဝမှာ အဆင့်အတန်းမြင့်မြင့်နေပြီး ကာမဂုဏ်စည်းစိမ်တွေခံစားဖို့သက်သက် ရောက်လာတာမဟုတ်ပါဘူးလို့ အမြဲပြောလေ့ရှိပါတယ်။ လောကရဲ့အမှန် တရား သစ္စာတရားကို ရှာဖွေတွေ့ရှိမှသာ လူဖြစ်ကျိုးနပ်တယ်ဆိုတဲ့ စကားကို မကြာခဏ ပြောလေ့ရှိပါတယ်။ ဒါဟာ ကျွန်တော့်ဘဝရဲ့ ခံယူချက်ပါပဲ။ များစွာသော လူတွေဟာ တမ်ဘဝတည်း ကောင်းစားဖို့ကိုသာ ကြည့်တတ် ကြပြီး သံသရာခရီးရှည်ကို မျှော်ကြည့်လေ့မရှိကြ ပါဘူး-

## သဒ္ဓါစိတ်ဓာတ်ခံယူချက်

လူတွေဟာ မိမိပိုင်တဲ့ ပစ္စည်းဥစ္စာဓနတွေကို ပေးကမ်းစွန့်ကြဖို့ နောက်တွန့်နေတတ်ကြပါတယ်။ မိမိရှာဖွေထားတဲ့ ဥစ္စာစည်းစိမ်ကို မိမိနဲ့တပါတည်း မယူတတ်ကြဘူး။ နမြောတွန့်တိုနေတတ်ကြတယ်။ ရှတ်တရက်ဆုံးပါးသွားတဲ့အခါ သားစွဲ၊ မယားစွဲ၊ ပစ္စည်းဥစ္စာကို စွဲလမ်းပြီး မကျွတ်မလွတ်ကြတော့ဘူး-။သဒ္ဓါတရားရှိလာအောင် နည်းနည်းကစပြီး စွန့်လွှတ်ရင်း၊ အလေ့အကျင့် လုပ်ပေးရပါတယ်၊ ဒါနရဲ့ အကျိုးကြီးပုံတွေကို နှလုံးသွင်း၍ စွန့်လွှတ်လှူဒါန်းတဲ့ အလေ့အကျင့်ရလာတဲ့ လူ တစ်ယောက်ဟာ ရာ၊ ထောင်၊ သောင်း၊ သိန်းဂဏာန်းအထိစွန့်လွှတ်လာနိုင်ပါတယ်။ ဘုရားအလောင်း သုမေဓာရသေ့ဘဝနဲ့ တရားကျင့်ခဲ့တယ်။ သုမေဓာရသေ့ဘဝနဲ့ တရားကျင့်ခဲ့တယ်။ သုမေဓာရသေ့ကစပြီး ဝေဿန္တရာမင်းကြီးဘဝတိုင်အောင် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဒါနပါရမီ အပါအဝင် ပါရမီတွေကို ဖြည့်ကျင့်ခဲ့တယ်။ ဘုရားအလောင်း သူတော်ကောင်းရဲ့ ပါရမီဖြည့်ကျင့်ပုံ။ သဒ္ဓါတရားအားကောင်းပုံတွေကို နည်းယူပြီး ဒါနမျိုးစေ့တွေ ကြဲချရပါတယ်။ ဒါနရဲ့အကျိုးကြီးမားပုံတွေကို လူတွေသိကြရင် မိမိရဲ့ဥစ္စာပစ္စည်းဓနတွေကို လွတ်လွတ်စွန့်ရဲကြမှာပါ။

## သာသနာပြုရေး ခံယူချက်

- ပရဟိတလုပ်ငန်းတွေပဲလုပ်လုပ်၊ သာသနာပြုလုပ်ငန်းတွေပဲလုပ်လုပ် လုပ်ကိုင်တဲ့နေရာမှာ အခက်အခဲတို့၊ အဖျက်အဆီးတို့၊ အနှောင့်အယှက်တို့ဆိုကာမျိုးဟာ တွေ့ရတတ်ပါတယ်။ အနှောင့်အယှက် အခက်အခဲကို ဇွဲရှိရှိနဲ့ ကျော်လွှားနိုင်ဖို့လိုပါတယ်။ သာသနာ့အကျိုး အများအကျိုး လုပ်ရာမှာ

အောင်မြင်မှုရရှိလာရင် မလိုတမာပြောဆိုမှု၊ ထေ့မှု၊ ငေါ်မှုတွေကို ခံနိုင်ရည်ရှိဖို့လည်း လိုပါတယ်။ စေတနာကောင်းနဲ့လုပ်လို့ အမှားတစ်ခုခုကြုံတွေ့ရရင်သာ ဝိုင်းပြီး အပြစ်တင် ကဲ့ရဲ့တတ်ကြပါတယ်။ ဒါဟာ လူ့သဘာဝပါပဲ။ ဒါပေမယ့် သူယုတ်မာ တစ်သောင်းကဲ့ရဲ့မှုကို ကျွန်တော် မတုန်လှုပ်ပါဘူး။ သူတော်ကောင်းတစ်ယောက် ပြစ်တင်ကဲ့ရဲ့မှုကိုတော့ အကြောက်ဆုံးပါပဲ-။

"အများအကျိုး၊ ရွက်သည်ပိုးက
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း
မဖဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ်၊ ရှေ့ရှုနှင်လော့"

ဆိုတဲ့ သက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု၊ စစ်ကိုင်းရွှေဟင်္သာဆရာတော် ဘုရားကြီးရဲ့ ဩဝါဒဟာ ကျွန်တော့်အဖို့ အားတက်စရာတွေပါပဲ။ နောက်ပြီး သာသနာပြုတဲ့နေရာမှာ "စိတ်ရှည် ဖွဲ့သန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ"ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး သာသနာပြုရပါတယ်-။

ဤသည်တို့ကား ဦးကျော်ခင်မြင့်၏ လူ့ဘဝခံယူချက်နှင့် သာသနာပြုလုပ်ငန်းစဉ်များအပေါ် အတွေးအမြင် အလုပ်တို့ဖြစ်ကြပါသည်။

* * *

ဤတွင် အကျွန်ုပ်သည် တွေးခေါ်စဉ်းစားကြည့်မိပါသည်။

"-ငါသည် ဦးကျော်ခင်မြင့်ကဲ့သို့ (က) လူ့ဘဝခံယူချက် (ခ) သဒ္ဓါစိတ်ဓာတ် ခံယူချက် (ဂ) သာသနာပြုရေး ခံယူချက် မျိုးရှိပြီး သာသနာပြုရေးကိစ္စအဝဝတို့ကို ပြုလုပ်နိုင်သလား"

ဟူ၍ မိမိစိတ်ကို မိမိ ပြန်လည်၍ မေးမြန်းဆန်းစစ်ကြည့်မိသည်။ မလိမ်မညာ အမှန်သစ္စာစကားကို ဆိုရလေသော် အကျွန်ုပ်သည် ဦးကျော်ခင်မြင့်ကဲ့သို့သော လူ့ဘဝခံယူချက် အတွေးအခေါ်ဒဿနရှိရုံမှအပ ကျန် (ခ) သဒ္ဓါစိတ်ဓာတ်ခံယူချက် (ဂ) သာသနာပြုရေး ခံယူချက်မျိုးနှင့် သာသနာပြုရေးကိစ္စအဝဝတို့ကို ပြုလုပ်လိုပါလျက် မပြုလုပ်နိုင်သေးကြောင်းကို ဝန်ခံအပ်ပါသည်။

လောကတွင် မိမိ ပြုလုပ်လိုသော ကောင်းမှုကုသိုလ်အလုပ်မျိုးကို မလုပ်နိုင်သေး၍ ပြုလုပ်နေကြသော သူများကို မြင်တွေ့ရလေတိုင်း အကျွန်ုပ်သည် သာစုသုံးကြိမ် ခေါ်ဆိုကာ ဝမ်းသာပီတိဖြစ်မိနေပါတော့ သတည်း။

**သုတေသီ မြင့်ထွန်း**

○○○○○

# မနောဖြူဖြူ သူလိုလူ

ဗန္ဓုရဝင်း

လူတို့တွင် အပြုံးနှစ်မျိုးရှိသည်။ ဟန်ဆောင်သောအပြုံးနှင့် ဟန်မဆောင်သောအပြုံး။

လူတို့၏ နှုတ်ခမ်းဖျားမှ အပြုံးများသည် ဟန်ဆောင်သောအပြုံးနှင့် ဟန်မဆောင်သော အပြုံးကို ပြုံးနိုင်စွမ်းရှိသည်။ ထို့ထက်ထူးခြားသည်က မျက်လုံးက ပြုံးသည်ဟူသော အပြုံးမျိုးဖြစ်သည်။ ထိုအပြုံးမျိုးကို တွေ့ဖူးသည်လည်းရှိမည်။ မတွေ့ဖူးသည်လည်းရှိမည်။ ရှိတော့ရှိသည်။ ရှားသည်။

ရီပြုံးသောမျက်လုံးရှိသူသည် တစ်မျိုးတည်းသာ ပြုံး၍ ပြတတ်သည်။ သူ့မှာ ဟန်ဆောင်၍ ပြုံးရသော အပြုံးမျိုး ပြုံးပြရန်ခက်ခဲလှပေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ပင်ကိုယ်မျက်လုံးက ရီပြုံးနေခြင်းကြောင့်ဖြစ်သည်။ ရီပြုံးနေသော မျက်လုံး ပိုင်ရှင်တို့သည် ထာဝရကျက်သရေကို ဆောင်နိုင်စွမ်းရှိသည်။

ဤသို့ဆိုလျှင် ရီပြုံးသောမျက်လုံးပိုင်ရှင်မျိုး၏ အစ္ဈတ္တသန္တာန်ကို ဝေဖန်ဆန်းစစ်ဖို့လိုသည်။ များသောအားဖြင့် ထိုလူမျိုးကို အကဲခတ်လေ့လာကြည့်သောအခါ ဘာသာရေးယဉ်ကျေးမှု အရိပ်အငွေ့ မကင်းသည်ကို တွေ့ရသည်။ အမှန်တကယ်တော့ ထိုသူ၏ နှလုံးသားရေးရာတွင် ကောင်းမှုကံပြုလုပ်ခြင်း ဖြင့် နေရာများများ ယူထားဟန်ရှိသည်။ ထို့ကြောင့် ရင်တွင်းမှ အကြည်ဓာတ်သည် မျက်လုံးတွင် ထင်ဟပ်ပေါ်လွင်လျက် ရှိနေသည်ဟု ယူဆရန်ရှိသည်။

မည်သို့ဖြစ်စေ ကျွန်တော်တွေ့ဖူးသော မိတ်ဆွေတစ်ဦးသည် အမြဲရီပြုံးနေသော မျက်လုံးမျိုးရှိသည်။ သူ၏လုပ်နည်းလုပ်ဟန်နှင့် လုပ်ရပ်တို့ကို ကြည့်သောအခါ ကံ–ဉာဏ်–ဝီရိယ အားကောင်းနေ၍ လုပ်ရည်ကိုင်ရည် အရည်အသွေးကောင်းနေသည်ကိုတွေ့ရသည်။ တစ်နည်းအားဖြင့် ဆိုသော် လွန်စွာ အရည်အသွေး တောက်ပြောင်ဝင်းလက်သော အဖိုးတန်ပတ္တမြားကြီး တစ်လုံးနှင့် တူသည်ဟုတင်စားရပေမည်။

ကျွန်တော်သည် ရီပြုံးသော မျက်လုံးပိုင်ရှင် တစ်ဦးထံ ရောက်သွားသည်။ ထိုသူနှင့် ရှေးက မသိကျွမ်းခဲ့ဖူးပါ။ သူသည် ကျွန်တော့်အား ရီပြုံးသော မျက်လုံးဖြင့် နှုတ်ဆက်လိုက်သည်။ နောက်ပြီးမှ နှုတ်ခမ်းမှ ရီပြုံး၍ မေးမြန်းကြိုဆိုလိုက်ပါသည်။ ကျွန်တော်လည်း ဗောဓိမဂ္ဂဇင်းအတွက် ဘာသာရေးဆောင်းပါးများ လာရောက် ပေးပို့ခြင်းဖြစ်ကြောင်း ပြောပြလိုက်ပါသည်။

ကျွန်တော်က ဆောင်းပါးကိစ္စ အဝဝတို့ကို ပြောပြသည့်အခါ ထိုသူက "ဟုတ်ကဲ့ပါ" "ဟုတ်ကဲ့ပါ" ဟူ၍ လေးစားစွာ လက်ခံနားတောင်ပါသည်။ "ဟုတ်ကဲ့ပါ"တွင် ဟုတ်ကဲ့နောက်က"ပါ" တစ်လုံးထည့်၍ ဖြည့်စွက်ပြောဆိုသည်ကို သတိထားမိပါသည်။ အမှန်မှာ ယဉ်ကျေးမှုနောက်က သိမ်မွေ့မှု စကားတစ်လုံး

ကို ထည့်လိုက်သဖြင့် လေးနက်သည်ဟု ထင်မြင်မိပါသည်။

ထိုသူ၏ ရှိပြုံးသောမျက်လုံးနှင့် နှုတ်ဖျားထွက်လာသော အသံမှာ ပန်တင့်နေသည်ကို ရိပ်စားမိလိုက်သည်။ တကယ်ဆိုတော့ ယဉ်ကျေးမှု လမ်းမမှားအောင် ပန်းစကား အသုံးအနှုန်းကလေးမို့ နှလုံးအေးသည့်ဆေးဟု ဆိုရပါမည်။ ပန်းစကားဆိုသည်မှာ စကားအပြောအဆို လှပသည်ကို ဆိုလိုရင်းအဓိပ္ပာယ်ယူရပါမည်။ အမှန်မှာ သေသေချာချာ လူကိုကြည့်လျှင်မှုကိုသိနိုင်ပါသည်။

"ယဉ်ကျေးမှုအစစ် လူ့အနှစ်" ဟူသောဆောင်ပုဒ်အရ သူ၏ ယဉ်ကျေးမှုသိမ်မွေ့မှုကို ကိုယ်အမူအရာ နှုတ်အမူအရာကို အကဲခတ်ကြည့်ပါက စိတ်အမူအရာကိုပါ သိရှိနားလည်နိုင်ပါလိမ့်မည်။ ထိုသူသည် လေးစားထိုက်သူဖြစ်သည်ဟု ယုံကြည်မိပါသည်။ ကျွန်တော်သည် ထိုသူအား ဗောဓိစာစောင် အယ်ဒီတာချုပ် မြောင်းမြ မောင်ရင့်ကျူးအနေနှင့် သိထားပါသည်။

နောင်အခါတွင်မှ ထိုသူ၏ နာမည်ရင်းမှာ ဦးကျော်ခင်မြင့်ဖြစ်ကြောင်း သိရှိရပါသည်။ မြောင်းမြ မောင်ရင့်ကျူးနှင့် ခင်မင်ရင်းနှီးမိသောအခါ ဗောဓိမဂ္ဂဇင်းထွက်သည်ဖြစ်စေ မထွက်သည်ဖြစ်စေ မကြာခဏ သွားရောက်မိပါသည်။

ကျွန်တော်သည် အညာဒေသသို့ သွားရောက်နေထိုင်ခဲ့သည်မှာ မကြာသေးပါ။ အညာသို့ မသွားမီကပင် အမြဲဝင်ထွက်သွားလာလေ့ ရှိပါသည်။ မြောင်းမြမောင်ရင့်ကျူး ပြုလုပ်သည့် အလှူပွဲများသို့ အရောက်သွားဖြစ်ပါသည်။ ထိုသူကလည်း ကြုံကြိုက်သည့်အခါတိုင်း မလွတ်တမ်း ဖိတ်ကြားတတ်ပါသည်။ ထို့ကြောင့်လည်း အလှူရေစက်လက်နှင့်မကွာ လှူဒါန်းသောဝါသနာဂုဏ်နှင့် သဒ္ဓါအဟုန်ကို ယုံယုံကြည်ကြည် သိထားသူဖြစ်ပါသည်။သိန်း ၄၀ ကျော်ခန့် လှူဒါန်းပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုသူသည် အသက်အရွယ်အားဖြင့် ကြီးရင့်နေသူမဟုတ်သေးပါ။ အရွယ်ကောင်းပင်ဖြစ်သည်။ သို့သော်လည်း ကာမဂုဏ်အာရုံ၌သာ နစ်မွမ်းမေ့မြောနေသူမဟုတ်ပါ။ ဘာသာရေးကိုင်းရှိုင်းမှုဘက်ကို ကိုင်းညွတ်အားသန်နေသူဖြစ်သည်ဟုသိရှိရသည်။ "ဒါနနှင့်အတူပျော်မယ်၊ သူတော်စင်စိတ်ထား" မျိုးဖြင့် သူ့ဘဝကို အလှဆင်ထားသူဖြစ်ပါသည်။

မြောင်းမြမောင်ရင့်ကျူး၏ အိမ်တွင် တစ်လလျှင် တစ်ကြိမ်မက နှစ်ကြိမ်သုံးကြိမ်မက အဆက်မပြတ် အလှူရှိနေပါသည်။ ဆရာတော်ကြီးများဆိုလျှင်လည်း ထိုသူ မလှူဖူးသော ဆရာတော်ဘုန်းတော်ကြီးများ မရှိသလောက်ပင်ဖြစ်ပါသည်။ ဆရာတော်ကြီးများမှာ စာတတ်ပေတတ် ကျမ်းဂန်တတ် ဆရာတော်ကြီးများ၊ ဝိပဿနာ တရားပြဆရာတော်ကြီးများ၊ ဓမ္မကထိကတရားဟောဆရာတော်ကြီးများ၊ သက်တော်ရှည် ဆရာတော်ကြီးများအပြင် နိုင်ငံခြားမှ ကြွလာသော ဆရာတော်များကိုပါ ဆွမ်းကိစ္စအဝဝတို့ကို အမြဲတမ်း လှူဒါန်းပူဇော်လေ့ ရှိပါသည်။

ထို့အပြင် အိမ်တွင် တန်ခိုးကြီးဘုရားများကိုပင့်၍ ပူဇော်သော အလေ့အထလည်း

ရှိပါသည်။ သူ၏ဇိဇပါလာသော ဝါသနာအတိုင်း သာသနာပြုလိုသောစိတ်သည် ဘယ်သောအခါမှ အိပ်ပျော်ငိုက်မြည်း နေသည်ဟူ၍မရှိပါ။ အမြန်းကြားထကြွလှုပ်ရှားလျက်သာရှိသည်။ ဇနီးဖြစ်သူ ဒေါ်ခင်ခင်စိန်ကလည်း ရှေ့သွားနောက်လိုက်ညီညီ စိတ်တူသဘောတူ ပါရမီဖြည့်နိုင်စွမ်းရှိပါသည်။

မောင်ရင့်ကျူးသည် လုံ့လဝီရိယ ဖွဲ့ရှိသူဖြစ်ကြောင်း အကဲခတ်မိပါသည်။ အလုပ်တစ်ခုကို အစအဆုံး လိုက်နာကျင့်သုံးနိုင်၍ ကြိုးစားမှုအင်အားဖြင့် အောင်မြင်မှုကို အရယူနိုင်ခဲ့သည်။ သူသည် ဘွဲ့ရပြီး တက္ကသိုလ်ကျောင်းမှ ထွက်လာသောအခါ အချိန်ကို အလကားကုန်အောင် ဖြုန်းတီးမှု မရှိပေ။ အရွယ်အားဖြင့် အသက် ၃၀ ပတ်ဝန်းကျင်မျှသာရှိသေးသော အချိန်ကပင် ဘာသာရေးသင်တန်းများတွင် တက်ရောက်သင်ကြားခဲ့သည်။ ဆူးလေစေတီတော် ကုန်းပေါ်ရှိ အဘိဓမ္မာသင်တန်း၊ သင်္ဂြိုဟ်သင်တန်း၊ ဝိသုဒ္ဓိမဂ်သင်တန်း အစရှိသည်တို့ကို စာမေးပွဲဖြေဆိုအောင်မြင်သည်အထိ ကြိုးစားခဲ့သည်။ အောင်မြင်မှု ရရှိခဲ့သည်။ လွယ်အိတ်တစ်လုံး ပခုံးချိတ်၍ သင်တန်းတက်ခဲ့သော လူငယ်တစ်ဦးဖြစ်ခဲ့သည်။ ဆူးလေ ဘိုးဘိုးကြီးကတော့ သူ့ကို မှတ်မိနေပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ထိုစဉ်ကာလက အဘိဓမ္မာအစရှိသည့် သင်တန်းများတွင် အသက်အရွယ် ကြီးရင့်သူများသာ တက်ရောက် သင်ကြားနေကြသည်။ လူငယ်ဆို၍ မောင်ရင့်ကျူး တစ်ယောက်သာ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား သင်ကြားနေသောကြောင့် ဖြစ်ပါသည်။

၁၉၈၃–ခုနှစ်တွင် မင်္ဂလာဗျူဟာ အသင်းချုပ်၏ ဗုဒ္ဓဘာသာအခြေခံဆရာဖြစ်သင်တန်းကို တက်ရောက်ခဲ့သည်။ ၁၉၈၄–ခုနှစ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဝိသုဒ္ဓိမဂ်အဘိဓမ္မာ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းပြဆရာအဖြစ် တစ်လ မွမ်းမံသင်တန်းကို တက်ရောက်ခဲ့သည်။ ဤကဲ့သို့ ဘက်စုံထူးချွန်အောင် ဘာသာရေးကို အထူးလေးစား သင်ကြားခဲ့သည်ဟု သိရှိရပါသည်။ သူ့မှာ ဘာသာရေးအသိစိတ်ဓာတ် ရင့်ကျက်ခိုင်မာနေသူဖြစ်ကြောင်း ယုံကြည်မိပါသည်။

ဤမျှတွင်မက သူသင်ကြားခဲ့သော ဘာသာရေးယဉ်ကျေးမှုများကို ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးကျောင်းတိုက် ဓမ္မာရုံတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းပြဆရာအဖြစ် သင်ကြားပြသခဲ့သည် မှာ ၁၉၈၄–ခုနှစ်မှစ၍ ယနေ့တိုင်ပင်ဖြစ်သည်။ နှစ်စဉ်ဘာသာရေး သင်တန်းသား ကလေးသူငယ်ပေါင်း ၁၀၀–ခန့်ကို သင်ကြားပေးခဲ့သည်။ အမှန်မှာ ဘာသာရေး ယဉ်ကျေးမှုအဝဝကို သင်ကြားပေးခြင်းဖြင့် ယနေ့လူငယ်တို့၏ ရင်တွင်းဝယ် စေတီတည်ပေးခြင်းပင် ဖြစ်သည်။ မှန်ပါသည်။ သင်တန်းတက်ဖူးသော လူငယ်ကလေး၏ ပြောရေးဆိုဟန်မှာ ဆည်းလည်းသံ ပါနေသည်။ အဘယ်ကြောင့်ဆိုသော် ထိုလူငယ်၏ ရင်ထဲမှာ စေတီတည်ထားသောကြောင့်ဖြစ်သည်။

ကလေးလူငယ်များကိုသာ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ပြရုံတွင်မကသေးဘဲ နှံ့နှံ့စပ်စပ် ဘက်စုံဘာသာရေး ကျမ်းစာများကို အများသူငါ တတ်သိလိုသော စိတ်စေတနာဖြင့်

ကျမ်းစာအုပ် ၁၃–အုပ်ကို ဓမ္မဒါန ထုတ်ဝေဖြန့်ချိလှူဒါန်းခဲ့ပါသည်။

ဤသို့လျှင် မေတ္တာစေတနာ အပြည့်အဝဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သော အကျိုးတရားသည် ထိုက်ထိုက်တန်တန် ဂုဏ်ထူးဝိသေသတို့ကို ရရှိနိုင်ခဲ့ပေသည်။ နိုင်ငံတော်အစိုးရက ၁၉၉၂–ခုနှစ် လွတ်လပ်ရေးနေ့တွင် "သဒ္ဓမ္မဇောတိကဓဇ" ဘွဲ့ကို ပေးအပ်ချီးမြှင့်ခဲ့ပေသည်။

ထို့ပြင် ထူးခြားသည်မှာ မြောင်းမြမြို့ ပဋ္ဌာနတာရုံ ကျောင်းတိုက်ဟောင်း နှစ် ၅၀–ပြည့် ရွှေရတု ကထိန်အခမ်းအနားတွင် ရန်ကုန်အဖွဲ့ခွဲအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ထိုအခမ်းအနားမတိုင်မီ အမေရိကန်လူမျိုး မိချီဂန်တက္ကသိုလ်မှ ဗုဒ္ဓဘာသာ ကျမ်းပြုကထိက ပက်ထရစ်ပရန်ကီအား ပစ္စည်းလေးပါးထောက်ပံ့၍ သာသနာ့ဘောင်သို့ ချီးမြှင့်ခဲ့သည်။

အိမ်မဲမြို့ အောင်သိပ္ပံစာသင်တိုက်၏ ထာဝရပစ္စည်းလေးပါး ဒါယကာအဖြစ်ခံယူခဲ့သည်။ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဝိနယမဟာဌာနပါမောက္ခ ဘဒ္ဒန္တ အဘယာလင်္ကာရ (ပါဠိပါရဂူ)နှင့်

အိမ်မဲ အောင်သိပ္ပံစာသင်တိုက်မှ အရှင်နန္ဒာဘာသ။ ရန်ကုန်၊ ပါရမီ၊ ဝိဋ္ဌာတာရုံစာသင်တိုက်မှ အရှင် သီလက္ခန္ဓတို့၏ ထာဝရပစ္စည်းလေးပါး ရဟန်းဒါယကာ ဖြစ်သည်။

မြန်မာပြည်အနှံ့အပြား မြို့နယ်များတွင် လိုက်လံပြသနေသော ဗုဒ္ဓဝင်ပြပွဲကော်မတီ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ကိုယ်တိုင် တက်တက်ကြွကြွ လုပ်ကိုင် ဆောင်ရွက်ခဲ့သည်။

မောင်ရင့်ကျူးသည် အလှူရေစက်လက်နှင့် မကွာ လှူဒါန်းနေခြင်းသည် ပုညာဘိသင်္ခါရဟူသော ကုသိုလ်ပင်ဖြစ်ပါသည်။ သို့သော် သူ၏ဆုတောင်းကား အဘယ်ကိုမျှော်၍ ပြုလုပ်နေသည်ကိုကား သိလိုကြပေလိမ့်မည်။ သူ၏ လုပ်ရည်ကိုင်ရည်ကို အကဲခတ်ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါလိမ့်မည်။

ယခု နောက်ဆုံးဆောင်ရွက်သော လုပ်ငန်းမှာ ငါးထပ်ကြီးဘုရားလမ်း ဝင်္ကပါရေလယ်ကျောင်းတွင် ဆရာကြီး ဦးဂိုအင်ကာ၏ ဆန္ဒအတိုင်း ဓမ္မဇောတိဝိပဿနာရိပ်သာကို ထူထောင် ဖွဲ့စည်းသည့် အဖွဲ့တွင် အတွင်းရေးမှူးတစ်ယောက်အဖြစ် ဆောင်ရွက်နေပေသည်။ ဤသို့ ဆောင်ရွက်နေခြင်းသည် ဘယ်ဆုကို ရည်ရွယ်ချက်ထားသည်ကို ရိပ်စားမိနိုင်ပါသည်။ သူကိုယ်တိုင်လည်း ဒုလ္လဘရဟန်းအဖြစ် ငါးကြိမ်တိုင်တိုင် ဝတ်ခဲ့ပြီးဖြစ်သည်။ ဘယ်ဆုကိုရည်ရွယ်ချက်ထားလျှင် အမြတ်ဆုံးနည်းဟူသည်ကိုမူ အသိဆုံးဖြစ်ပါလိမ့်မည်။

သူ၏ သာသနာပြုလုပ်ငန်းဆောင်ရွက်ချက်တို့မှာ အားရကျေနပ်စရာဖြစ်ပါသည်။ ထို့ကြောင့်လည်း ၁၉၉၅–ခုနှစ်တွင် သာသနာ့ဂုဏ်ထူးဘွဲ့တံဆိပ်တော်ကို ရရှိခဲ့လေသည်။ ဘွဲ့တံဆိပ်တော်ကား "သီဟသုဓမ္မဇောတဓရ"ဘွဲ့ ဖြစ်ပါသည်။ မေတ္တာချောချော မနောဖြူဖြူ သူလိုလူမျိုးတွေ များများ ပေါ်ထွန်းနိုင်ပါစေသတည်း။

**ဗန္ဓုရဝင်း**

# ပညာရေးအလျဉ်မှ စာပေပန်းများ

## ပျဉ်းမနားမောင်နီသင်း

( ၁ )

တက္ကသိုလ်၏ ပညာရေးအလျဉ်သည် တသွင်သွင် အစဉ်စီးဆင်းလျက်ရှိပေသည်။ ဤပညာရေးအလျဉ်၌ အတတ်ပညာနှင့် ဘာသာရပ်ကို အခြေခံသည့် ပန်းပွင့်များစွာ စီးဆင်းနေပေသည်။ ဤအတတ်ပညာနှင့် ဘာသာရပ် ပန်းပွင့်များအပြင် မြတ်နိုးဖွယ်ရာ ပန်းတစ်ပွင့်လည်း ရှိပါသေးသည်။ ဤပန်းပွင့်ကား အတတ် ပညာ၊ ဘာသာရပ်၊ ဂုဏ်ထူးနှင့် ဘွဲ့တို့ကို အခြေခံသည့် ပန်းမဟုတ်ချေ။ ဘဝကို မြတ်နိုးခြင်း၊ အမှန်ကို မြတ်နိုးခြင်း၊ ငြိမ်းချမ်းမှုကို မြတ်နိုးခြင်းတို့ကို အခြေခံသည့် စာပေပန်းများ ဖြစ်ပေသည်။ တက္ကသိုလ်ပညာ ရေးအလျဉ်၌ ဤစာပေပန်းများ ဖူးပွင့်စီးဆင်းခဲ့သည်ကို ကျွန်တော် အောက်မေ့မိပါ၏။

၁၉၆၅–ခုနှစ်မှ ၁၉၇၁–ခုနှစ်အထိ ပညာရေးတက္ကသိုလ်၌ ကျွန်တော် ပညာသင်ယူခဲ့သည်။ဤကာလအတွင်း ကျောင်းသားများသည် တက္ကသိုလ်အလိုက်၊ ဘာသာရပ်အလိုက် ပညာသင်ယူကြသည်။ ဤသို့ ပညာသင်ယူရာ၊ လက်တွေ့ဆောင်ရွက်ရာ၌ အချိန်များစွာ ပေးရပေသည်။ ဤပညာရေးအလျဉ် ကြား၌ ကျွန်တော်တို့ စာပေဖြင့်တွေ့ဆုံခဲ့ရ၊ ရင်းနှီးခဲ့ရသည်မှာ ယခု ပြန်အောက်မေ့လျှင် ကြည်နူးစရာ လွမ်းမောစရာပင် ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာအဓိကမှ ငြိမ်းကျော်၊ (ကို)အညာတမာ၊ (ကို)အောင်စိုးဦး၊ (မ)စောမဥ္ဇူ၊ (မ)ညိုညိုယဉ်(ဒိုက်ဦး)၊ (မ)စန်းစန်း(မိုးမိုး–အင်းလျား)၊ (ကို)မြင့်စိုးလှိုင်၊ (မ)မြင့်သီဂီမော်၊ (ကို)နံ့သာတို့ ရှိကြသည်။ ဥပဒေအဓိက၌ ဟန်ညွန့်(ရဲဘော်–ဟန်ညွန့်၊ ဥပဒေ)၊ကိုချစ်မြတ်(ပွင့်ဖြူ)၊ (မြောင်းမြ) ဝင်းတင့်ဦး၊ကိုကျော်ဇောနိုင် တို့ရှိကြသည်။ စီးပွားရေးတက္ကသိုလ်၌ မောင်နိုင်မိုး(မြင်းမူ)၊ (ကို)လှူနိုင်စိုး(ဘောဂ)၊(ကို)ယဉ်အောင်တို့ ရှိကြသည်။စက်မှုတက္ကသိုလ်၌မစန္ဒာ၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ (ကို)မောရှုးဆိုးတို့ ရှိကြသည်။ ပညာရေးတက္ကသိုလ်၌ (မ)ပြုံးလဲ့မော် (ရွှေမြိုင်)၊ (ကို)အေးငွေ (ရွှေလုံမြေ)၊ (မ)ချောသန့်စင် (ကြို့ပင်ကောက်)၊ (မ)ခင်သန့် စင် (ပျဉ်းမနား)၊ ကိုတင်မြိုင် (အင်းလေး)နှင့် ကျွန်တော်တို့ ရှိကြသည်။ ဆေးတက္ကသိုလ်၌ ဖေမြင့်နှင့် ကိုငွေစိုးတို့ရှိကြသည်။ရန်ကုန် တက္ကသိုလ် ဓာတုဗေဒအဓိကမှ မောင်ရင့်ကျူး (မြောင်းမြ) မနှင်းနန်းစည် (ရန်ကုန်တက္ကသိုလ်) နှင့် ပန်းချီဆရာအောင်ကျော်မိုးတို့ ရှိကြပေသည်။

ဤလောက၌ ကျွန်တော်တို့ တွေ့ဆုံကြသည်။ ရင်းနှီးစွာဖြင့် ပြောဆိုကြသည်။ ဉာဏ်မီသမျှ၊ စိတ်ကူးရှိသမျှ ဆွေးနွေးကြသည်။ စာရေးဆရာဖြစ်ဖို့၊ ကဗျာဆရာဖြစ်ဖို့ အလွန်အားတက်ကြသည်။ ဤကာလ၌ ကျွန်တော်တို့ ပင်ပန်းခဲ့ကြသည်မှာလည်း အတူတူ၊ ဆင်းရဲခဲ့သည်မှာလည်း အတူတူပင်၊ မောခဲ့ကြရသည်

မှာ လည်း အတူတူပင်။ ထိုကာလ ပင်ပန်းခဲ့ရ၊ မောခဲ့ရသည်ကို ယခုလှမ်းကြည့်သော် လွမ်းစရာ ကြည်နူးစရာပါ။

ယခု ၁၉၉၅–ခုနှစ်မှ လှမ်း၍ကြည့်သော် နှစ်ပေါင်းသုံးဆယ်လောက်က အိပ်မက်ကို မြင်ရသလိုပါပဲ။

( ၂ )

ထိုကာလ၌ မောင်ရင့်ကျူးသည် သထုံ ဆောင်၌နေသည်။ကိုဟန်ညွန့်က အင်းဝ ဆောင်၌ နေသည်။ ဆရာကိုပန်းမွေးက ဤ အဆောင်နည်းပြ ဖြစ်သည်။ကိုချစ်မြတ် (ပွင့်ဖြူ) လည်းရှိသည်။ ကျွန်တော်တို့သည် မကြာခဏ ဆုံတွေ့ကြသည်။ ဆရာကိုပန်းမွေးသည် ကဗျာရွတ်ဆိုရာ၌ အလွန်ကောင်းသည်။ "နေလို လလို" ကဗျာအား သူရွတ်ပြသည်ကို ကျွန်တော်တို့ နှစ်ခြိုက်ကြလေသည်။

ကျွန်တော်တို့ နောက်ဆုံးနှစ်က အင်းလျားကန်ဘေး၌ ကျွန်တော်တို့ နှုတ်ဆက် ခဲ့ကြပုံကို သတိရမိပါသည်။ အညာတမာ၊ ကိုဟန်ညွန့်၊ ကိုရင့်ကျူး၊ ကိုချစ်မြတ်တို့ပါသည်။ အချို့လည်းပါသေးသည်။ **တက္ကသိုလ်မှာ ဝေတဲ့နှင်း** သီချင်းကို သီဆိုသည်။ စကားများ ဝအောင်ပြောကြသည်။ ကဲ့ကော်ပန်းများ ခူးပြီးလျှင် မည်သူ့ကို ပေးရမှန်းမသိ။ အချိန်ကလည်း မိုးချုပ်ပြီ။ အဆောင်များရှေ့ရှိ လမ်းပေါ်၌ ကဲ့ကော်ပန်းများကို ကော်ဇောကဲ့သို့ ခင်း၍ထားခဲ့ကြသည်။ မိုးကြီးချုပ်ခဲ့၍ ကျွန်တော်တို့ ခွဲခဲ့ကြရသည်။ သို့သော် အိမ်သို့ မပြန်နိုင်သေး။ ဘဝအတွက် တည်ဆောက်ရန် များစွာရှိပါသေး၏။

( ၃ )

သူငယ်ချင်း ကိုရင့်ကျူး၏ ၄၇– နှစ်မြောက် မွေးနေ့ကုသိုလ်တော်မင်္ဂလာသို့ ကျွန်တော် တက်ရောက်ခဲ့ သည်။ ဤမွေးနေ့၌ ကျွန်တော်တို့ပြန်လည်တွေ့ဆုံရာတွင် ကျွန်တော် တို့ သူငယ်ချင်းနှစ်ဦး၏ စိတ်နှလုံးသို့ တက္ကသိုလ်ပညာ ရေအလျဉ်၏ တသွင်သွင် စီးဆင်းသံကို ထင်ဟပ်ခဲ့ပါ၏။ ကိုရင့်ကျူး၏ ဤမွေးနေ့၌ ဤဆုနှစ်ခုကိုတောင်းပါ၏။

**တစ်**– ကိုရင့်ကျူးသည် မိမိရတနာ လုပ်ငန်းကို ပို၍ပို၍ အောင်မြင်စွာ ဆက်လက် ဆောင်ရွက်နိုင်ပါစေ။

**နှစ်**– ဗုဒ္ဓဘာသာသာ သနာတော် အတွက် ပို၍ပို၍အောင်မြင်စွာ ဆက်လက် ဆောင်ရွက်နိုင်ပါစေ။ ဤဆုတောင်းနှစ်ခုကို အကြောင်းပြု၍ ကမ္ဘာတစ်ခုလုံး၌ ပြည့်စုံခြင်းနှင့် ငြိမ်းချမ်းခြင်းတို့သည် ရရှိနိုင် ပါစေသတည်း။

**ပျဉ်းမနားမောင်နီသင်း**

## သူတော်ကောင်းဟူသည်

မိမိကိုယ်၌ သူတပါးတို့ပြုဘူးသော ကျေးဇူးဂုဏ်ကို မမေ့မပျောက် တတ်စွမ်းသလောက် ထင်ရှားအောင်ပြုနိုင်ခြင်း ဂုဏ်ရှိသောသူတို့၏ ဂုဏ်ကို ကြည်ညိုချီးပင့်နိုင်ခြင်းသည် သပ္ပုရိသဟု ဆိုအပ်သော **သူတော်ကောင်း၏ ပဓာနအင်္ဂါတည်း။** ဤပဓာနအင်္ဂါနှင့်တကွ နူးညံ့ပျော့ပျောင်း စိတ်နှလုံးကောင်းသည်ကို **သူတော်ကောင်း** ဆိုသည်။

**(လယ်တီဆရာတော်ကြီး၏ ဂေါဏသုရာဒီပနီမှ)**

# စွယ်စုံမှုံသောက် သာသနာပြု အာစရိနည်းဂုဏ်ပြောက်သူ

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)

တိုက်ဆိုင်လွန်းသည်ဟု ဆိုရပါမည်။ နိုင်ငံတော်က ချီးမြှင့်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် များအကြောင်းနှင့် ပတ်သက်၍ သိလိုသော ဓမ္မမိတ်ဆွေတစ်ဦးအား ရှင်းလင်းပြောပြနေစဉ်မှာပင် ယခုနှစ် မြန်မာ့လွတ်လပ်ရေးနေ့၌ (၁၉၉၅-ခုနှစ်၊ ဇန်နဝါရီလ-၄-ရက်) "သီဟသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခြင်းခံရလေသူ မောင်ရင့်ကျူး(မြောင်းမြ) ကလောင်အမည်ခံ၊ စာရေးဆရာဦးကျော်ခင်မြင့် ထံမှ ပေးစာတစ်စောင် စာတိုက်မှရောက်ရှိလာပါသည်။ ဖောက်ဖတ်လိုက်သောအခါ ၁၉၇၇-ခုနှစ်မှစတင်ခဲ့သော ဆရာဦးကျော်ခင်မြင့်၏ သာသနာပြုခရီးအတွက် စာပေမှတ်တိုင် ကျန်ရစ်ရန် ရည်ရွယ်ကာ ဂုဏ်ပြုမဂ္ဂဇင်း တစ်အုပ်ကို ဓမ္မဒါန ထုတ်ဝေ ဖြန့်ချိနိုင်ရေး အလို့ငှာ ဂုဏ်ပြုဆောင်းပါးတစ်ပုဒ် ရေးသား ပေးပါရန် ပန်ကြားစာဖြစ်နေပါသည်။

ယခုနှစ်အတွက် "သီဟသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ဆရာဦးကျော်ခင်မြင့်အား ဝမ်းမြောက်ဂုဏ်ယူပါကြောင်းအမှတ်တရ နှစ်သစ်ကူတ်ခွန်းဆက်စာကို ကျွန်တော် ရေးပို့လိုက်သေးသည်ဖြစ်ရာ ပန်ကြားစာ၏အောက်ခြေတွင် ကျေးဇူးတင်ရှိပါကြောင်း စာတိုကလေး ဖြည့်စွက်လျက် လက်မှတ်ရေးထိုးထားပါသည်။ ယခင်ယခင်များက ပေးသောစာများတွင် "ကျော်ခင်မြင့်" လက်မှတ်ကို ထိုးမြဲဖြစ်ပါလျက်၊ ယခုတစ်ကြိမ်၌မူဆရာ၏ကလောင်အမည် "မောင်ရင့်ကျူး" ဖြင့် ထိုးလိုက်ပါ၏။ အဓိပ္ပာယ်မှာ စာပေအတွက် အလေးအနက် ထားသည့်သဘော၊ စာပေသမားအချင်းချင်း ပိုမိုရင်းနှီးသည့်ဟန် ပေါက်ကြောင်း ကောင်းကောင်းကြီး ရိပ်စားမိရာ ကျွန်တော့်အနေနှင့် စာတစ်ပုဒ်တော့ဖြင့် ရေးသားဂုဏ်ပြုရန် တာဝန်ကျရောက်လာပြီဟု ခံယူမိပါသည်။

စာမူကိုလေးလေးစားစား တောင်းခံသူက တောင်းခံလာပါပြီ။ ကျွန်တော့်အနေနှင့် ဘာအကြောင်းအရာကို ရေးသားပေးရပါမည်နည်းဟု စဉ်းစားလိုက်သောအခါ အတော်လေးဦးနှောက်ခြောက်ရပါတော့၏။ မရေးသားပေးချင်၍မဟုတ်။ စာရေးချင်လွန်း၍ ကလောင်တစ်ချောင်းကို ပိုးမွေးသလို မွေးမြူနေရသော ကျွန်တော့်လို စာရူး တစ်ယောက်အဖို့ စာမူတောင်းခံရခြင်းသည် မဟာ့မဟာ မင်္ဂလာတစ်ပါး ဖြစ်နေကြောင်း ရှေ့ဦးစွာ စကားပလ္လင်ခံထားပါရစေ။ အခက်အခဲတွေ့နေရခြင်းမှာ ဆရာ ဦးကျော်ခင်မြင့်၏ ဂုဏ်ဒြပ်တို့မှာ ကြီးကျယ်မြင့်မားလွန်းလှပြီး ရေးသားမည့် ကျွန်တော့်ကလောင်က သေးငယ်ကြုံလှီလှပေသောကြောင့် လိုက်၍မမီနိုင်။ စာပန်းချီခြယ်မှုန်း၍ မလှမပနိုင်ဖြစ်မည်ကို အလွန်စိုးရွံ့မိပါသည်။ ဂုဏ်ပြုဆောင်းပါး ဆိုသည်ကား ဂုဏ်နှင့်ဒြပ်ကို ဟပ်မိအောင် ကလောင်အစွမ်းပြနိုင်မှ တန်ရုံကျမည် မဟုတ်ပါလား။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် စပ်လျဉ်း၍ ရှေးမြန်မာဘုရင်မင်းမြတ်များအဆက် ဆက်တို့သည် ဆရာတော်ကြီးများအား ဆက်ကပ်လေ့ရှိခဲ့ကြကြောင်း၊ သာဓကအားဖြင့် ပထမရွှေကျင် ဆရာတော်ဘုရားကြီးအား ရတနာပုံမန္တလေးမြို့တည် မင်းတုန်းမင်းတြားကြီးသည်၁၂၃၃–ခုနှစ်၌ "ဇာဂရာဘိပရမသိရီဓဇ မဟာဓမ္မရာဇာဂုရု" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ သီပေါမင်းသည်၁၂၄၃–ခုနှစ်၌ "ဇာဂရာဘိကဝိဓဇ သဒ္ဓမ္မဝံသ ဓမ္မသေနာပတိ အတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇာဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း·ကောင်း အသီးသီး ကပ်လှူခဲ့ကြကြောင်း။

ယခင်နိုင်ငံတော်အစိုးရက "တိုင်းပြည်၏ တံခွန်သဖွယ် အထူးအလေး ပြုအပ်သော ဆရာတော်ကြီး"ဟု အဓိပ္ပာယ်ရှိသည့် "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်နှင့် "ကြီးကျယ်မြင့်မြတ်သော ပညာရှိ ဆရာတော်ကြီး" ဟု အဓိပ္ပာယ်ရှိသည့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ခဲ့ကြောင်း။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်တွင်မူ ရှေးယခင်အစိုးရများ ဆက်ကပ်သည့် ဘွဲ့တံဆိပ်တော်နှစ်မျိုးအပြင် စာချဘွဲ့တံဆိပ်သုံးမျိုး၊ ကမ္မဋ္ဌာန်းနည်းပြ ဘွဲ့တံဆိပ်တော်သုံးမျိုး၊ ဓမ္မကထိကဘွဲ့ တံဆိပ်နှစ်မျိုး၊ သာသနာပြုဘွဲ့တံဆိပ်လေးမျိုး၊ အမျိုးသားသာသနာနုဂ္ဂဟဘွဲ့တံဆိပ် လေးမျိုးနှင့် အမျိုးသမီး သာသနာနုဂ္ဂဟဘွဲ့ တံဆိပ်လေးမျိုးတို့ကို အသစ်တီထွင် ချီးမြှင့် သောကြောင်း သာသနာပြုဘွဲ့တံဆိပ်တော် စုစုပေါင်း ၂၂–မျိုးရှိကြောင်း။ ၁၉၉၂–ခုနှစ်၊ လွတ်လပ်ရေးနေ့၌ သာသနာပြုဘွဲ့တံဆိပ်တော် "သဒ္ဓမ္မဇောတိကဓဇ"နှင့် ယခု ၁၉၉၅–ခုနှစ်၊ လွတ်လပ်ရေးနေ့၌ သာသနာနုဂ္ဂဟဘွဲ့ တံဆိပ်တော် "သီဟသုဓမ္မမဏိဇောတဓရ"ဘွဲ့ တို့ကို ရရှိထားသော ဆရာဦးကျော်ခင်မြင့်အား နမူနာထား၍ အောက်ပါအတိုင်း ဆက်လက် ပြောပြရပါသည်။

"သူငယ်ချင်းရေ၊ဟောဒီစာကို ပို့လိုက်တဲ့ ဆရာဦးကျော်ခင်မြင့်ဆိုတာ အင်မတန်ထူးတဲ့ ပုဂ္ဂိုလ် တစ်ဦးပေပဲ၊ စောစောက ကိုယ်ပြောပြတဲ့ တံဆိပ်တော်တွေအနက်က တောင်တန်းနယ်ခြားသာသနာပြုဆရာတော်ကြီး၊ ပင်းတယကုံလုံ ဆရာတော်ကြီး၊ သာမညတောင်ဆရာတော်ကြီး၊ အစရှိတဲ့ ဆရာတော် ကြီးတို့ကို ဆက်ကပ်တဲ့ သာသနာပြုဘွဲ့တံဆိပ်တော်က အဆင့်မြင့် "အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဆိုတာမင်း မှတ်မိတယ်နော်၊ "အဘိ" ပြုတ်သွားတော့ ပထမဆင့်၊ "အဂ္ဂ" ပြုတ်သွားတော့ ဒုတိယဆင့်၊ "မဟာ"ပြုတ်သွားတော့ တတိယဆင့် ဆိုတာတွေ မင်းကိုရှင်းပြပြီးသားနော်၊အဲဒီ တတိယဆင့်ဖြစ်တဲ့ "သဒ္ဓမ္မဇောတိကဓဇ" ဆိုတဲ့ဘွဲ့ တံဆိပ်တော်ရဲ့အဓိပ္ပါယ်က "သူတော်ကောင်းတရားကို ထွန်းလင်းတောက်ပအောင် ပြုပေးတော်မူသော တံခွန်သဖွယ်ဖြစ်သော ဆရာတော်"ဖြစ်တယ်ကွ၊ဒုတိယဆင့်က "မဟာ–ကြီး သော " ကို ပေါင်းထည့်ရမယ်၊ ပထမဆင့်က "အဂ္ဂ–မြတ်သော"ကို ပေါင်းထည့်ရမယ်။

လူပုဂ္ဂိုလ်တွေ အနေနဲ့လည်း ဒီသာသနာပြုဘွဲ့တံဆိပ်တော်ကို ရနိုင်တယ်။ တတိယအဆင့်နဲ့ ဒုတိယ အဆင့်တို့သာ ရနိုင်ပါသတဲ့။ ဓမ္မာစရိယ ဦးဌေးလှိုင်၊ ဆရာကြီးဦးသုခ၊

ဒေါက်တာမင်းတင်မွန်၊ ဓမ္မဗျူဟာဒေါ်ခင်လှတင်တို့ဟာ ဒီသာသနာပြုဘွဲ့တံဆိပ်တော်တွေကို ဆွတ်ခူးရရှိခဲ့ကြတာပေါ့။

ကိုယ်သိသလောက်တော့ လူပုဂ္ဂိုလ်တွေအနေနဲ့ သာသနာပြုဘွဲ့တံဆိပ်ရော၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ရော နှစ်မျိုးလုံး ရရှိထားသူဆိုလို့ ဆရာဦးကျော်ခင်မြင့် တစ်ဦးတည်း ထူးထူးခြားခြား ဦးဦးဖျားဖျား ဖြစ်လိမ့်မယ်။ ဘွဲ့တံဆိပ်အမျိုးအစား တစ်ခုတည်းကို အဆင့်တဖြည်းဖြည်းမြင့်တက်သွားလို့ နှစ်ဘွဲ့၊ သုံးဘွဲ့ရတာ ဖြစ်တန်ကောင်းမယ်။ လွယ်ကောင်းလွယ်ကူဖို့ရာ ရှိပေလိမ့်မယ်။ အဲ မတူတဲ့ ဘွဲ့တံဆိပ် နှစ်မျိုးကို ပုဂ္ဂိုလ်တစ်ဦးတည်းက ဆွတ်ခူးရရှိတာတော့ အံ့မခန်းတဲ့၊ အံ့ဖွယ်သရဲ ထူးကဲလှတဲ့ ဖြစ်တောင့်ဖြစ်ခဲဖြစ်ရပ်ရပ်။

ဆင်ဆိုတာ စုံမှ အရှယ်ရောက်တယ်၊ တင့်တယ်သတဲ့။ ဂုဏ်ပြည့်စုံသတဲ့။ မြဝတီမင်းကြီး ဦးစကို စွယ်စုံဦးစလို့ တင်စားရသတဲ့။ ဘာကြောင့်လဲဆိုတော့ ဓားရေးလှံရေး တိုက်ရေးခိုက်ရေး စစ်ပညာရပ်မှာလည်း ဦးဆောင်နိုင်စွမ်းရှိလို့၊ လက်ရုံးရည်နဲ့ ပြည့်စုံသလို တေးကဗျာ ဂီတစာပေစီကုံး ဖွဲ့နွဲ့ရတဲ့ အနုပညာရပ်မှာလည်း ထက်မြက်တဲ့ နှလုံးရည်နဲ့ ပြည့်စုံပါသတဲ့။ အခု ဆရာ ဦးကျော်ခင်မြင့်ကိုလည်း သာသနာတော်ကို ထွန်းလင်းအောင် ပြုတဲ့နေရာမှာရော၊ သာသနာတော်ကို ထောက်ပံ့လှူဒါန်းတဲ့ နေရာမှာပါ စွယ်စုံဘက်စုံတော်လွန်းလို့ သာသနာဘွဲ့တံဆိပ် နှစ်ထပ်ကွမ်း ရရှိထားတဲ့အတွက် ကိုယ်တော့ 'စွယ်စုံမုံသောက်၊ သာသနာပြု အာဇာနည်ဂုဏ်မြောက်သူ၊ ပါရမီရှင် ပုဂ္ဂိုလ်ထူးကြီး'လို့ ကင်မွန်းတပ် ဂုဏ်ပြုချင်တော့တာပါပဲကွာ"

သူငယ်ချင်း ဓမ္မမိတ်ဆွေနှင့် အားရပါးရ ဆွေးနွေးရသည့်အတွက် ကျွန်တော် စိတ်ကျေနပ်ဝမ်းမြောက်ရပါသည်။ သို့သော် ဂုဏ်ပြုဆောင်းပါးအတွက် ဘယ်ကစရေးရမည်ကို မသိတတ်နိုင်သေးပါ။ ဤသို့ အခက်အခဲတွေ့နေခြင်းမှာ ဆရာ ဦးကျော်ခင်မြင့်အကြောင်းများကို စာထဲ ပေထဲ၊ ဆောင်းပါးများ ထဲ၌ ဖတ်ရပြီး၊ စာပေအရ သိရှိရင်းနှီးနေရုံမျှသာ ရှိခဲ့၏။ လူချင်းခင်မင်ရင်းနှီးမှု သိပ်မရှိခဲ့ပါ။ လူချင်း အကျွမ်းတဝင်မရှိ၊ မသိပါဘဲလျက် မည်ကဲ့သို့ ဂုဏ်မြောက်အောင် ရေးသားနိုင်ပါမည်နည်း။ ဆရာမိတ်ဆွေ ဆရာကြီး၊ သမားကြီးများ ရေးသားချီးမြှင့်ကြမည့် ပြည့်စုံ ဂုဏ်မြောက်သော ဆောင်းပါးစာစုတွေအကြား မှာ ပမာအားဖြင့် ပြည်တန်ကျောက်သံပတ္တမြားများအကြားဝယ် ကျောက်ဖြူးလေး မတင့်တယ်ဘိသကဲ့ သို့ ကျွန်တော့်ဆောင်းပါး ဖြစ်ရုံတမည်စာမူလေး မျက်နှာငယ်နေရှာတော့မည်ဟု တွေးမိသောအခါ ကလောင်ကိုင်ရန်ကိုပင် စိတ်မဝံ့မရဲတော့ပါ။

အမှန်အတိုင်း ဖော်ပြရလျှင် လူချင်း ငါးမိနစ်ခန့်မျှသာ တွေ့ဆုံဖူးပါသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်ကဖြစ်၏။ ၁၃၅၅–ခုနှစ်၊ ကဆုန်လဆန်း ၁၀–ရက်သည် ကျွန်တော်၏ ၄၇–နှစ်ပြည့် မွေးနေ့ ဖြစ်ခဲ့၏။ မွေးနေ့အလှူကို ရန်ကုန်မြို့ ကမ္ဘာအေး မဟာဂန္ဓာရုံ ကျောင်းတိုက်၌ ရန်ကုန်တိပိဋကဓရ ဆရာတော်အား သိမ်ထပ်၊ ရဟန်းလောင်းတစ်ပါးအား သိက္ခာတင်ခြင်းဖြင့် ကုသိုလ်ကြီးကြီးတစ်ခု ပြုခဲ့ပါသည်။ စာပေနယ်မှ ကျွန်တော်လေးစားရသော ဆရာသမားအချို့တို့ကို ဖိတ်ကြားခဲ့ရာ ဆရာကြီး ဦးသုခ၊ ဆရာဦးငွေဥဒေါင်း၊ ဆရာမကြီး ဒေါ်ခင်

မျိုးချစ်၊ ဆရာမကြီးဒေါ်ခင်နှင်းယု စသည်ဖြင့် ကြွရောက်ချီးမြှင့် ခဲ့ကြပါသည်။ ဆရာမင်းယုဝေကို မြတ်မင်္ဂလာစာစောင်ထုတ်ဝေသူ၊ မင်္ဂလာဗျူဟာအသင်းဥက္ကဋ္ဌ ဦးအောင်သိမ်းနှင့်အတူ လာမည်ဟု သိထားရပါသည်။ နေ့ဆွမ်းကပ်ချိန်အထိ ဆရာမင်းယုဝေတစ်ယောက် ပေါ်မလာသေးပေ။

အယ်ကန်ကြီး ဦးအောင်သိမ်း ရောက်ရှိလာချိန်သည် နေ့ခင်း ၁၂–နာရီခွဲ ကျော်ပေပြီ။ နေ့နာရီပြန် တစ်ချက်မှာ ရေစက်ချတရားပွဲစတင်မည်ဖြစ်၍ စကားပြောဆွေးနွေးခဲ့ရန် အချိန်သိပ်မကျန်တော့ပေ။ ဆရာမင်းယုဝေပါမလာဘဲ ရုပ်ရည်ကြည်သန့်သူ လူရွယ်တစ်ဦး ပါလာ၏။ နှစ်ဦးစလုံးအား ကျွန်တော်၏ "တောင်ကြီးရောက် အဝေရာခရီးစဉ်အမှတ်(၂)" စာအုပ်တစ်အုပ်စီကို မွေ့ဒါနပြုသောအခါ ခင်မင်ဖွယ်အပြုံးနှင့် ထိုလူရွယ်ကလည်း ကျွန်တော့်အား စာအုပ်တစ်အုပ်ကို လက်မှတ်ထိုးပြီး မွေ့ဒါနလက်ဆောင်ပြန်ပါသည်။ စာအုပ်မှာ သင့်ဘဝဦးလေးကြီးဦးတင်မောင်ရေးသားသည့်"လွတ်လွတ်စွန့်ရဲသော စိတ်ဓာတ် ဘယ်ကလာသနည်း" ဖြစ်၍ မွေ့ဒါနပြုလက်မှတ်ရှင်ကို ဖတ်ကြည့်လိုက်သောအခါ အိမ်မဲမြို့၊ အောင်သိပ္ပံ စာသင်တိုက်၊ ထာဝရပစ္စည်းလေးပါး ဒါယကာ ရတနာကုန်သည် ဦးကျော်ခင်မြင့် ဖြစ်နေပါတော့သည်။

ကျွန်တော် အတော်အံ့ဩမိပါသည်။ အကြောင်းမှာ ၁၉၉၂–ခုနှစ်၊ လွတ်လပ်ရေးနေ့၌ ဦးကျော်ခင်မြင့်အား နိုင်ငံတော်က "သဒ္ဓမ္မဇောတိကဓဇ"ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ထားကြောင်း ကျွန်တော်ကောင်းကောင်းကြီး မှတ်မိနေသောကြောင့်ဖြစ်၏။ ပြီးတော့ ဦးကျော်ခင်မြင့်သည် မောင်ရင့်ကျူး(မြောင်းမြ)ဟူသော ကလောင်ဖြင့် ကဗျာများ၊ စာများရေးသားသူဖြစ်ကြောင်းကိုလည်းသိထားပါသည်။ သာသနာတော် အရေးကိစ္စ အတော်များများ၌ ဦးဆောင်ဦးရွက်ပြုနေသူအဖြစ်လည်း ဖတ်ရှုမှတ်သားဖူးပါသည်။ သာဓကအားဖြင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဥပဋ္ဌာကအဖွဲ့တွဲဖက်အကျိုးတော်ဆောင်(၁)။ တိ+နိ ဥပဋ္ဌာကကျောင်းဒကာများအဖွဲ့၊ ကျမ်းစာအုပ်များလှူဒါန်းရေးအဖွဲ့ငယ်၊ ဆွမ်းကွမ်းနှင့် သေနာသနပစ္စည်းများ ထိန်းသိမ်းလှူဒါန်းရေးအဖွဲ့ စသည်တို့လည်း အဖွဲ့ဝင်အဖြစ် ပါဝင်နေပြန်သည်။ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့မှ ထုတ်ဝေသော ဓမ္မဂီရိမဂ္ဂဇင်း၏ တာဝန်ခံစာတည်းလည်းဖြစ်၏။ ထိုသို့ သိထားသောကြောင့် ကျွန်တော့်စိတ်ဝယ် အသက်ခြောက်ဆယ်အရွယ် ဝန်းကျင် ဖြစ်လိမ့်မည်ဟု ထင်မှတ်ထားခဲ့ရာ ယခုလို နုပျိုသူ လူလတ်ပိုင်းအဖြစ် မမျှော်လင့်ဘဲ တွေ့ဆုံရသောအခါ အင်မတန်မှ အံ့ဩရခြင်း ဖြစ်ရပါသတည်း။

ရန်ကုန်မွေးနေ့အလှူမှ တောင်ကြီးသို့ ပြန်ရောက်လျှင်ရောက်ချင်း စာရေးဆရာတွေ လက်ဆောင် ပေးလိုက်သော စာအုပ်များအနက် ဆရာဦးကျော်ခင်မြင့်၏ မွေ့ဒါနလက်ဆောင်မွန် စာအုပ်ကို ရှေးဦးစွာ ဖတ်ရှုပါသည်။ စာရွက်ချောချောမှာ ကွန်ပျူတာစာစီ သပ်သပ်ရပ်ရပ် အပြင် ရောင်စုံဓာတ်ပုံများကို ကြွေစက္ကူအကောင်းစားနှင့် ဝေဝေဆာဆာကြီးမို့ အတော်အကုန်အကျခံ လှူပေတာပဲဟု ပီတိ ဖြစ်ကာ သာဓုအထပ်ထပ်ခေါ်မိပါတော့သည်။ ဆရာတော်ကြီးများကို ဆွမ်းကပ်နေသောပုံများ၊ သင်္ကန်းကပ်လှူနေပုံများ၊ အတူတွဲရိုက်ထားသော ပုံများအနက် ကျွန်တော်မဖူးဘူးသော စစ်ကိုင်း

ရွှေဟင်္သာဆရာတော်ကြီး၊ ပဲခူးမြို့မ ဆရာတော်ကြီး၊ ပတ္တမြားဝါးကျောင်းဆရာတော်ကြီး၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်ကြီး၊ ဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသ၊ မြင်းခြံကိုးဆောင်ဆရာတော်ကြီး၊ စစ်ကိုင်းဝါးချက်ဆရာတော် စသည်ဖြင့် စုံစုံ လင်လင်ကြီးပါဝင်နေသလို-

ကျွန်တော်နှင့် ရင်းနှီးလှူဒါန်းဖူးသော မင်းကွန်းတိပိဋကဓရဆရာကြီး၊ သပြေကန် ဆရာတော်ကြီး၊ တောင်တန်းနယ်ခြား သာသနာပြုဆရာတော်ကြီး၊ တောင်မြို့ မဟာဂန္ဓာရုံ တိုက် နာယကချုပ် ဘဒ္ဒန္တစန္ဒောဘာသ၊ ချမ်းမြေ့ ရိပ်သာဆရာတော်၊ သဲကုန်းသီတဂူဆရာတော်၊ မြန်မာစာညွှန့်ဝါဒါစရိယအဖွဲ့ အကျိုးဆောင် "ရဝေထွန်း"ကလောင်အမည်ခံ စာရေးဆရာ ဘဒ္ဒန္တတိလောကသာရ၊ တဘဝသာသနာ ကျမ်းပြုဆရာတော် ဦးဃောသိတ စသော ဆရာတော်ကြီးများ၏ပုံတော်များ စုံတကာစေ့နေအောင် ဖူးမြင်ရသောကြောင့် အမှတ်တရ သိမ်းထားရမည့် ဆရာတော်များ ဓာတ်ပုံ အယ်လ်ဘာန် ဖြစ်နေပါတော့သည်။

ကျွန်တော် မကျွမ်း မသိဖူးသော ဆရာတော်ကြီး များစွာတို့၏ ပုံတော်တို့ကိုလည်း ဖူးရ၍ ကြည်နူးရသည်။ ဓာတ်ပုံတွေ စုံလိုက်ပုံများ ဆယ်တန်းကို ၆-ဘာသာဂုဏ်ထူးနှင့် အောင်မြင်ပြီးမှ သာသနာ့ဘောင်သို့ အပြီးကူးပြောင်း ဝင်ရောက်သူ ပထမကျော်အရှင် ဆန္ဒာဓိကလည်း ပါသည်။ သီလရှင်ဆရာလေး ဒေါ်ဓမ္မေသီအား ဆွမ်းကပ်အပြီး လှူဖွယ်ပစ္စည်း လှူနေပုံတောင် ပါလိုက်သေးသည်။ ပတိရူပ ဒေသဝါသောစ၊ ကုသိုလ်စီးပွား ကြီးပွားရာ ရန်ကုန်မြို့တော်ကြီး၌ နေထိုင်ခွင့်ရသူ ဆရာဦးကျော်ခင်မြင့်အဖြစ်ကို အားကျမိ ပါသည်။ မုဒိတာလည်း အထပ်ထပ်ဖြစ်ပွားရပါသည်။

ဦးလေးကြီးဦးတင်မောင်၏ ဆောင်းပါးများကတော့ အဆီအနှစ်ပြည့်၊ အကြောင်းအရာစုံလင်၊ တင်ပြပုံကောင်းလွန်းလွန်း၍ အထူးပြောစရာမရှိတော့ပြီ။ ဓမ္မာဃောသက ဦးမောင်မောင်နှင့် ဆရာဦးကျော်ခင်မြင့်တို့အား အကြောင်းအားလျော်စွာ တိုက်ဆိုင်ရာ တိုက်ဆိုင်ရာ သရုပ်ဖော် ဂုဏ်ပြုသွားပုံများမှာ လင်းခနဲ၊ လက်ခနဲ၊ ဝင်းခနဲ၊ ထိန်ခနဲ၊ ပြိုးပြက်တောက်ပနေလိုက်ကြပုံ၊ မျက်စိထဲ၌ ပတ္တမြား၊ သန္တာ၊ စိန်ကြောင်၊ နီလာ ပုလဲ၊ ဂေါမုတ် ဥဿဖယား၊ မြ ကိုးသွယ်သော ကျောက်မျက် ရတနာတို့ဟိုတစ်စု ဒီတစ်ပုံ ရောင်စုံ ပြောင် လက်နေကြသည့်အလား တူနေပေတော့သည်။ ကျွန်တော်အကြိုက်ဆုံး ဆောင်းပါးကတော့ ရတနာအစုံအပုံများအနက် တန်ဖိုးမဖြတ်နိုင်သည့် မဏိဇောတ ပတ္တမြားကြီးနှင့် တူပေ လှသော စာအုပ်၏ ခေါင်းစီး "လွတ်လွတ် စွန့်ရဲသော စိတ်ဓာတ် ဘယ်ကလာသနည်း" ဖြစ်ပါသည်။ တွေးစရာတွေ အများကြီးချန်ထား ခဲ့သည်။ ဆိုလိုရင်းကို တဲ့တိုးကြီး မပေးခဲ့၊အရိပ် အမြွက်မျှသာလှစ်ဟ ခဲ့ခြင်းကြောင့် ပို၍ စွဲမက်စရာဖြစ်သည်ဟု မှတ်ချက်ချမိသည်။

စာအုပ်နောက်ပိုင်းတွင်ပါသော ဆရာဦးကျော်ခင်မြင့်၏ အတ္တုပ္ပတ္တိအကျဉ်းအရ လုပ်ဆောင်ခဲ့ သော သာသနာပြုလုပ်ငန်းများက အချက်သုံးဆယ်၊ ဒုလ္လဘရဟန်းဘဝကလေးကြိမ်၊ ဓမ္မဒါန ထုတ်ဝေ ဖြန့်ချိ လှူဒါန်းခဲ့သော စာအုပ်များက ဆယ့်နှစ်အုပ်၊ ဆရာ့အသက်ကို စစ်ကြည့်လိုက်တော့ ၁ ၃-၄၈ ဖွားပါ။

ဒါကြောင့် ဆရာက အခုအသက် ၄၇-နှစ်ထဲမှာပါ။ ကျွန်တော်က ၄၉-နှစ်ထဲမှာ ဖြစ်နေပြီ။ ဆရာက ကျွန်တော့်ထက် တစ်နှစ်ကိုးလနှင့် တစ်ဆယ့်ကိုးရက်တောင်ငယ်ပါသည်။ "ငယ်သာငယ်၊ နာမည်က ပဋ္ဌင်းဖ"ဟု ကျွန်တော်တို့ ရှမ်းပြည်နယ် ဝေလေ့ပြောရိုးရှိသကဲ့သို့ လေးဆယ်ကျော်ဘဝ သက်တမ်းတစ်လျှောက် ဆရာစိုက်ထူထားပြီးသော ဘဝမှတ်တိုင်တွေက များလှပါဘိတောင်း။ အင်မတန်မှ အားကျ အားရလှပါတော့၏။ ဩော် ဆရာတို့များ လူ့ဘဝ အရတော်ပေစွ။

ကျွန်တော်၏ စာအဆက်အသွယ်ကြောင့် ဆရာဦးကျော်ခင်မြင့်ထံမှ ပြန်စာသုံးစောင်နှင့် ဆရာ့ မွေးနေ့ အလှူဖိတ်စာ တစ်စောင် လက်ခံရရှိခဲ့ပါသည်။ ဆရာ၏စာများ အရ တီ=နိသာသနာပြုဥပဌာကအဖွဲ့နှင့် ပတ်သက်သော အစည်းအဝေး၊ ဆယ်တာရွာမှ မိဘမဲ့ကလေး ဆယ့်တစ်ဦး ရှင်သာမဏေပြုပေးသည့်ပွဲ၊ ဓမ္မဇောတိ ဝိပဿနာရိပ်သာဖွင့်ပွဲနှင့် တရားစခန်းအတွက် စိတ်မောလူမောဖြစ်နေရပုံကို သိရှိရပါသည်။ စာတစ်စောင်တွင်မူ သာသနာရေးကိစ္စများအပြင် လူမှုရေးကိစ္စများ၊ တာဝန်ဝတ္တရားများ မနားတမ်းဆောင်ရွက်နေရ၍ စီးပွားရေးလုပ်ငန်းကို လှည့်မကြည့်အားဘဲ ဇနီးနှင့် သားတို့ကိုသာ လွှဲထားရကြောင်းနှင့် ဆီးချိုရောဂါဖြစ်နေ၍ စိတ်ဓာတ်ကျနေကြောင်းတို့ ပါလာရာ မြန်မာ့ဘယဆေးဖြင့် စမ်းသပ်မှီဝဲကြည့်ရန်နှင့် သာသနာတော်အတွက် အဓိဋ္ဌာန်ပြုထား သစ္စာဆိုထားလျှင် အကျိုးထူးမည်ဖြစ်ကြောင်း အကြံပေးရင်း အားပေးစာ တစ်စောင် ပြန်ကြားလိုက်ပါသည်။ နောင်သောအခါ ပုတီးဖြူ ဆေးပင်နှင့် သက်သာကြောင်းသတင်းကောင်း ကြားသိရ၍ ဝမ်းမြောက်ရပါ၏။ သာသနာတော်အတွက် အလွန်အကျိုးများမည့်ပုဂ္ဂိုလ်တစ်ဦးမို့ ဆရာ့အား သက်ရှည်ကျန်းမာစွာ တွေ့လိုသည်မှာ ကျွန်တော့်မေတ္တာစေတနာအရင်းခံအမှန်ပါ။

ဆရာသည် သာသနာတော်အတွက် ဤမျှ ဆောင်ရွက်နိုင်ခြင်းနှင့် လှူဒါန်းနိုင်ခြင်းတို့မှာ ပါရမီဖြည့်ဖက်ဆရာကတော် ဒေါ်ခင်ခင်စိန်၏ ကျေးဇူး အများကြီးပါကြောင်း ကျွန်တော်တို့ အသိအမှတ် ပြုရပါမည်။ ဇနီးသည်က မကြည်ဖြူ၊ ငြူစူ ဆောင့်အောင့်နေလျှင် ကျွန်တော်တို့မှာ သဒ္ဓါတရား မည်မျှရှိရှိ လွတ်လွတ်ကျွတ်ကျွတ် ဖြောင့်ဖြောင့်ဖြူးဖြူး ဆောင်ရွက်စွန့်လှူနိုင်မည်မဟုတ်ပေ။ "ကြီးမြတ်အောင်မြင်သော နိုင်ငံ့ခေါင်းဆောင်ကောင်းတိုင်း၏ နောက်ကွယ်၌ အရည်အချင်း ပြည့်ဝသော ဇနီးသည်၏ ကြီးစွာသောအထောက်အပံ့သည် ရှိစမြဲတည်း"ဟူသော ပညာရှိတို့၏ မှတ်ချက်သည် ခြွင်းချက်မရှိ မှန်ကန်လှပေသောကြောင့် ဆရာကတော် ဒေါ်ခင်ခင်စိန်၏ ပါရမီဖြည့်ပုံကိုလည်း ကျွန်တော်အထပ်ထပ် သာဓုခေါ်ရပါကြောင်း၊ ဤနေရာမှနေ၍ ဂုဏ်ပြုဖော်ပြပါရစေ။

လွတ်လွတ်ကျွတ်ကျွတ် လှူဒါန်းနိုင်ရန် သဒ္ဓါတရားထက်သန်ဖို့ အရေးကြီးပါသည်။ သဒ္ဓါတရား ဟူသော ယုံကြည်မှုမရှိပါဘဲနှင့် ဒါနသီလ ဘာဝနာ၊ ဘာတစ်ခုမျှ ထိထိရောက်ရောက် လေးလေးနက်နက် မဆောင်ရွက်နိုင်ကြပါ။ ယုံမှသာလျှင် စိတ်ကြည်လင်ပါသည်။ စိတ်ကြည်လင်မှသာလျှင် ပါရမီရှင်ဖြစ်နိုင်ပါမည်။ ဘာကိုယုံကြည်ရမည်နည်း။ ကံ-ကံ၏

အကြောင်း အကျိုးကို အကြွင်းမဲ့ကြည့်ရန်လိုဏ်။ ချဉ်သီးပင်ကို စိုက်လျှင် ချဉ်သီးသာလျှင် သီးမည်။ ချဉ်သီးသီး၍ ချဉ်သီးကိုသာလျှင် ခူးဆွတ်စားသုံးရပေလိမ့်မည်။ အချို့သီး မရနိုင် မခူးဆွတ်နိုင်၊ မစားသုံးနိုင်ပါ။ ထိုနည်းတူစွာ မကောင်းမှုအကုသိုလ်ကို ပြုလျှင် မကောင်းကျိုး၊ ဆိုးကျိုးနှင့်သာ ရင်ဆိုင်တိုးမည်။ ကောင်းကျိုး မရရှိနိုင်ပါ။ စေတနာသုံးတန် ပြဋ္ဌာန်း၍ လှူသော အကျိုး၊ သီလဆောက်တည်ရသောအကျိုး၊ ကမ္မဋ္ဌာန်း ဘာဝနာပွားများ အားထုတ်ရသော အကျိုးတို့သည် နိဗ္ဗာန်သို့ မျက်မှောက် မပြုရ သေးမီစပ်ကြား ဆင်းရဲနှင့် ငရဲကင်း၍ သံသရာ တစ်လျှောက် ကောင်းကျိုးချမ်းသာတို့ကိုသာ တွေ့ကြုံစံစားကြရပေလိမ့်မည်။

ဝိပဿနာအားထုတ်ရန် အရေးကြီး၏။ ဖြစ်ပျက်ကိုမြင်မည်။ ဖြစ်ပျက်ကို ရှု့မှန်းမည်။ ဖြစ်ပျက်ကို ဆုံးချင်ပြီဆိုလျှင် ဘာကိုမျှ မတွယ်တာတော့ပါ။ ထိုသောအခါ၌ မိမိပိုင်ဆိုင် သော စည်းစိမ်ဥစ္စာဟူသမျှ ဘာဆိုဘာမှ မခင် တွယ် မမက်မောသည့်အပြင် အကျိုးရှိရာရှိ ကြောင်း၊ သာသနာတော်အတွက် လွတ်လွတ် စွန့်လှူရဲသော စိတ်ဓာတ်သည်လည်း လွန်စွာ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာရစမြဲပါ။ ထို့ ကြောင့် လွတ်လွတ်စွန့်လှူရဲသော စိတ်ဓာတ်သည် ဝိပဿနာ အခြေခံသော သဒ္ဓါတရားမှ ဖြစ်ပေါ် လာသည်ဟု ဆိုချင်ပါ၏။ ဆရာဦးကျော်ခင်မြင့်၊ ဆရာကတော် ဒေါ်ခင်ခင်စိန်တို့၏ အလှူရဲသော အဖြစ်သည်ပင် ဝိပဿနာတရားအမြင် ကြည် လင်မှု အခြေခံသည်ဟု ကျွန်တော်မှတ်ချက်ပြုမိ ပါသတည်း။

ကဲ–ဆရာဦးကျော်ခင်မြင့်ရေ၊ ကျွန်တော့် ထံက စာမူကောင်းခံမိတာ မှားများ မှားနေ ပြီလား မသိ။ ကျွန်တော့်ရဲ့ ကလောင်လက်တံက ရှည်ရှည်မို့ ဆောင်းပါးအတော်ရှည်သွားတယ်။ လိုတိုးပိုလျှော့ ဆရာ့ သဘောအတိုင်း တည်းဖြတ် နိုင်ပါတယ်။ သာသနာပြု ဒုတိယဆင့် "မဟာ သဒ္ဓမ္မဇောတိကဓဇ"ဘွဲ့ကိုလည်း နောင်နှစ်များ မကြာမတင်မီမှာ ထပ်မံဆွတ်ခူး ရရှိနိုင်ပါစေ။ သာသနာနုဂ္ဂဟ မထမဆင့် "သီရိသုဓမ္မ မဏိ ဇောတဓရ"ဘွဲ့နဲ့ သာသနာနုဂ္ဂဟအဆင့်မြင့် "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"ဘွဲ့ကို လည်း ထပ်မံလို့ အဆင့်ဆင့်ဆွတ်ခူးပန်ဆင်နိုင် စေဖို့ သိန်းလေးဆယ်၊ သိန်းခုနစ်ဆယ့်ငါးတို့ကို ကျော်လွန်ပြီး မသေမချင်း ဆက်လက်လှူဒါန်း သွားနိုင်ပါစေ။ ရှင်သာမဏေ အပါး ရာထောင် ကျော်ကို ဒါယကာခံနိုင်ပါစေ။ စာသင်သား၊ သာမဏေအပါးရာကျော်ကို ပစ္စည်းလေးပါး ဒါယကာခံယူပြီး သိက္ခာတင်ပေးနိုင်ပါစေ။ အရေးအကြီးဆုံးက ဇနီးမောင်နှံ ရာသက်ပန် ကြည်ဖြူ လက်တွဲလို့ အလှူအတန်းပွဲကြီးများ ဆင်နွှဲလို့ ရေစက်အတူ ချနိုင်ကြပါစေလို့ ဆုမွန်ကောင်းများတောင်းရင်း ဆရာတောင်း ခံလိုက်တဲ့ ဂုဏ်ပြုဆောင်းပါးကို အဆုံး သတ်ပါ တယ်ခင်ဗျား။

**ဒေါက်တာအောင်ကျော်(သွားဆရာဝန်)**

• • • • •

# နှလုံးလှသူ သာသနာ့ဒါယကာ တစ်ဦး

တင်အောင်သွင်

ကျွန်တော် သူနှင့် စတင်သိကျွမ်းခင်မင်ခဲ့သည်မှာ၈–နှစ်ကျော်ခဲ့ပါပြီ။ အတိအကျဆိုရသော် ၁၉၈၇ ခုနှစ်တွင် သူနှင့်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ပန်းတနော် မြို့ မြဲတောင်စာသင်တိုက် ပဓာနနာယကဆရာတော် ဦးဝိမလဉာဏနှင့် ဒုတိယနာယက ဆရာတော် ဦးကုမာရတို့သည် မြောင်းမြ ပဋ္ဌာနတာရုံတိုက်ဟောင်းတွင် ပညာဆည်းပူးခဲ့ကြသူများဖြစ်ရာ ၁၉၈၇–ခုနှစ်၊ အောက်တိုဘာလ ( )ရက်နေ့တွင် ကျင်းပမည့် ပဋ္ဌာနတာရုံတိုက်ဟောင်း ရွှေရတု ကထိန်ပွဲသို့ တက်ရောက်ရန် စီစဉ်ခဲ့ကြသည်။

ကျွန်တော်သည်လည်း ဆရာတော်နှစ်ပါးနှင့် ရင်းနှီးသူဖြစ်၍ လိုက်ပါခွင့်ရခဲ့သည်။ ပန်းတနော်မြို့မှ နံနက်စောစော ပဲ့ထောင်ဖြင့် ထွက်ခဲ့ကြရာ မြောင်းမြမြို့သို့ ညနေ ၄နာရီခွဲ အချိန်ခန့်တွင် ရောက် ရှိခဲ့သည်။ သင်္ဘောဆိပ်နှင့် မလှမ်းမကမ်းရှိ (အမည် မမှတ်မိတော့သော) ကျောင်းတိုက်တွင် တည်းခိုခဲ့ကြသည်။ ညဦးပိုင်းတွင် ဆရာတော်နှစ်ပါးနှင့်အတူ ပဋ္ဌာနတာရုံကျောင်းတိုက်သို့ လမ်းလျှောက်သွားကြသည်။ ထိုနေ့က မိုးကလေး တဖွဲဖွဲရွာနေသည်ကို အမှတ်ရနေမိသည်။ ဒသမမြောက် ရွှေကျင်သာသနာပိုင် မြောင်းမြ ဆရာတော်ဘုရားကြီး တည်ထောင်တော်မူခဲ့သည့် ပဋ္ဌာနတာရုံ စာသင်တိုက် လောကတွင် အောင်မြင်ကျော်ကြား ထင်ရှားလှသည့် ပဋ္ဌာနတာရုံ၊ ဤသို့သော ဂဏသတင်းများဖြင့် ထုံသင်းလျက်ရှိသည့်ပဋ္ဌာနတာရုံသို့ ရောက်ဖူးချင်ခဲ့သည်မှာ ကြာပြီ။ ယခုကဲ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရသောအခါ အဘယ်မှာလျှင် ဝမ်းမမြောက်ဘဲ ရှိပါမည်နည်း။

နောက်တစ်နေ့ အခမ်းအနားစသည့်နေ့တွင် ပန်းတနော်မှ ညိုငယ်ကဗျာဆရာ ဖိုးရွှေညီမှိုင်း မိတ်ဆက်စာရေးပေးလိုက်သည့် ကဗျာဆရာ အောင်ဝေးကိုရှာရသည်။ အောင်ဝေးတို့အဖွဲ့မှာ ဆရာပါရဂူ၊ ဆရာ ဦးဆန်းလွင် (ယခုဓမ္မရုပ်စုံမဂ္ဂဇင်း အယ်ဒီတာ ချုပ်)တို့နှင့် အဖွဲ့ကျနေသည်ကို တွေ့ရ သည်။ မိမိကိုလည်း ထိုဆရာနှစ်ဦးနှင့်မိတ်ဆက်ပေးသည်။အောင်ဝေးတို့အဖွဲ့ကပြသဖြင့် သူ့ကို ခပ်လှမ်းလှမ်းမှ မြင်လိုက်ရသည်။ ထိုအချိန်က သူသည် ပဋ္ဌာနတာရုံကျောင်းတိုက် နှစ် ၅၀–ပြည့် ရွှေရတု ကထိန် အခမ်းအနားတွင် ရန်ကုန်အဖွဲ့ခွဲအတွင်းရေးမှူးဖြစ်၍ အလုပ်ရှုပ် နေဟန်တူသည်။

အခမ်းအနားပြီးဆုံးသည့် ညနေပိုင်းတွင် ဆရာပါရဂူ၊ ဆရာဦးဆန်းလွင်နှင့် သူ့ကို သင်္ဘောဆိပ်၌ တွေ့ရပါသည်။ ရန်ကုန် ပြန်ကြမည်ဖြစ်၍ အောင်ဝေးတို့အဖွဲ့က သင်္ဘောဆိပ်သို့ ဆင်းပို့ကြခြင်းဖြစ်သည်။ ဤတွင်မှ သူနှင့်အနီးကပ် တွေ့ဆုံရပါသည်။ အောင်ဝေးတို့အဖွဲ့က မိတ်ဆက်ပေးသဖြင့် သူနှင့်ကျွန်တော် စတင်ရင်းနှီးခဲ့ရသည်။ သူဆိုသည်ကား အခြားမဟုတ်

"ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)"ပါ တည်း။

ထိုအချိန်မှစ၍ သူနှင့်ကျွန်တော် ခင်မင်ရင်းနှီး ခဲ့ရလေသည်။ ရန်ကုန်မြို့သို့ ရောက်တိုင်း (အချိန်ရလျှင်) ဦးကျော်ခင်မြင့်ထံ ဝင်တွေ့မြဲ ဖြစ်သည်။ သူ့ထံရောက်လျှင် လက်ဖက်ရည်ဖြင့် အမြဲတမ်း ဧည့်ဝတ်ပြုတတ်သည်။ လူလတ်ပိုင်း အရွယ်လည်းဖြစ် (မိမိထက် တစ်နှစ်သာကြီးသည်)၊ ပစ္စည်းဥစ္စာလည်းပြည့်စုံ၊ လူနေမှုအဆင့်အတန်းလည်းမြင့်မား၊ သာသနာရေးလောကတွင်လည်း ထင်ရှားလှသော သူ့လို ပုဂ္ဂိုလ်မျိုးက သာမန်အဆင့်မျှသာရှိသော မိမိကို ဖော်ရွေလှိုက်လှဲစွာ ဆက်ဆံလေ့ရှိရာ သူ၏ နိဝါတတရားကို လေးစားကြည်ညို ဂုဏ်ယူမိပေသည်။

နောင်တွင် ကျွန်တော်သည် ဆရာကြီး ဓမ္မဃောသက ဦးမောင်မောင်(ယခုကွယ်လွန်) နှင့် ရင်းနှီး ကျွမ်းဝင်ခဲ့ပြန်ရာ ဦးကျော်ခင်မြင့်နှင့် ပို၍ပင် အထိ အတွေ့များခဲ့ရသည်။ တစ်ခါက သူ့အိမ်တွင် တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားပွဲကျင်းပရာ ဆရာကြီး ဓမ္မဃောသက ဦးမောင်မောင်နှင့်အတူ သွားရန် ချိန်းဆိုထားသည်။ ချိန်းသည့်နေ့တွင် ဆရာကြီးအိမ်သို့ ရောက်ရှိသွားရာ သွားနှင့်ပြီဖြစ်၍ အငှားကားဖြင့် လိုက်ရသည်။ ဦးကျော်ခင်မြင့် အိမ်ကို တစ်ခေါက်မျှ မရောက်ဘူးသဖြင့် လိပ်စာပေးထားသော ကမ္ဘာအေးစေတီလမ်း၊ သီရိမင်္ဂလာရိပ်သာ၊ ၂၅-E ကို အတော် မေးမြန်းယူရသည်။ ရောက်လျှင် ရောက်ချင်း လှိုက်လှဲပျူငှာစွာ ဖိတ်ခေါ်သဖြင့် စိတ်ချမ်းမြေ့ရသည်။ တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး၏ ပရိတ်တရားပွဲပြီးသောအခါ နေ့ဆွမ်းဆက်ကပ်၍ အမှတ်တရ ဓာတ်ပုံများရိုက်ကူးခဲ့ကြလေသည်။

၁၉၉၁-ခုနှစ် မေလတွင် ရန်ကုန်သို့ ရောက် သွားခိုက် ဦးကျော်ခင်မြင့်ထံ သွားရောက်တွေ့ဆုံရာ ဆရာကြီး ဓမ္မဃောသက ဦးမောင်မောင်၏ ဇနီး ဒေါ်သန်း အသုဘချမည့်နေ့ဖြစ်၍ မွန်းလွဲ ၁နာရီအချိန် သူ့ကားဖြင့် ကြံတောသုသာန်သို့ အတူလိုက်ရန် ဖိတ်ခေါ်သည်။ ဆရာပါရဂူလည်း လိုက်မည်ဖြစ်၍ ဆရာ့အားအိမ်တွင် ဝင်ခေါ်ရာ ပထမဦးဆုံးအကြိမ် ဆရာပါရဂူ၏အိမ်သို့ ရောက်ဖူးခဲ့ရသည်။ ဆရာကြီး၏ ဇနီး အသုဘပို့ဆောင်ပြီးနောက် သူ့ကားနှင့်ပင် သက်တောင့်သက်သာ ပြန်ခဲ့ရသည်။

ဦးကျော်ခင်မြင့်ထံသို့ ရောက်တိုင်း သူဓမ္မဒါနအဖြစ် လှူဒါန်းသည့် စာအုပ်များ ပေးလေ့ရှိပါသည်။(၁) သဲကုန်း(သပိတ်ဆိုင်) ဆရာတော် အရှင်ဉာဏိဿရ၏ သစ္စာတရားတော်၊ (၂) ဆရာတော်အရှင်အာစိဏ္ဏ၏ အမြိုက်နိဗ္ဗာန်၊(၃)မာဂဓိ-သာစည်၏ အလှူမျိုးစုံတရားတော်၊ (၄) သင်္ဘဝ-ဦးလေးကြီး ဦးတင်မောင်၏ လွတ်လွတ်စွန့်လှူရဲသော စိတ်ဓာတ် ဘယ်ကလာ သနည်း၊ (၅) နှစ်ဖက်လှ ဦးကျော်လွင်၏ ဗန္ဓုလသုတေသန စသည့် စာအုပ်များမှာ ကျွန် တော့်အဖို့ အမြတ်တနိုး သိမ်းထားရသည့် စာအုပ်များပါပင်။

ဦးကျော်ခင်မြင့်အား ကျေးဇူးတင်လေးစားရသည့် အချက်တစ်ခုကိုလည်း ဖော်ပြရပေဦးမည်။ "ဗောဓိ"အမည်ရှိ စာစောင်တစ်ခု ထုတ်ဝေရန် စီစဉ်သောအခါ မိမိထံမှစာမူ

တောင်းသည်။ သို့သော် စာစောင်သက်တမ်း တိုလှသဖြင့် မရေးဖြစ်ခဲ့ပါ။ တဖန် ဓမ္မဂီရိ မဂ္ဂဇင်း စီစဉ်ထုတ်ဝေပြန်သောအခါ အလားတူ စာမူတောင်းခဲ့ပြန်သည်။ မိမိကလည်း သူ၏ စေတနာကို တန်ဖိုးထားသောအားဖြင့် ကြိုးစား ရေးသားပေးခဲ့ပါသည်။ ထို့ပြင် ကမ္ဘာ့ဗုဒ္ဓ သာသနာပြု အဂ္ဂမဟာပဏ္ဍိတ၊ သာသန္တရဆေ က မြောင်းမြ ပဋ္ဌာနတာရုံဆရာတော် အရှင် ဉာဏိက ပူဇော်ပွဲ အထိမ်းအမှတ်စာစောင် ထုတ်ဝေသောအခါတွင်လည်း သူ၏ ကျေးဇူး ကြောင့်ပင် ပါဝင်ရေးသား ပူဇော်ခွင့်ရရှိခဲ့ ပေသည်။

ဦးကျော်ခင်မြင့်နှင့် ရင်းရင်းနှီးနှီး နီးနီး ကပ်ကပ် ပေါင်းသင်းဆက်ဆံရလေ သူ့အား လေးစား ကြည်ညိုလေဖြစ်ရသည်။ သူသည် ပစ္စည်းဥစ္စာ ကုံလုံပြည့်စုံသည့်ခေတ်ပညာတတ် လူလတ်ပိုင်း တစ်ဦး ဖြစ်သော်လည်း သာသနာပြု စိတ်ဓာတ်ထက်သန်ပြင်းပြသူ၊ အလှူအတန်း ရက်ရောသူ ဖြစ်သည်။ သူပြောလေ့ရှိသော စကားတစ်ခွန်းမှာ “လူ့ဘဝရလာတာဟာ လူ့ဘဝမှာ အဆင့်အတန်းမြင့်မြင့် နေပြီး ကာမ ဂုဏ် စည်းစိမ်တွေ ခံစားဖို့သက်သက် မဟုတ်ဘူး”ဟူ၍ ဖြစ်ပါသည်။

တစ်ခါက ကျွန်တော့်အား “ကိုတင် အောင်သွင်ရေ့၊ ကျွန်တော်ဟာ လူ့ပြည်မှာ သာသနာပြုဖို့၊ အများအကျိုးဆောင်ဖို့ လူဖြစ် လာရတယ်လို့ ထင်တာပဲ”ဟု သူပြောခဲ့ဖူးသည်။ သူ၏စိတ်ဓာတ်ကို ထင်ဟပ်နေသည့် သူ တည် ထောင်ထားသည့် “အသောကစာပေတိုက်”၏ ဆောင်ပုဒ်ကိုကြည့်ပါ။

“ကတဗ္ဗမတေဟိ မေ သဗ္ဗလောက ဟိတံ–
လူသားအားလုံး၏ အကျိုးကို ဆောင်ရွက် ခြင်းသည် ငါ၏ အကြီးအကျယ် အမြင့်မြတ်ဆုံး တာဝန် ဖြစ်သည်”

ထို့ပြင် ဦးကျော်ခင်မြင့် အသည်းစွဲ ကြည်ညို သော ဘာသာဋီကာ ကျမ်းပြုအကျော် အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော် အရှင် ဇနကာဘိဝံသ၏ အာဘော်ကိုလိုက်၍ သူ၏ အမြင့်ဆုံးဆန္ဒကို–

“ကိုယ်တည်းတစ်ယောက်၊
ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊
ဗုဒ္ဓမြတ်စွာ၊ သာသနာကို
ကမ္ဘာအနှံ့၊ လွှမ်းခြုံဖြန့်၍
တည်တံ့ရှည်ကြာ၊ ဆုံးကမ္ဘာတိုင်
နိုင်ရာအခန်း၊ တာဝန်ထမ်းမည်
စွဲလန်းရင်မှာ အမြဲတည်း”

**(မောင်ရင်ကျူး–မြောင်းမြ)**

ဟူသော အဓိဋ္ဌာန်ကဗျာဖြင့်လည်း ထုတ်ဖော် တင်ပြ ခဲ့ဖူးသည်။

သာသနာ၏အကျိုးကို သယ်ပိုးထမ်းရွက် တတ်သည့် ဦးကျော်ခင်မြင့်၏ လုပ်ရပ်များကို ကုန် စင်အောင် ရေးရလျှင် ဆုံးနိုင်မည်မဟုတ်ပါ။ ကျွန်တော် သိသမျှဖော်ပြရသော် ဦးကျော်ခင်မြင့် သည် ပရိယတ် ပဋိပတ်သာသနာတော်တွင် ထင်ရှား ကျော်ကြားသော ပုဂ္ဂိုလ်မြတ်များအား သူ့အိမ်သို့ ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်ခြင်း၊ ထိုအရှင်မြတ်များ ဟောကြားတော်မူသည့် တရားဒေသနာများကို ကက်ဆက်ကြိုးခွေဖြင့်

ဖမ်းယူထားခြင်း၊ ထိုတရား ဒေသနာများမှ အချို့ကို စာအုပ်များအဖြစ် ရိုက်နှိပ်၍ ဓမ္မဒါနပြုခြင်း၊ ဘာသာရေး လူမှုရေးဆိုင်ရာ အဖွဲ့ အစည်းများတွင် သိန်းနှင့်ချီ၍ လှူဒါန်းခြင်း၊ စာသင် တိုက်ကြီးများတွင် ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူခြင်း၊ သာသနာပြု လုပ်ငန်း များတွင် ကိုယ်ထိလက်ရောက် အမြဲတမ်းပါဝင် ဆောင်ရွက်ခြင်း စသည်တို့ ဖြစ်ပါသည်။

ဤသို့အားဖြင့် ဦးကျော်ခင်မြင့်သည် သူ၏ သာသနာပြုခရီးတစ်လျှောက်တွင် သာ သနာပြုကိစ္စ များနှင့် သာသနာနုဂ္ဂဟကိစ္စများကို ဘက်စုံ သာသနာရေး အနှစ်သာရရှိရှိဖြင့် အမျိုး ဘာသာ သာသနာတော်အတွက် တက်တက် ကြွကြွ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က သာ သနာပြု ဘွဲ့တံဆိပ်တော် "သဒ္ဓမ္မဇောတိကဓဇ" ကို ၁၉၉၂-ခုနှစ် လွတ်လပ်ရေးနေ့တွင် လည်း ကောင်း၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော် "သီဟသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော် ကို ၁၉၉၅-ခုနှစ် လွတ်လပ်ရေးနေ့တွင် လည်း ကောင်း ချီးမြှင့်ခဲ့ပေသည်။

ကျွန်တော်သည် လူပုံသန့်ပြန့် ရည်မွန်ခန့် ငြား၍ တည်ငြိမ်အေးချမ်းလှသည့် ဦးကျော် ခင်မြင့်ကို တွေ့မြင်ရတိုင်း သူ၏ဥပမိရုပ်သွင်နှင့် သူ၏ သာသနာရေးဆောင်ရွက်ချက်များကို ထင်ဟပ်လျက် အားကျနှစ်သက်မဆုံးအောင် ဖြစ်ရပါသည်။ နိဂုံး ဆိုရသော် ဦးကျော်ခင်မြင့် အား နှလုံးလှသူ သာသနာ့ ဒါယကာ တစ်ဦး အဖြစ် ကျွန်တော့်အသည်း၌ ကမ္ဗည်းထိုးကာ အသက်ထက်ဆုံး ကြည်ညိုလေးစား မြတ်နိုး နေမည်ဖြစ်ပေသည်။

တင်အောင်သွင်

---

**အဆိုးထဲမှာ၊ အကောင်းရှာ၊ ချမ်းသာတွေ့နိုင်သည်။**

**မရှာနိုင်ဘဲ၊ ချမ်းသာထဲ၊ ဆင်းရဲဝင်တတ်သည်။**

လူ့လောကသည် ဒုက္ခဘုံဖြစ်သဖြင့် ချမ်းသာစရာတွေ့မှ ချမ်းသာအောင် နေမည်ဟု မရေမရာ မျှော်လင့်စောင့်ဆိုင်းနေခြင်းဖြင့် အချိန်မကုန်စေသင့်။

ချမ်းသာအောင် နေတတ်မှ ချမ်းသာကို ရနိုင်မည်ဖြစ်၍ တွေ့သမျှအာရုံ အပေါ် ချမ်းသာကိုမရ,ရအောင် ရှာယူတတ်ရမည်။

မရှုမြင် မသုံးသပ်တတ်ပါက သုခထဲမှာပင် ဒုက္ခဖြစ်လာတတ်သည်။

**အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ**

**ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ**

**မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်၊ ဗဟန်း၊ ရန်ကုန်။**

# ဗမာ့ခရီးသည်နှင့်အတူ

ခင်ဆွေဦး

( ၁ )

တရားခမ္မနဲ့ပတ်သက်လို့ စစ်မှန်တဲ့ နေရာဌာနတွေကို ခေါ်သွားတဲ့လူတွေ ကျွန်မဘဝမှာ ရှိနေခဲ့ပါတယ်။ အိန္ဒိယပြည် ဘုံဘေမြို့ အနီး အီဂတ်ပူရီမြို့ ဓမ္မဂိရိတရားရိပ်သာလိုနေရာမျိုး၊ မြတ်စွာဘုရား ပွင့်တော်မူရာ အရပ်ဒေသ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ၊ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဇေတဝန်၊ ဝေဠုဝန်ကျောင်း၊ လုမ္ဗိနီစတဲ့ အရပ်ဒေသတွေကို ကျွန်မ ရောက်ဖူးဖို့ အိပ်မက်တောင် ဘယ်မက်နိုင်ပါ့မလဲ။ ကျွန်မဘာသာ ကျွန်မ စားစရိတ်နဲ့ စာရေးဆရာ တစ်ယောက်အနေနဲ့ မမျှော်မှန်းနိုင်ပါဘူး၊ ဒါပေမယ့် ကျွန်မ နှံ့နှံ့စပ်စပ် အချိန်ပေး ပြီး ရောက်ခဲ့ရပါတယ်။ ဒါဟာ အိပ်မက်မဟုတ်ပါဘူး။

ဆရာကြီး ဂိုအင်ကာဂျီက စာရေးဆရာအဖွဲ့ကို ဖိတ်တယ်။ ပထမ အီဂတ်ပူရီမှာ တရားထိုင်၊ နောက် ဗုဒ္ဓဂယာပို့ပေးဖို့ပေါ့၊ ဒီကိစ္စ (စာရေးဆရာတွေ ရောက်ရေး)ကို စေတနာ အပြည့် ကူညီပေးတဲ့လူက ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)ပဲ ဖြစ်ပါတယ်။

မိုးနှောင်းကာလမှာ မိုးတွေ တဖွဲဖွဲ အဆက်မပြတ် ကျလာတဲ့အချိန်၊ ခတ္တာပန်းတို့၊ စပယ်ပန်းတို့၊ ယုဇနပန်းရနံ့တို့ သင်းပျံ့နေတဲ့ အချိန်မှာ ပတ်ဗလစ်ကာပစ်ကပ် အမျိုးအစားကားပြာလေး ကျွန်မတို့ နေထိုင်ရာ သမိုင်းခြံရှေ့ ရောက်လာပါတယ်။ ရှေ့က ဝင်လာသူကတော့ အသားလတ်လတ်၊ အရပ် မနိမ့် မမြင့်၊ မွန်ရေသန့်ပြန့်တဲ့ရုပ်ရည် မျက်ခုံးမျက်ဖန်ကောင်းကောင်း အသက် ၄၀ ကျော်ကျော် လူရွယ်တစ်ယောက်ဖြစ်ပါတယ်။

ကိုကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)ကို အတူလိုက်ပါလာတဲ့ ဆရာပါရဂူက မိတ်ဆက်ပေးပါတယ်။ တစ်ချိန်လုံး ဦးကျော်ခင်မြင့်ဟာ ကဗျာတွေရေးခဲ့တယ်၊ စာပေကိုချစ်မြတ်နိုးတယ်၊ စာရေးဆရာများကိုလဲ သူတကာထက် ထူးထူးကဲကဲ ကြည်ညိုလေးစားနေတဲ့သူမှန်း ကျွန်မသိလာရတဲ့ တစ်ချိန်မှာ သူ့ကိုလေးစားမိပါတယ်။

"အယင်နှစ်နှစ်လောက်တုန်းက ဆရာမဆီ ကျွန်တော် ရောက်ခဲ့ဖူးပါသေးတယ်၊ ဆရာမ မှတ်မိမလား မသိဘူး"

ဟုတ်ပါတယ်၊ကျွန်မတို့ သာယာအေးလမ်းမှာ နေတုန်းက ဦးကျော်ခင်မြင့်ဟာ မြောင်းမြမြို့ စာပေ ဟောပြောပွဲအတွက် လာဖိတ်တာ သတိရမိသေးတယ်။ ဒီတုန်းက ကျွန်မ တခြားခရီးအစီအစဉ်နဲ့ တိုက်နေလို့ မလိုက်ဖြစ်ခဲ့ဘူး။ အဲဒီတုန်းက ကျွန်မလိုက်ဖြစ်လိမ့်မယ်လို့ သူကျိန်းသေတွက်ထားပေမယ့် ကျွန်မ ,မလိုက်နိုင်တော့လဲ ပြုံးပြုံးပြုံးပြုံးနဲ့ပဲ တဖက်သားကို ခွင့်လွှတ်ပြီး တည်ငြိမ်အေးချမ်းတဲ့ အမူအယာဟာ ပေါ်လွင်နေပါတယ်။ ဒီထဲက ဦးကျော်ခင်မြင့်ကို ကျွန်မ သတိထားခဲ့မိတာပါ။

နောင် အိန္ဒိယကို သွားမယ့်နေ့ရက်တွေမှာ ကျွန်မတို့မကြာမကြာဆုံစည်းပြီး ခင်မင်ရင်းနှီးလာတဲ့ နေ့ရက်တွေပေါ့။ နိုင်ငံခြားသွားဖို့ ကြိုတင်ပြင်ဆင်ရတဲ့ကိစ္စ၊ ပတ်စပို့ရရေး၊ အခွန်ဆောင်ထားခြင်းရှိ၊မရှိ၊ ပညာသင်ကင်းလွတ်ခွင့် စသည်ဖြင့်ပေါ့အတော်ကို ပွေပွေလီလီလုပ်ရတာ၊ ရုံးသွားရတာ အကြိမ်ကြိမ်၊ ဌာနတစ်ခုခု စောင့်ရတာတွေ လက်မှတ်တစ်ခု၊ ဒါမှမဟုတ် ရုံးစာတစ်ခုရဖို့တွေဟာ အတော်လက်ဝင်တဲ့ ကိစ္စတွေ။ ဒီလိုကိစ္စမျိုးတွေ ဆောင်ရွက်ရတာ ကျွန်မတို့ စာရေးဆရာတွေဟာ ကြိုးပမ်းအားထုတ်မှု အင်မတန်နည်းတယ်၊ စိတ်လဲ အင်မတန် ရှုပ်တတ်ကြတယ်၊ စိတ်မရှည်တာက ပါသေးတယ်။ သွားရမယ့်အဖွဲ့ထဲမှလဲ ဆရာတစ်ယောက်တစ်ယောက် ကျန်ခဲ့မှာကို ဦးကျော်ခင်မြင့်ဟာ အင်မတန်စိုးရိမ်ရှာတယ်၊ အိန္ဒိယကို ကျွန်မတို့မသွားခင် ဆရာမောင်မဲ ဆရာထင်လင်းအိမ်နဲ့ ကျွန်မတို့အိမ်ကို သူ့ခမျာ သူ့ဓာတ်ဆီ၊ သူ့စားရိတ် သူစိုက်ပြီး ရောက်လာတာ အကြိမ်ကြိမ်ဘဲ။ စာရေးဆရာ တစ်ဦးစီ ပါဖို့အရေး နဖူးကချွေး ခြေမကျအောင် ဆောင်ရွက်ရတာ မောနေတာပဲ၊ ဆရာထင်လင်းနဲ့ ကျွန်မကလဲ ခပ်အေးအေး အိတွဲအိတွဲနဲ့မို့ သူက ကျွန်မတို့ အိန္ဒိယခရီးကို မပါမှာ သိပ်စိုးရိမ်ရှာတာ။ ကျွန်မတို့ကလဲ မသွားချင်လို့တော့ မဟုတ်ပါဘူး ကရိကထခံရမှာတွေကို နည်းနည်း ဝန်လေးနေမိတာပါ။

အဲဒီ ကျွန်မတို့အဖို့ လေးလံနေတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို သူ့ပခုံးပေါ်ရော ကျောပေါ်ရော အတင်း ထမ်းတင်သလို သူလုပ်သွားတာ၊ အဲဒါပဲ ကျွန်မသူ့ကို အံ့ဩချီးမွမ်းမိတာပါ၊ ဦးကျော်ခင်မြင့်ကို နားမလည်ကြသူတွေ တစ်ချို့က ဝေဖန်သကဲ့။

"ဒီလူဟာ ဘာမှန်းလဲ မသိဘူး၊ စာရေးဆရာတွေကို အိန္ဒိယသွားဖို့ လေယာဉ်ပျံပေါ် အတင်းဆွဲတင်နေကဲ့လူပဲ" ဘာညာ ပြောကြသတဲ့။ ဦးကျော်ခင်မြင့် ကြိုးပမ်းလို့လဲ ဆရာမောင်မဲရယ်၊ ဆရာထင်လင်းရယ်၊ ကျွန်မရယ် အိန္ဒိပြည် ဗုဒ္ဓဂယာနဲ့ အီဂတ်ပူရီကို ရောက်လာခဲ့ကြတော့တာပါဘဲ။ ဆရာပါရဂူ၊ ဆရာမင်းယုဝေ၊ ဆရာဦးဌေးလှိုင်၊ ဓမ္မာစရိယ ဦးမောင်မောင်လေးတို့ကတော့ အယင်ရောက်ဖူးပြီးသားတဲ့။ မမစု(ဆရာမခင်နှင်းယု)ပဲ အကြောင်းမသင့်လို့ ကျန်ခဲ့တာ၊ ကျန်တာတော့ အကုန်ပါလာတာပါပဲ။ ဒီအရင်းခံစေတနာနဲ့ ဒီကုသိုလ်တွေဟာ နည်းနည်းနောနောမှ မဟုတ်တာ၊ အင်မတန် ကျေးဇူးကြီးမားတဲ့ အလုပ်တွေကို မည်းမည်း သူလုပ်သွားခဲ့တာ ဖြစ်ပါတယ်။

(၂)

အီဂတ်ပူရီမြို့ တရားရိပ်သာ (ဓမ္မဂီရိ)မှာ တရားထိုင်ကြတော့လဲ ကျွန်မ ဦးကျော်ခင်မြင့်ကို ကျေးဇူးတင်လိုက်တာ၊ လောကကြီးမှာ ဒီလိုလူမျိုးတွေ ရှားပါတယ်။ သူတချို့ ပြောသမျှ ဆိုသမျှ ထွေလီကာလီတွေ အနှောင့်အယှက် အဟန့်အတားတွေကို အရာရာသည်းခံပြီး သူလုပ်ချင်တာတွေကို ဖြစ်မြောက် အောင်မြင်အောင် လုပ်သွားနိုင်တဲ့စွမ်းရည်ဟာ လူတိုင်းမှာ ရှိဖို့ ခဲယဉ်းပါတယ်။ ခင်ခင်စိန် ကလဲ မဂိုလမ်း ရွှေဆိုင်တည်ပြီး ချမ်းသာပေမယ့် သူ့ကို ကြည့်လိုက်တိုင်း ဂါတိတ် တပတ်နွမ်းလေးနဲ့

မျက်နှာမှာ ဘာမိတ်ကပ် ဘာဆေးဆိုးတာမှ မရှိဘဲ သနပ်ခါး ပါးကွက်ကျားလေးနဲ့ ပါရမီဖြည့်ဘက် အစစ်အမှန်ပါဘဲ။

သိန်းချီလှူတဲ့ သူတို့အလှူအတန်းတွေဟာလဲ ဘာပကာသနမှမရှိဘူး။သဒ္ဓါထက် ထက်နဲ့ အလှူရေစက် လက်နဲ့မကွာ လှူနေကြတာ။ ခေတ်ပေါ် ဆလွန်းကားတွေ တစ်စီးက နှစ်စီး ဝယ်စီးကြတဲ့ လူတွေထဲလဲ သူတို့ မပါကြဘူး။ သုံးထောင်ကျော်တန် ဖိနပ်၊ သောင်းဂဏန်းသားရေဂျာကင်တွေ ဝတ်ကြတာမျိုး မရှိဘူး။ ဦးကျော်ခင်မြင့်ဆိုယင်လဲ သာမန်ရှပ်ဖြူအင်္ကျီ၊ တိုက်ပုံအင်္ကျီနဲ့ ကတ္တီပါဖိနပ်၊ သူ့အဆောင်အယောင်ဟာဒါပဲ။ တစ်လောတုန်းက "သဒ္ဓမ္မဇောတိကဓဇ" ဘွဲ့နဲ့ သီဟဓမ္မမဏိဇောတဓရဘွဲ့တွေကို နိုင်ငံတော်က ချီးမြှင့်တော့ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ သူရတဲ့ဘွဲ့အတွက် ကျွန်မ မအံ့ဩတော့ဘူး။

ခု ငါးထပ်ကြီးဘုရားလမ်း ဆရာကြီးဂိုအင်ကာဂျီ ဦးဆောင်ဖွင့်ပြီး သားဗန္ဓုလဦးရွှေတို့ စီမံဆောင်ရွက်ထားတဲ့ ဓမ္မဇောတိ တရားရိပ်သာက လူတွေကြည်ညိုသဒ္ဓါပွားနိုင်ဖို့ ကျွန်းသားနဲ့ ထုထားတဲ့ သီဟာသနပလ္လင်နဲ့ ဈာနမုဒြာပုံကျောက်ဆင်းတုတော်ကြီးဟာလဲ သူတို့ ဇနီးမောင်နှံပဲ လှူခဲ့တာ။ စကျင်ကျောက်နဲ့ထုထားတဲ့ ဘုရားဆင်းတုတော်ကို မန္တလေးကနေ ပင့်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ပလ္လင်တော်နဲ့ ဘုရားအတွက် တစ်သိန်းခွဲခန့် ကျကြောင်း သိရတယ်။ ကျောက်ဆင်းတုတော် ဟာ အတော်သပ္ပါယ်တာမို့ မျက်နှာတော်ကို ဖူးမြော်တိုင်း ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တနဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားကို သက်တော်ထင်ရှားပမာ ရည်မှန်းပြီး ကြည်ညို သဒ္ဓါပွားမိပါတယ်။

ဓမ္မဇောတိရိပ်သာ ဖြစ်လာဖို့ကို ဦးရွှေရယ်၊ ဆရာဦးကြည်ညွန့် (စစ်ကိုင်း)ရယ်၊ ဦးကျော်ခင်မြင့်ရယ် နေ့မအိပ်၊ ညမအိပ် အတော်ကြိုးပမ်းအားထုတ်ကြတာ ကျွန်မ မျက်မြင်ပဲ။ တနင်္ဂနွေ အစည်းအဝေးတက်တိုင်း ကျွန်မသူတို့အစား မောနေမိပါတယ်။ ဓမ္မဇောတိ ရိပ်သာဟာ အိဂတ်ပူရိက ဓမ္မဂိရိ ပုံစံမျိုး ရေရိပ်၊ တောရိပ်၊ တောင်ရိပ်နဲ့ ချမ်းမြေ့သာယာလှပါတယ်။ ဓမ္မဇောတိကို မြင်ရတွေ့ရတော့ အိဂတ်ပူရိက ဓမ္မဂိရိကို လွမ်းဆွတ်မိပါတယ်။

အိဂတ်ပူရီ ဓမ္မဂီရိရဲ့တစ်ဘက် တောင်တန်းဖက် မျှော်ကြည့်ရင်း နေရောင် အောက်မှာ ခရမ်းရောင်လွှင်နေပါတယ်။ ကျယ်ပြန့်တဲ့ နယ်မြေမှာသစ်ပင်အုပ်အုပ် စိမ်းစိမ်းလန်းလန်း တွေတွေ့နေရတယ်။ဆိတ်ကျောင်းနေကြတဲ့ ကျေးရွာသားတွေရဲ့ ရွာဘက်က အိန္ဒိယ ကျေးလက်ဗုံသံကို အဝေးကနေ ကြားနေရပါတယ်။ တောင်ပေါ်က မိုးချုန်းသံဟာ အနီးကပ်နေသလို ထင်ရပါတယ်။ ကျွန်မထိုင်နေရာ ကျောက်အုတ်ခုံပေါ်ကနေ လှမ်းမျှော်ကြည့်လိုက်ယင် တိမ်စိုင် ငွမ်းလိပ်တွေကို အနီးကပ်မြင်ရတော့ ကြည်နူးဖွယ်ပါပဲ၊ ကျွန်မထိုင်ခဲ့တဲ့နေရာဟာ အမျိုးသမီးတွေ နားနေရာ (Ladies sitting area)လို့ သတ်မှတ်ထားတဲ့ နေရာပေါ့။ မြေထဲစိုက်ထူပြီး ထုလုပ်ထားတဲ့ ကျောက်ထိုင်ခုံလေးတွေဟာ နှစ်သက်ဖွယ်ရာ ရှိလှပါတယ်။ ထမင်းစားခန်းနဲ့ မလှမ်းမကမ်းမှာပေါ့၊ စကြံမြေလမ်း နှစ်ဖက်ဘေးမှာ စိန်ပန်းပင်ပျိုတွေ တန်းစီပေါက်နေတယ်။ ဒီနေရာကနေ အောက်ဖက် လှမ်းမျှော်ကြည့်လိုက်ယင် လမ်းမြောင်က တစ်သွယ်၊ကြည်လင်စိမ်းမြမြနဲ့ စမ်းချောင်းလေး၊

ရွက်ကျပင်ပေါက်အဖြူတွေ စမ်းချောင်းလေး ဘေးမှာ ကပ်ပေါက်လို့ အတော်ပန်းချီဆန်တဲ့ ရှုခင်းပါပဲ။

ကျွန်မနေ့နေ့ညည တရားရှုမှတ်ပြီး ကျွန်မစိတ်တွေ ချမ်းမြေ့အေးဆေး နေတဲ့ အချိန်တွေပေါ့။ ကျွန်မတစ်ကိုယ်လုံးဟာ ပေါ့ပါးလန်းဆန်းပြီး စိတ်ထဲကြည်လင် အေးမြတာဟာ နှလုံးသည်းပွတ်အိမ်အထိ ပါပဲ။ ဒီအချိန်မှာ ဦးကျော်ခင်မြင့်ကို ကျွန်မ မေတ္တာပို့ ရပါတယ်။

ရုံးခန်းဘက်က ဆရာကြီးရဲ့ သိမ်မွေ့ အေးချမ်းတဲ့အသံနဲ့ အင်္ဂလိပ်ဘာသာနဲ့ ကက်ဆက်ခွေ ဖွင့်ထားပါတယ်။ လေထဲပျံ့လွင့် လာတဲ့ စကားလုံးတွေကတော့–

ကမ္ဘာအနှံ့ ဓမ္မအလင်း ပျံ့နှံ့ပါစေ။

အမှောင်ဖုံးတဲ့အဝိဇ္ဇာများ ဖယ်ခွာနိုင် ပါစေ။

များသထက်များပြားလာသောလူပေါင်းတို့

ဒုက္ခဆင်းရဲတွင်းမှ ထွက်လာနိုင်ပါစေ။

သတ္တဝါဟူသမျှ ချမ်းမြေ့ကြပါစေ။

လွတ်လပ်ကြပါစေ။

May the light of Dhamma spread through out the world,

May the darkness of Ignorance be dispelled.

May more and more people come out of their misery.

May all beings be peaceful, be happy, be liberated.

(၃)

ဒီအီဂတ်ပူရီက တရားကိုယ်တွေ့ကွေကို 'ဓမ္မအလင်းပျံ့နှံ့စေ' နာမည်နဲ့ ကျွန်မ ဆောင်းပါး တွေ ရေးခဲ့ပါသေးတယ် ဒီကနေ့ ဓမ္မဇောတိ ရိပ်သာဖွင့်တော့လဲ ဦးကျော်ခင်မြင့်က–

"ဆရာမရေ့ ပထမနဲ့ ဒုတိယ တရားပတ် တွေမှာ လူထုဒေါ်အမာနဲ့ ဆရာမ ဒေါ်ခင်မျိုးချစ် တို့ ပါကြမယ်။ ဆရာမ ညအိပ်ပြီး လုပ်အား အပြည့်ပေးပါဦး"

လာပြောပြန်ပါတယ်။ စာပေစိတ်ဓာတ်နဲ့ စာရေးဆရာတွေ အပေါ်မှာလဲ လေးလေး နက်နက် သဘော ထားပါတယ်။ လမ်းမှာ ဂျုံခင်းတွေကြားထဲ ဥဒေါင်းတွေကို လက်ညှိုး ထိုးပြရင်းကဗျာရေးသူတို့ အလှဗေဒ (Aesthetic)ခံစားမှုလဲ ရှိနေတတ်ပါတယ်။

ဓမ္မဟာ သာသနာတော်ရဲ့ "အောင်လံ တော်" ဖြစ်တယ်လို့ ဘုရားဟော ရှိခဲ့တာပဲ။ တရားဟောခြင်းဖြင့် အောင်လံထူပါတဲ့။ တရားဓမ္မနဲ့ ပတ်သက်ပြီး တိုးပွားအောင် ပြုလုပ်ခြင်း မရှိယင် အောင်လံလှဲတာနဲ့ တူသတဲ့။ ခု ဓမ္မအောင်လံကိုင်ဆောင်သူ တစ်ဦးဟာ ဦးကျော်ခင်မြင့် ဖြစ်ပါတယ်။ ဗုဒ္ဓပေါ်ထွန်းရာ ပွင့်တော်မူရာ အိန္ဒိယပြည်မှာ နှစ်ပေါင်းများစွာ အောင်လံလှဲခဲ့သလို ဖြစ်ခဲ့ပါတယ်။ ခု အောင်လံထူနိုင်ပါတော့မယ်။ တရားဓမ္မ အောင်လံကို ဦးကျော်ခင်မြင့် မမောမပန်း ကိုင်ဆောင် နိုင်ပါစေလို့သာ ဆုတောင်း မေတ္တာ ပို့ပါတယ်။

**ခင်ဆွေဦး**

# သာသနာပြုမှ ဝိပဿနာသို့

ကျော်နန္ဒအောင်

**သာသနာပြု**

နှစ်များမကြာမီကာလတစ်ခုတွင် 'သာသနာပြုသည်'ဟူသော စကားအသုံးအနှုန်း တစ်ရပ် ပေါ်ထွန်းလာခဲ့ပေသည်။ သာသနာပြုနေပါသည်။ သာသနာပြုသူ၊ သာသနာပြုဆရာတော်၊ သာသနာပြုကိုရင်၊ သာသနာပြုအဖွဲ့၊ သာသနာပြုအသင်း စသည် စသည်အသုံးအနှုန်းများ ကျယ်ပြန့်နေပေသည်။ အချို့ကလည်း မိမိတို့ရိုးရာအလိုက် နတ်ပွဲများ ပသခြင်းကို သာသနာပြုသည်ဟု ဆိုကြပြန်သည်။ အချို့ကမူ အသင်းအစုဖွဲ့၍ မြန်မာပြည်အနှံ့ ဘုရားဖူးခြင်း၊ သာသနာမြေဟုသတ်မှတ်ခံရသော နေရာဒေသ တစ်ခုတွင် စေတီပုထိုးတည်ခြင်းကိုပင် သာသနာပြုအဖွဲ့၊ အသင်းဟု သုံးနှုန်းတတ်ကြပါသည်။ မည်သို့ဆိုစေ သာသနာပြုသည်ဟူ၍ ပေါ်ပေါက်နေသည်ကိုပင် ကျေးဇူးတင်ရမည်ဖြစ်ပေသည်။

အဘယ်ကြောင့်နည်း။ သာသနာ မပြုတာနှင့်စာလျှင်သာသနာပြုနေခြင်းသည် အနည်းနှင့်အများ ကုသိုလ်ရနေမည်သာ ဖြစ်ပေသည်။

**သာသနာဆိုသည်မှာ**

သာသနာဆိုသည်မှာ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ ဒေသနာကို ဆိုလိုခြင်းဖြစ်၏။ တစ်နည်းအားဖြင့် ဓမ္မက္ခန္ဓာရှစ်သောင်း လေးထောင်ဟူသော ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓပင်ဖြစ်၏။ မြတ်ဗုဒ္ဓ၏ သာသနာတွင် သာသနာသုံးမျိုးရှိ၏။ အများ နားလည်ကြ၏။ နားလည်လွယ်ကြ၏။ စကားသုံးလုံး နှင့် အကျယ်ပြောလို့ရ၏။ သို့သော် သာသနာသုံးမျိုး၏ အကြောင်းကို စေ့ငုစွာ သိသူလည်း ရှိ၏။ မသိသူလည်းရှိမည်။ အနည်းငယ် ရှင်းပြလို၏။

**သာသနာသုံးမျိုး**

ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓဟု ခေါ်သော ပရိယတ္တိ သာသနာတော်၊ ပဋိပတ္တိသာသနာတော်၊ ပဋိဝေဓ သာသနာတော်ဟူ၍ သုံးမျိုးရှိ၏။ ပရိယတ္တိ သာသနာဟူသည်မှာ တရားစာသင်၊ တရားစာဖတ်၊ တရားနာ၊ တရားဆွေးနွေး၊ တရားဟောပြော၊ တရားစာပေပို့ချ၊ ဖတ်၊ မှတ် စသည်တို့ ဖြစ်၏။ ပဋိပတ္တိ သာသနာဟူသည်မှာ ထိုပရိယတ္တိမှ မိမိသိသော အတိုင်း (ဝါ) ဆရာသမားများ လမ်းညွှန်ပြသော အတိုင်း တရားရှုမှတ် ပွားများအားထုတ်ခြင်းပင် ဖြစ်၏။ ပဋိဝေဓသာသနာဟူသည်မှာ ထိုသို့ နည်းလမ်းကျကျ ရှုမှတ်ပွားများရင်း ဖြစ်ပေါ်၍ အသိရှိလာသည့် နာမရူပပရိစ္ဆေဒဉာဏ်မှ ဂေါတြဘူ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ပင် ဖြစ်၏။ ဤသာသနာတော်သုံးမျိုး သူ့မှာ ကိုယ့်မှာ တည်ရှိပြန့်ပွားအောင် ပြုလုပ်ရ၏။ ဤသည်ကိုပင် သာသနာပြုဟူ၍ ခေါ် ဆိုရ၏။

**သာသနာပြု သာသနာဖျက်ဆိုသည်**

အထက်ဖော်ပြပါ အရည်အချင်းတို့နှင့် ညီခြင်းသည် သာသနာပြုရာရောက်၏။ သာသနာပြုသူ ရှင်ရဟန်း၊ လူဟူ၍ ခေါ်ဆိုရ၏။ သာသနာ ဖျက်ဆိုသည်မှာ အဘယ်နည်း။

ဆန်းစစ်ဖို့လို၏။ သာသနာဖျက်တဲ့လူဟူ၍ အရပ်သုံး တွင်ကျယ်နေ၏။ သံဃာကို သင်းခွဲခြင်း၊ စေတီပုထိုး အဆောက်အဦးများကို ဖျက်စီးစေခြင်း၊ နည်းအမျိုးမျိုးတို့ဖြင့် သာသနာဖျက်ခြင်းဟူသည်မှာ အလွန်တစ်ရာမှပင် ရှားပါး၏။ မရှိသလောက် နီးပါးဖြစ်၏။ အဓိက သာသနာဖျက်နေကြသည်မှာ မိမိကိုယ်မိမိ ဖျက်ဆီးနေသည်က များ၏။

သတိပဋ္ဌာန် လေးပါးကို ဆရာတပည့် အဆက်ဆက်ပွားစေခြင်း၊ များစွာ လေ့လာခြင်းတို့ကြောင့် သူတော်ကောင်းတရားတည်းဟူသော သာသနာတော်သည် ဘုရား ပရိနိဗ္ဗာန်ပြုပြီးသည့် နောက်ကာလ၌ ရှည်ကြာမြင့်စွာ တည်တံ့နိုင်ပေလိမ့်မည်ဟု (သံ ၃၊ ၁၅၁) ဆို၏။

ဤအချက်ကို အရှည်တည်အောင် ပြုစုနေရာလည်း ရောက်၏။ သာသနာကို အရှည်တည်တံ့စေလိုသူတိုင်း သတိပဋ္ဌာန်အလုပ်ကို အားထုတ်သင့်ကြပေသည်။

သံယုတ်ပါဠိတော်လာ အမတသုတ်ကလည်း ဤသို့ဆို၏။ မဟာသတိပဋ္ဌာန် ဝိပဿနာကျင့်နည်းကို မသင်ယူခြင်းသည် ပရိယတ္တိသာသနာတော်ကို ဖျက်ဆီးသည်မည်၏။ မကျင့်ဘဲ နေခြင်းသည် ပဋိပတ္တိ သာသနာတော်ကို ဖျက်ဆီးသည် မည်၏။ သင်ယူကျင့်ခြင်းဟူသော ပရိယတ်၊ ပဋိပက် သာသနာကို ရှောင်လွှဲနေသူသည် မဂ်ဖိုလ်နိဗ္ဗာန် ဟူသော ပဋိဝေဓ သာသနာတော်ကို ဖျက်ဆီးသည် မည်၏။ ကျောခိုင်းသည်လည်း မည်၏။ ထို့ကြောင့် မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ်ကို အားထုတ်ခြင်းဖြင့် မိမိကိုယ်တိုင် သာသနာပြုဖြစ်သင့်၏။ သို့မှလည်း "မိမိကိုယ်ကို အလျှင်ဆုံးမရာ၏။ ပြီးမှ တစ်ပါးသူကို ဆုံးမရာ၏" ဟူသော ဓမ္မပဒဒေသနာတော်နှင့်လည်း ညီပေလိမ့်မည်။

**ဝိဇ္ဇာဖြစ်မှ နွားထက်သာမည်**

စတုရင်္ဂဗလအမတ်ကြီးသည် လောကနီတိ ကျမ်း၌ ဤသို့ဆိုဖူး၏။

"လူ့ရွာလောက၌ အစာစားခြင်း၊ အိပ်စက်ခြင်း၊ မေထုန်မှီဝဲခြင်းတို့သည် နွား၌လည်းကောင်း၊ လူ၌လည်းကောင်း ရှိ၏။ (မဟာသတိပဋ္ဌာန် ဝိပဿနာ တရားရှုပွား အားထုတ်သော လူက) နွားထက်ထူးရမည်ကား (လောကီမဂ် ၁၄ပါး၊ လောကုတ္တရာမဂ် ၄-ပါး) အသိပညာပေတည်း။ (မဟာသတိပဋ္ဌာန် ဝိပဿနာတရား မရှုပွား အားမထုတ်သဖြင့် ဉာဏဒဿနဝိဇ္ဇာ၊ အာသဝက္ခယ ဝိဇ္ဇာ) အသိပညာမရှိသော "လူ"သည် နွားနှင့် တူပါပေသတည်း"ဟု ဆိုထားပေ၏။ ထို့ကြောင့် တရားအလုပ်ကိုသာ အားထုတ်သင့်၏။ သို့မှ မိမိကိုယ်ကိုယ် သာသနာပြုရာ ရောက်မည်ဖြစ်သည်။

**သာသနာပြုမှ ဝိပဿနာသို့**

ဘုရားတည်၊ ကျောက်ဆောက်၊ စေတီပုထိုးတည် အထွေထွေသော လှူဒါန်းပေးကမ်းမှု စသည်တို့သည် ဒါနအစွမ်းတို့ ဖြစ်ကြ၏။ မိမိပိုင်ပစ္စည်းကို တစ်ပါးသူအား ပေးခြင်းသည် လှူခြင်းပင် ဖြစ်သည်။ ထိုလှူခြင်း ဒါနအစွမ်းသည် အထက်တန်းစား လူ၊ နတ် စသည့် ဘဝတို့ကို အကျိုးပေးနိုင်၏။ အသက်ရှည်ခြင်း၊ ရုပ်ရည်လှပ ချောမွေ့ခြင်း၊ အခြွေအရံပေါခြင်း၊ ကျော်စောကောင်းရှားခြင်း၊ အာဏာတန်ခိုး ကြီးမားခြင်း စသည့်အကျိုး တရားတို့ကို ရစေ၏။

အထက်ဖော်ပြပါ သာသနာပြု သူတော်

ကောင်း တို့သည် အနည်းနှင့်အများ ဆိုသလို လှူဒါန်းခဲ့ဖူး သူများသာ ဖြစ်ကြသည်။

ထိုထိုသော သာသနာပြုသူ၊ လူ၊ သီလရှင်၊ ကိုရင်၊ ဘုန်းတော်ကြီး အစရှိသူတို့သည် မိမိ၏ ဒါနအစွမ်းကို အားလပ်သော အခိုက်တွင် ဆိတ်ငြိမ်သောအရပ်၌ ပြန်တွေးရမည်။ စာဂါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းရမည်။ ထို့နောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြမည်။ ကြည်နူးမည်။ သဘောကျမည်။ ထိုအခါတွင် ဝမ်းသာလျှင် ဝမ်းသာတယ်၊ ကြည်နူးလျှင် ကြည်နူးတယ်၊ ဝမ်းမြောက်လျှင် ဝမ်းမြောက်တယ် စသည် ပေါ်ရာကို ရှုမှတ်ရမည်။ ထိုမှ ဒွါရခြောက်ပါးတွင် ဖြစ်ပေါ်ဆဲ ရုပ်နာမ်တို့ကို ဆက်လက် ရှုမှတ်ကြရပေမည်။ ဤသို့ဖြင့် မိမိ၏ သာသနာပြုလုပ်ငန်းမှ ဝိပဿနာသို့ တက်လှမ်းနိုင်ပေသည်။

**စောင့်ရှောက်ပါကုန်**

သာသနဿ စ လောကဿ၊
ဝုမ္ဒိ ဘဝတု သဗ္ဗဒါ၊
သာသနမ္ပိ စ လောကဥ္စ၊
ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

သာသနဿ စ=လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်အချိန်က ဗုဒ္ဓမြတ်စွာစတင် တည်ထောင်တော်မူခဲ့သော ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓခေါ် သုံးပါးသော ဗုဒ္ဓသာသနာတော်မြတ်သည်လည်းကောင်း။ လောကဿ စ= ဗုဒ္ဓသာသနာတော်မြတ်ကြီး သုံးပါးကို အားထုတ်ကြကုန်သော လူ၊ သီလရှင်၊ သာမဏေ၊ ရဟန်းတော်အပေါင်း တည်းဟူသော လောက၌လည်းကောင်း။ ဝုမ္ဒိ=သချ်ာ သချ်ေအရေအတွက် များပြားအောင် တိုးတက် ကြီးပွားခြင်းသည်။ သဗ္ဗဒါ=အခါခပ်သိမ်း။ ဘဝတု= နေ့ညမစဲ အမြဲမသွေ ဖြစ်ပါစေသတည်း။

သာသနမ္ပိ စ=သုံးပါးသော ဗုဒ္ဓသာသနာတော်မြတ်ကြီးကိုလည်းကောင်း။ လောကဥ္စ= ထိုဗုဒ္ဓသာသနာတော်မြတ်ကြီး သုံးပါးကို အားထုတ်ကြကုန်သော လူ၊ သီလရှင်၊ သာမဏေ၊ ရဟန်းတော် အပေါင်းတည်းဟူသော လောကကို လည်းကောင်း။ ဒေဝါ=နတ်တို့သည် လည်းကောင်း။ ဒေဝါ=လူ၊ သီလရှင်၊ သာမဏေ၊ ရဟန်းတော်အပေါင်းတည်း ဟူသော ဝိသုဒ္ဓိ နတ်များနှင့် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့သည်။ သဗ္ဗဒါ= နေ့ညမကွာ အခါခပ်သိမ်း။ ရက္ခန္တု=စောင့်ရှောက် ကြပါကုန်လော့။ ရက္ခန္တု=အမျိုးသားရေး စိတ်ထားမြတ်ဖြင့် ကိုယ့်လူမျိုး၊ ကိုယ့်ဗုဒ္ဓဘာသာ သာသနာတော် ကမ္ဘာမှာ ထိပ်ဆုံးရောက်အောင် ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟ၊ ဓမ္မစက်၊ အာဏာစက်တို့ဖြင့် ထက်ထက မြက်မြက် တက်တက်ကြွကြွ ထိုက်ထိုက်တန်တန်ကြီး မ စ စောင့်ရှောက်နိုင်ကြပါစေကုန်သတည်းဟု ဆုတောင်းဆန္ဒပြုအပ်ပါသည်။

* * *

**မှတ်ချက်။** ။သဒ္ဓမ္မဇောတိကဓဇနှင့် သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့ချီးမြှင့်ခြင်း ခံရသည့် မိတ်ဆွေကြီး ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ) အား ဤဆောင်းပါးဖြင့် ဂုဏ်ပြု ရည်ညွှန်းအပ်ပါသည်။

**ကျော်နန္ဒအောင်**

# သာသနာပြုပုဂ္ဂိုလ်နှင့် သူ့ဇာတာ

ပန်းတနော်ဖိုးလ်မြင့်

ရှေးအစဉ်အဆက် ဗုဒ္ဓဘာသာကိုးကွယ်ခဲ့ကြသော မြန်မာ့မင်းကောင်းမင်းမြတ်များသည် သာသနာတော်အတွက် အကျိုးပြုပုဂ္ဂိုလ်များအား လျော်ကန်ရာ ဘွဲ့တံဆိပ်တော်များကို လှူဒါန်း ဆက်ကပ်ခဲ့ကြသည်။

၁။ ပုဂံခေတ် သာသနာပြုမင်းများလက်ထက်တွင် "အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မဝိလာသ၊ ဒိသာပါမောက္ခ" စသော ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း၊

၂။ ပင်းယခေတ် သာသနာပြုမင်းများ လက်ထက်တွင် သီရိမဟာစတုရင်္ဂဗလ၊ သုဓမ္မမဟာသာမိ"စသော ဘွဲ့တံဆိပ်တော်များကို လည်းကောင်း၊

၃။ အင်းဝခေတ် သာသနာပြုမင်းများ လက်ထက်တွင် "ရာဇဂုရု၊မဟာဓမ္မရာဇာဓိရာဇဂုရု" စသော ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း၊

၄။ ကုန်းဘောင်ခေတ် သာသနာပြုမင်းများ လက်ထက်တွင် "ရာဇဂုရု၊ မဟာဓမ္မရာဇာဓိရာဇဂုရု" စသောဘွဲ့တံဆိပ်တော်များကိုလည်းကောင်း၊

၅။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းပြည်ပ ဆရာတော်ကြီးများအား ရှေးမင်းကောင်း မင်းမြတ်များနည်းတူပင် "အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု" စသည့်ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကလည်း အဆိုပါ သာသနာရေးဆိုင်ရာ ရှေးအစဉ်အလာကောင်းများကို ခံယူပြီး "အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းလျက် ရှိပါသည်။ ထို့ပြင် ၁၃၅၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁-ရက် (၂၄-၁၀-၉၁) နေ့တွင်လည်း အမိန့်ကြော်ငြာစာ အမှတ်၊ ၄၂/၉၁ ဖြင့် ဘွဲ့တံဆိပ်တော်များကို ထပ်ဆင့်ပြီး တီထွင်သတ်မှတ် ပြဌာန်း ဆက်ကပ်လှူဒါန်းပါသည်။

နိုင်ငံတော်အစိုးရ၏ အထက်ပါ ဘွဲ့တံဆိပ်အမျိုးမျိုးကို ခံယူရရှိသူများတွင် စာရေးသူ၏မိတ်ဆွေ ဦးကျော်ခင်မြင့်သည်လည်း တစ်ဦး အပါအဝင်ဖြစ်သည်။

ဦးကျော်ခင်မြင့်ကို ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ ရွာသစ်ရွာတွင် ဦးကျော်မြဒေါ်ကြင်မြိုင်တို့မှ ၁၃၀၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇-ရက်နေ့၊ တနင်္လာနေ့ နံနက် ၅ နာရီ ၃၀ မိနစ်အချိန်တွင် မွေးဖွားခဲ့ပါ သည်။

ဦးကျော်ခင်မြင့်သည် ဘီအက်စ်စီ၊ အိပ်ချ်ဂျီပီ၊ အာရ်အယ်လ် အောင်မြင်ပြီး စာပေနယ်တွင်လည်း ဓမ္မကဗျာ၊ ဓမ္မဆောင်းပါး ရေးသားခြင်းအပြင် "ဗောဓိ" စာစောင်၏ တာဝန်ခံအယ်ဒီတာ ထုတ်ဝေသူ၊ ဓမ္မဂီရိစာစောင်တွင် တွဲဖက်စာတည်းအဖြစ် တာဝန်များကို ဆောင်ရွက်ခဲ့သူ ဆောင်ရွက်နေသူ ဖြစ်ပါသည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ အဖြစ် ပန်းဘဲတန်းမြို့နယ်၌ စာရေးသူနှင့် ပြန်လည်ဆုံတွေ့မိသောအခါ ဦးကျော်ခင်မြင့်သည် အဘိဓမ္မာစာမေးပွဲ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲများ အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။ ပန်းဘဲတန်းမြို့

နယ်၊ မဟာသိမ်တော်ကြီး အသင်းတိုက်တွင်လည်း ၁၉၈၄–ခုနှစ်မှစ၍ ယဉ်ကျေးမှုသင်တန်းများ ပို့ချသင်ကြားပေးခဲ့သည်။ ဗုဒ္ဓတရားတော်စာအုပ် ၁၃ အုပ်ကို ဓမ္မဒါနအဖြစ် လှူဒါန်းခဲ့သည်။ ထို့ပြင် သာသနာတော်အတွက် ဘက်ပေါင်းစုံမှာ သာသနာပြုလုပ်ငန်းများနှင့် သာသနာနုဂ္ဂဟကိစ္စများအတွက် ချီးမြှင့်ထောက်ပံ့လှူဒါန်းခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။

ဦးကျော်ခင်မြင့်သည် သာသနာတော်၏အကျိုးကို အဖက်ဖက်မှ စွမ်းစွမ်းတမံ ဆောင်ရွက်သဖြင့် ဦးကျော်ခင်မြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လှူဒါန်းချီးမြှင့်ခဲ့ရာ ၁၉၉၂–ခုနှစ်၊ ဇန်နဝါရီလ ၄–ရက်နေ့၊ လွတ်လပ်ရေးနေ့တွင် သာသနာပြုဆိုင်ရာဘွဲ့ "သဒ္ဓမ္မဇောတိကဓဇ" ဘွဲ့ကိုလည်းကောင်း၊ ၁၉၉၅–ခုနှစ်၊ ဇန်နဝါရီလ၄–ရက်၊ လွတ်လပ်ရေးနေ့တွင် ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါး တို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအားအပ်နှင်းချီးမြှင့်သည့် သာသနာနုဂ္ဂဟဘွဲ့ ဒုတိယဆင့်၊ "သီဟသုဓမ္မမဏိဇောရေ"ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ချီးမြှင့်ကြောင်း ထုတ်ပြန်ကြေညာခြင်းခံခဲ့ရသည်။ ၁၉၉၂–ခုနှစ်မှ ၁၉၉၅–ခုနှစ်အတွင်း နိုင်ငံတော်က ထိုက်တန်စွာချီးမြှင့်သည့် ၄–ကြိမ်မြောက် ဆုပေးပွဲ၌ လှူပုဂ္ဂိုလ်များထဲတွင်ထူးခြားစွာဘွဲ့နှစ်ကြိမ်ရရှိသော ပုဂ္ဂိုလ်ဖြစ်သည်။

**ဇာတာအား လေ့လာချက်**

ဇာတာရှင်သည် မကာရလဂ်၊ တူစန်းပိုင်ရှင်ဖြစ်သည်။ လဂ်မှစ၍ ရေတွက်သော် ကိန်းဘာဝများ၌ ဂြိုဟ် ၅–လုံး ရပ်တည်နေသဖြင့် ကိန်းသမ္ဗန္ဓယုဂ်ကောင်းတစ်ခု ဖြစ်ပါသည်။ ရာဟုဂြိုဟ်သည် မိဿရာသီတွင် ရပ်တည်ပါသည်။ ရာဟု ထီးဆောင်း အပေါင်းပြည်သူ ကြည်ဖြူအားထားရာ၏ ဆိုသောဥပဒေသအရ သတ္တဝါများအကျိုးရှိစေမည့် လုပ်ငန်းများသာ လုပ်ဆောင်တတ်ပေသည်။

ဇာတာတစ်ခုတွင် မြောက်မြားစွာသောအကြောင်းခြင်းရာတို့ကို စစ်ဆေးဟောဆို၍ ရပါသည်။ သို့သော် ဤဇာတာ၌ ဘာသာရေးနှင့်စပ်လျဉ်းသော စစ်ဆေးမှုဖြင့် တင်ပြပါမည်။

ဘာဝ ၁၂– ပါးရှိသည့်အနက် ဘာသာရေးကို စစ်ဆေးမည်ဆိုပါက ၉–တန့်ကို စစ်ဆေးရပါမည်။

ဂြိုဟ်များ စစ်ဆေးမည်ဆိုပါက ခနေ၊ မကာ ကုံ၊ မိန်ရာသီများကို စစ်ဆေးရပါမည်။

လောကုတ္တရာဂြိုဟ် ဖြစ်သော ကြာသပတေးဂြိုဟ်ကြီးသည် ရာသီ၌ တြိဂုဏ်းဂြိုဟ်အဖြစ် ရပ်တည်ပြီး၊ စနေဂြိုဟ်သည် မိမိအိမ်ဖြစ်သော မကာရအိမ်သို့ ၅၉ ဝိရှုပ ၅၆ အနုရှုပအမည်ဖြင့် မြင်ထားပါသည်။ ဘာဝ၌ ကြာသပတေးဂြိုဟ်သည် ၁၁–တန့်တွင် ရပ်ပြီး လောကုတ္တရာအိမ်ဖြစ်သော မိန်ရာသီ ၃–တန့်ဘာဝသို့ ၃၀ ဝိရှုပ၊ ၅၁ အနုဝိရှုပ အမြင်ဖြင့်မြင်ထားခြင်းကြောင့် ကြီးမားသော လုံ့လဝီရိယဖြင့် သာသနာရေးတာဝန်များကို ကြိုးပမ်းဆောင်ရွက်မည့်သူဖြစ်ကြောင်း ထင်ရှားနေသည်။

၁–တန့်၊ ၃–တန့်၊ ၅–တန့်၊ ၇–တန့်၊ ၉–တန့်၊ ၁၀–တန့်၊ ၁၁–တန့် ဆက်သွယ်ပါက နိုင်ငံခြားခရီး သွားရမည်ဟု အခြေခံဥပဒေသရှိပါသည်။ ယခု ဇာတာတွင် စရလဂ်၊ စရစန်း၊ လဂ်သခင်၊ ၇–တန့်၌ရပ်ပြီး လဂ်ကိုမြင်ပေးခြင်း၊ ၉–တန့်သခင်လဂ်၌ ပူးယှဉ်ခြင်း၊ ၅–တန့်၊ ၁၀–တန့်သခင် ဥစ်ရပြီး၊ ဥစ်ဝဂ္ဂုတ္တမနဝင်းစီးခြင်း၊ ၇–တန့်သခင်၊ ၁၀–တန့်ရပ်ခြင်း၊ ၁၁–တန့် ဘာဝတွင် ကြာသပတေးဂြိုဟ်

ရပ်တည်ခြင်းကြောင့် ပြည်ပနိုင်ငံများသို့ သာသနာပြုခရီး အကြိမ်ကြိမ်သွားရန်ရှိပါသည်။ ထို့ကြောင့် ၁၉၈၆–၁၉၉၀ ခုနှစ်များတွင် ၉–တန့် သခင် ဗုဒ္ဓဟူး ဒသာစားချိန်တွင် အိန္ဒိယနိုင်ငံ ဝိပဿနာနီးနှောဖလှယ်ပွဲသို့ ပြည်ပခရီးသွားခဲ့ရခြင်းဖြစ်သည်။

၉–တန့်သခင် ဗုဒ္ဓဟူးသည် လဂ်နှင့်ပူး၍ ဥစ်နဝင်း စီးထားခြင်း၊ ၉–တန့်ဘာဝကို ဥစ်ရပြီး၊ ဝဂ္ဂုတ္တမ နဝင်းစီးထားသော သောကြာဂြိုဟ်မြင်ထားခြင်း၊ ၉–တန့် ကာရကဂြိုဟ်တနင်္ဂနွေဂြိုဟ်သည် ၂–တန့်တွင်ရပ်၍ ကြာသပတေးဂြိုဟ် တြိဂုဏ်းရပြီး၊ ၁၁–တန့်ဘာဝရပ်တည်မှုကြောင့် အတိတ်ဘုန်းကံ ကြီးမားသူဖြစ်၍ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်များ ချီးမြှင့်ခံရမည်ဖြစ်ကြောင်း ပေါ်လွင်နေပါသည်။

၁၉၈၉ မေ၂၃– မှ ၁၉၉၂ ဖေဖော်ဝါရီ ၂–ထိ လဂ်နှင့်ပူးနေသော ၉–တန့်သခင် ဗုဒ္ဓဟူးမဟာဒသာနှင့် လဂ်သခင် စနေမဇ္ဈိမဒသာရာဟု၊ စုလ ဒသာစားခဲ့ရာ ထိုဂြိုဟ်နှစ်လုံးသည် လဂ်မှ ကိန်းအိမ်တွင်ရပ်ခြင်း၊ တစ်နှစ်လုံးဆက်သွယ်မှုရှိခြင်း၊ ဒသာသမ္ဗန္ဓ ပေါင်းဆုံသောအချိန်ဖြစ်သဖြင့် နိုင်ငံတော်က ချီးမြှင့်သည့် **"သာသနာ နဂ္ဂဟဘွဲ့"** ဒုတိယဆင့် **"သီဟသုဓမ္မဇောတိ ဓဇရေ"** ဘွဲ့ကို ထပ်မံချီးမြှင့်ခြင်း ခံရသည်။

၁၉၉၆ ဇန်နဝါရီ၂၀–မှ ဒီဇင်ဘာ၂၆–အတွင်း ကိတ်မဟာဒသာ၊ ကြာသပတေးမဇ္ဈိမဒသာစားမည်ဖြစ်ရာ ကြာသပတေးဂြိုဟ်သည် တြိ ဂုဏ်းရပြီး၊ ၁၁–တန့် လာဘဘာဝတွင် ရပ် ခြင်း၊ စန္ဒြလဂ်မှ ၂–တန့်တွင်ရပ်ခြင်း၊ ကိတ်ဂြိုဟ်မှ ၂–တန့်တွင်ရပ်ခြင်း၊ နဝင်းဇာတာတွင် နဝင်းလဂ်မှ ၉–တန့်တွင်ရပ်ခြင်း၊ နဝင်းစန္ဒြလဂ်မှ ၁၁–တန့်တွင်ရပ်ခြင်းတို့ကြောင့် နိုင်ငံခြား သာသနာပြုခရီး ရှိပါသည်။

၁၉၉၆ ဒီဇင်ဘာ၂၆မှ ၁၉၉၈ ဖေဖော်ဝါရီ၅–အထိ ကိတ်မဟာဒသာ၊ စနေမဇ္ဈိမဒသာစားမည်ဖြစ် ရာ စနေဂြိုဟ်သည် လဂ်သခင် ၂–တန့်သခင် ဖြစ်ခြင်း၊ တြိဂုဏ်းနဝင်းစီးခြင်း၊ ဘာသာရေး ဂြိုဟ်ဖြစ်ခြင်း၊ ကိတ်မှ ၁၀–တန့်ဘာဝတွင် ကိတ်နှင့် သမ္ဗန္ဓဖြစ်ခြင်းကြောင့် သာသနာရေး ဆိုင်ရာ အဆင့်မြင့်တာဝန်များ ထမ်းဆောင်ရတတ်သည်။

၁၉၉၈ ဖေဖော်ဝါရီ၅– မှ ၁၉၉၉ ဖေဖော်ဝါရီ ၂–အထိ ကိတ်မဟာဒသာ ဗုဒ္ဓဟူးမဇ္ဈိမဒသာ ကျရောက်မည်ဖြစ်ပါသည်။ ဗုဒ္ဓဟူးဂြိုဟ်သည် ၉–တန့် ဘာဝသခင်ဖြစ်ပြီး၊ လဂ်နှင့်ပူးနေခြင်း၊ ဥစ်နဝင်း စီးခြင်း၊ ကိတ်ဂြိုဟ်နှင့် ကိန်းအနေအထားရှိ ခြင်းကြောင့် ဘာသာရေးဆိုင်ရာ တာဝန်များ ထမ်းဆောင်ရခြင်းနှင့် ဘာသာရေးဆိုင်ရာ ဘွဲ့ထူး၊ ဂုဏ်ထူးများ ထပ်မံရရှိနိုင်ပါသည်။

ဤသို့အားဖြင့် နှဲ၊ လုံ့လ၊ ဝီရိယ ကြီးမားစွာဖြင့် သာသနာ့အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်ခဲ့ခြင်း၊ လူမှုရေး အကျိုးပြု လုပ်ငန်းများကို ထူးကဲစွာ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းတို့အတွက် အဆင့်အတန်းမြင့်မားသော ဘွဲ့ထူး ဂုဏ်ထူးများ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ဦးကျော်ခင်မြင့်အား ဗုဒ္ဓဘာသာဝင်များအားကျ အတုယူနိုင်စေရန် အတိုင်းအဆမရှိ ပမ်းသာသောပီတိဖြင့် ဝေဒပညာရှုထောင့်မှ တင်ပြလိုက်ရပေသည်။

**ပန်းတနော် မိုလ်မြင့်**

သဒ္ဓမ္မဇောတိကဓဇဘွဲ့၊ သီဟသုဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်နှစ်တန်ရ
ဦးကျော်ခင်မြင့်အား ဂုဏ်ပြုအပ်သော

# "ဂုဏာဝေဠာမနာ စာပန်းလွှာ"

ရေးဖွဲ့သီကုံးသူ
မင်းဘူး – မျိုးသက်အောင်

**ရတနတ္တယမုတ္တမံ၊**
**မမ ဂုဏာဠ သတ္တာနံ။**
**အဘိဝန္ဒာမိ လိခိဿံ၊**
**ရင့်ကျူးသဗ္ဗေန သန္ဒေသံ။**

အဟံ=ပင်လယ်စာတော နက်နဲပြော၌ ရေကျောဆန်တက် လှေငယ်ထက်တွင် တက်ကို မနိုင် ရွက်မပိုင်ဘဲ လှေပြိုင်လိုကြား လှေသမားသို့ စာအားနည်း(နဲ့)ဘိ ကိုယ့်ကိုသိလည်း ပီတိလွှမ်းပို သဒ္ဓါစိုရှဲ ရေးလိုသည့် မောင် မျိုးသက်အောင်ခေါ် ညီနောင်သွေးဟုတ် အကျွန်ုပ်သည်။

ဥတ္တမံ=အမြတ်တကာတို့တက် မြတ်လှစွာသော။

ရတနတ္တယဠ=ရတနာသုံးပါးစုံ ပန်းကြာငုံကိုလည်းကောင်း။

မမ=ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို ငါဟု သမုတ် အကျွန်ုပ်၏။

သတ္တာနံ=လောကီလောကုတ် မယုတ်မှန်စွာ တတ်ပညာကို သင်ကာပြသ ဆိုဆုံးမသည့် များလှဖုံဖုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံပေတတ် ဆရာမြတ်တို့၏၊

ဂုဏာဠ=အနန္တစုံ ကျေးဇူးဂုဏ်ကိုလည်းကောင်း။

အဘိဝန္ဒာမိ=သဒ္ဓါရိုကြိုး လက်စုံမိုး၍ ရှိခိုးကန်တော့လိုက်ပါ၏။

**အဘိဝါဒိယ**=ဆယ်ဖြာလက်စုံ ကြာပဒုံသို့ ကြည်ယုံ မြတ်နိုး ရှိခိုးပြီး၍။

ရင့်ကျူးသဗ္ဗေန=စာဆိုမည်ထူး မောင်ရင့်ကျူးတည့် ဖမိမှည့်ခေါ် ဦးကျော်ခင်မြင့် နာမည်တင့်သည့် မလင့်သဒ္ဓါ စစ္စာ သူတော်ခုနစ်ဖော်ဥစ္စာ လက်မှာစွဲငြ အမြဲရှိသည့် သူတော်ကောင်း၏။

သန္ဒေသံ= မြန်မာရာဇ မင်းစိုးရတို့ ဘွဲ့သဆက်နှင်း ဂုဏ်ပြုခြင်းကို ထပ်ဆင့်ဂုဏ်ပြု စာလွှာစုကို။

လိခိဿံ–လိခိဿာမိ=သဒ္ဓါရွှန်းပို ပီတိစိုလျက် ကြည်ညိုလေးစား ရေးသားပေအံ့။

**ဦးကျော်မြဃရသာမိ စ၊**
**ဒေါ်ကြင်မြိုင် ဃရသာမိနီ။**
**ဥဘော တေဥပါသကာစ၊**
**ဝိဇာယိ ပုရိ သုတ္တမော။**

ဦးကျော်မြဃရသာမိ စ=ဦးကျော်မြ ဟူသော ကျောင်းဒါယကာကြီး နာမည်ဟီးသည့် အိမ်ကြီးသခင် အိမ်ကြီးရှင်သည်လည်းကောင်း။

ဒေါ်ကြင်မြိုင် ဃရသာမိနီ=ဒေါ်ကြင်မြိုင် ဟူသော ကျောင်းဒါယိကာ၊ မည်ကျော်လှသည့် သာစွ အိမ်ရှင် အိမ်သခင်မသည်လည်းကောင်း။

ဥဘော=နှစ်ယောက်ကုန်သော သူတော်ကောင်း တို့သည်။ အတ္ထိ=ရှိ၏။

တေဥပါသကာ စ=ထို ဥပါသကာ ဥပါသိကာ သူတော်ကောင်းတို့သည်လည်း။

ပုရိသုတ္တမော= သားကောင်းရတနာ ယောကျာ်းမြတ်ကို။ ဝိဇာယီ=ကောဇာခရစ် လေးဆယ့်ရှစ်ကြို ပန်းစုံ ပွင့်လှ မတ်(ချ်)လဍ ဆန်းစတာစ်တွေ့ ကျားမင်း နေ့တွင် ဖွားမြင်ခဲ့ လေ၏။

**မာတာပိတရော ပဿန္တော**
**သောဘိတံ ကုမာရံ ဝရံ။**
**ကျော်ခင်မြင့်ဣတိ ဝိနာမံ၊**
**ကရောန္တိ မင်္ဂလေ သုဘော။**

မာတာပိတရော=မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေ နိုးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်နှင့်၊ ပြည့်စုံပေလတ်၊ မိဘမြတ်တို့သည်။

ပဿန္တော=ပညာနေလွန်ကြွယ်ဝ၍ လုပ တင့်တယ် တိုင်းလယ်ပြည်ကျော် မြင့်မော် စေရာ ရည်ရွယ်ပါ၍။

သောဘိတံ=ရုပါရုပ်ဆင်း တင့်တယ် ခြင်းနှင့် ပြည့်စုံသော။ မင်္ဂလေ=ကျက်သရေ မင်္ဂလာ အဖြာဖြာနှင့်ပြည့်စုံသော။

သုဘော=မတီးမပြည် တီးမှပြည်သော စည်တော်ကြီးနှင့် တူလှပေသော။

ဝရံ=အမျိုးဘာသာ တတ်ပညာနှင့် သဒ္ဓါ သီလပြည့်စုံလတ်၍ အမြတ်မွန်ကြီးမြတ်လှပေ သော။

ကုမာရံ=သတို့သားကို ကျော်ခင်မြင့် ဣတိ–မောင်ကျော်ခင်မြင့်ဟူ၍။

ဝိနာမံ=ရတနာ ပွင့်ဖူး အမည်ထူးကို။

ကရောန္တိ=ဗေဒဝိဇ္ဇာ မြတ်ဆရာကို့ သေချာတွက်ဘိ ဉာဏ်မြင်ရှိနှင့် မှည့်ပြီးခေါ်ကြ မှည့်ခေါ်ကြလေ၏။

**ပတိဋ္ဌာ ဝိယသာဓူနံ၊**
**ဘဝတိ ဣမ သာသနေ၊**
**မောင်ရင့်ကျူးတိနာမေန၊**
**သာဝေါဟရန္တိ မဟာဇနာ။**

သာ သပ္ပုရိသာ=သဒ္ဓါသီလ သုတစာဂါ ဥစ္စာခုနစ်ဖော် သူတော်ဥစ္စာ ပြည့်စုံပေကောင်း ထိုသူတော်ကောင်းသည်။ ဣမ သာသနေ=ဂေါ တမမြတ်စွာ ထိန်ဝါလျှံညီး ဤသာသနာတော် ကြီး၌။ သာဓူနံ=တရားနှင့်ပျော် များသူတော် တို့၏။ ပတိဋ္ဌာ ဝိယ=အားထားတည်ရာ မှီခိုရာ ကဲ့သို့။ ဘဝတိ=အစစ်မသွေ ဖြစ်ပါပေ၏။

နာမေန=ပညတ်တင်ထား အမည်အား ဖြင့်။ မောင်ရင့်ကျူးတိ=နှလုံးလှသူ စိတ်လှ သူဟု ဓမ္မူတင့်ထူး မောင်ရင့်ကျူးဟူ၍ မဟာ ဇနာ= သူကြွယ်သေဌေး ဂုဏ်ပုံ့မွေး၍ မြတ် လေးကြည်ဖြူ အများလူတို့သည်။ ဝေါဟရန္တိ= ရွှင်ပြုံးသံ ခေါ်ကြလေကုန်၏။

**ကာဗျဝိဒူ မောင်ရင့်ကျူးဘိ၊**
**တိက္ခော ဂမ္ဘီရ ပညဝါ။**
**ရစယိ နဝ ရဿမှိ၊**
**ရွှေမင်းဘာမီးသို့ နာမကံ။**

တိက္ခောဂမ္ဘီရပညာဝါ=ထက်မြက်နက်နဲ ပညာကြီး ပညာယဉ် စွယ်စုံကြွယ်ဝ ပြည့်စုံ သော။ ကာဗျဝိဒူ မောင်ရင့်ကျူးတိ=လှပစကား

ရဋ္ဌဓောတကော=ကမ္ဘာ့အလယ် လွှက်တင့်တယ်သည့် ငံပေါက္ခြယ်ရတနာ ပြည်မြန်မာ၌ ဂုဏ်ဝါရောင်ချင်း ထွန်းထိန်လင်းသော။ ဝိသေဋ္ဌ အာစရိယသာ=ထူးမြတ်ဂုဏ်ရည် ဝေဖြာစီသည့် မြတ်ထေရ်သမဏ ဦးကေသဝ ဦးအာစိဏ္ဏနှင့် နှစ်ဖက်လှ ဦးကျော်လွင် နိုင်ငံဂုဏ်ရည် ဘွဲ့မည်တန်ဆောင် ဦးလှမောင်၊ အဘိဓမ္မာ ထူးတော် ဆရာဦးကျော် အယ်ဒီတာကောင်း ဦးမြသောင်း၊ ဂန္ထဝိဒူ ပါဠိပါရဂူ ဦးအောင်ခိုင်၊ ဓမ္မာစရိယ ဘီအေဘွဲ့ပိုင် ဦးအေးနိုင်၊ ပညာရှိများ ဦးညွှတ်တွားသည့် မြသားတုလွတ် ဦးကျော်တွင့်ဟု တမွတ်ထင်ရှား ဆရာသမားများ၏။ သန္တိကေ=အထံတော်၌။ နာနာဂန္ထေသု= သုတ်ဘိဓမ္မာ ဝိနယာနှင့် ငါးဖြာနိကာယ် အသွယ်သွယ်သော ကျမ်းဂန်အထူးတို့ကို သိက္ခိတွာ=ကောင်းစွာသင်ယူ၍။ သာသနံနုဂ္ဂဟံ=ဗုဒ္ဓမြတ်စွာ စိန္တေယျာ၏ ဆုံးမတည်လာ သာသနာအား ချောက်ဖြာဂုဏ်ကျော် တရားတော်ဖြင့် ပူဇော်ခြင်းကို။ အကာ-အကာသိ=ပြုခဲ့လေပြီ။

**တသ္မတ္ထိ ဘရိယာ တဿာ၊**
**ခင်ခင်စိန် နာမပါကဋာ။**
**မယ်ကာဋ္ဌိ ဝိယ သာ သဒ္ဓါ၊**
**ရတနတ္တယမာမကာ။**

တဿ=ထိုဘုရားဗုဒ္ဓ။ သာဝကဟု=ဓမ္မပျော်မှီး ဥပသကာကြီးအား။ ဘရိယာ=ဣဿာမစ္ဆရိယ ရာဂစိတ်ပါး ကျင့်ဝတ်တရားနှင့် ပြည့်ငြားရှုမငြီး ချစ်ဇနီးသည်။ အတ္ထိ=ထင်ရှားမသွေ ရှိပါပေ၏။ တဿာ=ဂရုဓမ္မ ကျင့်ထမှန်စွာ ငါးပါးသောကျင့်သိက္ခာ၌ မွေ့လျော်သိမ်းပိုက် နှစ်ခြိုက်ပေသောထိုဇနီးသည်။ ခင်ခင်

သုံးနှုန်းထား၍ မိငြားကာရန် အသံချိုအေးရနံ့မွေးဖြင့် ပညာရှိတို့ နှစ်သက်စွဲရာ ကဗျာအရာ ကျွမ်းကျင်စွာလှ ကဗျာဆရာ မောင်ရင့်ကျူး (မြောင်းမြ)သည်။ ရွှေမင်းသမီး သို့နာမကံ= ရွှေမင်းသမီးသို့ အမည်ရှိသော ကဗျာကို နဝရသမှီ= သက်မှာတွက်စစ် တစ်ဆယ့်ကိုးနှစ်သား အရွယ်၌။ ရစယီ=ထက်ကလောင်သွေးဉာဏ် ရှေ့ပြေး၍ ရေးသားခဲ့လေပြီ။

**ဥပဇ္ဈာယံ ကရိတွာန၊**
**မဟာစည်ထေရ ပုင်္ဂဝံ၊**
**ဒုလ္လဘံ အလဘိ တဿော၊**
**ဒုလ္လဘော ဗုဒ္ဓသာသနေ။**

တဿော တဿ ကုမာရော=ဘုရားစကား အမြတ်ထား၍ တစ်ပါးသူနှင့် မတူထူးခြား တရားမြင်သိ ဉာဏ်မြင်ရှိသည့် သတိမလင့် မောင်ကျော်ခင်မြင့် အမည်ရှိသော ထိုသတိုးသားသည်။ ဒုလ္လဘော ဗုဒ္ဓသာသနေ=ရခဲစွာလှ ဗုဒ္ဓ မြတ်စွာ သာသနာ၌။ မဟာစည်ထေရ ပုင်္ဂဝံ= ထေရဥသျှောင် ဝိပဿနာထိပ်ခေါင် ဂုဏ်များမြောင်သည့် မဟာစည်ဆရာတော်အရှင်ထေရ်သခင်ကို။ ဥပဇ္ဈာယံ ကရိတွာန= နေနည်းထိုင်နည်း ကျင့်ဆောင်နည်းကို မငြီး သင်ပြဂုဏ်ပေါက္ခြယ် ဥပဇ္ဈာယ်ပြု၍။ ဒုလ္လဘံ=ရခဲစွာလှ ဒုလ္လဘဟု ကိုးဝဂုဏ်ပန်း ပြည့်စုံလန်းသည့် ဒုလ္လဘရဟန်း ဘဝပန်းကို အလဘိ မုချမသွေ ရခဲ့လေပြီ။

**ဝိသေဋ္ဌ အာစရိယသာ၊**
**သန္တိကေ ရဋ္ဌဓောတကော။**
**နာနာဂန္ထေသု သိက္ခိတွာ၊**
**သာသနံ နုဂ္ဂဟံ အကာ။**

စိန် နာမ ပါကဋာ=သဒ္ဒါလက်ထိန် ခင်ခင်စိန်ဟု မည်ရှိန်ကျော်ကြား လွန်ထင်ရှား၏။ သာ=ဒါန သီလ သံယမနှင့် ဓမ္မလက်ထိန် ထိုခင်ခင်စိန် သည် သဒ္ဒါ= ပမာပတ္တမြား သဒ္ဓါတရားနှင့် ပြည့်စုံသော။ မယ်ကာဠိဝိယ=ရှေးဦးအစ ပထမ ဖိုလ်တည် ရာဇဂြိုဟ်ပြည်က မယ်ကာဠိ ဒါယိ ကာမကဲ့သို့။ ရတနတ္တယမာမကာ=ရတနာသုံး ချက် မြတ်ဆုံးဖက်၍ နှစ်သက်မြတ်နိုးပါပေ၏။

**တိ'ပိ ပုတ္တာ တဿာ အတ္ထိ၊**
**ဝေါဟရန္တိ မဟာဇနာ၊**
**မောင်ဇော်နိုင်မင်း တိ နာမေန၊**
**နာထပိဏ် ဝိယသဒ္ဒိကာ။**

တဿာ=ထိုဦးကျော်ခင်မြင့် ဂုဏ်ရည် ဝင့်ဖြာ ဥပသကာနှင့် သဒ္ဒါလက်ရှိန် ဒေါ်ခင် ခင်စိန်ဟု ဝင်းထိန်နာမည် ဥပါသကိတို့အား။ 'တိ'ပိ ပုတ္တာ=အရွယ်နနယ် ချစ်စဖွယ်နှင့် ရင် ဝယ်ဖွားပေါက် သားသုံးယောက်တို့သည်လည်း။ အတ္ထိ–သန္တိ=အသီးတဖုံ ရှိကြပါကုန်၏။ နာမေ န=ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်ကို ပညတ် တင်ထား အမည်အားဖြင့် မောင်ဇော်, နိုင်, မင်းတိ=ပညာသုတ၊ ပြည့်စုံလှ၍ ရှမဝရင်ငြိမ်း မောင်ဇော်ဇော်သိန်း၊ မောင်နိုင်စိုးသိန်း၊ မောင် မင်းသူအောင်တို့ဟူ၍။ မဟာဇနာ=များစွာ သောင်းသောင်း လူအပေါင်းတို့သည်။ ဝေါဟ ရန္တိ=ရွှင်ပြဥသုံ ခေါ်ကြလေကုန်၏။ တေ= ထိုသဒ္ဒါ ဖြိုးမောက် သားသုံးယောက်တို့သည်။ နာထပိဏ် ဝိယ=ဇေတဝန်ဝိဟာ၊ ကျောင်းဒကာ အနာ ထပိဏ်ကဲ့သို့။ သဒ္ဒိကာ=စေတနာဝေဖြိုး သဒ္ဒါ မိုးရွှင်ကြပါကုန်၏။

**ကျော်ခင်မြင့် တျာဒိ သဗ္ဗေပိ၊**
**ဓမ္မံ သဒ္ဒါယ သာသနေ။**
**ယံတြေ မုဒ္ဒါယ အတ္တာယ၊**
**ဒါနံ ကရိံသု ပါဏိနံ။**

ကျော်ခင်မြင့်တျာဒိ-ဦးကျော်ခင်မြင့် နာ မ တင့်ဝါ သာသနာ့ဒါယကာနှင့် ပါရမီဖက် ရေးရေစက်ကြောင့် တွဲလက်ကြည်ဖြူ ကုသိုလ် ယူသည့် ညီတူစိတ်ထား မြသားဝင်းထိန် ခင်ခင် စိန် အစရှိသော။ သဗ္ဗေပိ=သပ္ပုရိသဂိုဏ်းဝင် သူတော်စဉ်ကလျာဏ အလုံးစုံသော ဇနီးစထား သုံးဖော်သားတို့သည်လည်း။ ပါဏိနံ=ဓာတ်ဝင့် ဘော မလွတ်သေး၍ မအေးနိုင်ငြား လူအများ တို့၏။ အတ္တာယ=ဓာတ်လွတ်ကင်း ချမ်းသာ ကြပါစေခြင်းအကျိုးငှာ။ ဓမ္မံ=သပိတ်အိုင်တောရ ထေရ်သမဏ၏ သုတ္တန်လေးဖော် ဒေသနာ တော်နှင့် အမြိုက်ဝိဟာ ထေရ်ဆရာ၏ အမြိုက် နိဗ္ဗာန် စစ္စာမည်ဟီး ဒေသနာအသီးသီး တို့ကို။ ဓမ္မံ=ဇောဓိကျာနယ် အသွယ်သွယ်နှင့် ဓမ္မဂီရိ မည်ရှိစာစောင် တရားဖောင်တို့ကို။ သာသနေ= ဗုဒ္ဓမြတ်စွာ သာသနာ၌။ သဒ္ဒါယ= ထွန်းထိန် တောက်ပွား သဒ္ဒါတရားဖြင့်။ ယံတြေ= ထင်ရှား သိုက်မြိုက် ပုံနှိပ်တိုက်၌။ မုဒ္ဒါယ= ကြေးငွေ အများ ပေးနှိပ်ထား၍။ ဒါနံ= ပစ္စယ ဒါနထက် မက သာလွန်မြတ်လှသည့် အမတ ပဋိပတ္တိ ဒါနကို။ ကရိံသု=ရွှင်ပြမနေ့ထုံ သော မနဿဇောအဟုန်ဖြင့် ပြုကြလေကုန်ပြီ။

**မဥ္ဇူသက မဟာရကွေ၊**
**ပုပ္ဖာနိ စ ဝိဇမ္ဘိတေ။**
**ဦးကျော်ခင်မြင့် ရက္ခမိုဝ၊**
**ဗဟူ သိဿာ သုပုပ္ဖိတာ။**

မဥ္ဇူသကမဟာရက္ခေ = ရနံ့ဖြာကြိုင် တလှိုင်လှိုင်ဖြင့် မြိုင်ဆိုင်ပွင့်ရာ ပန်းတကာတို့၏ဘုရင် မဉ္ဇူသကနတ်ပန်းပင်၌။ ပုပ္ဖာနိ စ= လှပတင့်တယ် ရောင်စုံခြယ်၍ အံ့ဖွယ်ရောင်သွေး ဖြူဖွေးဝင်းဝါ စိမ်းပြာနီလွင် ပန်းမြတ်တော်ဝင် ရတနာတို့သည်သာလျှင်။ ဝိဇမ္ဘိတေ ဣဝ=မြင်သူတကာ ရွှင်လန်းဖြာမျှ ဝေဆာပင်စည် ဖျားရင်းတည်အောင် ကောင်းစွာမသွေ ပွင့်ကြလေကုန်သကဲ့သို့။ ဦးကျော်ခင်မြင့်ရက္ခမိဝ=သီလ သမာ မေတ္တာ ခန္တီ စာဂီအဟုန် ပါရမီဂုဏ် ပြည့်စုံကြီးရင့် ဦးကျော်ခင်မြင့်တည်းဟူသော သစ်ပင်ကြီး၌။ ဗဟူသိဿာ=ဗုဒ္ဓဘိဓမ္မာ မြတ်စာဝါနှင့် တဖြာပဂေး ယဉ်ကျေးလိမ္မာ မြတ်ပညာကို လိုက်နာသင်ယူ စိတ်ကြည်ဖြူသည့် များလှူတပည့်ဟု ဆိုအပ်သော ပန်းတို့သည်။ သုပုပ္ဖိတာ=အဖူးတွေအစုံစုံ အင့်တွေအဆင့်ဆင့် အပွင့်တွေဝေဆာဆာ အဖြာဖြာ ပွင့်ကြကုန်သကဲ့သို့ ဆရာမြတ်၏ ပါရမီအဟုန် သကတ်ဂုဏ်တို့ကြောင့် ကောင်းစွာမသွေ ပွင့်ကြရပါတော့သည်တကား။

**ဒါနာဒိဟိ စ သမ္မန္နော၊**
**ပဂ္ဂဏှ္ဌ ထုတိထောမနံ**
**ဥသောဠှိစ ပရိယတ္တိ၊**
**ဝါစေတိ သော သပ္ပုရိသော**
**တေန ကမ္မေန လဒ္ဓေါ စ၊**
**လဍ္ဍ ဝိန္ဓတိ ဝိသိဋ္ဌ။**

(သံကိဏ္ဏာဝိပုလာဂါထာ)

သာဓဝေါ=နှလုံးပျော့ပြောင်း အို-သူတော်ကောင်းတို့။ ပဂ္ဂဏှ္ဌ=ချီးမြှောက်ထိုက်သည်လည်းဖြစ်ပေထသော။ ဒါနာဒိဟိ စ=ရှင်ပြုကျောင်းဆောက် စာပေအလှူ စသည်မကြွင်းလှူဒါန်းခြင်း စသည်တို့နှင့်လည်း။ ဒါနာဒိဟိစ= လွတ်လွတ်စွန့်လှူရဲသော စိတ်ဓာတ်ဖြင့် ခပ်နိုပ်ကာ သဒ္ဓါစွဲနှင့် သံသရာဝဲသြမှ လွတ်စေဖို့တောင်မြို့ဂန္ဓာရုံ၊ ရန်ကုန်ဝိသုဒ္ဓါရုံ၊ မင်းကွန်း၊ တီ=နီ၊ အိမ်မဲအောင်သိပ္ပံ၊ မြောင်းမြပန္နောတာရုံ တဖုံ ဇေယျမေဒိနီ၊ ကျောင်းထိုင်သင်တန်းကျောင်း၊ သာသနာပြုတက္ကသိုလ်၊ အဟိုများစွာ ပညာပရိယတ္တိ မည်ရှိထင်ရှား စာသင်တိုက်များနှင့် ဝင့်ဘောင်လွတ်ကင်း ခန္ဓာယွင်းအောင် ကျင့်ဆောင်နည်းပြ ပဋိပတ္တိဂုဏ်ရည် မဟာစည်နှင့် မိုးကုတ်၊ တောင်ပုလု၊ ချမ်းမြေ့၊ဓမ္မဂီရိ စသည်ရှိပ်သာ ကျောင်းဝိဟာတို့၌ လေးပါးပစ္စယ မြတ်ဒါနနှင့် ရဟန်းခံရှင်ပြု ဓမ္မဒါနအမှုစာပေပြုစု အထုကြီးမား သိန်းလေးဆယ်ကျော်ကုန်စေသော်လည်း လှူရဲသောစိတ်ဖြင့် လှူဒါန်းခြင်း စသည်တို့နှင့်လည်း။ သမ္မန္နော=ပြည့်စုံပေထသော။

သော သပ္ပုရိသော = ဦးကျော်ခင်မြင့် အမည်ရှိသော ထိုသူတော်ကောင်းသည်။ ဥသောဠှိစ=သမ္မဒါတရား လက်ကိုင်ထား၍ ဆုတ်နစ်မကျန် ကဲလွန်သော လုံ့လဝီရိယနှင့် ပြည့်စုံပါပေ၏။ ဗဟုဇနာနံ=များစွာသောင်းသောင်း လူအပေါင်းတို့အား။ ပရိယတ္တိ=ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အဘိဓမ္မာပရိယတ် ကျမ်းစာမြတ်ကို။ သဗ္ဗဒါ=အခါခပ်သိမ်း။ ဝါစေတိ= ကိုယ်ကျိုးမစွက် သဒ္ဓါတရားသက်သက်ဖြင့် နှစ်သက်ရွှင်ထ ပို့ချပေ၏။ တေန ကမ္မေန= ထိုသို့ပြုဖူး ပရဟိတ ကောင်းမှုထူးတို့ကြောင့်။ သုဇနေဟိ=သီလ သမာဓိ ပညာနှင့် များစွာပြည့်တောင်း လူသူတော် ကောင်းတို့သည်။ လဒ္ဓေါ စ= ရသင့် ရအပ်သည်လည်းဖြစ်သော လဍ္ဍဝိသိဋ္ဌ-လဍ္ဍဂုဏဝိသိဋ္ဌ= မြန်မာဘုရင် ရာဇာရှင်တို့ သဒ္ဓါဖြိုးမောက် ချီးမြှောက်ထောက်ပံ့

ရအပ်မှန်သော သဒ္ဓမ္မဇောတိကဓဇဘွဲ့နှင့် သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်တို့ကို။ ဝိန္ဒတိ= ဂုဏ်နှင့် သကတ် တင့်တယ်လတ်၍ ရအပ်မှန်စွာ ရရှိပါပေသတည်း။

**အာကာသေ ပုဏ္ဏစန္ဒောဝ၊**
**မောင်ရင့်ကျူး နာမ ပါကဋံ**
**ဒါနိ လဠိတံ လဒ္ဓါန၊**
**ဗဟုဇနာ ပမောဒိတာ။**

အာကာသေ=ဆီးနှင်းမြူတိမ် သုရိန်မီးခိုးညစ်မျိုးငါးအင် လွန်ကင်းစင်သည့် အဇဋာပြင်မိုးကောင်းကင်၌။ ပုဏ္ဏစန္ဒောဝ=ကြယ်တာရာနက္ခတ် ဝိုင်းရံပတ်၍ သော်တာယုန်ရေး ဖြူဖွေးတောက်လင်း ရှုတိုင်းဝင်းသည့် လုပတင့်တယ်ဂုဏ်ပေါင်းကြွယ်သော ကမ္ဘာတန်းဆာ လစန်းရတနာကြီးကဲ့သို့။ မောင်ရင့်ကျူး နာမပါကဋံ=သာသနာ့ဂုဏ်ရောင် ထွန်းလင်းပြောင်သည့် မြန်မာ့ကျက်သရေဆောင် ဂုဏ်ထူးပြောင်သော မြင့်မိုရ်တောင်ထု စံပြုပညာ ပညာသီလနာမတင့်ထူး မောင်ရင့်ကျူးဟု မေတ္တာအဟုန်စာဂီဂုဏ်ဖြင့် သမ္မာတင့်၍ လျှမ်းတောက်ထွန်းပေါ် ပြည်လုံးကျော်ကြား လွန်ထင်ရှားပါတော့သည်တကား။ ဒါနိ=သက္ကရာဇ်ကောဇာ တေရသာနှင့် တေပညာသာ ရောက်တုံခါဝယ်ဖဂ္ဂုနမာသ တပေါင်းလ၏ ဆင်မင်းရက်တွေ့လပြည့်နေ့၌။ လဠိတံ=မြန်မာဘုရင် ရာဇာရှင်တို့ လေးစားကြည်ညို အားထားခို၍ ချီးကျူးဆက်သ "သဒ္ဓမ္မဇောတိကဓဇ" သာသနာပြုဘွဲ့တံဆိပ်တော်ကို။ ဒါနိ=သက္ကရာဇ်ကောဇာ တေရသာနှင့် ဆဋ္ဌပညာ ရောက်တုံခါဝယ်။ ဖဂ္ဂုနမာသ တပေါင်းလ၏ ဆင်မင်းရက်တွေ့လပြည့်နေ့၌။ လဠိတံ=မြန်မာဘုရင် ရာဇာရှင်တို့ လေးစားကြည်ညို အားထားခို၍ ချီးကျူးဆက်သ သီဟသုဓမ္မမဏိဇောတဓရ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ကို။ လဒ္ဓါန=လက်ခံရရှိသည်ဖြစ်၍။ ဗဟုဇနာ=သူကြွယ်သေဌေးဂုဏ်ပျံ့မွှေး၍ မြတ်လေးကြည်ဖြူ အများလူတို့သည်။ ပမောဒိတာ=နှစ်သက်လန်းစွာ ပီတိဖြာ၍ ဘဝင်ဟဒယ ချမ်းမြေ့ရအောင် ရွှင်ပျကြည်နူး ဝမ်းမြောက်ကြရပါတော့သည်တကား။

**ရစိတေန မယာ လဒ္ဓံ၊**
**သဗ္ဗေသာနံ ဒဒါမဟံ။**
**ပုညဘာဂံ သုလဒ္ဓါန၊**
**သုခ ပပ္ပေါန္တု ပါဏိနော။**

ရစိတေန-ဦးကျော်ခင်မြင့် သည်ီတင့်ထူးဥပသကာထူး၏ အကြောင်းထုပ္ပတ် ဘဝဇာတ်ကို မှတ်ကြစေရာ စာလွှာဂုဏ်ပြု ထောမနာစုကို ရေးပြုစီရင်ရသော ကုသိုလ်ကြောင့်။ မယာ=မျိုးသက်အောင်ဟု နာမသမုတ် အကျွန်ုပ်သည်။ လဒ္ဓံ=ရအပ်သောကောင်းမှု ကုသိုလ်ကို။ သဗ္ဗေသာနံ=သံသရာရဟတ်ချား၌ ပြေးသွားကျင်လည်ကြရကုန်သော အလုံးစုံသော သတ္တဝါတို့အား (ဝါ) မကျန်မကြွင်း ခပင်းဥဿုံ ကုန်အောင်စုံသော သုံးဘုံနေမှတ် သတ္တဝါတို့အား။ အဟံ=ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်ကို ပညတ်သမုတ် အကျွန်ုပ်သည်။ ဒဒါမိ=ယူစေအမျှ ပေးဝေလိုက်ပါ၏။ ပါဏိနော=များလှဥဿုံ အလုံးစုံသော သတ္တဝါတို့သည်။ ပုညဘာဂံ=ဉာဏ်လွှာရေးပြု ကောင်းမှုအစု၏ ကုသိုလ်အဖို့ကို။ သုလဒ္ဓါန=မချွေ ဣဿာ မဝင်လာဘဲ ကောင်းစွာ ရကြသည်ဖြစ်၍။ သုခံ=လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာသို့။ ပပ္ပေါန္တု=မကြာမတင် လျင်လျင်ဆောစွာ ရောက်ကြပါစေကုန်သတည်း။

**မင်းဘူးမျိုးသက်အောင်**

# အတ္ထုပ္ပတ္တိအကျဉ်း

၁။ အမည်ရင်းမှာ ဦးကျော်ခင်မြင့်ဖြစ်သည်။ ကလောင်အမည်မှာ မောင်ရင့်ကျူး (မြောင်းမြ)နှင့် ကလောင်ခွဲ သကျကုမာရ ဖြစ်သည်။

၂။ အဖဦးကျော်မြ၊ အမိဒေါ်ကြင်မြိုင်တို့၏ ဒုတိယသားရတနာ ဖြစ်သည်။ မြောင်းမြခရိုင်၊ အိမ်မဲအပိုင် ရွာသစ်ရွာတွင် ၁၉၄၈ ခု မတ်လ ၁–ရက် ၊တနင်္လာနေ့ နံနက် ၅:၃၀ နာရီ ခန့်တွင် မွေးဖွားသည်။

၃။ မြောင်းမြမြို့ အောဘီအမ်ကျောင်းတွင် သူငယ်တန်းမှစ၍ အလယ်တန်းအထိ ပညာသင်ကြားခဲ့သည်။ မြောင်းမြ အထက(၁)မှ အခြေခံပညာအထက်တန်းကို ၁၉၆၇–ခုနှစ်တွင် အောင်မြင်ခဲ့သည်။

၄။ ၁၉၇၂–ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်မှ ဓာတုဗေဒဘာသာရပ် သိပ္ပံဘွဲ့ (ဘီ၊ အက်စ်စီ) ရရှိခဲ့သည်။

၅။ ၁၉၇၄–ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲကို အောင်မြင်ခဲ့သည်။

၆။ ၁၉၇၇–ခုနှစ်တွင် မှတ်ပုံတင်ရှေ့နေစာမေးပွဲကို အောင်မြင်ခဲ့သည်။

၇။ ၁၉၇၆–၇၇ခုနှစ်တွင် တရားရုံးချုပ်ရှေ့နေ (အမှတ်–၁၈၁၁)အဖြစ် အမှုလိုက်သည်။

၈။ ၁၉၇၇–ခုနှစ်မှ ယနေ့တိုင် စိန်ရွှေရတနာကုန်သည်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသည်။

၉။ ရွှေနှင့်မြကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ

၁၀။ ၁၉၈၄–ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန အဘိဓမ္မာစာမေးပွဲ (ပ၊ ဒု၊ တ)ကို အောင်မြင်ခဲ့သည်။

၁၁။ ၁၃၄၅–ခုနှစ်နှင့် ၁၃၄၆–ခုနှစ်တွင် မစိုးရိမ်သာသနဟိတကာရီအသင်း၏ မစိုးရိမ်အဘိဓမ္မာစာမေးပွဲကို (ပ၊ ဒု၊ တ) အောင်မြင်ခဲ့သည်။

၁၂။ ၁၃၄၆–ခုနှစ်တွင် ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်၊အမ်၊ဘီ၊အေ) အသင်းကြီး၏ ၁၈ ကြိမ်မြောက် ကျင်းပသော အခြေခံအဘိဓမ္မာစာမေးပွဲကို အောင်မြင်ခဲ့သည်။

၁၃။ ၁၉၈၅–ခုနှစ်၊ သာသနာရေးဦးစီးဌာန၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကို တတိယအဆင့်၌ ရန်ကုန်တိုင်းပထမဖြင့်အောင်မြင်ခဲ့သည်။

၁၄။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ၄–၁–၉၂ နေ့စွဲပါ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ် နှင်းသည့်အမိန့်ကြော်ငြာစာအမှတ်၊ ၂/၉၂ အရ သာသနာ ပြုဘွဲ့တံဆိပ်တော်ဖြစ်သော **"သဒ္ဓမ္မဇောတိကဓဇ"**ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည်။

၁၅။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က၄–၁–၉၅ နေ့စွဲပါသာသနာတော်ဆိုင်ရာ ဘွဲ့ တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ် (၁/၉၅) အရ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ဖြစ်သော **"သိဟသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ရ ရှိခဲ့သည်။

## တက်ရောက်ခဲ့သော သင်တန်းများ

၁။ ၁၉၈၃ ခုနှစ်တွင် မင်္ဂလာဗျူဟာအသင်းချုပ်၏ ပထမအကြိမ် အခြေခံ ဗုဒ္ဓဘာသာ ဆရာဖြစ်သင်တန်းကို တက်ရောက်ခဲ့သည်။ (၃၁-၅-၈၃)

၂။ ၁၉၈၄ ခုနှစ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းပြ ဆရာဖြစ် တစ်လမွမ်းမံသင်တန်းကို တက်ရောက်ခဲ့သည်။ (၂၁-၁၂-၈၄)

၃။ ၁၉၈၅ ခုနှစ်တွင် တိုင်းရင်းဆေးပညာအခြေခံသင်တန်း (ရထားရုံးချုပ်) ပန်းဘဲတန်းမြို့နယ်တွင် တက်ရောက်ခဲ့သည်။ (၃၁-၁-၈၅)

၄။ ၁၉၉၀ ခုနှစ် စီးပွားရေးလုပ်ငန်းရှင်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ၈/၉၀ (IAS)

၅။ ၁၉၉၁ ခုနှစ် ပုဂ္ဂလိကစီးပွားရေး အဖွဲ့အစည်းများအတွက် စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အမှတ်စဉ် (၁/၉၁)

၆။ သစ်နှင့် သစ်တောထွက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (မေ ၆-၁၅/၁၉၉၁)

၇။ GENUINE GEMS ASSOCIATES CO., LTD. က ဖွင့်လှစ်သော ၁၉၉၁-၉၂ ကျောက်မျက်ပညာ သင်တန်း (GGA) Gemmology Courses Certificate of Associate Gemmologist. ကို တက်ရောက်အောင်မြင်ခဲ့သည်။

## လုပ်ဆောင်ခဲ့သော သာသနာပြုလုပ်ငန်းများ

၁။ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်း အမှုဆောင်လူကြီးနှင့် ယဉ်ကျေးမှုသင်တန်းပြ ဆရာ (၁၉၉၂-ထိ)

၂။ ပိဋကတ်ဗျူဟာအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး (၁၉၉၂-ထိ)

၃။ ပန်းဘဲတန်းမြို့နယ်၊ မလွန်ဆန်လျှအသင်း ထောက်ပြန်ကြားရေးမှူး (၁၉၉၅ ထိ)

၄။ ပန်းဘဲတန်းမြို့နယ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ (အဖွဲ့ဝင် ၁၅၃၁)

၅။ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီးကျောင်းတိုက် ဓမ္မာရုံတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းပြဆရာ (၁၉၈၄-မှ ယနေ့တိုင်)

၆။ သန္တနုဓမ္မပါလကအဖွဲ့၏ ဗုဒ္ဓဝင်ပြပွဲကော်မတီ၊ အထွေထွေအတွင်းရေးမှူး၊

၇။ မြောင်းမြမြို့နယ် အသင်း၊ တွဲဘက်အတွင်းရေးမှူး (၁၉၉၂-ထိ)

၈။ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ အမှုဆောင်လူကြီး။

၉။ အောက်မြန်မာပြည် သီတဂူကပ္ပိယကာရကအဖွဲ့၊ အမှုဆောင်လူကြီး(၁၉၉၄-ထိ)

၁၀။ တိပိဋက = နိကာယ သာသနာပြုဥပဋ္ဌာကပင်မအဖွဲ့၏ စာအုပ်စာပေအဖွဲ့ငယ် အဖွဲ့ဝင်။

၁၁။ အသောကစာပေတိုက်၏ ဇောတိကစာစောင်ထုတ်ဝေသူနှင့် တာဝန်ခံအယ်ဒီတာ။

၁၂။ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဥပဋ္ဌာကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် (၁)။

